www.burmeseclassic.com

ဝေယံလင်းခေါင်

# ရွှေမည်းတောင်ကြား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး..........................ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး............ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး................ဒို့အရေး

## ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေမည်းတောင်ကြား

ဝေယံလင်းခေါင်

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ရွှေမည်းတောင်ကြား
ဓလယ်လင်းအခါင်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၄၃၀ / ၂၀၀၄ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၂၂ / ၂၀၁၄ (၅)
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုစိုးအောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပပဦး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ- ၀၃၉၄၅၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုနန္ဒာ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၁၁)၊
အမှတ် ၈၄၊ လမ်း ၅၁၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။
တန်ဖိုး
၆၀၀- ကျပ်

BURMESE CLASSIC .com

ဆောင်းနှောင်း နွေဦးသမယ ဖြစ်သည်။

ဦးထောင်ထန်တို့၏ ချင်းတွင်း မြစ်ညာဒေသကား အေးကောင်းတုန်း၊ ချမ်းကောင်းတုန်းပင်တည်း။

အချိန်မှာ နေခြည်ရုပ်စသာ ရှိသေသည်။ တောင်ကြီး၊ တောကြီး ကာဆီးဝန်းရံထားသောအရပ်မို့ နေလုံးပျောက်သည်နှင့် အမှောင်ရိပ်က စတင် ဝင်ရောက်လာသည်။ အမှောင်ရိပ်နှင့် မိတ်ဖွဲ့ ဝင်ရောက်လာသော အအေးဓာတ်ကလည်း ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံလာသည်။

ဦးထောင်ထန်သည် တဟီးဟီးညည်းကာ ဘာဘူစောင်စုတ် နှစ်ထည်၊ သုံးထည်ကို ထပ်ခြုံကာ မီးဖိုဘေးတွင် ကွေးလှဲနေသည်။

သူသည် နန့်ရေရွာဝန်းကျင်တွင် အလွန်ကျော်ကြားသော မုဆိုးကျော်ကြီးတစ်ဦး။ သို့သော် ယခုအခါ သူသည် ငှက်ဖျားဒဏ်ကြောင့် မီးဖိုဘေးတွင် လဲနေသည်။ အသက်ကလည်း ခြောက်ဆယ်ကျော်ပြီ။ ဇရာ၏အမှတ်သင်္ကေတများ သူ့တစ်ကိုယ်လုံး ပြည့်နှက်နေသည်။

ထို့ကြောင့် တောလိုက် အမဲပစ် မသွားနိုင်သည်မှာ တစ်လကျော်၊ နှစ်လနီးပါးခန့် ရှိသွားလေပြီ။ သူ့အာရုံထဲတွင် အမဲသားကောင်များကိုသာ မြင်နေသည်။ ဤလို ရာသီ၌ အမဲပစ်၍ သူ ရဖူး၊ ရောက်ဖူးသော အရပ်ဒေသများသို့လည်း သူ့စိတ်က ရောက်နေသည်။

ဦးထောင်ထန်၏ ဘေးနားတွင် ခွေးညိုသမင်စပ်တစ်ကောင် အိပ်နေသည်။ ဦးထောင်ထန်နှင့် တောထဲ အမဲဖမ်းလိုက်နေကျ ခွေးညိုမှာလည်း တောလည်မလိုက်ရသဖြင့် ပျင်းရိနေပုံရသည်။ သို့သော် အိပ်နေရင်းဖြင့် ခြေလက်များ လှုပ်ရှားနေသည်မှာ သူ့သခင် မုဆိုးကြီးနည်းတူ အမဲလိုက်အာရုံကြောင့် အိပ်မက်ထဲ အမဲလိုက်နေပုံရသည်။ ထို့ကြောင့် သူ့ခြေလက်တွေက တစ်ချက်ချက်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှား ပြေးလွှားနေကြသည်။

ဦးထောင်ထန်၏ တစ်ဦးတည်းသောသား ထောင်လမူ မီးဖိုဘေးတွင် ငုတ်တုတ်ထိုင်ပြီး မီးဖိုထဲ စိုက်ကြည့်နေသည်။

ထင်းတုံးကြီးများနှင့် နေ့ညမပြတ် မီးမသေအောင် မွေးထားသော မီးဖိုထဲတွင် ထောင်လက ဖဲထီးသံလုံးတစ်လုံးကို မီးထဲ ထည့်ဖုတ်ထားသည်။ မီးထဲ ထည့်ဖုတ်ထားသော ဖဲထီးသံလုံး ရဲရဲနီလာသောအခါ ထောင်လသည် ညှပ်နှင့် လှမ်းကောက်၍ ပေခုံပေါ် တင်လိုက်သည်။ တူကိုကောက်ကိုင်ကာ ပေခုံပေါ် တင်ထားသော ဖဲထီးသံလုံးကို အဖျားတစ်ဖက် ပြားသွားအောင် တူနှင့် ရိုက်ထုနေသည်။

သူ လိုချင်သည့် အဟာက်အသွားမပေါ်မီ မီးအေး၍ သံလုံးမာသွားသောအခါ ဖဲထီးသံလုံးကို မီးထဲ ပြန်ထည့်ဖုတ်လိုက်ပြန်သည်။ ဖဲထီးသံချောင်း ရဲရဲနီမနီကို ထောင်လ မျက်ခြည်ပြတ်မခံဘဲ စိုက်ကြည့်နေသည်။ သူ့အာရုံတွင် အမဲလိုက်ရန်အတွက် မြားစူး ပြုလုပ်ရန်သာ ရှိနေလေသည်။

ထောင်လအနားတွင် မီးငွေ့လှုံရင်း လဲအိပ်နေသော ခွေးညိုကြီး ဘိုကျားသည် ရုတ်တရက် ထရပ်လိုက်၏။ ပြီး ခြံဝဘက် ပြေးထွက်သွားသည်။

မကြာမီ ထိုးဟောင်သံ ကြားရသည်။

"ဝေါင်"

"ဝေါင်"

"ဟဲ့-ခွေး ခွေး၊ ဦးထောင်ထန် ခွေးကြည့်ပါဦးဗျို့. . . "

"အောင်- အောင်၊ ဘိုကျား၊ လာ-လာ-"

အိမ်ရှေ့ခြံဝမှ လူသံကြောင့် ထောင်လသည် သူ့အမဲလိုက်ခွေး ဘိုကျားကို ဟန့်တား ပြန်ခေါ်လိုက်သည်။

ထောင်လ နည်းတူ ဦးထောင်ထန်ကလည်း အိပ်နေရာမှ ခေါင်းထောင်ပြီး အပြင်ကလူတွေကို လှမ်းမေးလိုက်သည်။

"ဘယ်သူတွေလဲဗျို့. . . . "

"ကျုပ်တို့ပါ၊ စိုင်းဘောင်၊ ဇော်ရိုးတို့ပါ ခင်ဗျ၊ ခင်ဗျား ခွေးကြီး ကြည့်ထားပါဦး ဦးထောင်ထန် "

စိုင်းဘောင် ဆိုသူက ခွေးကြည့်ပါဦး ဆိုသည်ကို ထောင်လက တစ်ချက် ပြုံးမိလိုက်သည်။

အမှန်မှာ ထောင်လတို့၏ အမဲလိုက်ခွေး ဘိုကျားသည် အပြင်က ဧည့်သည်





စကားမဆုံးမီပင် သူ့သခင်၏ ခေါ်သံကြောင့် သခင်အနားသို့ ပြန်ရောက်နေချေပြီ။ ယခုဆိုလျှင် မီးဖိုဘေးတွင် ပြန်၍ပင် လှဲအိပ်နေလေပြီ။

ခွေးဘိုကျား၏ တာဝန်မှာ လူစိမ်းသူစိမ်းတွေ လာနေကြောင်း သခင်အား သတိပေးရုံသာ ဖြစ်သည်။ သူ့သခင်က ဧည့်သည်မှန်း သိ၍ သူ့ကို ပြန်ခေါ်လိုက်လျှင် သူ့တာဝန်ကျေပြီ။ အကယ်၍ သူ့သခင်က ခိုင်းစေ ရှူးတိုက်လျှင်တော့ ဘိုကျားသည် အသက်စွန့်၍ တိုက်ခိုက်ရလိမ့်မည်။ ယခု တိုက်ခိုက်ရမည့် အခြေအနေ မရှိသဖြင့် သူ့နေရာ မီးဖိုနားတွင် ပြန်လှဲအိပ်နေလိုက်သည်။

ဧည့်သည် သုံးယောက်တို့သည် ဦးထောင်ထန်နှင့် ထောင်လတို့အိမ်ထဲသို့ ရဲရဲဝံ့ဝံ့ပင် ဝင်လာကြသည်။ အိမ်ထဲ ဝင်လာကြသော ဧည့်သည်သုံးယောက်ကို ထောင်လသည် ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လိုက်သည်။ ဧည့်သည် နှစ်ယောက်မှာ သူစိမ်းများ မဟုတ်ပါချေ။ ကျန်တစ်ယောက်သောသူကိုသာ ထောင်လ တစ်ခါမျှ မမြင်ဖူးဘူး။

"ထိုင်ကြပါ"

မျက်နှာသိလည်း ပါသဖြင့် ထောင်လက ဧည့်ဝတ်စကား ဆိုလိုက်သည်။

ဧည့်သည်များထဲတွင် အသက်အကြီးဆုံးသူ စိုင်းဘောင်မှာ အသားညိုသည်။ အရပ်ပုသည်။ နှာခေါင်းပြားသည်။ မေး၍ စူးရှသေးငယ်သောမျက်လုံး ရှိသည်။ ပါးစပ် အတန်ငယ်ပြဲ၍ မေးရိုးချွန်သည်။ သို့သော် မျက်နှာတစ်ခုလုံးကို ခြုံကြည့်လျှင် လေးထောင့်မျက်နှာမျိုး ဖြစ်သည်။ မေးချွန်သည်ကတော့ သိသာလွန်းသည်။

အလတ်လူ ဇော်ရိုးမှာ အသားနီစပ်စပ် ရှိသည်။ မျက်လုံးပြူးသည်။ နားရွက်မှာ သေးငယ်၍ မျက်နှာချွန်သည်။ မျက်လုံး၏ အရောင်မှာ မှဲ့ပြာပြာ ရှိသည်။ နှာခေါင်းသည် အဖျားလုံး၍ နှာရောင် အနည်းငယ် ကောက်ချင်သည်။ နဖူးလည်း မောက်သည်။ လည်ပင်းစလုတ် ကြီးသည်။ ထူးခြားသည်မှာ မြေခွေး တစ်ကောင်ကဲ့သို့ မျက်နှာ သေးသွယ်လွန်းသည်။

လာနေကျ မဟုတ်သလို ထောင်လလည်း တစ်ခါမျှ မမြင်ဖူးဘူးသော အငယ်ဆုံးလူ၏ ဥပဓိရုပ်ကမူ ထူးခြားချက် များစွာ မရှိလှပေ။ အသား မဖြူမညို၊ နှာခေါင်း မချွန်မပြား နားရွက်ကလည်း မကြီးမငယ် သူ့မျက်နှာနှင့် လိုက်ဖက်၏။ မျက်လုံးကမူ ထူးထူးခြားခြား စူးရှ တောက်ပြောင်သည်။ အရပ် မနိမ့်မမြင့်နှင့် တောင့်တင်းသန်မာသော ကိုယ်ခန္ဓာ ရှိသည်။ အလှဆုံးမှာ သူ့ပါးစပ်နှင့် နှုတ်ခမ်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် တွယ်ပျစ်ပေါ် ထိုင်လိုက်ကြသောအခါ ထောင်လသည် ညှော့သည် သုံးယောက်ဆီမှ အကြည့်ကို လွှဲလိုက်သည်။

“နေကောင်းတယ်နော် ဦးထောင်ထန်”

ညှော့သည် သုံးယောက်ထဲမှ အသက်အကြီးဆုံးနှင့် ခေါင်းဆောင်လည်း ဖြစ်သူ စိုင်းဘောင်တာ ဦးထောင်ထန်ကို စတင် နှုတ်ဆက်သည်။

“မြင်တဲ့အတိုင်းပဲလေ”

ဦးထောင်ထန်က ညှော့သည်သုံးယောက်ကို မမှိတ်မသုန် ငေးကြည့်နေသလို ညှော့သည်သုံးယောက်ကလည်း ဦးထောင်ထန်ကို ငေးကြည့်နေလေသည်။

ထောင်လသည် ရေနွေးကြမ်းအိုးနှင့် နှစ်လုံးတည်းသာရှိသော စဥ့်အကြမ်းပန်းကန်လုံး နှစ်လုံး၊ ဆားခွက်တို့ကို ညှော့သည် သုံးယောက်ရှေ့ ချပေးလိုက်၏။

“အေးတယ် အဝန်ရည် သောက်ကြပါ”

“ဟုတ်ကဲ့ ဆလိုင်း”

“မင်း-မင်း”

“ဦးထောင်ထန်တာ ကျုပ်ကို ကောင်းကောင်း မမှတ်မိဘူးထင်တယ်”

ဦးထောင်တန်၏ အထစ်အငေါ့ စကားကြောင့် ညှော့သည်က ပြန်မေး၏။

ထောင်လကတော့ သူ့အဖေ မမှတ်မိသည်ကို ပြုံးကြည့်နေသည်။

“ကျုပ် ကုပ္ပန်က စိုင်းဘောင်လေဗျာ”

စိုင်းဘောင်က ဦးထောင်ထန်ကို တည်တည်ငြိမ်ငြိမ် စိုက်ကြည့်၍ ပြန်ပြောလိုက်၏။ ဦးထောင်ထန်က စိုင်းဘောင်ကို စိုက်ကြည့်နေသေးသည်။

“အေးလေ၊ မင်းနဲ့ငါ မတွေ့ကြတာ တော်တော်တောင် ကြာပြီပဲ၊ မှတ်မိပြီ မှတ်မိပြီ”

“မတွေ့ဆို ကျုပ် တားကန်ဘက် သွားနေတာ သုံးလေးနှစ် နီးပါးတောင် ရှိပြီလေ ဆလိုင်း”

“ဩော်. . . အေး အဲဒါကြောင့် မဆုံဖြစ်ကြတာကိုး”

“ဟုတ်ကဲ့”

• “တားတန့်ဘက် မင်း ဘာသွားလုပ်လဲ”

“ကျောက်စိမ်းသွားတူးတယ်လေ ဆလိုင်း”

“မင်း အရင် ငါ့ဆီက တိရစ္ဆာန် အမိုးအရေ အရွယ်တွေ ဝယ်ဖူးလားလို့”

“ဟာ- ခင်ဗျား ဝယ်ဖူးတာပေါ့ဗျ ခင်ဗျားဆီက ပစ္စည်းတွေနဲ့ ကျုပ် တရုတ်ပြည်ဘက်တောင် ရောက်တယ်”





“ဟုတ်လား”

“ဟုတ်ပ”

“မင်းကို ငါ နန့်လွယ်ကလူတွေ မေးပါတယ်၊ ချင်းတွင်းထဲ ရွှေကျင်ဝင်သွားတယ်ဆိုလား ငါ့မိတ်ဆွေ တစ်ယောက်က ပြောဖူးတယ်”

မှန်သည်။

ချင်းတွင်းမြစ်သည် ခန္တီးအထက် ဟူးကောင်းချိုင့်ဝှမ်း ကချင်ပြည်နယ် ပတ်ပွန်ဘက်မှ မြစ်ဖျားခံလာသော တနိုင်းခမြစ်၊ ထို့အတူ ဟူးကောင်းတောင်ကြားမှပင် မြစ်ဖျားခံလာသော တဝမ်းခမြစ်နှင့် တရုံမြစ်တို့ ပေါင်းစည်း၍ ဖြစ်ပေါ်လာသောမြစ် ဖြစ်သည်။

ချင်းတွင်းမြစ်၏ မိုင်အစအဆုံးမှာ မိုင်ခြောက်ရာ နီးပါးခန့် ရှည်လျား၍ မှမ်းနီ၊ နာဂ၊ ချင်း၊ ကချင် တိုင်းရင်းသားတို့ နေထိုင်ရာဒေသ ဖြစ်သည်။

ချင်းတွင်းမြစ်ဖျားတွင် ရွှေကျင်လို့ ရသည်ကို လူတိုင်းလိုလို သိကြသည်။

ချင်းတွင်းမြစ်လက်တက်ဖြစ်သော ဥရုမြစ်ဝှမ်းဒေသ ယွန်းချောင်းရွာ၊ နတ်နန်းရွာဆိုလျှင် နွေရာသီရောက်က တစ်ရွာလုံးလိုလို ရွှေကျင်သော လုပ်ငန်းကို လုပ်တတ်ကြသည်။ ပတ်ဝန်းကျင်လူများနှင့် တစ်နယ်တစ်ကျေးက လူများလည်း လာရောက် ရွှေကျင်ကြသည်။ ဤသည်မှာ သူတို့ဒေသ၏ မိရိုးဖလာ အလုပ်ပမာလည်း ဘိုးစဉ်ဘောင်ဆက် ဖြစ်နေသည်။

ချင်းတွင်းက ထွက်သောရွှေထဲတွင် နတ်နန်းရွာရွှေသည် အရည်အသွေး အကောင်းဆုံး နာမည်အကြီးဆုံး ဖြစ်သည်။ ပဲရည်မီသည်။ ရွှေသား ဝင်းလက်သည်။ တချို့ သွေးမသန့်သူများ ရွှေဝတ်လျှင် လက်တွင် အဖြူကွက်၊ အညိုအပြာ စွဲတတ်သော်လည်း နတ်နန်းရွှေမှာ မည်သူဝတ်ဝတ် အပြစ်အနာအဆာ တစ်စုံတစ်ခုမျှ မဖြစ်တတ်ဟုလည်း ယုံကြည်ကြသည်။

ဦးထောင်ထန်တို့ နန်းရေရွာမှာတော့ မြစ်အောက်ကျသလို ရွှေကျင်သော လုပ်ငန်းကို လုပ်လေ့လုပ်ထ မရှိကြ။ လုပ်၍လည်း မြစ်ညာလို ရွှေမရဟု ယူဆကြသည်။ သူတို့ရွာမှာ ချင်းတွင်းဘေးဟု ဆိုသော်လည်း မြစ်ရိုးနှင့် အလှမ်းဝေးသည်လည်းပါသည်။ ထို့ကြောင့် ရွာသူရွာသားတွေမှာ ရွှေကျင်ဖို့ထက် သစ်မွှေးရှာဖို့ ဆေးမြစ်တူးဖို့ အမဲလိုက်ဖို့အလုပ်ကိုသာ စိတ်ထက်သန်ကြသည်။

ဦးထောင်ထန် အနေမှာမူ သစ်မွှေးရှာခြင်း၊ ဆေးမြစ်ရှာခြင်းထက် အမဲသားကောင်လိုက်ခြင်းတို့ကိုသာ ပို၍ အထုံဝါသနာ ပါလေသည်။

ဦးထောင်ထန်၏ တစ်ဦးတည်းသောသား ထောင်လကလည်း ဦးထောင်



www.burmeseclassic.com

www.burmeseclassic.com



ထန်နည်းတူ ဘမျိုးဘိုးတူလေး ဖြစ်သဖြင့် သစ်မွှေးရှာခြင်း၊ ဆေးမြစ်တူးခြင်းထက် အမဲလိုက်ခြင်းကိုသာ ပို၍ နှစ်သက်လေသည်။ ထို့ကြောင့် ထောင်လသည် သူ့အဖေနှင့်အတူ တောထဲ တောင်ထဲလိုက်ကာ အမဲလိုက်လာသည်မှာ ကိုးနှစ် ဆယ်နှစ်သား ကတည်းကပင် ဖြစ်သည်။

ယခု သူ၏ဖခင် ဦးထောင်ထန် ငှက်ဖျားရောဂါနှင့် အိပ်ရာထဲ ဗုန်းဗုန်းလဲ နေသောအခါ သူတို့သားအဖမှာ အမဲလိုက် မထွက်ဖြစ်ကြတော့။

ထောင်လ တစ်ယောက်တည်း သွားမည်ဆိုတော့လည်း သူ့အဖေက သူ့သား ထောင်လကို ခွင့်မပြု။ တော သိပ်မကျွမ်းသေး၊ ငယ်သေးသည်ဟု အကြောင်းပြ တားမြစ်ထားသည်။

ဤသည်မှာလည်း မှန်သည်။

ထောင်လ၏ အသက်မှာ ယခုမှ ဆယ့်ငါးနှစ်ကျော်ကျော်သာ ရှိသေး သည်။

"ဘယ့်နှယ်လဲ စိုင်းဘောင်၊ မင်း ဖားကန့်ဘက် ကျောက်စိမ်းသွားတူးတာ ဟန်ကျရဲ့လား"

"ဟိုတုန်းကတော့ အဆင်ပြေသလိုပါပဲ ဆလိုင်း၊ ခုတော့ . . ."

စိုင်းဘောင် ပြောသည်မှာလည်း အမှန်ပင် ဖြစ်သည်။

ယခင် ဖားကန့်ဘက်သို့ သွား၍ ကျောက်စိမ်းတူးကြသော လုပ်ငန်းမှာ အလွန် အဆင်ပြေခဲ့ကြသည်။ ထို့ကြောင့်လည်း ယခု ဦးထောင်ထန့်အိမ် ရောက် နေကြသော စိုင်းဘောင်၊ ဇော်ရိုး၊ ငမောင်တို့သည် မိရိုးဖလာအလုပ်ဖြစ်သော ချင်းတွင်းမြစ်ထဲ ရွှေကျင်သောလုပ်ငန်းကို ပစ်ကာ ဖားကန့်ဘက် မိသားစု အလိုက် ပြောင်းရွှေ့သွားခဲ့ကြသည်။

ရွှေကျင်သောအလုပ်မှာ သူတို့အတွက် နှေနှစ်လ၊ သုံးလသာ။ မိုးကျ လာပြီ၊ ချင်းတွင်းရေစီးသန်လာပြီ ဆိုလျှင် သူတို့၏ ရွှေကျင်သောလုပ်ငန်းမှာ အလိုလို ရပ်ဆိုင်းသွားလေသည်။

ဖားကန့်တွင် ကျောက်စိမ်း ခိုးတူးရသော အလုပ်မှာကား စွန့်စားရဲလျှင် (၁၂)လရာသီ လုပ်လို့ရသည်။ ရွှေကျင်သော လုပ်ငန်းနှင့်စာလျှင် ကြီးပွားဖို့လည်း မြန်သည်။ ကိုယ်တိုင်တူး၊ ကိုယ်တိုင်ရ၊ ကိုယ်တိုင်ချနိုင်သူများအတွက်မှာ ပို၍ တွက်ခြေကိုက်သည်။ သို့သော် လူရည်လည်ဖို့တော့ လိုသည်။ စိုင်းဘောင်ကမူ လူရည်အတော်လည်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့်လည်း စိုင်းဘောင်၊ ဇော်ရိုးနှင့် ငမောင်တို့သည် ကူပွန်ရွာတွင်





မိရိုးဖလာ ရွှေကျင်ခဲ့ကြရာမှ ဖားကန့်ဘက် ပြောင်းသွားကြခြင်း ဖြစ်သည်။ ဖားကန့်တွင် ကျောက်စိမ်း ခိုးတူးခဲ့ကြသည်။ အစကမူ ဟန်သလို ရှိခဲ့၏။ ယင်းကြောင့်လည်း သူတို့ ဖားကန့် ရောက်သွား၍ ခြောက်လလောက် အကြာ မှာပင် သူတို့၏ ဇနီး၊ သားသမီးများကို လာခေါ်သွားကြခြင်း ဖြစ်သည်။

သူတို့ ထင်သကဲ့သို့ပင် ဖားကန့်ဘက်တွင် ကျောက်စိမ်း ခိုးတူးသော အလုပ်ဖြင့် ကြီးပွားနေကြသည်။ စီးပွားရေးသမားများနှင့်လည်း အဆက်အသွယ် ဖြစ်ခဲ့ကြသည်။ လူရည်လည်း လည်လာကြသည်။ စီးပွားရေးနှင့် ပတ်သက်၍ နား၊ မျက်စိလည်း ပွင့်လာကြသည်။ ထိုအခါ လောဘရမ္မက်လည်း ကြီးလာကြ သည်။ မြို့ကြီးပြကြီးက စီးပွားရေးသမားများနှင့် အဆက်အသွယ် ဖြစ်ကာ ပို၍ ကြီးပွားရန် စိတ်ထက်သန်လာကြသည်။

ထို့ကြောင့်လည်း မိမိရွာဘက်ကို သူတို့ ခြေဦးပင် မလှည့်ဘဲ ဇာတ်မြှုပ်နေ ခဲ့ကြသည်။ သုံးနှစ်ခန့်ကြာသော ယခုအခါမှာတော့ သူတို့သည် မိမိအရပ်ဘက် ရောက်လာကြပြန်သည်။

ဤသည်တို့မှာ အဘယ်ကြောင့်နည်း ဆိုသည်ကို ဦးထောင်ထန်က သိချင် နေသည်။ ထို့ကြောင့်လည်း ဦးထောင်ထန်သည် သူသိလိုသော အချက်ကို ရိုးရိုးစင်းစင်းကြီးပင် ကောက်မေးသည်။

"ခုတော့ မင်းတို့ ဒီကို ဘယ်လိုဖြစ်ပြီး ပြန်လာကြတာလဲ"

"ဖားကန့်ဘက်မှာ အစိုးရက စစ်ဆင်ရေးတွေ ဆက်တိုက် လုပ်နေတယ် ဆလိုင်း၊ အဲဒါကြောင့် ကျုပ်တို့ ကျောက်စိမ်းခိုးတူးတဲ့ အလုပ်ကိုလည်း ဆက် မလုပ်ဝံ့ကြတော့လို့ဘဲဗျို့"

အမှန်မှာ သူတို့ သုံးယောက်သည် ကျောက်စိမ်း ခိုးချရင်းက အဖမ်းခံရ ထောင်ကျ စသည်ဖြင့် ဘဝပျက်လာကြသူတွေ ဖြစ်သည်။ ယခုလည်း သူတို့ သုံးယောက်မှာ ရဲဘက်ပြေးတွေ ဖြစ်ကြ၏။ ဤသည်ကိုတော့ သူတို့က ဦးထောင် ထန်အား လုံးဝ မဟဘဲ ထားကြသည်။

"ဟေ- ဟုတ်လား"

"ဟုတ်တယ်ဗျ"

"အဲဒါနဲ့ မင်းကတော့ ငါ့ဆီ အရင် တိရစ္ဆာန်ပစ္စည်းတွေ ဝယ်ဖူးလို့ ငါသိပါ တယ်။ နောက်နှစ်ယောက်ကကော ဘယ်သူတွေတုံး"

ဦးထောင်ထန်က စိုင်းဘောင်နှင့် အတူပါလာသူ နှစ်ယောက်ကို ငေးစေ့ ကြည့်၍ မေးနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က ဇော်နိုးလေ၊ ဆလိုင်း သိမှာ မဟုတ်ပါဘူး။ သူ့အဖေ ရွာ ဆမားကြီးကိုတော့ ကြားဖူးမှာပါ။ သူကတော့ ငမောင် ခေါ်တယ်။ ကျုပ်တို့ ရွာက ကျုပ်သူငယ်ချင်းပါပဲ"

"ဪ. . . ဪ"

"ကျုပ်တို့ ရွာသားတွေပါ ဆလိုင်း၊ ကျုပ်လူတွေက ကျုပ် စိတ်အချရဆုံး အချစ်ဆုံး သူငယ်ချင်းတွေပါ"

ဤစကားကို စိုင်းဘောင် ဘာကြောင့် ပြောလိုက်သည်ကိုတော့ ရိုးလွန်းသော မုဆိုးကြီးက ဘာမှ အမှတ်မထား။ သူ သိလိုသည်ကိုသာ ဆက်မေးနေပြန်သည်။

"အေးအေး အဲဒါနဲ့ မင်းတို့ ငါ့ဆီ လာတဲ့ကိစ္စကတော့ သတ်သက် ဝင်နှုတ်ဆက်ကြတာလား၊ ဒီကို ဘာကိစ္စ လာကြတာလဲ"

"လာကြတဲ့ကိစ္စကတော့ ဒီနွေမှာ ချင်းတွင်းဖျားတက်ပြီး ရွှေကျင်ကြမလား လို့ပါ"

"ကောင်းတာပဲ၊ ရွှေကျင်တဲ့အလုပ်က နင်တို့ ကူပွန်ရွာသားတွေ မိရိုးဖလာ သမားရိုးကျအလုပ်ပဲ။ နွေမှာ တစ်ရွာလုံး တစ်နယ်လုံး လုပ်နေကျပဲ"

"ကျုပ်တို့က ကူပွန်နဲ့ နတ်နန်းမှာ ရွှေရှာတဲ့ သမားရိုးကျအလုပ် မဟုတ်ဘူးလေ ဆလိုင်း၊ သမားရိုးကျအလုပ်က ဘယ်ကြီးပွားနိုင်မလဲဗျ"

"ဟေ ဘယ်လိုရယ်၊ မကြီးပွားနိုင်ဘူး၊ ကိုယ့်ရွာမှာဆိုတော့ အိမ်မကွာ၊ အိုးမကွာ၊ သားမယားမကွာ ပိုမကောင်းဘူးလားဟ စိုင်းဘောင်ရဲ့"

"ဒီလို ဆလိုင်းရဲ့"

"ဘယ် ဒီလိုလဲ၊ အိမ်း - ဆိုပါဦး။

သား၊ အဖ မိတ်ဆွေတွေကို ဆတ်သားခြောက် ဖုတ်ပေးပါဦးဟ၊ မင်းတို့ ညနေ ထမင်းစားသောက်ပြီးမှ ပြန်ကြပါလား"

"ညနေထမင်းက အရေးမကြီးပါဘူး ဆလိုင်း၊ ဘယ်သူ့အိမ် ဝင်စားစား ရပါတယ်။ ကိစ္စပြီးရင် ကျုပ်တို့က ညတွင်းချင်း ပြန်ရမှာ"

"မင်းတို့ဟာ မဟုတ်သေးပါဘူး၊ ဘာကိစ္စ အရေးတကြီးလဲ"

"ဒီလိုလေ ဆလိုင်း။ ဆလိုင်း ပြောသလို အိမ်မကွာ အိုးမကွာ ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် နတ်နန်းနဲ့ ကူပွန်မှာက ရွှေကျင်တဲ့လူတွေ များနေတော့ ထင်သလောက် မရနိုင်ဘူး။ အဲဒါကြောင့် ချင်းတွင်းဖျားတက်ပြီး ကျုပ်တို့က ရွှေကျင်ချင်လို့လေ ဆလိုင်း"





"ဪ- မင်းတို့က အကြံကြီးသမားတွေကိုး၊ ကောင်းသားပဲကွ၊ ငါတို့ မုဆိုးစကားလိုပေါ့၊ တောနက်လေ သားကောင်ကြီးလေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အဘ၊ ခုလည်း အဖျားတက်နိုင်လေ အမှည့်ရလေ ဆိုသလို ချင်းတွင်းဖျား များများတက်လေ ရွှေများများရလေ မဟုတ်လား"

စိုင်းဘောင်နှင့် အတူပါသူ ဇော်နိုးကလည်း ဦးထောင်ထန်နှင့် စိုင်းဘောင် တို့စကားကို ထပ်ဆင့်၍ ထောက်ခံစကား ဆိုလိုက်သည်။

ငမောင်ဆိုသော လူရွယ်ကတော့ ယခုထိ တစ်လုံးတစ်ပါဒမျှ ဝင်မပြော သေး။ ဦးထောင်ထန်မျက်နှာကို ကြည့်လိုက်၊ ထောင်လမျက်နှာကြည့်လိုက်၊ ရေနွေးကြမ်းသောက်လိုက်၊ ဆတ်သားခြောက် ဝါးလိုက်နှင့်သာ ငြိမ်နေ၏။ သူတို့ သုံးယောက်ထဲတွင် အငယ်ဆုံးလည်း ဖြစ်သဖြင့် နှုတ်မဟသေး။

ထောင်လ အနေကလည်း ငမောင်ကဲ့သို့ပင် သူတို့ထဲ တစ်လုံးတစ်ပါဒမျှ ဝင်မပြော။ ရွှေ ဆိုသည်ကိုလည်း သူက လုံးဝ စိတ်ဝင်စားပုံ မပေါ်။ သူ့အဖေနှင့် ညီသည်နှစ်ယောက်တို့ ပြောနေကြသည်ကိုသာ ငြိမ်၍ နားထောင်နေ၏။

ထောင်လ စိတ်ဝင်စားနေသည်မှာ သူ၏ မြားတံထိပ်တွင် တပ်ဆင်ရန် အဟက် ထုလုပ်မည်ဖြစ်သော ဖဲထီးသံချောင်းငယ်ကိုသာ။

"ဆလိုင်း"

"ဟေး"

"အဲဒါ ဒီလိုဗျ၊ ကျုပ်တို့ ဒီကို လာတာ ဦးထောင်ထန်ကို ချင်းတွင်းဖျား ခေါ်သွားချင်လို့"

"ဟော"

"မဟေနဲ့ ဆလိုင်း။ တကယ် ပြောတာ"

စိုင်းဘောင်က ဦးထောင်ထန်မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်၏။

"မင်းတို့နဲ့ ချင်းတွင်းဖျားလိုက်ပြီး ငါက ဘာလုပ်ရမှာလဲ"

"ရွှေရှာတဲ့ ရွှေကျင်တဲ့ အလုပ်ပေါ့ဗျ"

"ဟေ- အေး၊ ငါက မင်းတို့ ရွှေရှာတဲ့အလုပ်ကို ချေလေးတစ်ကောင် သွားပစ်တာလောက် စိတ်မဝင်စားပါဘူးကွာ"

ဦးထောင်ထန်က အမှန်အတိုင်း အရိုးခံစကားကို ဆို၏။

ဦးထောင်ထန်အနေမှာ တစ်ခါမှ မလုပ်ဘူးသော ရွှေကျင်၊ ရွှေရှာအလုပ် ကို သားကောင်နောက် လိုက်ရသလောက် ဝါသနာလည်း မပါ။ ရွှေရှာ၊ ကျောက်တူး ဆိုသောအလုပ်သည် နတ်ရေးနှင့် အတူတူပင်။ ရှိုးရှိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မဟာပထဝီ မြေကြီးထဲက ရတနာကို မျှော်၍ လုပ်ရသည်မှာ ရင်မောစရာ ကောင်းလှသည်။ မသေချာသောအလုပ်၊ မရေရာသောအလုပ်။ ရွှေရှာ၍ တစ်နေ့ကုန်မည့်အစား သူ့အနေမှာ သားကောင် တစ်ကောင်ကောင်ကိုသာ သွားပစ်၍ အချိန်ကုန်ခံနိုင်မည်။

ရွှေရှာ၊ ကျောက်တူးအလုပ် ဆိုသည်မှာ ရလျှင် တော်ပါ၏။ မရလျှင် မုဆိုးအတွက် ဟင်းစားပင် မပါ ဖြစ်နိုင်သည်။

မျက်မြင်ကိုယ်တွေ့ အလုပ်ကိုင်မျိုး မဟုတ်။ ကိန်းသေတွက်၍ ရသော အလုပ်လည်း မဟုတ်။ ထို့ကြောင့် ဦးထောင်ထန်က ချင်းတွင်းဖျားတက်၍ ရွှေရှာမည် ဆိုသော စိုင်းဘောင်၏ စကားများကို ဘယ်လိုမှ စိတ်မဝင်စား။

ဤသည်ကို ချက်ချင်း ရိပ်မိလိုက်သော စိုင်းဘောင်က-

"မဟုတ်သေးဘူးနော် ဆလိုင်း၊ စဉ်းစားပါဦး၊ ဦးထောင်ထန် တစ်နေ့လုံး၊ တစ်ဆောင်းလုံး အမဲသားကောင်လိုက်လို့ သားကောင်ရတယ်ပဲ ဆိုဦး၊ အဲဒီ သားကောင်တွေရဲ့ အရေခွံ၊ အရိုး၊ အမွေး၊ ဦးချို၊ သည်းခြေ ရောင်းလို့ရရင် အများဆုံး တစ်သိန်းပေါ့"

"အမယ်လေးလေးလေ၊ ငါ သားကောင်လိုက်လို့ တစ်သိန်း ဆိုတဲ့ငွေ တစ်နေ့မှ မရဖူးဘူး၊ မမြင်ဖူးပါဘူး မောင်ရာ"

"အဲဒါ ပြောတာပေါ့ဗျာ၊ ခု ကျုပ်တို့က သူများလို မဖြစ်စလောက် နတ်နန်းနဲ့ ကူပွန်မှာ ရွှေကျင်ကြမှာ မဟုတ်ဘူးနော်။ ချင်းတွင်းဖျားတက်ပြီး တကယ့်ရွှေတုံး ရွှေခဲတွေ ရှိတဲ့နေရာ သွားကျင်ကြမှာ။ တစ်သိန်း ဆိုလည်းဟုတ်၊ ဆယ်သိန်း ဆိုလည်း ဟုတ်ပဲဗျ။

ခု ရွှေဈေး ဘယ်လိုရှိလဲ၊ ဆလိုင်း သိလား၊ မြို့ကြီးပြကြီးတွေမှာ ရွှေဈေးက ငါးသောင်းကျော်နေပြီဗျ။ ခု နတ်နန်းနဲ့ ကူပွန်မှာ ကျင်လို့ရတဲ့ ရွှေမှုန်ရွှေစ ပိစိကွေးလေးတွေက ချင်းတွင်းမြစ်ညာက ရေစီးနဲ့ပါလာတဲ့ အမှုန်အမွှားလေး တွေ၊ ချင်းတွင်းဖျားရောက်ရင် ရွှေတုံး၊ ရွှေခဲ မတွေ့တောင် နတ်နန်းနဲ့ ကူပွန် ထက်တော့ မုချ များများ ရရမယ်ဗျာ။ အဲဒါ ကျုပ် ပြောရဲတယ်၊ ကျုပ်တို့ ပထဝီ အနေအထားလည်း အားလုံး လေ့လာပြီးပြီ"

"မင်း ပြောတာ သိပ်ဖြစ်နိုင်တာပေါ့၊ ဟုတ်ပါတယ် စိုင်းဘောင်ရယ်"

"အားလုံး တောတောင် ရေမြေ အနေအထားကို တွက်ချက်ပြီးမှ ကျုပ် ကလည်း ပြောတာပါ ဆလိုင်းရယ်။ ခုလို ရွှေဈေးကောင်းနေပုံမျိုးနဲ့ဆို အပွပဲဗျ။ အဲဒါကြောင့် ဦးထောင်ထန်ကို ကျုပ်တို့နဲ့ လိုက်ခဲ့ဖို့ လာပြောတာပဲဗျ ဟဲဟဲ"





"ဟ ကောင်ရာ . . .၊ မင်းတို့နဲ့ ငါ လိုက်ရအောင် ငါက အဘိုးကြီးကွ၊ လောလောဆယ် နေလို့လည်း မကောင်းဘူး၊ ခု ငှက်ဖျားထနေတာ၊ မင်းတို့လို ရေထဲမှာ ဘယ်လာကြာကြာ ရွှေကျင်နိုင်ပါ့မလဲ။ တောကြီး တောင်ကြီးတွေ ကျော်ဖြတ်ပြီး မြစ်ညာဘက်ကို ငါ ဘယ်လိုလုပ် လိုက်နိုင်မလဲ စိုင်းဘောင်"

"ဖြစ်ပါတယ် အဘရယ်၊ စိုင်းဘောင် ပြောတာက အဘကို ရေထဲဆင်းပြီး ရွှေကျင်ခိုင်းဖို့ မဟုတ်ပါဘူး။ ချင်းတွင်းဖျားကို မြန်မြန်ရောက်အောင် လမ်းပြ အဖြစ်ပါ"

စိုင်းဘောင်၊ ဇော်ရိုး၊ ငမောင်တို့က မည်သို့မည်ပုံ ဇာတ်တိုက် အကွက်ချ လာကြသည် မသိ။ ဤတစ်ခါတော့ တစ်ချိန်လုံး ငြိမ်ပြီး နားထောင်နေသော ငမောင်ကပါ ဝင်ပြောလာသည်။

"ဟုတ်ပါတယ် ဆလိုင်းရယ်၊ ဦးထောင်ထန်ကို ကျုပ်တို့ ခေါ်ရတာက လမ်းပြအဖြစ်နဲ့ပါ။ ပြီးတော့ ဒီတော ဒီတောင်မှာ ဆလိုင်းက နယ်ကျွမ်းတယ် မဟုတ်လား၊ စကားဆိုလည်း ကချင်၊ နာဂ၊ မီဆို စကားတွေပါတတ်တော့ သူတို့နယ်ထဲ ရောက်သွားတဲ့အခါ အဆင်ပြေအောင်လို့ပါ။ ရသမျှ ဝေစုထဲက ဘစ်စုရမယ်။ ဟိုကို ရောက်သွားရင် ဆလိုင်းက ထင်းရှာ၊ ထမင်းချက်၊ ဟင်းရွက် ခူး၊ သားကောင်ပစ်၊ တဲစောင့်ရုံပဲလေ။ ရွှေကျင်တာက ကျုပ်တို့ လုပ်ကြမှာပါ"

"အေး မင်းတို့ပြောတာတော့ ငါလည်း မငြင်းလိုပါဘူး။ ဒါပေမယ့် ခုတော့ ငါ ဘယ်လိုမှ မလိုက်နိုင်ဘူး။ ငါနေကောင်းအောင် စောင့်ကြမယ်ဆိုလည်း မင်းတို့ ရာသီ လွန်သွားလိမ့်မယ်။ ရွှေကျင်တယ် ဆိုတာ သုံးလေးလပဲ အချိန်ရှိ တယ်။ မိုးကျလို့ ချင်းတွင်းရေ ပေါက်လာပြီဆိုရင် ရွှေကျင်လုပ်ငန်း အလိုလိုရပ် သွားရမှာ"

ဦးထောင်ထန်၏ စကားကြောင့် စိုင်းဘောင်က သက်မ,ချလိုက်သလို နောက်နှစ်ယောက်၏ ပါးစပ်ကလည်း ချက်ချင်း ပိတ်သွားကြ၏။

ဤအကြံအစည်နှင့် လာခဲ့ကြတုန်းကမှ အဘိုးကြီး ငှက်ဖျားထနေသည်ကို သူတို့ မသိခဲ့ကြ။ ခုတော့ မည်သို့ လုပ်ကြရမည်နည်း။

"အိမ်း- တစ်ခုတော့ ရှိတယ်ကွ"

"ဟုတ် ဟုတ်ကဲ့၊ ပြောပါဦး ဆလိုင်း"

စိုင်းဘောင် အပါအဝင် ရွှေရှာသွားကြမည့် လူသုံးဦး၏ မျက်နှာမှာ မျှော်လင့်ချက်ရောင်ခြည်များနှင့် ကြည်လင် ဝင်းတောက်လာကြပြန်သည်။

"မင်းတို့ ပြောသလို လမ်းပြ၊ တဲစောင့်၊ ထမင်းချက်၊ ဟင်းရှာသဘောမျိုး


www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကတော့ ငါ့သား ထောင်လကို ထည့်လိုက်ရင်လည်း ဖြစ်ပါတယ်"

အဘိုးကြီး စကားကြောင့် သူတို့ သုံးဦး၏ မျက်လုံးများက မြားစူးပါးဟတ် ထုလုပ်နေသော ထောင်လဆီ အကြည့်ရောက်သွားကြပြန်၏။

"ဆလိုင်းသားက ငယ်ငယ်လေးပဲ"

"ဟုတ်တယ်၊ အဘသားက ဖြစ်ပါ့မလား"

"သိပ်ဖြစ်တာပေါ့ကွာ၊ ဒီကောင်က ငါနဲ့ ရှစ်နှစ်၊ ကိုးနှစ်သား ကတည်းက ချင်းတွင်းဖျား ဟိုဘက်တောင် လိုက်နေတဲ့အကောင်၊ မနှစ်နှစ်ကဆို ကုလားပြည် ဘက်ကိုတောင် တို့သားအဖနှစ်ယောက် သားမွေးတွေ သွားရောင်းလိုက်ကြသေး မင်းတို့ ပြောသလို လမ်းပြ၊ ထမင်းချက်၊ တဲစောင့်ဆို သူသာ ခေါ်သွားကြ။ နာ မီဆိုစကားလည်း ငါ့သားက ကျွမ်းပြီးသား၊ သူ့အမေကလည်း မီဆိုအနွယ်ထဲက ငါ ကုလားပြည်မှာ သစ်မွေး သွားရောင်းရင်းက အကြောင်းပါကြတာ"

"ဟာ အဖ၊ ကျုပ် မလိုက်ချင်ဘူး"

လူစိမ်းတွေနှင့် တောထဲ တောင်ထဲ မလိုက်ချင်သော ထောင်လက ချက်ချင်း ကန့်ကွက်စကား ထဆိုသည်။

"လိုက်သွားပါ သားရေ၊ ငါ့သား မပင်ပန်းပါဘူး၊ သူတို့ကို ထမင်းချက်ကျွေး ဟင်းရှာပေး၊ တဲစောင့်ရုံပဲဟာ။ တောကလည်း ငါ့သား ကျွမ်းပြီးသားပဲ။ ခုလော လောဆယ် အဖ နေမကောင်းဖြစ်နေတာ ဆေးဖိုးဝါးခလည်း သူတို့ ပိုက်ဆံထေ ထားခဲ့ကြမယ်လေ။ ဟုတ်တယ် မဟုတ်လား စိုင်းဘောင်၊ ပြီးတော့ ရွှေရှာ ဝေစုလည်း တစ်ဖို့ရဦးမယ်။ အဖေတို့ သားတို့ တစ်နေ့ သားကောင်လိုက်ရတာ စိုင်းဘောင် ပြောသလို တစ်သိန်း မရကြဘူး"

"ဟုတ်ပါတယ် ညီလေးရာ၊ အခု လောလောဆယ် မင်းအဖကို ဆေးဖိုး ဝါးခ အစ်ကိုတို့ ငွေနှစ်ထောင် ပေးထားခဲ့မယ်။ လိုက်ခဲ့ပါကွာ၊ မင်း မပင်ပန်းစေ ရပါဘူး"

"ဟုတ်တယ်၊ လိုက်သွားလိုက်ပါ လူလေးရယ်၊ စိုင်းဘောင်က အဘတို့ တိရစ္ဆာန်ပစ္စည်းတွေ ဝယ်ဖူးတယ်။ မိတ်ဆွေကောင်းတွေကို ကူညီပေးရာလည်း ရောက်တာပေါ့။ ကူပွန်ရွာ ဆိုတာလည်း အဖတို့ဘက်က မင်းအမျိုးတွေ ရှိနေတဲ့ ရွာ ဆိုတော့ ကူပွန်ရွာသားတွေကို ကူညီဖို့ သားမှာလည်း တာဝန်ရှိပါတယ်"

ထောင်လက သူ့အဖကို ဘာမှ ပြန်မပြောတော့။

ထောင်လသည် သူ့အဖ၏ စကားကို ဘယ်သောအခါမှ နှစ်ခွန်းသုံးခွန်း ပြန်ပြောလေ့ မရှိ။ သူသည် သူ့အဖအား တစ်ခွန်းသာ ပြန်ပြော၏။ တစ်ခွန်း





ပြန်ပြော၍ သူ့အဖ လက်မခံလျှင် သူ့အဖ သဘောကျ ဆောင်ရွက် လုပ်ကိုင် တတ်သည်မှာ သူ့ဝသီပင်။

ဤသည်မှာလည်း မုဆိုးလေးပီပီ တောစကား တောမှာပျောက်။ တောင် စကား တောင်မှာပျောက် ဆိုသလို တစ်ခွန်းသာ ပြောသောစကားက အကျင့်ပါ နေတာ ဖြစ်မည်။

နောက်တစ်ကြောင်းမှာ သူ့အဖအား ချက်ချင်း လက်ငင်း ငွေနှစ်ထောင် ထုတ်ပေးနေသော စိုင်းဘောင်၏မျက်နှာကို ငေးကြည့်ကာ သူ စိုင်းဘောင်တို့ နှင့် ချင်းတွင်းဖျားကို မလွှဲမသွေ လိုက်ရတော့မည်ကို သဘောပေါက်သွားလေ သည်။

"ကဲ ဆလိုင်း၊ ကျုပ်တို့ ညဥ့်မနက်မီ ပြန်မယ်။ ဦးထောင်ထန် မြန်မြန် ကျန်းမာပါစေဗျား။ ကဲ ညီလေး၊ အစ်ကိုတို့ သွားမယ်။ မနက်ဖြန်သာ ငါ့ညီ အဆင်သင့် လုပ်ထား ဟုတ်လား"

ထောင်လက စိုင်းဘောင်ဘက် တစ်ချက် လှမ်းကြည့်ပြီး ခေါင်းညိတ်ပြ လိုက်၏။ သည့်လိုနှင့် စိုင်းဘောင်တို့ကလည်း စိတ်ချ ယုံကြည်စွာ သူ့တို့ရွာဘက် ထွက်သွားကြသည်။ သူတို့သည် ကူပွန်ကို သန်းခေါင်မတိုင်မီ ရောက်သွားကြလိမ့် မည်။ ဤသို့ အလောသုံးဆယ် ဖြစ်နေခြင်းမှာ ချင်းတွင်းဖျားကို တစ်ရက်စော ရောက်လေ တစ်ရက် အကျိုးရှိလေ မဟုတ်ပါလား။

နောက်တစ်နေ့ နံနက် ကြက်ဦး မတွန်မီကပင် ထောင်လ နိုးနေသည်။ အဖထည့်လိုက်၍သာ လိုက်ရမည် ဖြစ်သော်လည်း လူစိမ်းတွေနှင့် ချင်းတွင်းဖျား ကို သူမလိုက်ချင်။ အထူးသဖြင့် ရွှေရှာသောအလုပ်ကို သူက ပို၍ပင် စိတ်မဝင် စား။ သို့သော် အဖအမိန့်နှင့် သူ လိုက်ရတော့မည်။

မကြာမီ လင်းကြက်တွန်သံကို ကြားရသည်။ ထောင်လ ထထိုင်လိုက်၏။ ခဏအကြာမှာ အိမ်အောက်ဆင်းလာသည်။ ကြက်မတင်းကို အလျင်ကြည့် သည်။ တစ်ပတ်ခန့်သာ ရှိသေးသော ကြက်ပေါက်ကလေးများသည် ကြက်မကြီး ၏ ရင်အုပ်အတောင်ကြားထဲ တိုးဝင်၍ 'ပီယပ်၊ ပီယပ်' အော်နေကြသည်။ ခရီးဝေး ထွက်ရတော့မှာမို့လား မသိ။ ကြက်သားအမိကိုမြင်တော့ အမိကို သတိရလိုက်သည်။ အမိသည် ဤသို့ပင် အစောကြီး ထ၍ ကြက်ကလေး တွေကို အစာကျွေးတတ်သည်။ ဝက်ကလေးတွေကို အစာကျွေးတတ်သည်။ ခွေးကလေးတွေကမူ အမေ့အချစ်ဆုံး ဒုတိယသားများပင်။

အမိ ဆုံးပါးသွားသည်မှာ ရှစ်နှစ် ကိုးနှစ်ရှိပြီ။ ရွာတောင်ဘက် ရေမြောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက် ရေသွားခပ်ရင်း ကျားကိုက်၍ သေခဲ့သည်။ ရွာနား ရေပင်ထိ လူကို လာချောင်းကိုက်သောကျားကို နတ်ကျားဟု သမုတ်ကာ မည်သူမျှ မသတ်ဝံ့ ဖြစ်ခဲ့ကြသည်။ ထောင်လအမေကို ကိုက်သတ်သွားသောကျားသည် ရွာနီးချုပ်စပ်တစ်ဝိုက်တွင်လည်း လူပေါင်းလေးငါးယောက်တို့ကို ကိုက်သတ်စားခဲ့သည်ဟု ဆိုသည်။

လူသားကလွဲလျှင် တခြား ဘယ်တိရစ္ဆာန်မှ မကိုက်။ အလွန်ထုံ၊ အလွန်ထိုင်းသော နွားနောက်များကိုပင် မကိုက်ဘဲ လူကိုချည်း ရွေးကိုက်သောကျားကို ရွာနီးဝန်းကျင်က နတ်ကျားဟု သမုတ်ကာ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ခဲ့ကြသည်။ နေညိုသည်နှင့် အိမ်တွင်းက အိမ်ပြင် မထွက်ရဲ ဖြစ်ခဲ့ကြသည်။ တူမီးနှင့်ပစ်ရန်၊ ထောင်ချောက်ဆင်ဖမ်းရန်၊ ရိုးရာစူးခုတ်ထောင်၍ သတ်ကြရန်ကို မဆိုထားနှင့် သတ်မည်၊ ဖမ်းမည် ဆိုသော စကားကိုပင် မဟရဲကြ။ နတ်ကျားမို့ သူတို့ အကြံအစည် အပြောအဆိုကို ချက်ချင်း သိကြားနိုင်သည်ဟု အစွဲအလမ်းကြီးနေကြသည်။

ထိုကျားကို အဖ ကလဲ့စားချေနိုင်ခဲ့သည်။

တိရစ္ဆာန်ပေါင်းများစွာကို သတ်ဖြတ်လာခဲ့ရာတွင် ထိုကျားကို သတ်ရတာလောက် အဖ ပီတိဖြစ်တာကို တစ်ခါမျှ ထောင်လ မမြင်ဘူးခဲ့။

"နင့်ကို ကိုက်သွားတဲ့ကျား ငါ့အသက်နဲ့ လဲမယ်၊ အဖိ အသက်နဲ့ လဲမယ်" ဟု အဖ မျက်ရည်ကျ၍ ကြုံးဝါးခဲ့သည်။

ရေပင်နားတွင် အမိအား ကိုက်သတ်လိုက်သောကျားသည် ထိုရေပင်နား၌ပင် ခါးအောက်တစ်ပိုင်းကို အကုန် စားသွားသည်။ တောထဲက ထောင်ချောက်ထမ်း၍ ပြန်လာသော အဖနှင့် ရွာသားများ သွားရှာကြသောအခါ အမိ၏ခါးအပေါ်တစ်ပိုင်းကိုသာ တွေ့ကြရတော့သည်။ ထို အပေါ်တစ်ပိုင်းတွင် ကျားကုတ်ရာခြစ်ရာကလွဲပြီး ဒဏ်ရာ ကြီးကြီးကျယ်ကျယ် မရှိခဲ့။ ထို့ကြောင့်လည်း အမိအလောင်းနှင့် ထိုကျားကို အဖက တောတိုက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ တောတိုက်ရာတွင် သားသမီးသည် အဓိက ဖြစ်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ထောင်လလည်း အမိအား ဤညနေ ကျားကို ခေါ်ပေးပါရန် ကူပြောပေးရသေးသည်။

အမိဆံပင်ကို ဆီလူး ဖြီးသင်၍ ပန်းပန်ပေးကြသည်။ မျက်နှာကို သနပ်ခါးလိမ်းပေးရသည်။ ချိုင်းနှင့် ပခုံးကို သိုင်း၍ ရှုန်ပန်းနီစ ချည်ကြသည်။

"ဒီည နင့်လင်ကို နင် ရအောင်ခေါ်၊ ခေါ်မရရင် နင့်ကို ရေထဲနှစ်သတ်မယ်





ကြားလား"

နတ်ဆရာက ပြောသည်ကို နတ်ဆရာမက-

"ကြားပါတယ်၊ ကြားပါတယ်၊ အကျွန့်လင်ကို အကျွန်ရအောင် ခေါ်ပေးပါ့မယ်"ဟု ပြန်ပြောရသည်။

အဖသည် သူကြီးတောင်မင်းကိုပါ ခေါ်၍ လင့်ထိုးပြီး စောင့်သည်။ တောဘိုက်၊ နတ်တိုက် လုပ်ထားသဖြင့် ညမှာ ကျားကြီးသည် မုချ ရောက်လာသည်။ ...က်လက်ထားသော အမိ၏ အလောင်းကို မစားမီ ကျားသည် ခုန်ပေါက်...က်ကစားသည်။ အမိ၏ပါးကို နမ်းသည်။ အမိက ကျားလည်ပင်းကို လိုက်ဖက်သည်။ တစ်ခါ နှစ်ခါ မမိဘဲ လွတ်သွားသည်။ ရိပ်မိသောကျားက အမိ၏ ...ပေါ်ပိုင်းကို ကိုက်ချီ ဆွဲမြောက်သည်။ တောတိုက်ထားသဖြင့် အမိ၏ ဆွဲ...မြှောက်မခံ။ ကျားက အမိကို မြူချော့၍ ပါးကို နမ်းပြန်သည်။

ဤတစ်ခါတော့ အမိ၏ လက်တစ်ဖက်က ကျားကြီး၏ လည်ပင်းကို ...ပ်လိုက်ပြီး နောက်လက်တစ်ဖက်နှင့် အဖတို့ရှိရာ လင့်စင်ပေါ် လက်ညှိုးထိုး...ပြသည်။ ကျားကြီးက အဖတို့ဆီ မော့အကြည့်မှာ အဖသည် ကျားကြီး၏ ...မျက်လုံးနှစ်လုံးကြားဆီ သေနတ်နှင့် ပစ်ထည့်လိုက်သည်။ ကိုးတောင်ကျား၊ ...နတ်ကျားကြီးသည် မချိမဆံ့ အော်ဟစ် ကျွမ်းပြန်ကာ အမေ့အလောင်းနား၌ပင် သေသွားသည်။

ထိုကျားကြီး၏ သားရေကို မည်သူ့ကိုမျှ မရောင်းဘဲ အဖသည် ယခုထိ ...ခင်းအိပ်လာခဲ့သည်မှာ ရှစ်နှစ်၊ ကိုးနှစ်ပင် ရှိလေပြီ။

ထောင်လ တောင်စဉ်ရေမရ တွေးနေချိန်၌ပင် ခွေးဘိုကျားက ဧည့်သည်...များ လာကြပြီ ဆိုသည်ကို တစ်ချက်၊ နှစ်ချက် ဟောင်၍ အသိပေးသည်။ ...ဘိုကျားကို ပြန်ခေါ်လိုက်ချိန်မှာပင် စိုင်းဘောင်တို့အဖွဲ့သည် လားကြီးတစ်ကောင်...နှင့်အတူ အိမ်ရှေ့ ရောက်လာကြလေသည်။ အချိန်မှာမူ နေဝန်းကိုပင် မမြင်ရသေး။ နှင်းပင် မကွဲတတ်သေး။

စိုင်းဘောင်တို့အသံ ကြားသဖြင့် အဖလည်း အိမ်ရှေ့ ထွက်လာသည်။

"ကဲ ဆလိုင်း၊ ခုပဲ ကျုပ်တို့ ချင်းတွင်းတက်မယ်၊ ညီလေးလည်း အသင့်ပဲ ...ဟုတ်လား"

ခရီးရောက်မဆိုက် စိုင်းဘောင်က ပြော၏။

ထောင်လသည် ညဦးကပင် အသင့်ပြင်ထားသော ဝံသားရေအိတ်ကြီးနှင့်...လေးမြားတို့ကိုယူရန် ချက်ချင်း အိမ်ပေါ် ပြေးတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထောင်ထန်ကမူ စိုင်းဘောင်တို့အဖွဲ့ကို ခဏ ငေးကြည့်နေပြီး-

“အေး မင်းတို့က အကြံကြီးသမားတွေဆိုတော့ လားကြီးတစ်ကောင်ကိုပါ ဆွဲလာခဲ့ကြတာကိုး”

“ဟဲ ဟဲ၊ ဟုတ်တယ်လေ ဆလိုင်း၊ လူလေးယောက်စာအတွက် တစ်လစာ ရိက္ခာကို ကျုပ်တို့ လားနဲ့ တင်လာခဲ့ကြတယ်။ ဘာဖြစ်လို့လဲ”

စိုင်းဘောင်က ဂုဏ်ယူဝင့်ကြွားစွာ ဆိုသည်။

စိုင်းဘောင် ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ သူတို့မှာ တောတွေဖြတ် တောင်တွေကျော်ရမည် ဖြစ်သဖြင့် လူလေးယောက်စာ တစ်လရိက္ခာကို ယခုလို လားကြီးတစ်ကောင်နှင့် တင်လာခဲ့ကြသည်မှာ ပို၍ သဘာဝကျပေသည်။

ဤသည်ကို အဘိုးကြီး ထောင်ထန်က ဘာများ ပြောလေဦးမည်နည်းဟု ကြည့်နေကြစဉ်-

“မင်းတို့ ချင်းတွင်းမြစ်ညာရောက်လို့ စခန်းပြီးတာနဲ့ ငါ့သား ထောင်လကို လားကြီး ပြန်ပို့ခိုင်းလိုက်”

လားကြီးကိုယ်ပေါ်တွင် ရိက္ခာထုပ်ကြီးငယ်များနှင့် ဒန်အိုး၊ ဒန်ခွက် ထွေရာကမာတွေ တွဲလောင်းဆွဲချိတ်ယူလာကြသည်ကိုကြည့်၍ အဘိုးကြီးက ပြော၏။

“ဘာဖြစ်လို့လဲ ဆလိုင်း”

“မင်းတို့ ရွှေကျင်ရာမှာ လားကြီးက ဘာအသုံးဝင်မှာလဲကွ၊ ငါ့သား ထိန်းကျောင်းရတာလည်း တာဝန်ကြီးတစ်ခု ဖြစ်နေမှာပေါ့။ ပြီးတော့ ချင်းတွင်းဖျားဆိုတာက သားရဲတိရစ္ဆာန်တွေ အင်မတန် ပေါတယ်။ လားကြီး ရှိနေရင် အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်နေမှာပေါ့။ ဒါတွေ ငါ့သား ထောင်လ အားလုံး သိပါတယ်ကွာ၊ စခန်းရကြတာနဲ့ မြန်မြန်သာ ပြန်ပို့ခိုင်းလိုက်ပါ”

“ဟုတ်ကဲ့၊ လားကြီးက ထာသင်မော့်လားကြီးနော် ဆလိုင်း၊ ကျုပ်နှမက ထာသင်မော်၊ ဆလိုင်းကြီး သိမယ်”

“ဟဲ ဟဲ သိပ်သိပေါ့ကွာ၊ ဒီကောင်က မြို့ကြီးပြကြီးလည်း အရောက်အပေါက်များတဲ့အကောင်၊ လူလည်ပဲ။ ဟို နှစ်လလောက်ကတောင် ငါ့ဆီ ဝံသည်းခြေ လာမှာသွားသေးတယ်။ ဈေးကောင်းပေးမယ် ဆိုပါလား။ လောလောဆယ်တော့ တိရစ္ဆာန်ချိုတွေနဲ့ အရိုးအရေတွေ တို့တောင်ပေါ်ရွာတွေမှာ ရှာဝယ်သွားသေးတယ်။ ဘယ်မသိ ရှိမလဲ”

“ဟုတ်ကဲ့၊ ထာသင်မော်က ကျုပ်ယောက်ဖပါ။ စခန်းရပြီးတာနဲ့ ဆလိုင်း





သားကို လားပို့ ပြန်လွှတ်လိုက်ပါ့မယ်။ ပြီးတော့သာ ကျုပ်တို့ဆီ ပြန်လွှတ်လိုက်ပါနော် ဆလိုင်း”

“အေးပါကွာ၊ စိတ်ချပါ ငါ့သားက ငါ့ဟာတစ်လုံးပေါက်ပါ”

ထိုအချိန်တွင် အိမ်ပေါ် ဝံသားရေအိတ်ကြီးနှင့် လေးမြားတက်ယူပြီး ပြန်ဆင်းလာသော ထောင်လက သူ့အဖနှင့် စိုင်းဘောင်တို့ကြားတဲ့ မတ်တတ် လာရပ်၏။

ဦးထောင်ထန်သည် ချင်းတွင်းဖျား တက်ကြမည့် လူလေးယောက်နှင့် သားတစ်ကောင်ကို တစ်ဦးစီ လိုက်ကြည့်နေရင်းက စိုင်းဘောင်ကို တစ်ခါ ပြန်ကြည့်ပြီး-

“သြော်- မင်းမှာ အဝေးလက်နက်လည်း ပါသေးသကိုး”

ရိုင်ဖယ်သေနတ် တစ်လက်ကို လွယ်ထားသော စိုင်းဘောင်က-

“အရေးရယ် အကြောင်းရယ်ဆို အဝေးလက်နက်က အားကိုးရတယ်လေ ဆလိုင်း။ ညရေးညတာတို့၊ ချင်းတွင်းဖျားမှာ ရွှေရှာတဲ့ အဖွဲ့အချင်းချင်းတို့ အဝေးလက်နက်ပါရင် ခထိလေးစားလည်း မလုပ်ရဲကြဘူးပေါ့။ အဲဒါကြောင့် ယူလာတာ”

“ရွှေရှာတဲ့အဖွဲ့တွေ အနေတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် မြစ်ညာက ဒေသခံတွေမှာ အဝေးလက်နက်ထက် ကြောက်စရာကောင်းတဲ့ လက်နက်တွေလည်း ရှိတယ်နော်၊ အဲဒါတော့ မင်းတို့ သတိထားရမယ်။ အေးလေ ငါ့သား ထောင်လလည်း ပါတာပဲ။ သားက မြစ်ညာသားတွေရဲ့အကြောင်း သိပါတယ်လေ”

“အေးပါ အဖ”

“အဝေးလက်နက် ဆိုတာက ရန်သူကို နေရာပြ အသိပေးသလိုလည်း ဖြစ်တတ်တယ်။ အရေးအကြီးဆုံးကတော့ မလိုအပ်ရင် လုံးဝကို မသုံးတာ အကောင်းဆုံးပဲ”

“ဟုတ်ကဲ့ ဆလိုင်း။ မလိုအပ်ရင် ကျုပ်တို့ မသုံးပါဘူး။ ဒေသခံတွေထက် ဒီအဝေးလက်နက်က ရွှေရှာသူအချင်းချင်း လုယက် မတရား အနိုင်ကျင့် မခံရအောင်လို့ပါ။ ဆလိုင်းသားကို ကျုပ်တို့က ဆရာတင်သွားကြမှာဆိုတော့ စိတ်ချပါ ဆလိုင်း”

“အေး သွားကြတော့၊ နေမွန်းမတိမ်းမီ ဥဒေါင်းချောင်းကို ရောက်လိမ့်မယ်နော် သား”



www.burmeseclassic.com

www.burmeseclassic.com



"ရောက်နိုင်ပါတယ် အဖ"

အရှေ့ဘက် တောင်မြင့်တန်းများပေါ် တစ်ချက်လှမ်းကြည့်ပြီး ထောင်လက သူ့အဖကို ပြောသည်။

"ဥရုဖျားကို ဖြတ်တဲ့အခါ ဖထော်ကီးနယ်ကိုတော့ နေမဝင်မီ ဖြတ်ဖို့ လိုလိမ့်မယ်နော် ထောင်လ။ စိုင်းဘောင်တို့က မုဆိုးခြေ မဟုတ်တော့ အဲဒီမှာ ညအိပ်ကောင်း အိပ်ကြရလိမ့်မယ်၊ ညအိပ်တဲ့အခါ စည်းချထားဖို့ တောပိုင် တောင်ပိုင်တွေကို တိုင်တည်ထားဖို့တော့ မမေ့နဲ့နော် သား"

"ဗအား အဖ၊ သား သိပါတယ်"

"ကဲ မနေလုံးက တောင်ကို ကျော်လာပြီ သွားကြတော့"

သူ့အဖ၏စကား အဆုံးမှာပင် ထောင်လသည် စိုင်းဘောင်တို့အဖွဲ့ရှေ့ ရောက်သွားလေသည်။

* * *



နန့်ဘောင်ချောင်းကို ကျော်လာကတည်းက ရွှေကျင်၊ ရွှေရှာနေကြသူများကို ဟိုတစ်စု သည်တစ်စု တွေ့လာကြသည်။ ရွှေရှာသူများအချို့တွင် ဒေသခံ အမျိုးသမီးများပါ၊ မျောတိုက်၊ ခပ်ခွက်တွေ လိပ်လှည့်နေကြသည်ကို တွေ့ရသည်။

ရွှေရှာအဖွဲ့တွေမှာ ကိုယ့်အထင်နှင့်ကိုယ် ရှာနေကြသည်။ အချို့က ရေစီးထဲက ရွှံ့ညွန်တွေကို ခပ်ပြီး မျောတိုက်နေကြသလို တချို့မှာ မိုးတွင်းက ရွှံ့ညွန် ဟင်ထားခဲ့သော မြေစေးများကို တူးယူ၍ ရေယံတွင် ခပ်ခွက်လှည့်နေသူများကို လည်း တွေ့ရသည်။ စိုင်းဘောင်တို့အဖွဲ့မှာ ဤလို အမှုန်အမွှား အသေးအဖွဲတွေကို စိတ်ဝင်စားကြသူများ မဟုတ်သဖြင့် လားကြီးကိုဆွဲကာ မြစ်ညာသို့သာ တရွေ့ရွေ့ ဟက်လာနေကြသည်။

မြစ်ညာကို ဆက်တက်လာကြရာ ကွမ်းတစ်ယာညက်ခန့်မှာ တစ်ဖွဲ့၊ ကွမ်းနှစ်ယာညက်ခန့်မှာ တစ်ဖွဲ့နှင့် ရွှေကျင်အဖွဲ့တွေကို အတွေ့များလာကြသည်။ အချို့မှာ ချောင်းရိုး၊ မြစ်ရိုးနှင့် လှမ်းသောရွာများက ဖြစ်ကြပုံရသည်။ မြစ်ဘေး ချောင်းဘေး ကမ်းပါးယံကို အမိုးပြု တဲထိုး၍ ညအိပ်ညဥ့်နေ ရွှေလာကျင်နေကြသူများကိုလည်း တွေ့လာရ၏။

အထုပ်ကြီး၊ အထုပ်ငယ်တွေ ကိုယ်စီနှင့် လားဝန်တင်ကိုဆွဲကာ သေနတ်လွယ်ပြီး မြစ်ညာဘက် ဆန်တက်သွားကြသော စိုင်းဘောင်တို့အဖွဲ့ကို ဒေသခံတွေက အထူးအဆန်းလို လှမ်းကြည့်နေကြသည်ကိုလည်း တွေ့ခဲ့ကြရသည်။

သည်လိုနှင့် တရွေ့ရွေ့ လျှောက်တက်လာကြရာ နေမွန်းတိမ်းစတွင် ထောင်လအဖ မှာလိုက်သော ဥဒေါင်းချောင်းကို ရောက်လာကြသည်။

ထိုနေရာတွင် သူတို့ ခဏနား၍ စိုင်းဘောင်တို့ စီစဉ်ထုတ်ယူလာကြသော ထမင်းထုပ်တွေကို ဖြေစားကြသည်။ လားကြီးကိုမူ သယ်ပိုးထားသော ဝန်စည်စလယ်များကိုပင် မချဘဲ သူတို့အနားက ဆင်ငိုမြက်တောထဲ လွှတ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

လူတွေ ထမင်းစားနေချိန်တွင် ဝန်တင်လားကြီးလည်း မြက်စားနေသည်။

ထမင်းစားပြီးသည်နှင့် ထောင်လက ခရီးဆက်ကြရန် ပြော၏။ သူတို့မှာ ထောင်လကို ဆရာတင်လာကြသူတွေဖြစ်ရာ ထောင်လစကားအတိုင်းပင် ဝန်တင်လားကြီးကိုဆွဲကာ ခရီးဆက်လာကြသည်။ ချောင်းဖျားမြစ်ညာသို့ ရောက်လာသဖြင့် ရွှေကျင်နေကြသော ဒေသခံများကို စောစောကလို မကြာမကြာ မတွေ့ကြရတော့ပေ။ နာရီဝက် တစ်နာရီလောက် ခရီးပေါက်ပြီးမှ တစ်ဖွဲ့တစ်ဖွဲ့ကို တွေ့လာရသည်။

ရွှေကျင်အဖွဲ့တွေ ကျဲသွားသလို အအေးကလည်း စတင် နှုတ်ဆက်လာသည်။ နေရောင်ခြည်ကို မြင်နေရသေးသော်လည်း စိမ့်အေးစ ပြုလာသည်။

ထောင်လက မုဆိုးခြေနှင့် ရှေ့ကို ရောက်ရောက်သွားသဖြင့် စောင့်နေရန် ပြောရသလို ထောင်လကလည်း အလိုက်တသိ စိုင်းဘောင်တို့အဖွဲ့ကို စောင့်ခေါ်လာသည်။

မြစ်ကျဉ်းတစ်ခု အရောက်မှာ ဝန်တင်လားကြီးက နှာမှုတ်ပြီး ဆွဲမရ ခေါ်မရ ပေကတ်နေသဖြင့် ပတ်ဝန်းကျင် ဘယ်ညာ မြစ်ကမ်းပါးယံနှင့် သစ်တောထဲ အကဲခတ်ကြည့်ကြသည်။ ထောင်လကလည်း မုဆိုးမျက်စိနှင့် ပတ်ဝန်းဘယ်ညာကို ကြည့်သည်။ မြစ်ဘေး လက်ယာဘက်ရှိ သစ်တောထဲမှ ရှဲရှဲ ရှဲရှဲ မြည်လာသံတစ်ခုကို သဲ့သဲ့ကြားရသည်။

"ထောင်လ ညီလေး ဘာသံလဲကွ"

ဝန်တင်လားကြီးကို ကူဆွဲဖမ်းထိန်းထားသော စိုင်းဘောင်က ထောင်လကို မေး၏။ ရုတ်တရက် ထောင်လ မဖြေသေး။ နားစွင့်၍ အသံလာရာဘက် စိုက်ကြည့်နေသည်။

မကြာပါချေ။ လူကြီးပေါင်လုံးလောက်ရှိသော ငန်းမြွေကြီးတစ်ကောင်သည် သစ်တောထဲမှ သောင်စပ်သို့ ဆင်းလာသည်။ ငန်းမြွေကြီးနှင့် သူတို့မှာ ကိုက်နှစ်ဆယ်ခန့်သာ ဝေးသဖြင့် မတ်တတ်ရပ်၍ အသာငြိမ်နေလိုက်ကြသည်။ ခဏအကြာမှာပင် ငန်းမြွေကြီးသည် ရေဆင်းသောက်ပြီး တောင်ပေါ် ပြန်တက်သွားသည်။ သူတို့ကိုမူ လှည့်၍ပင် တစ်ချက် မကြည့်ခဲ့ပေ။

ထိုအခါမှ စိုင်းဘောင်တို့မှာလည်း ခရီးဆက်လာကြရသည်။

ဤတစ်ခါတော့ ဝန်တင်လားကြီးမှာလည်း ပေကတ်ကတ် လုပ်မနေတော့ဘဲ လူတွေ ဆွဲခေါ်ရာသို့ အသာတကြည်ပင် လိုက်ပါလာသည်။

"မြွေကြီးက နည်းနည်းနောနော အကောင်ကြီး မဟုတ်ဘူးနော ထောင်





အဲဒါကြောင့် လားကြီးကို ဆွဲခေါ်မရ ဖြစ်သွားတာကိုး"

"ဟုတ်တယ်၊ သူတို့ တိရစ္ဆာန် အချင်းချင်းတော့ သိတာပ"

စိုင်းဘောင်ကို ထောင်လက ပြန်ပြောလိုက်၏။

"မင်းက မုဆိုးဆိုတော့ ဒီထက်ကြီးတဲ့ မြွေကြီးတွေလည်း မြင်ဖူးမှာပေါ့နော်"

"မြင်ဖူးပါတယ်"

"ဘယ်လောက်တောင် ကြီးလဲကွ"

"ကျုပ်ကိုယ်လုံးလောက် ရှိတာပ"

"ဟေ"

စိုင်းဘောင်နှင့်တကွ အားလုံး မျက်စိမျက်နှာ ပျက်သွားကြသည်။

"ခု တို့ ရွှေရှာသွားကြမယ့်နေရာမှာကော မင်းကိုယ်လုံးလောက်တောင်ရှိတဲ့ မြွေကြီးများ ရှိမလား၊ မင်း ဘယ်မှာ တွေ့ဖူးလဲ ငါ့ညီရာ"

"ဟုိုးကောင်းဘက်မှာပါ"

"တို့ ဒီမှာ မဟုတ်ပါဘူးနော်"

"ဒီမှာလည်း အဲဒီလောက်ကြီးတဲ့မြွေတွေ ရှိချင်ရှိမှာပေါ့"

"အေးကွ၊ ကြောက်စရာကြီးပဲနော်"

"မြွေက ကြီးလေ၊ ကြောက်စရာ မရှိလေဘဲ"

"ဟေ ဘယ်လိုကြောင့်လဲကွ"

"ဩော်- မြွေ သိပ်ကြီးတော့ သူကိုယ်သူ သယ်နေရတာနဲ့ လူကို ဘယ်လိုလုပ် အန္တရာယ်ပြုနိုင်တော့မလဲ၊ လူက သူ့ထက် လျင်ရမှာပေါ့"

"အေးကွ မင်း ပြောတော့လည်း ဟုတ်သလိုပဲ"

"စောစောက ကျုပ်တို့ တွေ့လိုက်ရတဲ့ မြွေတောင် ချောင်းကမ်းပါးကို တက်နိုင်လို့ နိမ့်လျှောဘက်ကပဲ တက်သွားတာ ခင်ဗျား မြင်လိုက်မှာပါ"

"ဒီလောက်ကြီးတဲ့မြွေ တစ်ခါမှ မမြင်ဘူးတော့ ကြောက်ကြောက်နဲ့မို့ အဲဒါတော့ သတိမထားမိလိုက်ဘူးကွ၊ စောစောက မြွေက ဘာမြွေလဲကွ"

"ငန်းမြွေကြီးလေ"

"ဟာ ငန်းမြွေက လူကို သိပ်လိုက်တာဆို"

"စောစောက ကျုပ် ပြောသားပဲ၊ အကောင်ကြီးတော့ မလိုက်နိုင်ပါဘူးလို့၊ ပြီးတော့ ဒီတော ဒီတောင်မှာ သူ့ကို အာခံရဲတဲ့ မြွေတစ်ကောင်မှ မရှိတော့ဘူးဆိုပြီး ဘာအန္တရာယ်မှ မကြောက်ဘဲ စိတ်ချလက်ချ သွားလာနေတာလေ



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ တို့တော့ မင်းပြောမှ ရှင်းတော့တယ်၊ ဟိုတုန်းကတော့ ငန်းမြေ့ဆို လူကို သိပ်လိုက်တယ် ပြောသံ ကြားဖူးတာကိုး"

စကားတပြောပြောနှင့် မြစ်ကမ်းဘေးအတိုင်း လျှောက်လာကြရာ မြစ်ရေစီးကြောင်းတွေမှာ တဖြည်းဖြည်း ကျဉ်းလာသည်။ ရေစီးကြောင်း ဘေးနှစ်ဖက်တွင် သောင်ပြင်တွေ၊ ကျောက်ဆောင် ကျောက်တုံး ကျောက်လုံးတွေလည်း ပိုများလာသည်။ တချို့ မြစ်ကမ်းပါးယံဘေးတွင် အနှစ်နှစ်အလလက ရေတိုက်စားထား၍ ဂူကြီးဂလိုဏ်ကြီးပေါက်ကိုလည်း အတွေ့များလာသည်။ ရွှေကျင်နေသူများကိုမူ မတွေ့ရသလောက် ဖြစ်လာ၏။

သည်လိုနှင့် မြစ်ညာဘက်ကိုချည်း ဆန်တက်လာကြရာ မြစ်အနောက်ဘက်ရှိ တောင်တန်းကြီးများပေါ် နေလုံးနီကြင်ကြင် မေးမတင်မီလေးတွင် မြစ်ကွေ့တစ်ခုရှိ စခန်းတစ်ခုသို့ ရောက်လာကြသည်။

ထိုစခန်းမှာ အတော့်ကို စည်သည်။ ရွှေကျင်သူများနေကြသော တဲကလည်း လေးငါးခြောက်လုံး အကြီးအသေး ရှိသည်။ ထိုတဲတွေမှာ လူတွေကလည်း အပြည့်။ တဲအတွင်းမှ မိန်းမ၊ ယောကျ်ား ပြောကြ၊ ဆိုကြ၊ ဝါးခနဲ ရယ်လိုက်ကြသံတို့မှာလည်း ညံစီနေသည်။ ထမင်းဆိုင်၊ ဈေးဆိုင်၊ ဖဲဝိုင်း၊ ကျင်ဝိုင်း အရက်ဝိုင်းတွေနှင့် ဆူညံနေသည်။

ပတ်ဝန်းကျင် မြစ်ကျဉ်းဘေးနှစ်ဖက်တွင်လည်း ရွှေကျင်ထားသော နေရာများ၊ မျောစင်များ၊ သောင်ပြင်တွင် ပိုးလိုးပက်လက် ပစ်ထားကြသော ကျင်ခွက် ခပ်ခွက်များ၊ လှန်းထားကြသော ပုဆိုး၊ ထဘီ၊ အင်္ကျီ၊ မိန်းမဝတ်၊ ယောကျ်ားဝတ်များကိုလည်း မြင်နေရသည်။

တဲအတွင်းထဲကသာ လူသံတွေမှာ ဆူညံနေသော်လည်း အပြင်တွင်မူ လူတစ်ယောက်စ နှစ်ယောက်စလောက်ကိုသာ တွေ့နေမြင်နေရသည်။ အားလုံးအတွင်းထဲက ဖဲဝိုင်း၊ ကျင်ဝိုင်း၊ အရက်ဝိုင်းများ ရောက်နေကြပုံရသည်။ ပတ်ဝန်းကျင် အခြေအနေကို ကြည့်ရသည်မှာ ရွှေလည်း တော်တော် ထွက်ပုံရသည်။

စိုင်းဘောင်တို့အဖွဲ့သည် မြစ်ကမ်းပါးနှင့် တစ်ဆက်တည်းဖြစ်သော သောင်စနားတစ်ခုတွင် ရပ်တန့်၍ စခန်းချလိုက်ကြသည်။ မိုးတွင်း မဟုတ်သဖြင့် သောင်ပြင်မှာပင် နားနေလိုက်ကြသည်။ သူတို့တွင် မနက်ကပင် အသင့် ထုပ်ယူလာကြသော ထမင်းပေါင်းထုပ်ကိုစားရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကာ နေနေကြသည်။

ဤစခန်းတွင် ညအိပ်ကြရမည် ဖြစ်သဖြင့် ဝန်တင်လားပေါ်မှ ပစ္စည်းများကိုလည်း သောင်ပြင်မှာ ပစ်ချပြီး ဝန်တင်လားကို ရေတိုက်ကြသည်။ မြစ်ဘေးနားနှစ်ဖက်ရှိ ရွှံ့ညွန်ပြင်တွင် မြက်ကလည်း ပေါရာ တစ်နေ့လုံး ခရီးရှည် ချီလာရသောလားကြီးမှာ ခေါင်းမဖော်ဘဲ မြက်စားနေသည်။

ထိုအချိန်တွင် လူကြီးတစ်ယောက်သည် ပါးစပ်မှ အယုတ္တအနတ္တ ဆဲဆိုကာ သူတို့ရှိရာ သောင်ပြင်သို့ ဆင်းလာသည်။

"လူလွန်မသားတွေ၊ ပြောတော့ ရွှေတူးဖို့ ရွှေကျင်ဖို့ လာကြတာတဲ့။ ဒီကို ရောက်လို့ ရွှေလည်း မဖြစ်စလောက်ရရော အရက်သောက်၊ ဖဲရိုက်၊ မိန်းကလေးတွေနဲ့ ပျော်ပါး။

ရလိမ့်မယ် မင်းတို့ ရွှေတုံးရွှေခဲတွေ၊ တကယ့်တကယ် ရွှေရမယ့် ရွှေဘွင်းကို တူးကြတော့မယ်ပေါ့ ဆိုတော့ ဘယ်ကောင်မှ လက်ကြောတင်းအောင် မလုပ်ချင်ကြတော့ဘူး၊ အရပ်ရှစ်မျက်နှာကလာပြီး ဒီမှာ အလေလိုက်နေကြတာ။

ဟော့ကောင်တွေ၊ မင်းတို့ထဲက တကယ် ရွှေလိုချင်တဲ့အကောင်၊ လက်ကြောတင်းအောင် ရွှေကျင်ပါ့မယ်ဆိုတဲ့ အကောင်တွေ လာခဲ့ကြစမ်း၊ ထွက်ခဲ့ကြစမ်း၊ ဒီမှာ တွင်းပိုင်ကြီး ရောက်နေပြီကွ။ ကဲစမ်းကျင်မလား၊ တူးမလား၊ နေ့စား အငှားတူးမလား၊ ကျင်မလား။ တကယ် ရွှေလိုချင်တဲ့ အကောင်တွေ ထွက်ခဲ့ကြစမ်းလေကွာ"

သူတို့ဘက် ဆင်းလာသော အဘိုးကြီးသည် မတ်တတ်ရပ်ပြီး တဝါးဝါး တဟားဟား ဖြစ်နေကြသော၊ ငြင်းခုံနေကြသော တဲဘက်လှည့်ကြည့်ပြီး အော်ပြောနေပြန်၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ အဘိုးကြီးရှေ့ ထွက်လာသည်ကို မတွေ့ရ။ ဟားမြဲဟား ရယ်မြဲရယ်၊ ငြင်းမြဲငြင်းနှင့်သာ တဲတွေထဲမှာ ဆူညံနေကြသည်။

အဘိုးကြီးသည် မကျေမနပ်နှင့် ဆဲဆိုကာ စိုင်းဘောင်တို့ ရှိရာသို့ လျှောက်လာပြန်သည်။

"ထွီ ထွီ၊ ကောင်မလေးတွေကလည်း ဒီလိုပဲ စီးပွားရှာနေကြ၊ စီးပွားရှာဖို့ လာပါတယ်ဆိုတဲ့ ဟိုလူလွန်မသားတွေကလည်း တကယ် ရွှေတွင်းတွေ့ထားတဲ့ လူကြီးတွေက လာခေါ်တော့ ဘယ်ကောင်မှ နားရွက်မခတ်ကြဘူး၊ ကောင်မလေးတွေအနားက မခွာကြဘူး၊ ရပါလိမ့်မယ် မင်းတို့ ရွှေတုံးရွှေခဲတွေ"

ဆဲဆိုပြောလာရင်းက အဘိုးကြီးသည် စိုင်းဘောင်တို့အနား ရောက်လာသည်။ အဘိုးကြီးမှာ အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ ဘလုံးကောင်း







www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ သျှောင်တစောင်းနှင့် ဂျင်းလက်ရှည်အညို ဖားဖားကြီးတစ်ထည်ကို ဝတ်ထားသည်။ ဘောင်းဘီကလည်း ဂျင်းလေးညှင်းရောင် ပွပွကြီးတစ်ထည်ကို ခါးပတ်နက်ကြီးနှင့် ပတ်ပြီး ဝတ်ထားသည်။ စိုင်းဘောင်တို့အနားရောက်သော အခါ-

"မင်း မင်းတို့ကတော့ ရွှေတူးဖို့ ရွှေကျင်ဖို့ လာကြပြန်ပြီလား၊ ဟဲဟဲ"

"ဟုတ်ပါတယ် အဘ၊ ကျုပ်တို့ ရွှေတူးဖို့ ရွှေကျင်ဖို့ လာကြတဲ့လူတွေပါ"

အဘိုးကြီးက မျက်နှာထိမျက်နှာထားနှင့်-

"မင်းတို့ တကယ်လား"

"တကယ်ပါ အဘ၊ ကျုပ်တို့ တကယ် ရွှေတူးဖို့၊ ရွှေကျင်ဖို့ လာကြတာပါ။ ဒီမှာ ကျင်ခွက်၊ ခပ်ခွက်တွေလည်းပါ. . ."

"မင်းတို့ကောင်တွေ ဟုတ်မှလည်း လုပ်ကြစမ်းပါကွာ၊ ဟိုလူလွန်မသားတွေလို ငါ့ဆီက ရွှေငွေယူပြီး ဖဲဝိုင်းထိုင်၊ ဂျင်ဝိုင်းထိုင်၊ ကောင်မလေးတွေနဲ့ နေ့ရောညရောပျော်ပါး၊ တွင်းဆင်းမယ်၊ ရေထဲဆင်းမယ် ဆိုတော့ ခေါ်မရ၊ အဲသလို အကောင်မျိုးတွေတော့ ငါ ဆလန်တိုက်သွားပြီ။

ခု ကြည့်ပါလား၊ ငါက ဒီနယောက် ဆဲဆို အော်ပြောနေတာတောင် တစ်ကောင်မှ ထွက်လာဖော် မရကြဘူး။ ငါ့ရွှေတွင်းတွေက ရွှေလည်း နည်းနည်းပါးပါးရရော ဖဲ၊ အရက်၊ မိန်းမတွေနားက မခွာကြတော့ဘူး။ တောထဲတောင်ထဲ လာပြီး အာပါဒေးလုပ်နေကြတယ်လေ။ ဒီကောင်တွေကို ငါ့ရွှေတွင်းပြမိ၊ တူးခိုင်းမိတာလည်း ငါမှားတာပဲ။ ခုဆို ငါ့ရွှေတွင်းတွေ တူးမယ့်လူမရှိလို့ ဒီအတိုင်း ပစ်ထားရတာ လန့်ချိနေပြီ။ မင်းတို့ကကော တကယ် ရွှေတူးနိုင်ပါ့မလား"

စိုင်းဘောင်တို့ မျက်နှာတွေကို တစ်ယောက်စီ လိုက်ကြည့်၍ မေးနေ၏။

"ကျုပ်တို့ တူးနိုင်ပါတယ် အဘရယ်"

ထောင်လကလွဲပြီး စိုင်းဘောင်တို့ သုံးယောက်စလုံးက တညီတညွတ်တည်း ပြောလိုက်ကြ၏။

"မင်းတို့ တကယ်နော်"

"တကယ်ပါ အဘ၊ ဒီမှာတွေ့လား ပေါက်တူးပေါက်ပြားတွေ ပါလာ. . ."

"မလိုပါဘူး၊ ပစ္စည်းတွေက ငါ့ဆီ အပုံပါ။ ငါလိုချင်တာက မင်းတို့ လက်ကြောတင်းအောင် ရွှေတူးနိုင်ကြပါ့မလား၊ ဒါပဲ"

"တူးနိုင်ပါတယ် အဘ"

စိုင်းဘောင်တို့ သုံးယောက်က သံပြိုင် ပြောလိုက်ကြပြန်၏။





"ခု မင်းတို့ ဘယ်ကလာကြလဲ၊ ဘယ်အရပ်သားတွေလဲ"

"ကျုပ်တို့ ကူပွန်ကပါ အဘ"

"ဟာ မဖြစ်ဘူး၊ မဖြစ်ဘူး မင်းတို့ ကူပွန်ကလူတွေ ငါ့ကို ငါ သွားတာများပြီ။ ငါ့ဆီမှာ လက်ကြောတင်းအောင်သာ မင်းတို့လုပ်၊ တစ်ရာသီကို တစ်ယောက် ရွှေတစ်ဆယ်ကျပ်သား ရကို ရရမယ် ဆိုတာ ငါ တာဝန်ယူတယ်။ ဒါပေမယ့် မင်းတို့ ကူပွန်သားတွေတော့ ငါ ယုံကို မယုံဘူး"

တစ်ရာသီ သုံးလလောက်မှာ တစ်ယောက်လျှင် ရွှေတစ်ဆယ်ကျပ်သားစီ ရမည်ဆိုသဖြင့် စိုင်းဘောင်က သူ့စကားကို ချက်ချင်း ပြန်ပြင်ပြောလိုက်သည်။

"စောစောက ကျုပ် ပြောလိုက်တာ အဘ နားမရှင်းလိုက်လို့ ဖြစ်ပါလိမ့်မယ်။ ကျုပ်တို့က ကူပွန်ဘက်က ခုလာကြတာလို့ ပြောတာပါ။ ကျုပ်တို့ထဲ ကူပွန်ရွာသား တစ်ယောက်မှ မပါပါဘူး အဘ"

"ဒါ ဒါဆို မင်းတို့ ဇာတိ ဘယ်ကလဲ"

"ကျုပ်တို့ ဥခရေဘက်ကပါ၊ ကချင်တွေပါ။ ခုလာကြတာ ကူပွန်က လာဘာကို ပြောတာပါ"

အဘိုးကြီးက သူတို့ကို တစ်ယောက်စီ စိုက်ကြည့်နေပြန်သည်။ ပြီးတော့မှ-

"အေး ဒါဆို ကောင်းပြီ၊ လူလေးတို့ အဘဆီမှာ ဒီတစ်နွေသာ ကောင်းကောင်းမွန်မွန် လက်ကြောတင်းအောင် လုပ်ကြ။ တစ်ယောက်ကို ရွှေဆယ်ကျပ်သားစီ ရကို ရရမယ်။ ဒါ အဘ တာဝန်ခံတယ်။ ဟိုတဲထဲက လူလွန်မသားတွေလိုသာ နောက်ပိုင်းကျတော့ ဖဲဝိုင်းထိုင်၊ ဂျင်ဝိုင်းထိုင်၊ မိန်းမရှင်တွေနဲ့ ပျော်ပါးဖို့ စိတ်မကူးကြနဲ့၊ ကိုယ်က ချင်းတွင်းထဲ စီးပွားရှာဖို့လာတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အဘ၊ ကျုပ်တို့ကို စိတ်ချပါ"

"အေး လူလေးတို့ကိုတော့ အဘ ယုံကြည့်ဦးမယ်၊ ဟိုတောင်ကြား တွေ့လား"

အဘိုးကြီးက မြစ်ညာဘက်ရှိ တောင်ကြားတစ်ခုကို လက်ညှိုးထိုးပြ၍ ပြော၏။

"ဟုတ်ကဲ့အဘ တွေ့ပါတယ်"

"အေး အဲဒီတောင်ကြားကို ရွှေမည်းတောင်ကြားလို့ ခေါ်တယ်။ အဲဒီ တောင်ကြားမှာ အဘရွှေတွင်းတွေ အများကြီး ရှိတယ်။ မနက်ကျတော့ အဘ လိုက်ပြမယ်၊ ခု မင်းတို့ ဒီသောင်ပြင်စပ်မှာ အိပ်ကြမလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ အဘ။ ဒီကမ်းပါးယံ သောင်ပြင်မှာပဲ ဒီတစ်ညတော့ အိပ်ကြရဦးမှာပေါ့။ မနက်မှ တဲထိုးပြီး စခန်းလုပ်ရမယ်လေ၊ ဒီညနေ အချိန်မှ မရှိတော့တာ"

အဘိုးကြီးက ဟိုဟိုဒီဒီ ဝေ့ဝိုက်ကြည့်ပြီး-

"ချင်းတွင်းက မင်းတို့ ဥခရေဘက်လို မဟုတ်ဘူး။ ညကျရင် နှင်းလွှမ်းဦးမှာဆိုတော့ ဒီသောင်စပ်မှာ ညအိပ်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အဘ၊ ကျုပ်တို့မှာ တင်းကုအမိုးထည်တွေ ပါပါတယ်"

"အေးအေး ကောင်းပြီ၊ ဒီတစ်ညတော့ ဖြစ်သလို နေကြဦး၊ အဘ စောစောက ပြောတာက အလုပ်လုပ်ခါနီး ဖျားနာနေကြမှာစိုးလို့ လူလေးတို့ရယ်၊ မနက်မှ စီစဉ်ကြတာပေါ့။ အဘက ဟိုတဲမှာနေတယ်။ မနက်ကျတော့ အဲဒီတဲကို လာခဲ့ကြ"

အဘိုးကြီး နေသည်ဆိုသောတဲမှာ မြစ်ကမ်းပါးထိပ် တောင်ကြားထဲတွင် ဖြစ်သည်။

"ကဲ ဒါဆို အဘ ပြန်လိုက်မယ်။ ညကျတော့လည်း သတိဝီရိယနဲ့ အိပ်ကြ၊ ဟိုလူလွှန်မသားတွေက ဖဲရှုံးရင် ညည လူလေးတို့ ပစ္စည်းတွေ လာခိုးတတ်တယ်နော်၊ သတိလည်း ထားကြဦး"

"ဟုတ်ကဲ့ စိတ်ချပါ အဘ"

သူ့တွင် ရိုင်ဖယ်သေနတ်တစ်လက်ပါကြောင်း အဘိုးကြီး မြင်သာအောင် ကိုင်ပြပြီး စိုင်းဘောင်က ပြောလိုက်၏။

"ဩော်- လူလေးတို့မှာ အဝေးလက်နက်လည်း ပါတာကိုး၊ အေး ကောင်းတယ်။ အဝေးလက်နက်ပါတဲ့လူကို လူလွှန်မသားတွေလည်း စော်ကားရဲမှာ မဟုတ်ပါဘူး။ ကဲ အဘသွားမယ်"

"ဟုတ်ကဲ့ အဘ"

ပြောပြောဆိုဆိုနှင့်ပင် အဘိုးကြီးသည် သူနေသည်ဆိုသော တောင်ကြားရှိတဲဘက် ပြန်သွားလေသည်။

စိုင်းဘောင်တို့မှာလည်း တစ်ည စခန်းချရန်အတွက် ပြင်ဆင်လုပ်ကိုင်ကြရသည်။ ချောင်းကမ်းပါးတစ်ဖက်ကို နောက်ခိုင်း အကာအကွယ်ယူကာ တာလပတ်မိုးကြသည်။ ရှေ့က သောင်ပြင်တွင် မီးဖိုကြီးတစ်ဖို ဖိုထားရန် ထောင်လက ထင်းခြောက်တွေ လိုက်စုသည်။ ဇော်ရိုးက ထင်းပုံကို မီးမွှေး၏။

အဘိုးကြီးက သေသေချာချာ မှာသွားသဖြင့် ပစ္စည်းတွေကို လုံလုံခြုံခြုံ ဖြစ်အောင် စိုင်းဘောင်နှင့် ငမောင်တို့က နေရာချကြသည်။ အဘိုးကြီး ပြော





သွားသော တဲသုံးလေးလုံးထဲမှ လူလွှန်မသားတွေနှင့် မိန်းမများ၏ ရယ်သံ၊ စကားပြောသံ၊ ငြင်းခုံနေကြသံတို့ကို တစ်ချိန်လုံး ကြားနေရသည်။

"ကဲ ကျုပ်တို့ အိပ်ကြတော့မယ်၊ အပေါ့အပါး သွားချင်တဲ့လူတွေ သွားထားကြပါ"

လားကြီးကို မီးဖိုနားဆွဲလာရင်း ထောင်လက ပြောလိုက်၏။

"ဘာလုပ်မလို့လဲကွ"

ဘာမှန်းမသိဘဲ အပေါ့အပါး သွားထားကြပါဆိုလာသော ထောင်လကို စိုင်းဘောင်က မေးလိုက်၏။

"စည်းချတော့မလို့လေ၊ အဖက ချင်းတွင်းထဲ ညအိပ်ရင် ဘယ်နေရာ အိပ်အိပ် စည်းချပြီးမှ အိပ်ဖို့ မှာလိုက်တယ်"

"ဟုတ်လား၊ သိပ်လည်း မဖိုးရိမ်ပါနဲ့ကွာ၊ ဟိုမိန်းမတွေဆီ ညကျရင် ခိုးထွက်သွားမယ့်လူ တစ်ယောက်မှ တို့အထဲ မပါပါဘူး ဟဲဟဲ"

"ဘာပဲဖြစ်ဖြစ် တောမှာတောင်မှာ စည်းချအိပ်တာ ကောင်းပါတယ်ကွ"

ထောင်လ၏စကားကို ဇော်ရိုးကလည်း ထောက်ခံသည်။

"ကျုပ်တို့ထဲ ညရေးညတာဆို စိတ်မချရဆုံးလူကတော့ စိုင်းကြီးပဲ"

ငမောင်က စိုင်းဘောင်မျက်နှာ လှမ်းကြည့်ပြီး နောက်၏။

ငမောင်စကားကို စိုင်းဘောင်က ဘာမှ ပြန်မပြောဘဲ ပြုံးဖြီးဖြီးကြီး လုပ်နေသည်။

"မင်းက ဓာတ်သိမို့ ပြောတာလား"

ဇော်ရိုးကလည်း စိုင်းဘောင်မျက်နှာကို ကြည့်၍ ပြောပြန်၏။

"မင်းတို့ထဲ ငါက လူကြီး ခေါင်းဆောင်ပါကွ၊ မင်းတို့ ပေါက်ကရ မပြောကြနဲ့၊ ထောင်လက တကယ် ထင်နေပါဦးမယ်၊ ငါ့ညီထောင်လ အစ်ကိုတို့ကို စိတ်ချ၊ ငါ့ညီ လုပ်စရာရှိတာသာ ဆက်လုပ်ပါ"

သူတို့အားလုံး သောင်စသွားပြီး အပေါ့အပါးသွားကြသည်။

"ငါ့ညီ၊ တို့လားကြီးကိုလည်း သေးပေါက်ခိုင်းရ. . ."

"ဟေ့ကောင် ဇော်ရိုး၊ မင်း ပေါက်ကရ မပြောစမ်းနဲ့ဆို"

ထောင်လမျက်နှာ တစ်ချက် ပျက်သွားသည်ကို မြင်လိုက်ရသဖြင့် စိုင်းဘောင်က ဇော်ရိုးကို ကမန်းကတန်း ဟန့်လိုက်ရသည်။

"ငါ့ညီ ထောင်လ၊ မင်း လုပ်စရာရှိတာ ဆက်လုပ်၊ အစ်ကိုတို့ ဘာဝိုင်းကူညီပေးရမလဲ၊ လိုရင်ပြော အားမနာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး၊ ညည ဒီစည်းဝိုင်းအပြင် ဘယ်သူမှ မထွက်ရဘူး။ အလေးအပေါ့ သွားချင်ရင်တောင် ဒီစည်းဝိုင်းထဲမှာပဲ သွားကြရမယ်။ ကဲ ကျုပ် စည်းတံခါး ပိတ်လိုက်ပြီ။ အပြင်ကို မိုးမလင်းမချင်း ဘယ်သူမှ မထွက်ရဘူး။ နယ်ပိုင်၊ တောင်ပိုင်ကြီးတို့ အမိန့်" ဟု ပြောပြီး ထောင်လသည် သူ စောစောက သစ်ခက်တွေကို စိုက်ထူထားသော စည်းတံခါးဆိုသော သစ်ခက်ကို ကန့်လန့် လှဲချထားလိုက်သည်။

ထောင်လကသာ စည်း ဟု ဆိုသော်လည်း အမှန်မှာ ဘာမှ မဟုတ်။ သူတို့ ညအိပ်ကြရမည့်နေရာကို သဲသောင်ပေါ် တုတ်တစ်ချောင်းနှင့် လိုက်ခြစ်ပြီး ထိုတုတ်ခြစ်ရာ အကြောင်းပေါ်တွင် တစ်တောင်၊ တစ်ထောင့်တစ်ထွာ အကွာများ၌ သစ်ခက်တွေကို ချိုးပြီး စိုက်ထူထားခြင်းသာ။ အမှန်ဆိုလျှင် ခွေးဝင်၊ ကြောင်ဝင် ဘာကောင်လာဝင်ဝင် ဘာမှ လုံခြုံမှု မရှိ။ သူတို့ စည်းဝိုင်းမှာ သဘောသင်္ကေတ စိတ်မှတ်တစ်ခုသာ။

သည်လိုနှင့်ပင် ခရီးပန်းလာကြသော စိုင်းဘောင်တို့အဖွဲ့မှာ အဘိုးကြီး ပြောသော လူလွှနမသားတွေ၊ မိန်းမများ၏ ရယ်သံတွေကို နားစွင့်ရင်း နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားကြလေသည်။

အဘိုးကြီးပြောသော ရွှေမည်းတောင်ကြားတွင် ရွှေတွေက အမှန်ရသည်။ မိန်းမ၊ ယောကျ်ား ရွှေလာကျင်နေသူတွေကလည်း အားကြီး။ ကျင်ခွက်ထဲ ရေထဲ လှုပ်ဆေးလိုက်သည်နှင့် ရွှေမှုန်ရွှေစတွေက လက်လက်ထနေသည်။ ကျင်ခွက်ဖင်တွင် သဲမှုန်သဲပွင့်တွေထက် ရွှေမှုန်ရွှေစတွေကသာ များသည်။ ထို့ကြောင့်လည်း ရေစီးရေလာထဲ နက်နက်ဆင်း၍ ခပ်ခွက်တွေနှင့် ကျင်ခပ်နေကြသူတွေကလည်း အများကြီး။

ရေစီးရေလာထဲ နက်နက်ဆင်း၍ ကျင်ခပ်နေကြသူရှိသလို မိုးတွင်း နုန်းညွှန်တွေနှင့် ရောပါလာပြီး အကွေ့အကောက် ချိုင့်ဝှမ်းတွေက မြေတွေကို တူးဆွ ကျင်ယူနေကြသူတွေလည်း ရှိသည်။

စိုင်းဘောင်တို့အဖွဲ့မှာလည်း ထိုသူများနည်းတူ ရွှေရနိုင်မည်ထင်သော မြစ်ကွေ့ချောင်းကွေ့၊ ရေစီးကြောင်းကွေ့တွေမှ မြေဆီမြေသားများကို ခပ်ကာ နေကြရသည်။

အစကမူ တဲသုံးလေးလုံးသာ ရှိသည်ဟု ထင်ခဲ့ကြသော်လည်း ရွှေမည်းတောင်ကြားထဲတွင် တဲတွေက အများကြီး။ မိန်းမ၊ ယောကျ်ား လူတွေကလည်း





အများကြီး။ မိန်းမကြီးများသည် ယောကျ်ားများနှင့်အပြိုင် ကျင်ခပ်နေကြသော်လည်း မိန်းမငယ်များကမူ ရေထဲ ဆင်းရမှာ၊ ရွံ့ပေမှာ ကြောက်သလိုနှင့် သောင်ပြင်သဲခုံများပေါ်၌သာ လမ်းသလားနေကြသည်။ ရွှေကျင်နေကြသူများကို ခဲလုံးလေးများနှင့် ပစ်ပေါက်၍ မနာမကျင် စ,တတ်ကြသည်။

ရေထဲ ရွံ့ညွှန်ထဲ ဆင်း၍ ရွှေကျင်နေကြသော ယောကျ်ားဘသားများကလည်း မိန်းမငယ်များ စ,လာသည်ကို သဘောအကျကြီး ကျကာ ခဲလုံးလေးတွေနှင့် ပြန်ပေါက် စ,တတ်ကြသည်။ သူတို့ချင်း မျက်စမျက်နှနှင့် စကားပြောကြသည်။ မိန်းမငယ်များမှာ နှုတ်ခမ်းနီ၊ ပါးအို့နီများနှင့် တစ်ယောက်မကျန် အလှလေးများချည်း ဖြစ်ကြသည်။ အဘိုးကြီး ပြောသော မိန်းမများနှင့်မူ တစ်ယောက်မျှ မတူကြ။ သူတို့၏ နှုတ်ခမ်းနီ၊ ပါးနီများမှာ ဆေးဆိုးထားကြခြင်း မဟုတ်။ သူတို့၏ ပင်ကိုအလှသာ။ ချင်းတွင်းမြစ်ရိုးမြစ်ပါးရှိ ဘယ်ရွာမှာမှ မတွေ့ဖူးဘူး၊ မမြင်ဖူးဘူးသော အလှပဂေးလေးများချည်း။

ထို့ကြောင့်လည်း အဘိုးကြီးပြောသော လူလွှနမသားတွေက စွဲမက်ကြမည်ဆိုလျှင် စွဲမက်လောက်စရာ။ ထိုမိန်းကလေးများသည် သူတို့ကိုလည်း မျက်စမျက်နှနှင့် စ,ကြသည်။ ခဲလုံးလေးတွေနှင့်လည်း မထိတထိ ပစ်ပေါက်ကြသည်။ ထိုမိန်းကလေးများ သူ့ကို ပိုစ,ကြသည်။

ထောင်လကလွဲလျှင် စိုင်းဘောင်တို့အဖွဲ့တွင် မောင်က အငယ်ဆုံး။ ထောင်လကမူ တဲထဲတွင် ထမင်းချက်၊ ဟင်းရှာ၊ တဲစောင့်အဖြစ် နေနေရသဖြင့် ရွှေကျင်သည့်အထဲ မပါဝင်။ သူ့ဘာသာသူ သောင်စကမ်းပါးယံ တဲ၌သာ ရှိနေ၏။

အဘိုးကြီးသည် စိုင်းဘောင်ဆီက သေနတ်နှင့် လားကြီးကိုစီးပြီး ရွှေကျင်နေကြသူများကို လိုက်ကြည့်နေသည်။ လက်ကြောတင်းအောင် မလုပ်ချင်သူများကို ဆဲဆိုကြိမ်းမောင်းနေသည်။ သောင်ပြင် လာ၍ ရွှေကျင်နေကြသူများကို သာစ,သော မိန်းကလေးများကို လိုက်လံ ရိုက်နှက်သည်။

သို့သော် ခဏသာ၊ မိန်းကလေးများသည် အဘိုးကြီး လစ်သည်နှင့် ရွှေကျင်သူများကို စ,မြဲ စ,နေကြသည်။ အဘိုးကြီး၏ ရွှေတွင်းများမှာ တောင်ကြိုတောင်ကြား၊ ချောင်းကြိုချောင်းကြား အကွေ့အကောက် မြစ်ပေါက်၊ ချောင်းကျဉ်းများ၌လည်း ရှိနေသဖြင့် နှံ့နှံ့စပ်စပ် နေရာတိုင်းကို အဘိုးကြီးက မရောက်နိုင်။

အဘိုးကြီးပြောသော လူလွှနမသားများသည် ငွေကုန်၍လား၊ ရွှေကုန်၍လား မသိ။ ပေါးလားဝါးလား လုပ်နေကြသောတဲမှ ဆင်းလာကြပြီး အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ ရွှေကျောင်နေကြပြန်သည်။

ငွေမကုန်၊ ရွှေမကုန်သေးသော လူလွှန်မသားများကမူ တဲထဲတွင် မိန်းမများနှင့်အတူ ရယ်မောဟားတိုက်နေကြသံကိုလည်း တစ်ချိန်လုံး ကြားနေရသည်။

ငွေကုန်၊ ရွှေကုန်၍ အဘိုးကြီး ရွှေတွင်း လာဆင်းလုပ်နေကြသူများက စိုင်းဘောင်တို့အဖွဲ့ ကြိုးကြိုးစားစား အဘိုးကြီးစကားကို နားထောင်၍ အားကြိုးမာန်တက် လုပ်နေကြသည်ကို မနာလိုမရှုစိမ့် ဖြစ်နေကြသည်။

ကျင်၍ရသော သဲမှုန်သဲပွင့်တွေနှင့် မသန့်စင်ရသေးသော ရွှေမှုန်ရွှေစများကိုလည်း ခိုးဝှက်ကြသည်။ စိုင်းဘောင်တို့အဖွဲ့ကိုလည်း ရန်စကြသည်၊ အဘိုးကြီး ခိုင်းသည့်အတိုင်း လုပ်နေကြသော လူငနွားများ၊ လူတိရစ္ဆာန်များဟူသော သဘောကိုလည်း အမူအရာနှင့် ပြလာကြသည်။

စိုင်းဘောင်တို့ အဖွဲ့မှာမူ ရာသီကုန်လျှင် တစ်ယောက် ရွှေတစ်ဆယ်ကျပ်သားမက နှစ်ဆယ်၊ သုံးဆယ်ကျပ်သား အထိပင် ရနိုင်ကြသဖြင့် ရေထဲက မတက်ဘဲ ကြိုးစားနေကြသည်။

ထိုသို့ ရေထဲက မတက်ဘဲ လုပ်ကြရသဖြင့်လည်း ကြာတော့ လက်တွေ ခြေထောက်တွေမှာ ရေဝဲစား၍ ပဲကြီးခွဲလိုက်လာကြသည်။ ခြေထောက်တွေ လက်တွေ ရောင်ကိုင်းလာကြသည်။ ဤသည်ကို လူလွှန်မသားတွေက သရော်ကြသည်။

ဤသည်ကို အဘိုးကြီးက ဒေါသဖြစ်ပြီး ဆဲဆိုရာမှ စတင်၍ ရန်ဖြစ်ကြသည်။ အဘိုးကြီးက စိုင်းဘောင်တို့ သေနတ်နှင့် လူလွှန်မသားတွေကို ပစ်ခတ်သည်။ လူလွှန်မသားတွေက အဘိုးကြီးကို ပေါက်တူးပေါက်ပြားတွေနှင့် ဝိုင်းခုတ်ကြသည်။ အဘိုးကြီး သေနတ်နှင့် ပစ်၍ သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်ကုန်ကြသော်လည်း လူလွှန်မသားတွေမှာ လူအုပ်များသဖြင့် အဘိုးကြီးကို ဝိုင်းထိုးဝိုင်းခုတ်ကြရာ အဘိုးကြီးမှာ လားပေါ်က ရေထဲကျသွားသည်။ မိန်းမရွှင်များနှင့် ရွှေကျင်နေသော မိန်းမကြီးများက ကြောက်ကြောက်လန့်လန့်နှင့် အော်ဟစ်ထွက်ပြေးကြသည်။

ထိုမိန်းမသူတွေ အော်ဟစ်သံကြောင့် တဲထဲတွင် ဖဲဝိုင်း၊ ကျင်ဝိုင်း၊ အရက်ဝိုင်း မိန်းမများနှင့် ပျော်ပါးနေကြသူများ တုတ်၊ ဓား၊ လှံ၊ ပေါက်တူး၊ ပေါက်ပြားတွေနှင့် သောင်ပြင် ပြေးဆင်းလာကြသည်။

တဲပေါ်မှ ပြေးဆင်းလာကြသော လူလွှန်မသားများကလည်း အဘိုးကြီး





ကိုပင် ဝိုင်းရိုက် ဝိုင်းခုတ်ကြသည်။ ရေစီးရေလာ မြစ်ချောင်းရေတွေမှာ သွေးတွေနှင့် မည်းညစ်သွားသည်။ ရေစပ်နှင့် သဲသောင်စပ်တွင် သွေးကွက်တွေမှာ မြင်မကောင်းရှုမကောင်း ဖြစ်သွားသည်။ အဘိုးကြီးလည်း ရေတစ်ပိုင်း ကုန်းတစ်ပိုင်းထဲကာ ညည်းညူနေသည်။

အဘိုးကြီး သေသွားသောအခါ အဘိုးကြီး၏စကားကို နားထောင်ပြီး ရွှေကျင်နေကြသော လူလွှန်မသားများဆီက ရွှေစိမ်းခေါ် သဲမှုန်သဲပွင့်များနှင့် ရောထည့်ထားသော ရွှေအိတ်များကို တဲပေါ်က ပြေးဆင်းလာကြသော လူလွှန်မသားတွေက လုယူကြပြန်သည်။ သတ်ကြပုတ်ကြ ခုတ်ကြထစ်ကြပြန်သည်။ အဘိုးကြီး ခိုင်းစေထားသော လူလွှန်မသားတွေမှာ ခြေဝဲစား၊ လက်ဝဲစားနှင့် တစ်နေကုန် ရွှေကျင်နေကြရရာ အားအင်ကုန်ခန်း မောပန်းနေကြပြီ ဖြစ်သဖြင့် တဲများပေါ်မှ ပြေးဆင်းလာကြသည့် လူလွှန်မသားတွေဆီမှာ အသတ်ခံကြရသည်။

ထို့နောက်မှာ အနိုင်ရသွားကြသော လူလွှန်မသားများသည် စိုင်းဘောင်တို့အဖွဲ့ကို သတ်ရန် ပြေးလိုက်လာကြသည်။

စိုင်းဘောင်တို့အဖွဲ့မှာ ထောင်လရှိရာ မိမိတို့တဲဘက်သို့ ပြေးလာကြရသည်။ သေနတ်ကလည်း အဘိုးကြီးနှင့်အတူ သောင်စပ်မျောစင်နားမှာ ကျန်နေခဲ့ရာ ထောင်လကိုသာ အော်ခေါ်၍ ပြေးလာကြသည်။ ထောင်လတွင် ဒူးလေးနှင့် မြားဘူး မြားဆိပ် ပါသည်ကိုသိသော ငမောင်က ထောင်လကို အားကိုးတကြီးနှင့် အော်ခေါ်၍ ရှေ့ဆုံးမှ ပြေးလာသည်။

"ထောင်လ၊ ထောင်လ. . . တို့ကို ကယ်ပါဦး၊ တို့ကို ကယ်ပါဦး. . ."

"ဟင် ခင်ဗျား. . . ခင်ဗျား၊ ဘာဖြစ်လဲ ဘာဖြစ်လဲ"

"ဟော့ကောင် ငမောင်၊ ဘာလဲဟင် ဘာဖြစ်တာလဲ"

ထောင်လကို အော်ခေါ်ပြီး ငုတ်တုတ်ထထိုင်လိုက်သော ငမောင်အသံကြောင့် စိုင်းဘောင်တို့အဖွဲ့မှာ အားလုံး လန့်နိုးလာကြသည်။

ထောင်လက ငမောင်၏လက်ကို ဆုပ်ကိုင်ထားပြီး မေးနေသလို စိုင်းဘောင်ကလည်း လက်နှိပ်ဓာတ်မီးနှင့် ထိုးပြီး ငမောင်ကို မေးသည်။

ငမောင်မှာမူ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ပြန်ကာ ယခုထိ ထိတ်လန့်နေသေးသလို မြူးတူးပြုတဲ ဖြစ်နေ၏။

"ဟော့ကောင် ဘာဖြစ်လဲ၊ ဘာမြင်လို့လဲ"

"ဟင်း . . . ပေါက်ကရအိပ်မက် မြင်ပြီး လန့်အော်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ငမောင်စကားကို ကြားတော့ အားလုံးက သက်မ,ချကြသည်။

"ဒီလောက် လန့်အော်ရအောင်ကွာ၊ မင်း မင်း ဘယ်လို အိပ်မက်မြင်လို့ လန့်အော်ရလားကွ၊ ငါဖြင့် ရင်တုန်သွားတာပဲ၊ တောကောင်များ တို့လားကြီးကို လာချောင်းတာလားလို့ကွာ၊ မင်းဟာက အိပ်မက်မြင်တာများ ဒီလောက် လန့်အော်ရတယ်လို့"

စိုင်းဘောင်နှင့် ဇော်ရိုးတို့က အပြစ်တင်ကြသည်ကို ငမောင်မှာ ယခုထိ ဘာမှ ပြန်မပြောသေးဘဲ ငူငူငိုင်ငိုင်ကြီးသာ ဖြစ်နေ၏။

"လန့်လိုက်တာကွာ၊ မင်း ဒီလောက် လန့်အော်ရအောင့် ဘယ်လိုများ အိပ်မက်မြင်လို့လဲ ပြောစမ်းပါဦး"

"အိပ်မက်က အရှည်ကြီးဗျ၊ အဘိုးကြီး ရွှေတွင်းက ရွှေတွေ ရလိုက်တာလည်း မပြောနဲ့၊ ပြီး အဘိုးကြီးပြောတဲ့ ဟိုလူလွန်မသားတွေနဲ့ သတ်ကြပုတ်ကြ"

"ဟော့ကောင် တိုးတိုးပြောပါကွ၊ ဟိုမှာ ဟိုလူတွေ မအိပ်ကြသေးဘူး၊ ကြားတယ်ဟုတ်လား"

မှန်သည်။ အဘိုးကြီးပြောသော လူလွန်မသားများကား ဖဲဝိုင်း၊ ဂျင်ဝိုင်း၊ အရက်ဝိုင်း၊ မိန်းမတွေနှင့် တဝါးဝါးတဟားဟား လုပ်နေကြတုန်း၊ သူတို့မှာသာ ခရီးပန်းလာကြသူတွေ ဖြစ်သဖြင့် စောစောအိပ်ပျော်သွားကြခြင်း ဖြစ်သည်။

"ကဲ အိပ်ကြကွာ၊ တို့အဘိုးကြီးတွင်းက ရွှေတွေ အများကြီးရတယ်လို့ ငမောင် အိပ်မက်မြင်တာ ပုဗ္ဗနိမိတ်ပဲ သိပ်ကောင်းတာပေါ့"

စိုင်းဘောင်က ပြန်အိပ်ကြရန် ပြောလိုက်သည်။

ထောင်လကမူ ယခုထိ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ စိုင်းဘောင်မှာ သူတို့ထဲ အကြီးအကဲဖြစ်သဖြင့် စိုင်းဘောင်က အိပ်ကြတော့ ဆိုတော့လည်း စောစောက အိပ်နေကျနေရာ ငမောင်နား လှဲအိပ်လိုက်လေသည်။

* * *



၄

ဆောင်းနှောင်း နွေဦးသမယပင် ဖြစ်သော်လည်း နံနက်ယံ၏ မြူမည်း တောင်ကြားကို နှင်းခါးရိုက်နေသည်။ အဝေး သုံးလေးလံကိုပင် မမြင်ရ။ တောင်ချိုင့်ကြားသည့် မှိုင်းပျစိုထိုင်းနေသည်။ တောကြက်တွန်သံ၊ မျောက်အော်သံများနှင့် တောတိရစ္ဆာန်များ၏ အသံများကို အရပ်ရှစ်မျက်နှာက ကြားနေရသော်လည်း လူသံ ဆို၍မူ တစ်ဦးတစ်ယောက်၏ အသံကိုမျှ မကြားကြရ။ တစ်ညလုံး ဟေးလားဝါးလား လုပ်နေကြသော အဘိုးကြီး၏ လူလွန်မသားများနှင့် မိန်းမများ၏ အသံတို့ကလည်း တိတ်နေသည်။ တစ်ညလုံး ဖဲဝိုင်း၊ ဂျင်ဝိုင်း၊ အရက်ဝိုင်းနှင့် မိန်းမများအာရုံ၌သာ ကျက်စားခဲ့ကြသော လူလွန်မသားများနှင့် မိန်းမများသည် နံနက်ပိုင်း အိပ်ကောင်းတုန်းပင် ရှိနေကြပုံရသည်။

စိုင်းဘောင်တို့အဖွဲ့ကမူ စောစော ထကြသည်။ နှင်းခါးတောထဲ ဖောက်ဆင်း၍ မြစ်ရေစီးတွင် မျက်နှာ သွားသစ်ကြသည်။ မျက်နှာသစ်ရာက ပြန်လာသော စိုင်းဘောင်က အဖွဲ့ခေါင်းဆောင်ပီပီ သူတို့၏ အစီအစဉ်ကို ပြောပြသည်။

"အဘိုးကြီးက ဝီရိယရှိတဲ့ လူတွေမှ သဘောကျတာဆိုတော့ တို့အဘိုးကြီးဆီ စောစောသွားလိုက်ကြမယ်။ ဒီနေ့မနက်တင် အဘိုးကြီးက ကွင်းဆင်းကြတော့ဆိုတော့လည်း ဆင်းလို့ရအောင်။ ထောင်လ ညီလေး ထမင်းချက်တော့ကွာ၊ တို့ အဘိုးကြီးဆီက ပြန်လာတာနဲ့ ဆင်းချင် ဆင်းကြရမှာ"

"ဟုတ်ကဲ့၊ မနက်စာရော နေ့လယ်စာပါ ကျူပ် ချက်ထားလိုက်ပါ့မယ်"

"ငမောင်၊ မင်း ဘာအိပ်မက်များ ဆက်မက်သေးလဲ၊ ငါကတော့ အဘိုးကြီးပြောတဲ့ ရွှေမည်းတောင်ကြားက နတ်သမီးလေးတွေနဲ့ တစ်ညလုံး ငြိမ့်နေတာပဲကွ ဟဲ ဟဲ"

ထောင်လ၏ စကားအဆုံးမှာ ယခုထိ ငူငူငိုင်ငိုင်နေသော ငမောင်ကို ဇော်ရိုးက စ,သည်။ ငမောင်က စိုင်းဘောင်၏မျက်နှာကို လှမ်းကြည့်ပြီး-



www.burmeseclassic.com

www.burmeseclassic.com

"ငစိုင်းကြီးကော၊ မင်း ခေါ်သွားသေးလား"ဟု ပြောလိုက်သောအခါ စိုင်းဘောင်က ပြုံးပြီး-

"နောက်တော့ ခင်းတို့ပြောတဲ့ ရွှေမည်းတောင်ကြားက နတ်သမီးတွေဆီ တို့ရောက်မှာပေါ့ကွာ"ဟု ပြောလိုက်၏။

ထိုအခါမှ ငမောင်၏ မျက်နှာကလည်း ကြည်ကြည်လင်လင် ဖြစ်လာသည်။

"ကဲ တို့အဘိုးကြီးဆီ သွားကြည့်ကြမယ်။ ဒါမှလည်း အဘိုးကြီးက တို့ကို တကယ် အလုပ်လုပ်ကြမယ့် လူတွေမှန်း သိသွားအောင်"

ပြောပြောဆိုဆိုနှင့်ပင် စိုင်းဘောင်က ရှေ့က ထွက်လာသည်။ ဇော်ရှိုးနှင့် ငမောင်တို့ကလည်း စိုင်းဘောင်နောက် လိုက်လာကြ၏။

နှင်းမကွဲသေးသော်လည်း သူတို့သုံးယောက်သည် မနေ့ညနေက အဘိုးကြီး ညွှန်ပြထားခဲ့သော ရွှေမည်းတောင်ကြားဘက် ဆက်လျှောက်လာကြ၏။

ချင်းတွင်းမြစ်ညာ ရေစီးကြောင်းမှ ခွဲထွက်သွားသော ချောင်းရေစီးကြောင်း အတိုင်း သူတို့ ဆက်လျှောက်လာကြရာ ချောင်းကမ်းပါးထိပ်တွင် တဲပျက်တစ်လုံးကို မှုန်တိမှုန်ဝါး လှမ်းမြင်ကြရသည်။ မနေ့ညနေက အဘိုးကြီး ညွှန်ပြခဲ့သော နေရာမှာ ဤနေရာပင် ဖြစ်သဖြင့် တဲပျက်ပေါ် တက်လာကြ၏။ သို့သော် တဲပျက်မှာ လူနေသော အရိပ်အယောင်ကို မတွေ့ရ။ အမိုး မရှိ အကာ ဗလာ ဖြစ်နေသောတဲမှာ တိုင်များပင် ဆွေးမြည့်၍ ကျိုးကျနေသည်ကိုသာ တွေ့ကြရသည်။

ပတ်ဝန်းကျင်တွင် အဘိုးကြီးနေသောတဲကို နှင်းမှုန်ကြားထဲ သူတို့ လိုက်ရှာကြသည်။ တဲသုံးလေးလုံးကိုတော့ တွေ့ရ၏။ သို့သော် နှစ်ပရိစ္ဆေဒ မည်မျှကြာပြီ မသိ။ တဲအားလုံးမှာ အမိုးအကာမဲ့၍ တိုင်ဆွေးတိုင်ကျိုးများကိုသာ တွေ့နေကြရသည်။

တဲပျက်အတွင်းထဲ ဝင်လိုက်ကြရာ သုံးယောက်စလုံးမှာ ချက်ချင်း လန့်ဖျပ်သွားကြသည်။ တဲပျက်ထဲတွင် လူခေါင်းခွံများ၊ လူရိုးများနှင့် သံချေးတက် စုတ်ပြတ်နေသော ဂေါ်ပြား အပိန်အလိမ် အပေါက်အကျိုးများကိုသာ တွေ့ရလေသည်။

"ဟင်- ဟေ့ စိုင်းဘောင်၊ ဘယ်လိုလဲကွ၊ မနေ့ညနေက တို့မြင်ခဲ့ရတဲ့ အဘိုးကြီးတဲကိုလည်း မတွေ့ပါလား"

ဇော်ရှိုးက လူခေါင်း၊ လူရိုးများနှင့် ကျင်ခွက်၊ ခပ်ခွက်၊ ပေါက်တူး ပေါက်



ပြား အလိမ်အပိန် အကျိုးအပျက်များကို မျက်လုံးပြူးကြည့်၍ မေးလိုက်၏။

"မအေးကွ၊ ဘယ်လိုလဲ မသိဘူး၊ မနေ့ညနေက တို့ကို အဘိုးကြီး ညွှန်ပြတဲ့ နေရာက ဒီနေရာတော့ အမှန်ပဲ။ အဘိုးကြီးက ဟိုကွေ့ ချောင်းကမ်းထိပ်မှာ များလား၊ ဟိုဘက်ကွေ့ တက်ကြည့်ရင် ကောင်းမလား"

"မဖြစ်နိုင်ပါဘူး စိုင်းဘောင်ရာ၊ ဒီလိုလုပ်ကွာ၊ အဘိုးကြီးကို အော်ခေါ် ကြည့်ကြရင် မကောင်းဘူးလား"

"အေး ငါ အော်ကြည့်လိုက်မယ်"

"အေး ခေါ်ကြည့်ကွာ"

စိုင်းဘောင်က သွပ်ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ၍ အော်ခေါ် လိုက်၏။

"အဘ . . အဘရေ . . ကျုပ်တို့ လာပြီဗျို့၊ အဘတဲ ဘယ်နားမှာလဲ၊ နှင်း ခဲရိုက်နေလို့ အဘတဲကို ကျုပ်တို့ မမြင်ရဘူး၊ အသံပေးပါဦးဗျို့၊ ဘယ်နားမှာလဲ"

စိုင်းဘောင်၏ အသံသာ တိမ်ဝင်သွားသည်။ ဘာသံမှ မကြားရ။

"ဗျို့ . . . အဘိုးကြီး၊ ခင်ဗျားတဲ ဘယ်မှာလဲ၊ လက်ကြောတင်းအောင် လုပ်မယ့် ကျုပ်တို့ ရောက်လာပြီ"

ဒုတိယအကြိမ် စိုင်းဘောင်၏အသံက တိမ်ဝင် ပျောက်ကွယ်သွားပြန်၏။ ဘာသံမှ မကြားရ။

"ဘယ်လိုလဲ မသိဘူးနော်၊ တစ်မျိုးပါလား"

ဇော်ရှိုးက စိုင်းဘောင်မျက်နှာကို လှမ်းကြည့်၍ ပြောလိုက်၏။

ညက အိပ်မက်ဆိုးတွေ မြင်၍ ထိတ်လန့်နေသူ ငမောင်ကမူ ယခုထိ ဘာစကားမှ မဆိုဘဲ ပတ်ဝန်းကျင် အခြေအနေကိုသာ ကျိုးကန်းတောင်းမှောက် လိုက်ကြည့်နေသည်။ ပြီးတော့မှ-

"မနေ့ညနေက တို့ကို တစ္ဆေခြောက်တယ် ထင်တယ်"

"ဟာ မဖြစ်နိုင်တာကွာ၊ တို့ကို လာပြောတဲ့ အဘိုးကြီးကို မင်းမျက်စိနဲ့ တပ်အပ်ကို ထင်ထင်ရှားရှား မြင်လိုက်တာပဲ မဟုတ်လား၊ ဘယ်ကလာ တစ္ဆေ ခြောက်တာ ဖြစ်မလဲ"

"အဲဒါတော့ ငါလည်း ဘယ်ပြောတတ်မလဲ၊ ငါ့အထင်ပြောတာပါ၊ တစ္ဆေ ခြောက်တာ မဟုတ်ရင် အဘိုးကြီးနဲ့ အဘိုးကြီးတဲကို ခု ငါတို့ တွေ့ရမှာပ"

"ဟုတ်တယ်ကွ စိုင်းဘောင်ရေ ဒါ စဉ်းစားစရာပဲ၊ ဟိုဘက်ကြည့်စမ်း မနေ့က တို့မြင်ခဲ့ကြားခဲ့ရတဲ့ လူလွန်မသားတွေနဲ့ ဟိုမိန်းမတွေတဲတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးမှ မရှိတော့ဘူး"

ဇော်နိုး လှမ်းကြည့်၍ ပြောလိုက်သောအခါ လှမ်းကြည့်လိုက်ရာ အမှန်ပင် တဲတစ်လုံးတလေကိုမျှ မမြင်ကြရတော့။ ထိုအချိန်တွင် နေရောင်ခြည်ကလည်း နှင်းမှုန်နှင်းပွင့်များကြားထဲ ရှိနေမည်ဆိုလျှင် မှချ မြင်နိုင်သည်။ ယခုကား ထိုမှာဘက်၌လည်း ဘာတဲမှ မရှိတော့။

တစ္ဆေခြောက်သည်မှာ အမှန် ဆိုသည်ကို ဤတစ်ခါတော့ စိုင်းဘောင်လည်း လက်ခံ ယုံကြည်သွားသည်။

သူတို့သုံးယောက်သည် ကမ်းပါးထိပ် တဲပျက်များဆီမှ ချောင်းထဲ ပြန်ဆင်းလာကြ၏။ ဖှိုဟိုသည်သည် လှေလာ အကဲခတ်ကြည့်ရင်း စိုင်းဘောင်က-

"ဒီနေရာမှာ ဟိုတုန်းက ရွှေကျင်လို့ အကြီးအကျယ် ရခဲ့ကြတာတော့ အမှန်ပဲ ဖြစ်မယ်၊ ဟိုနေရာက ကမ်းပါးဘေး ရွှံ့ညွန်တွေကို ကြည့်စမ်း၊ တကယ့် ရွှေထွက်မယ့် မြေတွေပဲ"ဟု ဆိုသည်။

အမှန်လည်း ဟုတ်သည်။ ချောင်းရေစီးနား ကမ်းစပ်မှမြေနှင့် ရေတိုက်စားထား၍ ပြိုကျနေသော မြေသားများတွင် ရွှေရနိုင်မည့်သင်္ကေတများကို ကူပွန်ရွာသားများပီပီ သူတို့ ခန့်မှန်းမိကြသည်။

"တို့ ဒီနေရာသာ ရွှေကျင်ကြရရင်တော့ ရွှေရမှာ မုချ"

"ဟာ ငတိုင်းကလည်း၊ ဒီလောက် မြေကြမ်းတဲ့ နေရာမှာ ဘယ်လိုလုပ် ညဥ့်အိပ်ညဥ့်နေ ရွှေကျင်လို့ဖြစ်မလဲ၊ ဟို အရိုးစုတွေကလည်း ဒီလို ရွှေမက်ပြီး ဒီနေရာမှာ ရွှေကျင်ကြလို့ သေသွားတဲ့လူတွေ ဖြစ်မှာပေါ့ဗျ"

ဤစကားကိုတော့ ညက အိပ်မက်ဆိုး မြင်မက်ထားသူ ငမောင်က အထိတ်တလန့် ပြောလိုက်၏။

"ငါကလည်း ဒီနေရာမှာ ရွှေကျင်ဖို့ ပြောတာ မဟုတ်ပါဘူးကွာ၊ ရွှေရနိုင်တဲ့ အကြောင်း ပြောတာပါ"

စိုင်းဘောင်က လေပျော့လေးနှင့် ပြောလိုက်၏။

"ဒီနေရာမှာ ဘယ်လောက်ပဲ ရွှေရရ၊ ကျုပ်တော့ ညဥ့်အိပ်ညဥ့်နေ ဘယ်လိုမှ မနေဘူးဗျာ၊ သွေးမရှိဘူးပြောပြော၊ ဘာပြောပြော ကျုပ် မနေရဲတာတော့ အမှန်ပဲ၊ ညကျရင် ဘယ်လို . . ."

"အေးပါကွာ၊ ဘယ်သူကမှ ဒီနေရာကနေပြီး ရွှေကျင်ကြမယ် မပြောပါဘူး၊ ခုတင်ပဲ ငါတို့ မြစ်ညာဘက် တက်ကြမှာပါ၊ ဒီနေရာတောင် ဒီလောက် ရွှေရနိုင်ရင် မြစ်ညာဘက်မှာ ပိုရမှာပေါ့။ ဒါပေမယ့် မင်းတို့ကို ခုကပင် ငါ တစ်ခုပြောထားမယ်၊ ဒီလိုအခြေအနေကို ဟိုကောင် ထောင်လကိုတော့ မင်းတို့ ဒီကိစ္စ ဘယ်သူမှ မဟလိုက်ကြပါနဲ့နော်"

"အေးပါ စိုင်းဘောင်ရာ၊ ငါတို့ သိပါတယ်၊ ဒီကောင်က သူ့အဖေ ထည့်လိုက်လို့သာ ငါတို့နဲ့ လိုက်လာရတာ၊ သူက ရွှေကို သူ့အဖေ ပြောသလို သမင်တစ်ကောင် ရတာလောက် တန်ဖိုးထားတာမှ မဟုတ်တာ"

သူတို့ စကားတပြောပြောနှင့် လျှောက်လာကြရာ ထောင်လရှိရာသို့ ရောက်လာကြသည်။ ထောင်လကမူ သူတို့ကို တစ်ချက်သာ လှမ်းကြည့်ပြီး ဘာမှ မမေး။ ထမင်းအိုးကိုသာ ထမင်းရည်ငှဲ့နေ၏။

အမှန်မှာ ထောင်လကား ငမောင် ထယောင်သော ကုန်ခဲ့သည့် ညကပင် အခြေအနေကို ရိပ်မိနေပုံရသည်။ သူ့အဖေ မှာလိုက်သော ဖယော်ကီးနယ်ကို နေမဝင်မီ ဖြတ်ကျော်ကြဟု မှာလိုက်သော်လည်း မုဆိုးခြေမဟုတ်သည့်အပြင် မြွေကြီး ရေသောက်ဆင်းလာသည်နှင့် ကြုံ၍ ကြန့်ကြာခဲ့ကြရာ ယခု သူတို့ တစ်ညအိပ်ကြသောနေရာမှာ ဖယော်ကီး၏နယ်မြေပင်။

သူ့အဖ ပြောပြ၍ သူ သိထားရသည်မှာ ဖယော်ကီးဆိုသော ချင်းတွင်းသားတစ်ယောက်သည် လူငှားတွေနှင့် ဤနားတစ်ဝိုက်တွင် ရွှေကျင်ခဲ့သည်။ ရွှေအမြောက်အမြား ရရှိခဲ့သဖြင့် နယ်စပ်မှ လူများသည် ဤနယ်မြေသို့လာ၍ ရွှေကျင်ခဲ့ကြသည်။

နွေ၌သာ ရွှေကျင်ရာသီ ဖြစ်သော်လည်း ရွှေအမြောက်အမြား ရကြသောအခါ သူတို့သည် မိုးတွင်း၌ပင် မိမိရွာ မိမိ မပြန်ကြတော့ဘဲ ဤနယ်မြေ၌ ရွာတည်၍ နေခဲ့ကြသည်။ နွေလက ရထားသောရွှေများကို ရောင်းချ၍ မိုးတွင်းတွင် ဤနေရာ၌ ဖဲဝိုင်း၊ ဂျင်ဝိုင်း၊ အရက်ဝိုင်း၊ မိန်းမတွေနှင့် လွတ်လွတ်သပ်လပ် နေကြသည်။ ထို့ကြောင့်လည်း ရွာငယ်တစ်ရွာသည် ဤချင်းတွင်းမြစ်ညာမှာ ပေါ်ပေါက်လာခဲ့သည်။

နောက်တော့ နယ်စုံမှ လူစုံ ရောက်လာကြပြီး တစ်ဦးနှင့်တစ်ဦး လိမ်ကြ၊ ကောက်ကြ၊ လုကြ၊ ခိုးကြ၊ ဖဲဝိုင်း အရက်ဝိုင်း ထောင်ကြရာမှာလည်း မိန်းမများကိုပါ မွေးမြူ၍ စီးပွားရှာသူတွေပါ ရောက်လာကြသည်။

ထိုသို့ ဒုစရိုက်မျိုးစုံကို လုပ်လာကြရာမှ နောက်ဆုံးတွင် သတ်ဖြတ်ဘိုက်ခိုက်ကြပြီး ဖယော်ကီး အပါအဝင် လူအတော်များများ သေသွားကြသည်။

ရွာပျက်၍ သေသွားကြသော ထိုသူများ၏ ဝိညာဉ်များသည် ယခုထိ ရွှေမည်းတောင်ကြား၌ ရှိနေကြသည်ဟု ထောင်လကို သူ့အဖက ပြောပြီး





www.burmeseclassic.com

www.burmeseclassic.com

သည်။

ထို့ကြောင့်လည်း ခရီး စထွက်ကြတော့မည် ဆိုသည်နှင့် သူ့အဖက ဖထော်ကီးနယ်ကို နေမဝင်မီ ဖြတ်ကျော်နိုင်ဖို့ မှာလိုက်ခြင်း ဖြစ်လေသည်။

သို့သော် သူတို့သည် ဖထော်ကီးနယ်မြေကို မကျော်နိုင်ခဲ့ကြသဖြင့် ယခုလို အံ့ဖွယ်ဘနန်း ဖြစ်ရပ်များကို ကြုံကြရခြင်း ဖြစ်သည်။

"ဟ ငါ့ညီက ထမင်းရည်တောင် ငှဲ့နေပြီ၊ တော်တယ်ကွာ၊ ထမင်းနပ်ရှင်တို့ မနက်စာစားပြီး မြစ်ညာကို ခရီးဆက်ကြဖို့ အတော်ပဲကွ"

စိုင်းဘောင်က ထောင်လကို အေးအေးစက်စက် ကြည့်ပြီး ပြော၏။

ထောင်လကမူ စိုင်းဘောင်ကို ဘာတစ်ခွန်းမှ ပြန်မပြော။ သူ့အလုပ်ကိုသာ သူ ဆက်လုပ်နေသည်။ ဇော်ရိုးနှင့် ငမောင်တို့မှာတော့ မနေ့ညနေက အဘိုးကြီးကိစ္စ ထောင်လ မေးမှာစိုး၍ မျက်နှာအပျက်ပျက် ဖြစ်နေကြရာ ယခု ထောင်လက ဘာမှ မမေးတော့မှ သက်မ ပြိုင်တူ ချနိုင်လိုက်ကြသည်။

သည်လိုနှင့် သူတို့က ထမင်းစားသောက်ပြီးချိန်တွင် နေကလည်း ကြည်ကြည်လင်လင် တောက်ပလာရာ မြစ်ညာခရီးကို ဆက်လက် ချီတက်လာကြသည်။ သူတို့ ကြုံတွေ့ခဲ့ကြရသော လောလောလတ်လတ်ကိစ္စမှာ သူတို့အား ရွှေမည်းတောင်ကြားမှ ပဏာမ နှုတ်ဆက်လိုက်ခြင်းသာ ဆိုသည်ကိုတော့ မည်သူမျှ မသိခဲ့ကြပေ။ ထို့ကြောင့်လည်း သူတို့သည် မြစ်ညာသို့သာ ဆက်လက် ခရီးနှင်လာကြသည်။

နေရောင်ခြည်မှာ စူးစူးရှရှ တောက်ပနေသော်လည်း ပူပြင်းခြင်း အလျှင်းမရှိတော့။ မြစ်ညာသို့ ရောက်လာလေလေ အအေးဓာတ်က ပိုကဲလာလေပင်။ တောတောင် ထူထပ်လာသလို သမင်၊ ဒရယ်၊ ချေ၊ ဆတ် စသည် တောတိရစ္ဆာန်များကိုလည်း သွားရင်းလာရင်း မြင်လာကြရသည်။ မြစ်ရေစီးက ကျဉ်းလာသလို သောင်ပြင်နှင့် ကျောက်ဆောင် ကျောက်တုံးကြီးများကိုလည်း အကွေ့အကောက်တိုင်းလိုလို၌ တွေ့လာကြရသည်။

စိုင်းဘောင်တို့ သုံးယောက်မှာ သွားရင်းလာရင်း မြစ်ကျဉ်းကမ်းစပ်နားဆင်း၍ ရွှေရနိုင်၊ မရနိုင်ကို သဲမှုန်သဲပွင့်တွေကို ကောက်ကြည့်လာကြသည်။

မြစ်ကွေ့သုံးလေးတန်ကို လွန်၍ တစ်ခုသော မြစ်ကျဉ်းနားအရောက်မှာ နေဝန်းက ထန်းတစ်ဖျားခန့် မြင့်တက်လာသည်။ မြစ်ကျဉ်းထဲမှ သဲမှုန်သဲပွင့်များကို ကောက်ကောက် ကြည့်လာကြသော စိုင်းဘောင်တို့ သုံးယောက်က ရှေ့မှသွားနေသော ထောင်လကို လှမ်းကြည့်ပြီး-





"ညီလေး ထောင်လ၊ ဒီနေရာက ရွှေရနိုင်ပြီကွ၊ တို့ ဒီမှာ စခန်းချကြရင် ကောင်းဘူးလား"ဟု လှမ်းပြောလိုက်သည်။

"မကောင်းဘူး"

ထောင်လက ပြတ်ပြတ်ပင် ပြောသည်။

"ဟင် ဘာဖြစ်လို့လဲကွ၊ ထောင်လ"

"ဖထော်ကီးနယ်မှ မလွန်သေးတာ"

"ဘယ်လိုကွ၊ ဘာ ဖထော်ကီးနယ်လဲ"

စိုင်းဘောင်က လှမ်းမေးနေသည်ကို ထောင်လက ဘာမှ ပြန်မပြောတော့။ ခြေလှမ်းလည်း မရပ်။ ဝန်တင်လားကြီးကိုဆွဲ၍ မြစ်ကွေ့တစ်ခုကိုသာ ကျော်ဖြတ်သွားသည်။

"ဟ. . . ဒီကောင် ဘယ်လိုလဲဟ၊ ကြည့်စမ်း တို့ပြောနေတာ လှည့်ကြည့်ဖော်တောင် မရပါလား"

ဇော်ရိုးက, စိုင်းဘောင်ကို ပြောသည်။

"အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မယ်ဗျ။ အကြောင်းမရှိဘဲနဲ့ မုဆိုးခြေမရပ်ဆို မဟုတ်လား၊ စခန်းချလို့ရတဲ့နေရာ ရောက်ရင် မုဆိုးလေးခြေက အလိုလို ရပ်သွားပါလိမ့်မယ်"

ငမောင်စကားအတိုင်းပင် စိုင်းဘောင်တို့အဖွဲ့က ထောင်လကို မီအောင်သာ လိုက်လာကြသည်။

နေမွန်းတည့်ခါနီး အရောက်တွင် ငမောင် ပြောသလို ထောင်လက ခြေလှမ်းရပ်၍ သူတို့ကို စောင့်နေသည်။ ရပ်စောင့်နေရင်းကလည်း ဟိုဟိုသည်သည် မြစ်ကမ်းပါးယံဘက် လိုက်ကြည့်နေ၏။

"ဒီနေရာ ငါတို့ စခန်းချလို့ရပြီ၊ ရွှေ ရ မရတော့ ငါ မသိဘူး"

သူ့အနား ရောက်လာကြသော စိုင်းဘောင်တို့ သုံးယောက်ကို ထောင်လက ပြော၏။

"ဒီနေရာ စခန်းချလို့ရပြီ ဟုတ်လား"

စောစောက သူတို့ပြောသည်ကို အရေးမလုပ်ခဲ့ဘဲ ဆက်ထွက်သွားသော ထောင်လကို မကျေမနပ်ဖြစ်နေသူ ဇော်ရိုးက မေးလိုက်၏။

"ဟုတ်တယ်၊ ငါဘက်က ပြောတာ၊ ရွှေ ရ မရတော့ ငါ မသိဘူးနော်"

"အေး တို့ကြည့်မယ်ကွ"

သူတို့သုံးယောက်သည် ရေစီးထဲ ဆင်းသွားကြပြီး သဲမှုန်သဲပွင့်တွေကို



www.burmeseclassic.com

www.burmeseclassic.com

လက်ခုပ်နှင့် ကျုံး၍ ရေစီးထဲဆေးကာ စမ်းကြည့်ကြ၏။ ပြီး ထောင်လအနား ပြန်တက်လာကြသည်။

"ရွှေလည်း ဒီနေရာ ရနိုင်တယ် ညီလေး၊ အဲဒါနဲ့ ငါညီ စောစောက ပြောတဲ့ ဖထော်ကီးနယ်က ခု လွန်ပြီလား"

"မြစ်နှစ်ကွေ့တောင် လွန်ပြီကော"

စိုင်းဘောင်က လေသံအေးအေးနှင့် မေးသည်ကို ထောင်လကတော့ သူ့လေသံအတိုင်းပင် ပြောသည်။

"ဖထော်ကီးနယ် မလွန်ရင် အစ်ကိုတို့ အန္တရာယ်ရှိလို့လား ညီလေး ဘယ်လို ဖြစ်မှာလဲ"

"မနေ့က နေရာလို ဖြစ်မှာပေါ့"

ထောင်လက မဆိုင်းမတွပင် ချက်ချင်း ဖြေသည်။ မနေ့ကအဖြစ် ဆိုသည်ကို စိုင်းဘောင်တို့ သုံးယောက်မှာ လန့်နေကြသဖြင့် ထောင်လကို ဆက်မမေးကြတော့။

"အေး ညီလေးလည်း ကြိုက်တဲ့နေရာ ဆိုတော့ ကောင်းပါတယ်၊ အစ်ကိုတို့လည်း စမ်းကြည့်တာ ရွှေရနိုင်တယ်လေကွယ်"

သို့နှင့် သူတို့သည် ထိုနေရာ၌ စခန်းချရန် နေရာရှာကြသည်။ နှစ်ပေါင်းမည်ရွေ့မည်မျှကပင် ရေတိုက်စားထားသည် မသိသော ကျောက်တောင်ကမ်းပါးရှိ လိုဏ်တစ်ခုကို ထောင်လက ရွေးပေးသည်။ ဂူလို ဖြစ်နေသော လိုဏ်ပေါက်ရှေ့ကို ပေါင်လုံးလောက်ရှိသော သစ်ပင်တွေကို ခုတ်လှဲ၍ အခိုင်အခံ့ ခြံကာ စိုက်ကြသည်။ သစ်လုံးခြံတိုင် တစ်လုံးနှင့်တစ်လုံးကို ထောင်လ ပြောသလို လက်သိပ်ထိုး စိုက်ကြသည်။ အမြင့်မှာ လူကြီးလက်ခုပ်တစ်ဖောင်ခန့် ဖြစ်သည်။ သစ်ပေါသော အရပ် ဖြစ်သဖြင့် လူလေးယောက် နေ့ဝက်ခန့် လုပ်လိုက်ကြသည်နှင့် အခိုင်အခံ့ စခန်းက ပြီးသွားသည်။

နေညိုသွားသည်နှင့် လားကြီးကို ခြံထဲဂူဝသို့ သွင်းကြသည်။ ပြီးတော့ ဂူဝတွင် ထင်းခြောက်တုံးကြီးတွေကို ရှာထမ်း၍ မီးဖိုကြီးတစ်ဖိုကို ဖိုထားလိုက်ကြသည်။

ဤမျှဆိုလျှင် သူတို့စခန်းအတွက် ညရေးညတာ စိတ်ချရလေပြီ။

သူတို့သည် ညနေစာ စားပြီးသည်နှင့် ဂူထဲ၊ ခြံထဲ ဝင်ကာ မနက်ဖြန်အတွက် အစီအစဉ်ကို နှီးနှော တိုင်ပင်ကြသည်။

"မနက် ငါ အစောကြီး ပြန်မယ်"





"ဟင်. . . မင်းပြန်တော့မယ်"

"အဖက ပြောလိုက် မှာလိုက်တယ်လေ၊ လားကြီးကို ဒီမှာ ကြာကြာထားလို့ မရဘူး၊ ထိန်းကျောင်းရလည်း ခက်မယ်"

စိုင်းဘောင်၏ အမေးကို ထောင်လက အကျိုးအကြောင်း ပြောပြ၏။

"ဟုတ်ပါတယ်၊ မင်းအဖက ငါ့ကိုလည်း မှာလိုက်ပါတယ်၊ ငါက မင်း ဒီမှာ အစ်နေ့လောက် နားဦးမလားလို့ပါ၊ မင်းနဲ့ တို့လားကြီး သိပ်ပင်ပန်းနေမှာစိုးလို့ပေါ့ ကွယ်"

"မပင်ပန်းပါဘူး၊ သွားနိုင်ပါတယ်"

"အေး မင်း မုဆိုးခြေနဲ့ဆို နေ့ချင်းပေါက်လည်း ရောက်ချင် ရောက်သွားမှာပေါ့၊ ဟိုရောက်ရင် မင်းအဖကို ငါကလည်း မှာထားခဲ့ပြီးသားပါ၊ လားကြီးကို ဒီပွဲက ငါ့ယောက်ဖ ဆာသင်ခမ်ဆီ အပ်လိုက်ပါ၊ ပြီးတော့ မင်းပြန်လာတဲ့ အခါ ရိက္ခာနိုင်သလောက် ထပ်ယူလာဖို့ကိစ္စ မင်းအဖ စီစဉ်ပေးလိုက်ပါလိမ့်မယ်"

"ဟုတ်ကဲ့"

ထောင်လ၏ တာဝန်မှာ မနက်ဖြန် စောစောထ၍ ရွာသို့ လားကြီးကို ပြန်ပို့ရမည်။ စိုင်းဘောင်တို့သုံးယောက်ကမူ မြစ်ရေစီးထဲတွင် ရွှေများများ ရနိုင်သော မြစ်ကွေ့မြစ်ကောက်ကို ရှာ၍ ရွှေကျင်ရန် မျောတိုက်စင် ယာယီ ဆောက်ကြရမည်။ တစ်ရက် နှစ်ရက်မှာ အစမ်းသဘောသာ ဖြစ်သည်။ ရွှေများများ ရနိုင်သောနေရာကို တွေ့ကြပြီဆိုလျှင်တော့ သူတို့ သုံးယောက်က ရေထဲဆင်း၍ ရွှေကျင်ကြရမည်။ တဲစောင့်နှင့် ဟင်းရှာ ထမင်းချက်တာဝန်ကို စခန်းသို့ ပြန်ရောက်လာမည့် ထောင်လက တာဝန်ယူရပေမည်။

နှစ်ညနှင့် သုံးရက်သာ ကြာ၏။ ထောင်လသည် ရိက္ခာ တစ်နင့်တစ်ပိုးကို ထမ်းကာ ခွေးကြီးတစ်ကောင်နှင့်အတူ စိုင်းဘောင်တို့ စခန်းကို ပြန်ရောက်လာသည်။ ထိုအချိန်တွင် စိုင်းဘောင်တို့မှာလည်း စခန်းကို ပိုမို လုံခြုံအောင် ပြုပြင်ထားကြပြီး ဖြစ်သည့်အပြင် ရွှေကျင်ရန် မျောတိုက်စင်နှင့် ရွှေမှုန်ရွှေပွင့်လေးများ အနည်ကျ ဝပ်ထိုင်နိုင်သည့် ငှက်ပျောဖတ်များကိုလည်း ရှာဖွေ ပြုပြင်ထားကြပြီး ဖြစ်သည်။

"မင်း မြန်သားပဲကွ ညီလေး၊ မင်း အဖ ဘာမှာလိုက်သေးလဲ"

ခရီးရောက်မဆိုက် ချွေးသုတ်၍ သူပါလာသော ရိက္ခာများကို နေရာချနေသောထောင်လကို စိုင်းဘောင်က ချီးကျူးစကားဆိုသည်။

"အဖက ဘာမှ မမှာလိုက်ပါဘူး၊ တောမှာတောင်မှာ ဘိုကျားကို အသံ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မထွက်စေနဲ့ဘဲ မှာလိုက်တယ်"

ထောင်လက မှုဆိုးပီပီ သူ့ခွေးကိုစွာသာ ဦးစားပေးပြောသည်ကို ဇော်ရိုးက သရော်ပြုံး တစ်ချက် ပြုံးလိုက်ပြီး-

"မင်းဟာက လားသွားပို့ပြီး ခွေးခေါ်လာတာလား၊ ဒီမှာ ခွေးက ဘာအသုံးကျမှာလဲ၊ အမဲလိုက်တဲ့နေရာဆိုရင် တစ်မျိုးပေါ့၊ ခု ရွှေကျင်တဲ့ နေရာနဲ့ ခွေးနဲ့ တခြားစီပဲကွ၊ ထမင်းတစ်ယောက်စာ ရိက္ခာပဲ ပိုကုန်မယ်"

ထောင်လက ဇော်ရိုးကို တစ်ချက်မျှသာ လှမ်းကြည့်ပြီး ဘာမှ ပြန်မပြော၊ ရိက္ခာထုပ်များကိုသာ နေရာချနေ၏။ ထိုအချိန်မှာ သူ့ခွေးကလည်း တဲဝတွင် ခြသေ့်ထိုင် ထိုင်ကာ လျှာတွဲလောင်းချပြီး မြစ်တစ်ဖက်ကမ်းကို လှမ်းကြည့်နေသည်။

ဇော်ရိုးပြောသလို သူတို့စားရမည့် ရိက္ခာထဲက ခွေးတစ်ကောင်စာကို နှမြော၍လား မသိ။ ငမောင်ကလည်း-

"အေးလေကွာ၊ ဒီမှာ ခွေးက ဘာအသုံးကျမှာလဲ၊ တစ်ခုတော့ ရှိပါတယ် ထောင်လက မှုဆိုးဆိုတော့ အဖော်လိုလို့ ခေါ်လာတာနေ. . ."

"ဟုတ်တယ်၊ ငါ့မှာ ဟင်းရှာဖို့ အဖော်လိုလို့ ခေါ်လာတာ၊ ခင်ဗျားတို့ ဘာနားလည်လို့လဲ"

ပြုံးဖြီးဖြီးလုပ်နေကြသော ဇော်ရိုးနှင့် ငမောင်တို့ကို ထောင်လက အရိုးခံ စကားနှင့် ပြန်ပြောလိုက်၏။

သို့သော် ဇော်ရိုးနှင့် ငမောင်တို့က တိရစ္ဆာန်နှင့်မှုဆိုး အတူတူပဲ ဆိုသော စကားကို သဘောမပေါက်သော ထောင်လအား စိတ်မဆိုးသည့်အပြင် ကြည့်၍ ပင် ရယ်နေလိုက်ကြသည်။

ထောင်လက ဤသည်ကို အမှတ်မထားမှန်းသိသော စိုင်းဘောင်က သူ့လူ နှစ်ယောက်ကို မျက်စိမှိတ်ပြလိုက်ပြီး-

"ဟ၊ ခွေးပါလာတာ ကောင်းတာပေါ့ကွ၊ ဒီခွေးက အမဲလိုက်ကောင်းလို့ ထောင်လက ခေါ်လာတာ နေမှာပေါ့၊ မင်းတို့က ထမင်းတစ်ဆုပ်တစ်ခဲကုန်မှာ"

"ငါ့ခွေးကို ထမင်းမကျွေးလည်း ရတယ် ဆလိုင်း"

"ဟင်. . . မင်းခွေးက ထမင်းမစားဘူးလား"

စိုင်းဘောင် စကားမဆုံးမီ ပြန်ပြောသော ထောင်လကို ဇော်ရိုးက ဝင်မေး ပြန်၏။

"ထမင်းရည်နဲ့ အသားပဲ စားတယ်"





"ထမင်းလည်း ကျွေးလို့ ရပါတယ်ကွာ၊ မင်းတို့က ထောင်လကို ချစ်လို့ စကြ တာ၊ ထောင်လကလည်း ငါ့ညီ စိတ်မဆိုးနဲ့နော်၊ ဒီစခန်းမှာ ငါ့ညီက ရိက္ခာ တာဝန်ခံပဲ။ ကျွေးချင်တဲ့လူ ကျွေးလို့ရတယ်၊ ထောင်လက သူ့ခွေးကို အဝကျွေး ပြီး မင်းတို့ကို အငတ်ထားရင်လည်း ရတယ်နော်ကွ ထောင်လ ဟဲ. . . ဟဲ"

စိုင်းဘောင်က လူကြီးပီပီ ရယ်ရွှန်းဖတ်ရွှန်း ပြောပြီး ထောင်လကို နှစ်သိမ့် လိုက်သည်။ သို့သော် ထောင်လကမူ ဤသည်ကိုလည်း သိသူမဟုတ်။ သူကမူ ပကတိ အရိုးခံအတိုင်း ပြောခြင်းသာ။

ထောင်လခေါ်လာသော သူ့ခွေးက တကယ်လည်း အမဲလိုက်ကောင်းသည်။ အမဲလိုက်ရာတွင် အသံတိတ်လိုက်တတ်၏။ သားကောင်ကို ကိုက်လှဲထားပြီးမှ သူ့သခင်ကို အချက်ပေးခေါ်တတ်သည်။ ဤသည်မှာလည်း ဦးထောင်ထန်က သူ့သား ထောင်လကို တောနက်ထဲ ခွေးကို အသံမထွက်စေနှင့်ဟု မှာလိုက် သဖြင့် ထောင်လက သူ့ခွေးကို သင်ထားပုံရသည်။

ခွေးသံကြားလျှင် တောကောင် (ကျား) တွေကို ဖိတ်ခေါ်သလို ဖြစ်တတ် သည်။ လားကြီးအား တစ်ညအိပ်သာ ထားပြီး ပြန်ပို့လိုက်ရခြင်းမှာလည်း လား ကြီးကို ရွှေကျင်စခန်း၌ ကြာကြာထားလျှင် ရိုးကျားကြီးများ အနံ့ရ၍ လားကြီးကို လာကိုက်မှာ စိုး၍ ဖြစ်သည်။ ဤအရပ်က ကျားများသည် လားကြီးကို ကိုက်ပြီး လျှင် စည်းပေါက် တောဝင်၍ လူကိုပါ မုချ ကိုက်လာတတ်မည်ကို သိသဖြင့် ဦးထောင်ထန်ကလည်း စိုင်းဘောင်နှင့် သူ့သားတို့ကို အတန်တန် မှာလိုက်သဖြင့် ဖြစ်လေသည်။

ထောင်လပြောသလို ထောင်လ၏ အင်းခွေးကြီးမှာ တကယ်ပင် အမဲလိုက် ကောင်းသည်။ ထို့ကြောင့်လည်း တောတောင်ထူထပ်၍ သားကောင်ပေါသော အရပ်တွင် သူတို့မှာ အသားဟင်း ပြတ်သည် မရှိ။ ဖွတ်သား၊ ချေသား၊ သမင် သား မရသည့်နေ့မှာ အနည်းဆုံးတော့ ကြက်သားကို ခွေးရောလူပါ ဝဝလင်လင် စားနေကြရသည်။ ထိုအခါမှ စိုင်းဘောင်တို့အဖွဲ့က လူများမှာ ထောင်လနှင့် ထောင်လ၏ ခွေးတန်ဖိုးကို တစ်နေ့ထက်တစ်နေ့ သိလာကြလေသည်။

သည်လိုနှင့် သူတို့မှာ တစ်ပတ်တစ်ခါ ကျင်းကွက်ပြောင်း၍ ရွှေကျင်နေ ကြ၏။ ရွှေမှုန်ရွှေပွင့်တွေမှာလည်း သူတို့ ထင်ခဲ့ကြသည့်အတိုင်းပင် ရနေကြ သဖြင့် အပျော်ကြီး ပျော်နေကြသည်။ ဥရုမြစ်ညာဖျား တက်ကျင်နိုင်လေ ရွှေရ လေ ဖြစ်သဖြင့် သူတို့သည် တစ်စတစ်စ တောနက် မြစ်ညာဖျားတက်၍ ရွှေကျင် လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကျဉ်းကွေ့ တစ်နေရာတွင် တစ်ပတ်လောက်အကြာ ရွှေကျင်ပြီးသော အခါ ရွှေမှုန်ရွှေစတွေ ပါးလျားစပြုလာ၍ နောက်ထပ် တစ်ဆင့်တက်ရန် စိုင်းဘောင်က သူ့လူနှစ်ယောက်နှင့် ထောင်လကိုကိုပြောရာ ထောင်လက-

"သိပ်တောနက်လာပြီ မြစ်ကောက်တွေလည်း များတယ်၊ ချောင်းလက်တက်တွေက ဘယ်တောင်မင်းပိုင်မှန်း မသိဘူး၊ ငါလည်း တောသိပ်မကျွမ်းတော့ဘူး ဆလိုင်း။ အဖကတော့ အိန္ဒိယ-မြန်မာ်နယ်စပ်လို့ ပြောဖူးတယ်။ ပြီးတော့ မိဆိုတွေ အုပ်ချုပ်တဲ့နေရာဆိုဟော့ ကြာကြာနေလို့ မကောင်းဘူး၊ ဒီဘက်နေတဲ့ မိဆိုတွေက ဆိပ်လူးမြား သိပ်ကျွမ်းတယ်လို့ အဖက ပြောဖူးတယ်"

ထောင်လက ကန့်ကွက်စကား ဆိုသော်လည်း စိုင်းဘောင်ကို အကျိုးအကြောင်းနှင့် လေးလေးစားစားပင် ပြောသည်။

"မဆိုင်ဘူးထင်တယ် ထောင်လရာ၊ သူတို့ကို ငါတို့က ဘာလာလုပ်တာ လိုက်လို့ကွာ။ သူတို့က ရေထဲမှာ ရွှေရှာတဲ့အလုပ် လုပ်ကြတာမှ မဟုတ်တာ ဖေား သူတို့ လုပ်တဲ့ သစ်မွှေးရှာတာတို့၊ ကျောက်သွေး၊ ကြံ့သွေး ရှာတာတို့ ငါတို့ လုပ်ရင်တော့ စိုးပွားပြိုင်ဘက်မို့ သူတို့က ရန်ရှာချင်ရှာမှာ၊ ခု သူတို့အလုပ်နဲ့ ငါတို့အလုပ်က တခြားစီပဲ ဘာဆိုင်တာမှတ်လို့၊ ကြောက်စရာလည်း မလိုပါဘူး"

ရွှေဟော့ ယင်တာထက် ရ၍ လောဘဇောကြီးနေသော စိုင်းဘောင်က သူ၏ ရှိုင်ဖယ်သေနတ်ကြီးကို ပြောင်းတိုက်ရင်း ပြောလိုက်၏။

စိုင်းဘောင်၏ စကားကို ဘာမှ ပြန်မပြောတော့ဘဲ စိုင်းဘောင်မျက်နှာကိုသာ ထောင်လ ငေးကြည့်နေစဉ်-

"ဟုတ်ပါတယ်ကွာ ထောင်လရာ၊ ငါတို့နဲ့ သူတို့က စီးပွား တခြားစီပဲ ငါတို့ မိဆိုတွေ တွေ့ဖူးပါတယ်။ သူတို့ကလည်း ဟိုတုန်းကလို မဟုတ်ကြတော့ပါဘူး၊ ငါတို့နဲ့ နားလည်မှု ရနိုင်ပါတယ်။ မင်းလည်း မိဆိုစကားပြောတတ်တယ်လို့ ဆလိုင်းကြီးပြောသံ ကြားလိုက်ပါတယ်၊ အကျိုးအကြောင်း ပြောပြရမှာပေါ့။ သူတို့သစ်မွှေးတွေကို မိုးရော်၊ ရေကျာဘက်ထိ သွားရောင်းကြတယ် ဆိုတာလည်း ငါကြားဖူးတယ်။ ခု မိဆိုတွေဟာ မြို့ရောက်ပြည်ရောက်မို့ နားမျက်စိ ပေါက်နေကြပြီ နေမှာပါကွာ။ ဆက်ဆံရေးဆိုလည်း ငါတို့ထက်တောင် တိုးတက်ချင် တိုးတက်နေကြမှာဟ၊ သိပ်စိုးရိမ်စရာရှိမှာ မဟုတ်ပါဘူး"

ဇော်ရိုးကပါ စိုင်းဘောင်၏ စကားကို ထောက်ခံလာ၏။

ထောင်လက ဇော်ရိုးကို လုံးဝ ပြန်မပြောတော့။

သူ၏ အကျင့်မှာ ဤသို့ပင် ဝသီ ပါနေသည်။ တစ်ခွန်းသာ ဆိုမည်၊





ပြောမည်။ ထိုတစ်ခွန်းစကားသည် သူ၏ ငြင်းကွယ်မှုစကား ဖြစ်သည်။ ဆုံးဖြတ်သောစကား ဖြစ်သည်။

သို့သော် ထောင်လ၏ ထိုစကားသည် ထိုနေ့က အငြင်းစကား မဖြစ်ခဲ့။ ဆိတ်ဆိတ်နေလိုက်သဖြင့် ဝန်ခံစကား၊ သဘောတူစကား၊ အလိုတူ အလိုပါ စကားဟုသာ မြစ်ဝသား စိုင်းဘောင်တို့က ယူဆခဲ့ကြသည်။

ဤသည်ကို ထောင်လက မကျေနပ်။ ထို့ကြောင့်လည်း ကျင်းကွက်ပြောင်းကြလျှင် သူ့ ထမ်းပိုးနေကျဖြစ်သော ထမင်းအိုးဟင်းအိုးတွေကို ကောက်ထမ်း၍ စိုင်းဘောင်တို့ နောက်ကသာ လိုက်လာသည်။

လမ်းပြအဖြစ်၊ တောကျွမ်းသူ ဒေသကျွမ်းသူအဖြစ် ခေါ်လာသော ထောင်လက သူ့နောက်က လိုက်လာသည်ကို စိုင်းဘောင်က ဘဝင်မကျသော်လည်း ရိပ်မိလိုက်သည်။ မပြောသာသော်လည်း စိတ်ထဲတွင် အငြိုးအတေးတွေတော့ ဖွဲ့မိကြပြီ၊

ထောင်လ၏ သဘောမှာ သူ၏ စကားကို နားမထောင်လျှင် သူသည် လမ်းပြ မဟုတ်တော့၊ နောက်လိုက်သာ ဖြစ်သွားပြီ။ ဤသဘောတကမူ သူတို့ မဆိုးများ၏ သဘာဝ၊ မုဆိုးများ၏သဘောကျ။ ဤသည်ကို စိုင်းဘောင်တို့အဖွဲ့က မသိ။ သတိလည်း မထားမိခဲ့ကြ။

စခန်းသစ် ကျင်ကွက်သစ်တစ်ခုသို့ ရောက်၍ သုံးရက်ခန့်အကြာတွင် ဖြစ်သည်။ သူတို့ စခန်းချနေကြသောနေရာမှာ ထုံးစံအတိုင်း မိုးတွင်းက ရေလျှံတွေ တိုက်စားထား၍ ဂူလိုဖြစ်နေသော ချောင်းကမ်းပါးယံတစ်ခု။ သူတို့က ဤလိုနေရာမျိုးတွင် စခန်းချစမြဲပင်။

အဘယ်ကြောင့်ဆိုသော် သစ်၊ ဝံ၊ မြွေ၊ ကင်း၊ ကင်းမလက်မည်းကအစ ကျား၊ ဆင် စသည့် တောတိရစ္ဆာန်များ ပေါသောဒေသ၌ ဤလို ဂူပေါက်မျိုးသည် ရှေ့တစ်ဖက်သာ ရန်သူကို သတိထားရ၏။ ကျန်သုံးဖက်မှာ လုံခြုံပြီးသား ဝိတ်ချရပြီးသား။ ရှေ့ဘက်ဂူဝကို သစ်လုံးကြီးတွေ၊ သစ်ခက်တွေနှင့် ခြံစည်းရိုး အရံအတား လုပ်ထားပြီး လူဝင်ပေါက်တစ်ပေါက်စာတွင် နှစ်ဆယ့်လေးနာရီ ခငြိမ်းနိုင်သော မီးဖိုကြီးတစ်ဖိုကို ထင်းတုံးကြီးတွေနှင့် ဖိုထားလိုက်လျှင် ဘယ်တောတိရစ္ဆာန်မှ အန္တရာယ်ပြုရန် မလာနိုင်ကြတော့။

ဂူထဲကို သူတို့ဝင်လျှင် မီးဖိုကို ခုန်ကျော်၍ ဝင်ကြရသည်။ ဤသည်ကို မီးကျော်သည်၊ အန္တရာယ်ကင်းသည်ဟု ယူဆကြသည်မှာ သူတို့ ဒေသရိုးရာပင်။ ဤသည်ကို စခန်းတိုင်း၌ လုပ်လေ့လုပ်ထ ရှိကြသည်။ ရန်သူသည် မီးကိုကျော်၍



www.burmeseclassic.com

www.burmeseclassic.com



မဝင်ရဲ။ ထို့ကြောင့်လည်း သူတို့သည် ထိုသို့သော ချောင်းကမ်းပါးယံ ဂူများ၌သာ စခန်းချကြစမြဲ ဖြစ်လေသည်။

"ထောင်လ"

"ထောင်လ. . . ညီလေး. . "

ဂူဝ အစွန်ဆုံး မီးဖိုဘေးတွင် သူ့ခွေးနှင့်အတူ အိပ်နေသော ထောင်လကို စိုင်းဘောင်က အထိတ်တလန့် လှုပ်နှိုး၏။

ချက်ချင်းပင် ထောင်လ ရုတ်ခနဲ ထထိုင်သည်။ ခေါင်းရင်းတွင် ချိတ်ထားသော လေးနှင့်မြားကိုလည်း ကိုင်မိပြီးသားပင်။

"ဘာ. . . ဘာလဲဟင် ဆလိုင်း"

"မင်း. . . မင်း. . မကြားဘူးလားဟင်၊ ဒီအသံတွေက ဘာသံတွေလဲ၊ ငါ"

မီးဖိုဘေးတွင် ထိတ်ထိတ်လန့်လန့်နှင့် ငုတ်တုတ်ထိုင်ကာ မျက်နှာအပျက်ပျက်ဖြစ်နေကြသော စိုင်းဘောင်တို့သုံးယောက်ကို ကြည့်ပြီး ထောင်လက ပြုံးမိသွားသည်။ အကြောက်လွန်တတ်သော သူတို့သုံးယောက်ကို အထင်လည်းသေးသွားသည်။ တောအကြောင်း၊ တောင်အကြောင်း၊ မြစ်ရေအကြောင်း ဘာမှမသိကြသူတွေ။

"ဟင် ထောင်လ၊ ဒီကြားနေရတဲ့ အသံတွေလေကွာ၊ ဘာသံတွေလဲဟင် တောတွေ တောင်တွေ ပြိုလာသလိုပဲ"

စိုင်းဘောင်က ထောင်လကို ထပ်မေးနေသည်။

တဝေါဝေါ တသောသော အော်မြည်လာသောအသံမှာ စခန်းနှင့် ပိုနီးလာသလို ကြားရသဖြင့် သူတို့သုံးယောက်မှာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေကြသည်။

"ရေသံပါဗျ"

ထောင်လက ခဏသာ နားတစ်ချက် စွင့်လိုက်ပြီး "ရေသံပါဗျ"ဟု ဆိုကာ သူ့ခွေးနားတွင် ပြန်လှဲအိပ်ချလိုက်သည်။

"ရေသံ. . ."

စိုင်းဘောင်က ထောင်လ၏ စကားကိုပင် ထပ်၍ အံ့သြတကြီး ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ မြစ်ညာဖျားမှာ မိုးရွာလို့ ရေကျလာသံပါ။ ကျုပ်တို့နေရာကို ရောက်လာဖို့ လိုပါသေးတယ်၊ ပြန်အိပ်နေကြပါ"

ထောင်လ၏စကား မဆုံးမီပင် တဝေါဝေါ အော်မြည်လာသော အသံလှိုင်း





ကြီးမှာ တောတောင်များကို ရိုက်ခတ်ပဲ့တင်လာသံနှင့်အတူ တဖြည်းဖြည်း ဝေးသွားသည်။ နောက်ဆုံး လုံးဝ အသံ မကြားရတော့ဘဲ ပျောက်ကွယ်သွားလေသည်။

နဒီဝက်။ မြစ်၏အကွေ့အကောက်က ရှည်လျားသည်။ တောကို ပတ်သည်၊ တောင်ကိုပတ်သည်။ ပြီးမှ မြစ်ချောင်းကို စီးဆင်းပြီး သမုဒ္ဒရာကို ထွက်မည်။ မြစ်ကွေ့ပေါင်းများစွာကို စီးဆင်းလာသောရေသည် နာရီပေါင်းများစွာကြာတတ်သည်။ ချင်းတွင်းမြစ်ညာ၏ အကွေ့အကောက် ဆိုသည်မှာလည်း ရေတွက်၍ပင် ရအံ့မထင်။ ထို့ကြောင့်လည်း ပင်ကို ရေစီးသံထက် တောတောင်တို့ကို ရိုက်ဟည်းကာ ပဲ့တင်သံတို့က ပိုကျယ်တတ်သည်။

ဤသည်ကို မကြုံဖူး မတွေ့ဖူးဘူးကြသော စိုင်းဘောင်တို့အဖွဲ့မှာ အသံကြားရုံနှင့် အထိတ်တလန့် ဖြစ်ကုန်ကြခြင်းသာ။

မြစ်ညာတွင် ရွာ၍ စီးကျလာသော ရေအလျဉ်သည် သူတို့စခန်းကို ဤညဥ့် ဘယ်လိုမှ ရောက်မလာနိုင် ဆိုသည်ကို ထောင်လကမူ အတွေ့အကြုံအရ အကတပ် သိနေလသည်။ ထို့ကြောင့်လည်း စိုင်းဘောင်တို့ အထိတ်တလန့် ဖြစ်နေကြသည်ကို လုံးဝ ဂရုမစိုက်ဘဲ မီးဖိုဘေးက သူ့ခွေးနားတွင် ချက်ချင်း အိပ်ပျော်သွားခြင်း ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ ဘယ်သွားကြမလို့လဲ"

စိုင်းဘောင်၊ ဇော်ရိုးနှင့် ငမောင်တို့သည် မိုးလင်းသည်နှင့် ရွှေကျင်သွားရန် ပြင်ဆင်ကြ၏။ နေ့စဉ်လည်း ဤသို့ပင် သွားနေကျ ဖြစ်၏။ ဤသည်ကို ထောင်လက အထူးအဆန်းလုပ်၍ မေးလာသောအခါ သူတို့သုံးယောက်မှာ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ဦးဆောင်လူကြီးဖြစ်သူ စိုင်းဘောင်က ထောင်လဘက် လှည့်ကြည့်ပြီး-

"ငါတို့ ရွှေကျင် သွားကြမယ်လေကွာ၊ ခါတိုင်းနေ့တွေလိုပဲပေါ့။ ဘာဖြစ်လို့လဲ ထောင်လ"

"ဒီနေ့ ခင်ဗျားတို့ မြစ်ရေထဲ မဆင်းကြနဲ့ဗျာ"

"ဟင် ဘာဖြစ်လို့လဲကွ"

ဇော်ရိုးကလည်း အံ့ဩသွားသံနှင့် မေး၏။

"ညက ခင်ဗျားတို့ ကြားလိုက်ကြတဲ့ ရေလုံးဟာ နေမွန်းမတည့်မီ ဒီကို ရောက်လာလိမ့်မယ်"

"ဟေ"

ထောင်လ၏ စကားကို အားလုံး အံ့ဩသွားကြပြန်သည်။

"တကယ်ပဲလား ထောင်လ"

စိုင်းဘောင်က မယုံသလိုနှင့် မေးလိုက်၏။

"တကယ်ပေါ့ဗျ၊ မဟုတ်ဘဲနဲ့တော့ ခင်ဗျားတို့ကို ကျုပ်ပြောပါ့မလား၊ ခု ရေလာနေသံ ခင်ဗျားတို့ ကြားတယ် မဟုတ်လား"

"ရေလာသံ"

"ဟုတ်တယ်လေ၊ ရေလုံးကြီးတွေ တောင်ရိုက်တောအော်လာသံ ခင်ဗျားတို့ ကြားကြတယ် မဟုတ်လား"





သုံးယောက်စလုံး ပါးစပ်အဟောင်းသားနှင့် နားစွင့်လိုက်ကြသည်။ ဘာသံမှ သူတို့နားထဲ မကြားကြ။ နေ့စဉ် ကြားနေကျ ထုံးစံ ဖြစ်သော မျောက်အော်သံ၊ ချေဟောက်သံနှင့် ဝံအီသံများကိုသာ ကြားနေရသည်။

"ငါတော့ မကြားဘူး၊ မင်းကြားလား၊ မင်းကော ငမောင်"

စိုင်းဘောင်က သူ့လူနှစ်ယောက်ကို မေးသည်။

ဇော်ရိုးရော ငမောင်ကပါ နားစွင့်နေကြရင်းက ကြားသည်ဟု မပြော။ ထောင်လ ပြောသော ဗီးရေလုံး တောင်ရိုက်လာသံ၊ တောအော်လာသံ ဆိုသည်မှာ ဟုတ်မှ ဟုတ်ရဲ့လားဟု ထောင်လ၏မျက်နှာကို စိုက်ကြည့်နေကြသည်။ ပြီးမှ-

"ငါတို့တော့ မကြားမိဘူးကွ၊ မင်း ကြားတယ် ဟုတ်လား"

"ဟုတ်ကယ်၊ ငါ ကြားတယ်"

ထောင်လက လိုဏ်ခေါင်းဘေးနံရံကို နားနှင့် ထပ်ကပ်ကြည့်ပြီး ပြတ်ပြတ်ပင် ပြောပြန်၏။

"ဒါ ဒါဆို ငါတို့ ဘာလုပ်ကြမလဲ"

သူတို့ မကြားသော်လည်း ထောင်လကို စိုင်းဘောင်က မေးလိုက်၏။

"ခုချက်ချင်း စခန်းပြောင်းရမယ်၊ ဒီနေရာက မြစ်ကြောင်းရေစီးနဲ့ သိပ်နီးနေတော့ ရေမလွတ်နိုင်ဘူး"

ယခုထိ သူတို့သုံးယောက်က ထောင်လ၏စကားကို မယုံချင်ကြသေး။ သို့သော် ညက ရေစီးလာသံကို သူတို့သုံးယောက်စလုံး ကြားခဲ့ကြရသည်။ သူတို့မှာ ထူးထူးခြားခြား မကြားဘူးသော အသံကြောင့် ထိတ်လန့်ခဲ့ကြရသည်။ နောက်ဆုံး အသံကြီး ကျယ်လာသဖြင့် ထောင်လကိုပင် နှိုးခဲ့ကြရသည်။

တဝေါဝေါ အော်မြည်လာသံကို ခဏသာ နားစွင့်ယောင်ပြီး ထောင်လက မြစ်ညာမှာ မိုးရွာ၍ ရေစီးလာသံဟု အတပ် ပြောခဲ့သည်။ ဤနေရာကို ထိုရေများ မရောက်လာနိုင်သေး၊ ဝေးသေးသည် ပြန်အိပ်ကြဟု ပြောခဲ့သည်။ သူ့စကားနှင့် မရှေးမနှောင်းမှာပင် တဝေါဝေါ အော်မြည်လာသံကလည်း တဖြည်းဖြည်းဝေးပြီး ပျောက်သွားခဲ့သည်။ ထောင်လကသာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရဲ့သော်လည်း ညက သူတို့သုံးယောက်စလုံး ကောင်းစွာ အိပ်မပျော်ခဲ့ကြ။ အတွေးကိုယ်စီနှင့် ပျော်လိုက်၊ မပျော်လိုက်နှင့် ကြက်အိပ် ငှက်အိပ်သာ ဖြစ်ခဲ့ကြရသည်။

ညက ကြားခဲ့ကြရသော ထိုရေစီးလာသံသည် ဤစခန်းသို့ နေမွန်းမတည့်မီ ရောက်လာလိမ့်မည်ဟု ယခု ထောင်လက အတပ် ပြောနေပြန်ပြီ။

တောတောင် အတွေ့အကြုံနှင့် ဒေသကျွမ်းသော ထောင်လ၏စကားကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပယ်၍တော့မဖြစ်ဆိုသည်ကို သူတို့ သုံးယောက်စလုံး တွေးမိလိုက်ကြသည်။ သူတို့မှာ ဤလို တောရှေး၊ တောင်ရှေးအတွက် ထောင်လကို ခေါ်လာခဲ့ကြသည် မဟုတ်ပါလား။

"ငါတို့ ဘယ်နေရာ ရှေ့ကြရင် ကောင်းမလဲကွ"

သူတို့ကသာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့်မို့ ဘာမှ မလုပ်ကြသေးသော်လည်း စားနပ်ရိက္ခာထုပ်တွေကို အတွင်းထဲမှ သယ်ထုတ်နေသော ထောင်လဆီ လှမ်းကြည့်ပြီး စိုင်းဘောင်က ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိသဘော လှမ်းမေးလိုက်၏။

"ဟို တောင်ခြေဘက် ရှေ့ကြမှ ရေလွတ်မယ်"

ထောင်လက လက်နောက်ပြန် ထိုးပြသောဘက်ကို သူတို့သုံးယောက် လှမ်းကြည့်လိုက်ကြသော်လည်း ယောင်မှားခြင်းသာ။ ထောင်လ လက်ညှိုးထိုးပြသည်မှာလည်း နောက်ပြန် ဖြစ်နေသဖြင့် သူတို့နောက်တွင် ဂူပေါက်အဆုံးသာ ရှိလေသည်။

ထောင်လက နောက်ထပ် ဘာမှ မပြောတော့ဘဲ ရိက္ခာထုပ်များကို ဂူထဲက ဆွဲထုတ်နေသောအခါ သူတို့သုံးယောက်မှာလည်း ထောင်လနည်းတူ ဆွဲထုတ်ကြရပြန်သည်။

ဂူဝတွင် ပစ္စည်းတွေ အားလုံး စုပုံပြီးတော့မှ စိုင်းဘောင်က-

"ထောင်လ ညီလေး၊ မင်းပြောတဲ့ တောင်ခြေဆိုတာ ဘယ်နေရာလဲ"

ဂူဝရှေ့ ရောက်နေကြပြီဖြစ်သဖြင့် ဟိုဟိုသည်သည်ကြည့်ကာ စိုင်းဘောင်က ထောင်လကို ထပ်မေးသည်။

"ဟို တောင်ခြေနေရာဆို ရေလုံးရိုက် လွတ်ပါတယ်"

ဤစကားကိုတော့ ထောင်လက တုံ့တုံ့ဆိုင်းဆိုင်း ပြောသည်။ ပြီး သူပြောသော တောင်ခြေဘက်ကိုလည်း လှမ်းငေးကြည့်နေသည်။

ထောင်လနည်းတူ ရေလုံးလာရိုက်မည်ကို ကြောက်၍ ယာယီပြောင်းရွှေ့ကြရမည့်နေရာကို စိုင်းဘောင်တို့ သုံးယောက်မှာလည်း လှမ်းကြည့်ကြသည်။

တောင်ခြေသည် မဲနယ်ရောင်ထ၍ မှိုင်းပျနေသည်။ နံနက်ခင်း မြူဆိုင်းနေသဖြင့် တောင်ထိပ်ကိုပင် ပီပီပြင်ပြင် မမြင်ကြရ။ ဝိုးတဝါး မြင်နေရသော တောင်ထိပ်သည် မြူနှင့် မှိုင်းရိပ်မှိုင်းခဲထဲ တိုးဝင်နေ၏။ ဤသည်ကို သူတို့ဒေသစကားက မှိုင်းတိုက်နေသည်ဟု ခေါ်သည်။ မိုးသားမိုးရိပ်မဟုတ်။ မြူရိပ် နှင်းရိပ်သာ ဖြစ်သည်။ တောင်ထိပ်၏ အမြင့်မှာ ဝေဝါးဝေးလံနေသည်။ မြစ်ကွေ့တစ်ခုရှိ





တောင်စောင်းမှာ မြေပြို၍ ကျောက်သားကျောက်ဖျာကြီးတွေ ပေါ်နေသည်။ ထို ကျောက်သားကျောက်ဖျာအောက်တွင် သစ်တော ရှိသည်။

သည်လိုနှင့် သူတို့သည် ထောင်လ ဦးဆောင်ကာ တောင်ခြေသို့ စခန်းရွှေ့သွားကြသည်။ သူတို့ စခန်းအောက်တွင် သဲသောင်ခုံရှိသည်။ သဲသောင်ခုံ အဆုံးတွင် ကျောက်ဆောင် ကျောက်တုံးကြီးများ။ ထိုကျောက်ဆောင် ကျောက်တုံးကြီးများကို မိုးတွင်းဆိုလျှင် မြစ်ရေသည် အမြဲတိုက်စားထားသဖြင့် ချိုင့်များ၊ သိုက်များ ဖြစ်နေသည်။

"ဒီနေရာမှာ တို့ အမြဲ နေကြရမယ် ဆိုရင်တော့ မဖြစ်နိုင်ဘူးကွနော် ထောင်လ"

ထောင်လအကြိုက် ရေလွတ်မည် ဆိုသော စခန်းသစ်တောင်ခြေကို ရောက်သည်နှင့် စိုင်းဘောင်က ပြော၏။ စိုင်းဘောင် ဘာသဘောနှင့် ပြောသည်ကို မသိသော ထောင်လက-

"ဘာဖြစ်လို့လဲ"

"ဟ-ဘာဖြစ်ရမလဲကွ၊ ဒီနေရာက မြစ်ကွေ့မြစ်ကောက်နဲ့ သိပ်ဝေးတယ်လေ၊ ရေစီးလည်း အကွေ့အကောက် မရှိဘဲ တစ်ဖြောင့်တည်းဆိုတော့ ဘယ်ရွှေကျင်လို့ ရမလဲ"

စိုင်းဘောင် ပြောသည်မှာလည်း အမှန်ပင် ဖြစ်သည်။

ရွှေကျင်သော နေရာမှာ မြစ်ကွေ့၊ မြစ်ကောက်၊ တံတောင်ဆစ်ကွေ့ဖြစ်ဖို့ လိုသလို ရေစီးရေလာလည်း ကောင်းရမည်။ ရေစီးကြောင်း ကွေ့ကောက်ပါမှ၊ မြစ်ကြောင်းကွေ့ကောက်ပါမှ ရေစီးနှင့် မျောပါလာသော ရွှေမှုန်ရွှေပွင့်လေးများမှာ အကွေ့အကောက် ချိုင့်ဝှမ်းမြေခွက်များတွင် ခိုနား တင်ကျန်နေတတ်ကြသည်။

မြစ်ကြောင်း၊ ရေစီးကြောင်း တစ်ဖြောင့်တည်း ဖြစ်နေလျှင် ရေစီးနှင့်အထက်အညာမှ မျောပါလာသော ရွှေမှုန်ရွှေပွင့်တို့မှာ ခိုနားရာ မရှိသဖြင့် ရေစီးရေလာအတိုင်း အောက်ဘက်သို့ မျောပါသွားကြသည်။ မြစ်ဖြောင့်၊ ရေစီးကြောင်းဖြောင့်သော နေရာများတွင် ရွှေကျင်၍ မရ။ ဤသည်ကိုတော့ ကျွမ်းကျင်ရှာသား စိုင်းဘောင်တို့အဖွဲ့က ထောင်လထက် ကျွမ်းကျင်ကြသည်။

ထောင်လ ပြောသည်မှာ ရေလွတ်ရုံ တစ်ခုတည်းကိုသာ ကြည့်ပြောခြင်း ဖြစ်၏။ ရွှေကျင်သောလုပ်ငန်း သူ နားမလည်။ ထို့ကြောင့်လည်း စိုင်းဘောင်က ရွှေအကြောင်း ပြောသောအခါ ထောင်လမှာ ဘာမှ ပြန်မပြောတော့။ စိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်၏ မျက်နှာကိုသာ ငေးကြည့်နေသည်။

"ငါပြောတာ မင်းသဘောပေါက်သလား ထောင်လ"

"ဟုတ်မှာပေါ့၊ ဒီနေရာမှာ ရွှေ ရ မရတော့ ငါ မသိကော၊ ငါပြောတာက ရေလွှတ်ဖို့ ပြောတာပါ"

ထောင်လကလည်း အမှန်အတိုင်း ဝန်ခံစကား ဆိုသည်။

"အဲဒီတော့ တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

ဇော်ရိုးက စိုင်းဘောင်နှင့် ထောင်လတို့ကို ရည်ရွယ်၍ မေး၏။

"ရေကျလာပြီဆိုပါတော့၊ ကျရေ ဘယ်တော့ စစ်သွားမလဲ ထောင်လ"

ငမောင်က ထောင်လကို အကြည့်တစ်ချက်နှင့် မေးနေပြန်၏။

ငမောင်၏ အမေးကို ထောင်လက ချက်ချင်း မဖြေသေး။ ရေစီးရာ မြစ်ကြောင်းကို လှမ်း၍ ငေးကြည့်နေ၏။

ထိုအချိန်ထိ သူတို့နားထဲတွင် အညာရေပေါက်လာသံကို ဘယ်သူမှ မကြားကြရသေးသဖြင့် ဒီကောင်ပြောတာ ဟုတ်မှဟုတ်ရဲ့လား၊ စခန်းသစ် ပြောင်းတုန်းက သူ ဆရာ မလုပ်ရ၍ စိတ်ကောက်ပြီး တမင်များ ပြောတာလား ဟူသော မယုံသင်္ကာစိတ်နှင့် စိုင်းဘောင်က ထောင်လကို ထပ်မေးပြန်သည်။

"ဟင် ထောင်လ၊ မင်းအထင်ပေါ့ကွာ၊ ရေက ဘယ်နှရက်တောင် ကြီးပြီး ဘယ်နှရက်ကြာမှ စစ်မလဲ၊ တို့ ရွှေကျင်နိုင်ကြမလဲ၊ အကြာကြီး မိုးတွင်းလိုပဲ ရေတွေ ဒလဟော စီးဆင်းနေတော့မှာလား၊ အဲဒါကို ငါမေးတာကွ ထောင်လရ"

"ခဏဗျာ၊ ကျုပ် ဆင်းကြည့်လိုက်မယ်"

စိုင်းဘောင်၏ စကားအဆုံးမှာပင် ထောင်လသည် မြစ်ရေစီးထဲ ပြေးဆင်းသွားသည်။ ထိုအခါ သူ့ခွေးကလည်း ပြေးဆင်းလိုက်ရာ ထောင်လက သူ့ခွေးကို ပြန်မောင်းလွှတ်လိုက်သည်။ ထောင်လ၏ အလိုကိုသိသော သူ့ခွေးသည် ပြန်ပြေးလာပြီး စိုင်းဘောင်တို့ အနားတွင် ခြသေ့်ထိုင်ထိုင်ကာ သူ့သခင် ထောင်လဆီ လှမ်းကြည့်နေသည်။

"သွားစမ်း . . . ဒီခွေးက အရေးထဲ"

သူ့အနားကို ပူးပူးကပ်ကပ် လာနေသော ထောင်လ၏ခွေးကို စိုင်းဘောင်က တွန်းပစ်လိုက်သည်။

'ဒီကောင် ဘာများ သွားလုပ်ပါလိမ့်' ဟု စိုင်းဘောင်တို့ သုံးယောက်စလုံးက မြစ်ရေစီးထဲ ပြေးဆင်းသွားသော ထောင်လကို လှမ်းကြည့်နေကြသည်။

ထောင်လက မြစ်ရေစီးထဲထိ ဆင်းသွား၏။ မြစ်ရေထဲ သူ့လက်ကို နှိုက်လိုက်





တာ မြင်နေရသည်။ ခဏအကြာမှာ ပြန်ဖော်သည်။ ပြီး တစ်ခါ ရေထဲ ပြန်နှိုက်ပြန်သည်။ ပြီး မြစ်ညာဘက်ကို ခဏ လှမ်းငေးကြည့်နေသည်။

"ထောင်လ ဘယ့်နှယ်လဲကွ"

မြစ်ရေထဲက ပြန်ပြေးတက်လာသော ထောင်လကို စိုင်းဘောင်က ချက်ချင်း မေး၏။

"မြစ်ရေက သိပ်မစိမ့်ဘူးဗျ၊ မြစ်ညာမှာ မိုးသိပ်မများဘူး၊ ရေစီးမြင်းရင် အများဆုံး တစ်ရက်ပဲ။ ရေကတော့ လာနေပြီ၊ ကျုပ် စောစောက ပြောခဲ့သလို ခနမွန်းမတည့်မီ ဒီကို ရောက်လာလိမ့်မယ်။ ညက ကြားလိုက်ကြတဲ့အသံက တောင်ကမ်းပါးယံတွေကို ရေလုံးကြီး ဝင်တိုက်သံပဲ။

မိုးဖွဲ့ခေါင်းက တောင်တွေ ပြိုလို့ ပိတ်သွားတဲ့ တောင်နှစ်လုံးကြားက ဆည်ကြီး၊ ချောင်းပိတ်ကြီးတွေကို ခု မိုးကြီးလို့ ရေလုံးကြီး ဝင်ရိုက်တော့ ကျိုးပေါက်သွားပြီး ရေလှိုင်းလုံးကြီးတွေလို ဗော်မြည်လာနေတာ။ ရေလှိုင်းရေလုံးကြီး ဒီကို ရောက်လာရင် ဟိုကျောက်ဆောင်တွေ အကုန်မြုပ်သွားနိုင်တယ်။ ဒါပေမယ့် သိပ်မကြာဘူး၊ ရေက တစ်လုံးပေါက် ချောင်းပိတ် တာကျိုးရေတွေဆိုတော့ ညနေကျရင် စဲသွားပါလိမ့်မယ်၊ သိပ်မစိုးရိမ်ပါနဲ့ ဆလိုင်း"

"ဟုတ်လား၊ ဒါဆို တို့စခန်းပြန်ပြောင်းလို့ ရမယ်ပေါ့"

ယာယီ ပြောင်းနေကြရသော စခန်းသစ်ကို မကြိုက်သဖြင့် စောစောစီးစီး မူလစခန်းကို ပြန်ရန်သာ ဆန္ဒစောနေသော စိုင်းဘောင်က မေးသည်။ သူ့အနေမှာ ရွှေကျင်ရက်ကို တစ်နေ့ တစ်ရက်မျှပင် အပုပ်မခံချင်ပေ။

"ဒီနေ့တော့ ဘယ်လိုမှ ပြန်ပြောင်းလို့ မရနိုင်ဘူး၊ မိုးရေစဲမှာက ညနေမှ ဆိုတော့ မိုးချုပ်သွားလိမ့်မယ်။ ဒီတစ်ညတော့ ဒီမှာပဲ ဖြစ်သလို နေကြရလိမ့်မယ် ဆလိုင်း"

"မနက်ကျတော့ကောကွာ"

"မနက်ဖြန် မနက်ဆို ပြန်ပြောင်းနိုင်ပါလိမ့်မယ်"

ထိုအချိန်မှာပင် ထောင်လပြောသလို မြစ်ညာမှ ရေလုံးကြီး စီးရိုက်လာသံသဲ့သဲ့ကို ထောင်လနားထဲမှာတော့ ကြားနေပြီ။

ထောင်လ၏ စကားအဆုံးမှာ စိုင်းဘောင်က သက်မတစ်ချက်ကို ချမိုက်သည်။ ရွှေကျင်ရမည့်ရက်တွေ အလဟဿဖြစ်သွားမှာ၊ တစ်ရက် နှောင့်နှေးသွားမှာ သူ စိုးရိမ်နေ၏။

သူတို့ တစ်ညတာအတွက် ယာယီစခန်းကို ရှင်းလင်းနေကြချိန်တွင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရေလုံးကြီး စီးရိုက်လာသံကိုတော့ ဤတစ်ခါ အားလုံး ကြားကြရပြီ ဖြစ်သည်။

ထောင်လ ပြောခဲ့သလိုပင် မြစ်ရေလုံးကြီးမှာ မိနစ်ပိုင်းအတွင်း တဟည်းဟည်း တဟဲဟဲ အော်မြည်လာသည်။ တစ်မိနစ်ထက်တစ်မိနစ် ပို၍ ကျယ်လောင်လာသည်။ နာရီဝက်အတွင်းမှာပင် မြစ်ရေစီးသည် အဆမတန် ပြင်းထန်လာသည်။ တဝေါဝေါ အော်မြည်လာသည်။

စခန်းသစ်ကို ရှင်းလင်းနေကြရင်း မြစ်ညာဘက်မှ လှိုင်းလုံးကြီးတွေလို လိမ့်ဆင်းလာသော ရေစီးကြမ်းကြီးကို သူတို့ လှမ်းကြည့်နေကြသည်။ ရေလုံးကြီးသည် တောင်ကမ်းပါး၊ မြစ်ကမ်းပါးတို့ကို ပြေးရိုက်လာသည်။ ကမ်းပါးရှိ သစ်ပင်ကြီးများ လဲပြိုကျကာ ရေစီးလှိုင်းလုံးကြီးတွေနှင့် မျောပါသွားကြသည်။ မြေသားကမ်းပါးကြီးတွေလည်း ပြိုကျကုန်သည်။

မြစ်ကြောင်းကျဉ်းသဖြင့် ရေပြင်မှာ ချက်ချင်း မို့မောက်လျှံတက်လာသည်။ တအိအိ မြင့်သည်ထက် မြင့်တက်လာသည်။ ကျောက်ဆောင်ကျောက်တုံးကြီးများ ရေထဲ နစ်မြုပ်ကုန်ကြသည်။ ကြည့်နေကြရင်းပင် မြစ်ရေစီးသည် သူတို့ စခန်းသစ်အောက်ရှိ သဲသောင်ကို နှစ်မြုပ်ပစ်လိုက်သည်။ မယုံကြည်နိုင်လောက်အောင် လျင်မြန်သော ရေအလျဉ်သည် သဲသောင်ချုံပုတ်စမှ တောစနားကို ရောက်လာသည်။

"ဟင် ထောင်လ၊ ဒီအတိုင်းသာ ရေလုံးကြီး အမြင့်လာနေရင် ငါတို့နေရာတောင် ရေလွတ်ပါ့မလားကွ"

အရေးကြုံလျှင် သူများတကာထက် စိုးရိမ်လွန်တတ်သော ဇော်ရိုးက ယခုမှ ထောင်လကို အားကိုးတကြီးနှင့် မေးလာ၏။

"စိတ်ချနေပါဗျာ၊ ဒီနေရာတော့ ရေလုံးကြီးတွေ ရောက်မလာနိုင်ပါဘူး။ အတော်ကြာ ပြန်ကျသွားပါလိမ့်မယ်။ ဟိုတစ်နေ့က မြစ်ညာမှာ ရွာသွားတဲ့မိုးရေဟာ ဒါအကုန်ပါပဲ"

ထောင်လကတော့ စိုးရိမ်သောကမဲ့စွာ အေးအေးတည်တည်ပင် ပြန်ပြောသည်။

သူတို့သည် နေရောင်ထဲတွင် တလက်လက်ထ၍ တစ်ဟုန်ထိုး စီးဆင်းနေသော ရေအလျဉ်ကို လှမ်းကြည့်ကာ စိုးရိမ်သောက ဖြစ်နေကြသည်။

သူများတွေကသာ စိုးရိမ်သောက ဖြစ်နေကြသော်လည်း ထောင်လကမူ ရေပြင်ကိုပင် တစ်ချက်မျှ လှမ်းမကြည့်တော့။ သူ့ခွေးကို စကားပြောလိုက်၊ စခန်းသစ်တွင် နံနက်စာ ချက်ပြုတ်လိုက်နှင့် အေးဆေးတည်ငြိမ်စွာပင် ရှိနေသည်။





...ု တာဝန်ယူထားရသည့် ချက်ရေးပြုတ်ရေးကို ဘယ်နေရာရောက်ရောက် ...ထောင်လကား ဝတ္တရားမပျက် ချက်ပြုတ်လျက်ပင်။

"အေးကွ၊ စောစောကသာ တို့ စခန်းမပြောင်းမိကြရင် ခုလောက်ဆို ...အားလုံး ရေအောက် ရောက်သွားကြပြီးနေမှာ။ တို့စခန်းလည်း ရေနစ်နေပြီ၊ ...ရေလုံးကြီး ပြေးဆင်းလာတာလည်း မြန်လိုက်တာ ကြောက်စရာကြီးပဲ၊ ချက်ချင်း ...ုတစ်ရပ်နှစ်ရပ် မြင့်တက်သွားတယ်၊ ဒီလောက် ရေလုံးကြီးတွေ လှိုင်းလို ပြေး...ဆင်းလာကြတာ ငါကတော့ တစ်ခါမှ မမြင်ဖူးဘူး၊ လူမပြောနဲ့ ခွေးတွေ၊ မြင်း...တွေတောင် ပြေးလွတ်မှာ မဟုတ်ဘူး"

"အေးဗျ၊ ဒီလောက် ရေစီးမြန်မှန်း စောစောကသာသိရင် ထောင်လခွေးကို ...အစမ်းလေ့ကျင့်ခိုင်းကြည့်ကြရင် ကောင်းသား"

စိုင်းဘောင်၏ စကားအဆုံးမှာ ဇော်ရိုးက ထောင်လ ခွေးချစ်တတ်မှန်း ...သိ၍ တမင် စ,သည်။

ထောင်လက ဇော်ရိုးကို တစ်ချက်သာ လှမ်းကြည့်၏။ ဘာမှ မပြော။ ...နံနက်စာ ထမင်းကျက်ပြီ ဖြစ်သဖြင့် ထမင်းစားကြရန်သာ ပြောသည်။

နေမွန်းစောင်းကြီးတွင် မြစ်ရေက သိသိသာသာ လျော့ကျသွားသည်။ ...ဟစောကလို အရှိန်အဟုန်လည်း မပြင်းတော့။ လက်ကျန် မြစ်ရေတွေမှာ ...တအိအိသာ ကျနေသည်။

သူတို့သည် တစ်ရက်နှင့်တစ်ည ယာယီစခန်းသစ်၌ပင် နေနေကြသည်။

နောက်တစ်နေ့ နံနက်မှာ မြစ်ရေက ပုံမှန်နီးနီး စစ်သွား၏။

မြစ်ဘေးနှစ်ဖက်ရှိ ကျောက်ဆောင် အကြိုအကြား၊ ကျောက်တုံးများ အကြို...အကြား၊ သစ်ပင်ချုံပုတ်များ အကြိုအကြားတွင် တောတိရစ္ဆာန် အသေကောင် ...တွေကို ညပ်၍ တင်၍ တွေ့ကြရသည်။ မြစ်ညာက အော်မြည် ပြေးဆင်းလာသော ...သောင်ကျ ချောင်းကျရေတွေကို ရှောင်ပြေး မရ၍ မြစ်ထဲ ရေဆင်းသောက်နေ...သော တောတိရစ္ဆာန်များ၊ တောင်ပြို၍ ဆည်တာ ဖြစ်နေရာမှ ကျိုးပေါက်လာပြီး ...လှိုင်းလုံးရေလုံးကြီး အရိုက်ကို အစာရှာစားနေရင်း ခံလိုက်ကြရသော တိရစ္ဆာန်...များ၏ အသေကောင်များ။

ကျောက်ဆောင်၊ သစ်ပင်များ အကြိုအကြားတွင် ညပ်၍ တင်၍ သေနေ...ကြသော ချေ၊ ဖွတ်၊ ဝက် အသေကောင်များကို ထောင်လနှင့်တကွ ရွှေရှာအဖွဲ့...က ရှာကောက်ကြသည်။ အစိမ်းချက်ပြုတ်စားသောက်၍ မကုန်နိုင်သဖြင့် ...အသားတွေကို လှီးဖြတ်၍ နေလှန်း ကျပ်တင်ကြသည်။ သူတို့အတွက် ...မြမဖွေ...



www.burmeseclassic.com

www.burmeseclassic.com



မလိုက်၊ မသတ်ရဘဲ ရလိုက်ကြသော ပွဲသကူအသားတွေမှာ သူတို့အတွက် တစ်လစာနီးပါးပင်။

မိုးကြီး ရွာသွားသဖြင့် မြစ်ညာဘက်တွင် ရာသီဥတု ကောင်းမွန်နေသည်။ ကောင်းကင်သည် ကြည်လင် သန့်စင်သွား၏။ တိမ်ဘစ်စ မိုးရိပ်တစ်ဖွဲ့ကိုပင် ကောင်းကင်ထက်တွင် မမြင်ကြရတော့။ ဝေးလံသီခေါင်သောအရပ်မှ တောင်တန်းမြင့်ကြီးများ၏ တောင်ထိပ်များကိုပင် နေရောင်ခြည်နှင့် လှမ်းမြင်နေကြရသည်။ သို့သော် သူတို့၏ ရှေ့မည်းတောင်ကြားကမူ ခဏအကြာမှာပင် မြူဆိုင်း၍ နေလုံးသည် ရောင်ခြည် မထွက်တော့ဘဲ ငါကြန့်ကြန့် နီရဲရဲ ဖြစ်သွားပြန်သည်။ ချက်ချင်း အေးစိမ့်လာပြန်သည်။

ကြည်လင်သော ကောင်းကင်နှင့် နေရောင်ခြည်ကို ကြည့်လိုမြင်လိုလျှင် မြစ်အောက်ဘက် ဝေးဝေးမြင့်မြင့်ကို လှမ်းကြည့်ကြရ၏။ နေရောင်ခြည်ကို ဝေးလံသော၊ ဝေသီမြင့်ခေါင်သော တောင်ထိပ် တောင်ထွတ်ဖျားတို့၌သာ မြင်နိုင်ကြတော့သည်။

စိုင်းဘောင်တို့အဖွဲ့သည် စခန်းသစ် ကျင်ကွက်သစ်တစ်ခုသို့ ရောက်လာကြပြန်သည်။

ဤစခန်းကို စိုင်းဘောင်က သိပ် စိတ်တိုင်းမကျ။ မြစ်ကွေ့က ပြေလွန်းသည်။ ကွေ့သည်ဆိုရုံမျှ ကွေ့နေသော မြစ်ကွေ့။ ရွှေမှုန်ရွှေပွင့်တို့ နားခိုရန် နည်းသောနေရာ။ လျှောပြေသောမြစ်ကွေ့တွင် သဲသောင်နှင့် ရေစီးကြောင်းကလည်း အလှမ်းဝေးသည်။ တဲစခန်းလုပ်ရန် နေရာအကွက်အကွင်း ကောင်းသော်လည်း တစ်ပတ် မပြည့်မီပင် ပြောင်းရွှေ့ကြရမည့်နေရာဟု သူ ထင်သည်။ ထို့ကြောင့် ထောင်လ ရွေးပေးသော ဤနေရာကို စိုင်းဘောင်က မကြိုက်ပေ။

ထို့ကြောင့် စိုင်းဘောင်နှင့် ဇော်ရိုးတို့သည် တစ်မနက်မှာ သေနတ်ထမ်း၍ စခန်းသစ်ရှာရန် ထွက်သွားကြသည်။ သူတို့နှင့်အတူ ထောင်လ၏ ခွေးကိုလည်း အားကိုးအားထားသဖွယ် ခေါ်သွားကြသည်။

စခန်းတဲသစ်တွင် ငမောင်နှင့် ထောင်လတို့ ကျန်ရစ်ကြ၏။

သူတို့ထွက်သွားပြီး နေမွန်းမတည့်မီ မြစ်ညာဘက်မှ သေနတ်သံ တစ်ချက်ကို ကြားလိုက်ကြရသည်။

"တောဝက်ပဲလား၊ ချေပဲလား၊ ဆတ်ပဲလား တစ်ကောင်ကောင်တော့ ကျိန်းသေပြီကွ ထောင်လ၊ စိုင်းဘောင်က ရိုင်ဖယ်ပစ် သိပ်တော်တာ၊ လတ်အရမ်းဖြောင့်တယ်"





ငမောင်က သေနတ်သံကို နားစွင့်ရင်း ထောင်လကို ပြော၏။

"ငါတို့မှာ အသားခြောက် ကျပ်တိုက်တွေ ရှိနေသေးတာပဲ၊ ဘာလို့ ပစ်လဲ မသိဘူး"

ထောင်လက သေနတ်သံကြားသည်ကို မကြိုက်သဖြင့် ပြော၏။

"ငါတို့က နောက်နှစ်လလောက် အနည်းဆုံး ရွှေကျင်ကြဦးမှာ ဆိုတော့ ရှိနေသေးပေမယ့် နောက်လအတွက် အသား မပူပင်ရဘူးပေါ့ကွာ၊ ဆတ်ရရင် ကောင်းမယ်"

ငမောင် ပြောသည်မှာလည်း မှန်တော့ မှန်သည်။

သူတို့ မြစ်ညာကို ရောက်နေကြသည်မှာ တစ်လလောက်သာ ရှိသေးသည်။ ယခုလို ရွှေရပုံမျိုးနှင့်ဆိုလျှင် သူတို့ နောက်နှစ်လ သို့မဟုတ် သကြင်္န်လွန် ဘန်ခူးလကုန်လောက်တွင် မိုးကြီး၍ ချင်းကွင်းအညာရေ ပေါက်လာတော့မည် ဖြစ်သဖြင့် မဖြစ်မနေ ပြန်ကြရမည်။

ငမောင်၏စကားကို ထောင်လက ဘာမှ ပြန်မပြောတော့။ ညမနက်စာ ထမင်းဟင်းကိုသာ ချက်ပြုတ်နေသည်။ သူတို့မှာ အသားများများ ရထားကြသဖြင့် ထမင်းကို နည်းနည်းသာ စားပြီး အသားဟင်းတွေကို များများစားနေကြသည်။ ထောင်လ၏ခွေးကိုလည်း အသားများများ ကျွေးထားနိုင်ကြသည်။

မြစ်ညာဘက်မှ သေနတ်သံတစ်ချက် ကြားလိုက်ကြရပြီး မကြာမီ မျက်စိမျက်မျက်နှာပျက်နှင့် စိုင်းဘောင်၊ ဇော်ရိုးတို့ ပြန်ရောက်လာကြ၏။

သူတို့တွင် သားကောင်အမဲ ဆို၍လည်း ဘာအကောင်ဝလောင်မှ ပါမလာကြ။ သူတို့နှင့်အတူ လိုက်သွားသော ထောင်လ၏ခွေးပင် ပါမလာ။ ထို့ကြောင့် ထောင်လက စိုင်းဘောင်တို့ကို မေး၏။

"ငါ့ခွေးကော ဆလိုင်း"

"မြစ်ညာက တောထဲမှာ မင်းခွေးနဲ့ တောခွေးကြီးတစ်ကောင်က အသေအကျေကို ကိုက်ကြတယ်ကွ။ မင်းခွေးက သေးသေး၊ တောခွေးကြီးက ကြီးကြီးဆိုတော့ မင်းခွေးက မနိုင်ဘူး၊ ငါတို့ ပြေးလိုက်သွားကြတော့ မင်းခွေးက အောက်က ပက်လက်လန်နေပြီး တောခွေးကြီးက မင်းခွေးလည်မျိုကို တအားခဲထားတယ်။ ကြာရင် မင်းခွေး သေမှာ စိုးတာနဲ့ တောခွေးကြီးကို ငါသေနတ်နဲ့ အသေ ပစ်သတ်လိုက်တယ်"

"ဟင် ဒါဆို၊ ခု ငါ့ ငါ့ခွေးကော"

"မင်းကလည်း ငါ့စကားဆုံးအောင် နားထောင်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခွေးကိုသာ အရေးတကြီး အလျင်စလို မေးနေသော ထောင်လတို
စိုင်းဘောင်က လက်အရင် ကာပြ၏။ ပြီးတော့မှ-

"မင်းခွေးကို အပေါ်က ဖိကိုက်နေတဲ့ တောခွေးကြီးကို ငါတို့ သေနတ်နဲ့
ပစ်သတ်လိုက်လို့ မကြာခင်မှာပဲ လင်မယားလား၊ မောင်နှမလား မသိဘူး
ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် တို့အနား ရောက်လာ
ကြတယ်၊ ဘယ်ကဘယ်လို ရောက်လာကြမှန်း တို့လည်း သတိမထားမိလိုက်ဘူး
ချုံထဲက ရုတ်တရက် ထွက်လာကြတာ။ သူတို့နှစ်ယောက်က တောခွေးသေကြီး
ကိုမြင်တော့ တို့ကို စားတော့ ဝါးတော့မယ့်အတိုင်း စူးစူးစိုက်စိုက် ကြည့်ပြီး
သူတို့ခွေးကို ဘာလို့ သတ်ရလဲတဲ့၊ လက်သီးငေါက်ငေါက်ထိုးပြီး တို့ကို မေးတယ်
ထင်တာပဲ။

တို့ကလည်း တောခွေးထင်ပြီး သေနတ်နဲ့ ချောက်လှန့်ပစ်တာ မတော်တဆ
ထိသွားတာပါလို့ ပြောရတာပေါ့၊ ဒါပေမယ့် ငါတို့ပြောတာ သူတို့က ကောင်း
ကောင်း နားလည်ပုံ မရဘူး၊ သူတို့ စကားလည်း ငါတို့ ကောင်းကောင်း နားမလည်
ဘူး၊ လက်ပြခြေပြ ပြောတော့ ပြောကြတာပဲကွ၊ ဘယ်လိုဆိုတာ သေသေချာချာ
ငါတို့လည်း သဘောမပေါက်ဘူး။

နောက်တော့ သူတို့ခွေးသေကို သူတို့ထမ်းပြီး ချုံထဲ ဝင်သွားကြတာ
ချက်ချင်း ကြက်ပျောက်ငှက်ပျောက်ပဲ။ တို့ကို လှည့်တောင် တစ်ချက် မကြည့်
ကြဘူး။ သူတို့ နှစ်ယောက် ချုံထဲ ဝင်ပျောက်သွားကြတော့ မောလို့ တို့နှစ်ယောက်
ကြားထဲ ဟောဟဲ ဟောဟဲ အမောလာဖြေနေတဲ့ မင်းခွေးကို ဘယ်ကဘယ်
ပစ်လိုက်မှန်း မသိတဲ့ မြားစူးတစ်စူးက ဝှီခနဲ တို့နှစ်ယောက်ကြား ဝင်လာပြီး
မင်းခွေးကိုယ်ပေါ် လာစိုက်တယ်၊ ခွေးက တစ်ချက်ပဲ အော်ခုန်လိုက်ပြီး ချက်ချင်း
သေသွားတယ်။ သေနတ်က ချက်ကောင်း မှန်တာတောင် ဒီလောက် အသေ
မမြန်နိုင်ဘူး။

ဒါအထင်တော့ စောစောက ကောင်လေးနဲ့ ကောင်မလေး တစ်ယောက်
ယောက်က ဆိပ်လူးမြားနဲ့ ပစ်လိုက်တယ် ထင်တာပဲ။ မင်းခွေးက သူတို့ ခွေး
ကိုက်လို့ မောပြီး ငါတို့နှစ်ယောက်ကြား ဆောင့်ကြောင့်ထိုင် အမောဖြေနေတာ
သိပ်လက်ဖြောင့်တဲ့ကောင်တွေ။ ဒါနဲ့ ချက်ချင်းပဲ တို့လည်း လူကိုပါ မြားနဲ့ပစ်
ရမှာစိုးလို့ ခွေးပြေးဝက်ပြေး ပြေးလာခဲ့ကြရတယ်"

စောစောကသာ မျက်နှာအပျက်ပျက် ဖြစ်လာကြသော်လည်း ဤစကား
ကိုတော့ စိုင်းဘောင်က ဂရုမစိုက်သည့်ဟန်နှင့် ပြော၏။





ထောင်လကမူ တုန်လှုပ်မိသည်။

စိုင်းဘောင်သည် ဤဒေသသားတို့၏ ဆိပ်လူးမြားအကြောင်းကို မသိ၍
သာ အရေးမကြီး၊ ဂရုမစိုက်သလို ပြောနေ၏။ သို့မဟုတ် ထောင်လက သူ့ခွေး
သေသွားသည်ကို ပြစ်တင်စကား ဆိုလာမှာ စိုး၍ အရေးမကြီးသလို၊ ခွေး
တစ်ကောင်သေတာ အကြောင်းမဟုတ်သလို ပေါ့ပေါ့တန်တန်ပင် တမင်လုပ်
ပြောနေသလား။ ဤသည်ကိုတော့ ထောင်လ မစဉ်းစားတတ်။

မည်သို့ဆိုစေ ဤဒေသသားတို့၏ ဆိပ်လူးမြား အကြောင်းကို သိသော
ထောင်လကတော့ စိုင်းဘောင်၏ စကားကို ကြားလိုက်ရသောအခါ ကျောချမ်း
သွားမိသည်။ ထိတ်ထိတ်လန့်လန့်လည်း ဖြစ်သွားမိသည်။

သေကျန်ခဲ့သည်ဆိုသော သူ့ခွေးနှင့် ပတ်သက်၍လည်း ထောင်လ နှမြော
ဝမ်းနည်းသွားသည်။ သို့သော် သူ့ခွေးကိစ္စ ထောင်လ ဘာမှ မပြောတော့။
ထောင်လမှာ မုဆိုးဖိုဖို စကားအပို ပြောတတ်သူလည်း မဟုတ်။ သေကျန်ခဲ့သော
ခွေးက ပြန်ရှင်မလာတော့ဘူး ဆိုတာ သူ သိသည်။ စကားပြောနေ၍လည်း
အကြောင်းမထူး။ တောထဲတောင်ထဲ စကားများကြရလျှင်လည်း မကောင်း။
ခွေးကိစ္စ အမေးအမြန်းထူနေ၍လည်း အကြောင်းထူးတော့မည် မဟုတ်။

သူ့ခွေး သေကျန်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ထောင်လက လုံးဝ စကား
မဆက်သော်လည်း အတွေးတွေကတော့ မီးခိုးကြွက်လျှောက် သူ့ဦးနှောက်ထဲ
ဝင်လာနေသည်။

ဤဒေသက တောင်ပေါ်သားများ အသုံးပြုသော မြားဆိပ်မှာ သူတို့
ချင်းတွင်းက မုဆိုးကျော်များပင် မသုံးတတ်သောမြားဆိပ် ဖြစ်သည်။ လေးဖက်
နှင်း၊ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ တစ်ကွင်းဖြတ်၊ တစ်တောင်ကျော် စသည်ဖြင့်
အခေါ်အဝေါ်များ ရှိသည်။

သက်ရှိသတ္တဝါ တစ်ကောင်ကောင်အား လေးဖက်နှင်းမြားဆိပ်နှင့် အခွင်း
ခံရလျှင် ခြေလေးချောင်း တစ်ချောင်းမျှ မမြောက်နိုင်ဘဲ ရပ်နေသော နေရာမှာ
ပင် ချက်ချင်း သေ၏။ တစ်ဆွေ့ခုန်ဆိုလျှင် မြားဆိပ်ထိပြီး တစ်ချက်သာ ခုန်နိုင်
၏။ နှစ်ဆွေ့ခုန်ဆိုလျှင်လည်း နှစ်လှမ်း နှစ်ချက်သာ ခုန်နိုင်သည်။ တစ်ကွင်း
ဖြတ်မြားဆိပ်နှင့် အခွင်းခံရလျှင်လည်း မည်သည့် သက်ရှိသတ္တဝါမဆို တစ်ကွင်း
ဖြတ်လောက်ခရီးကိုသာ သွားနိုင်ပြီး သေ၏။ တစ်တောင်ကျော်ဆိုလျှင်လည်း ထိုနည်း
တူကောင်းပင် မြားထိပြီး တောင်တစ်လုံးသာ ကျော်နိုင်ပြီး သေလေသည်။

ယခု သူ့ခွေးကို ခွင်းလိုက်သောမြားဆိပ်သည် လေးဖက်နှင်းနှင့် တစ်ဆွေ့ခုန်



www.burmeseclassic.com

www.burmeseclassic.com



မြားဆိပ် တစ်ခုခု ဖြစ်ရမည်။ မြားဆိပ်ထဲတွင် အပြင်းဆုံးမြားဆိပ် ဖြစ်၍။ သွေးပေါက်သည်နှင့် သွေးအဆိပ်ဖြစ်ပြီး ချက်ချင်း သေသည်။ ထို့ကြောင့်လည်း စိုင်းဘောင်က သူ့ခွေးသည် တစ်ချက်သာ အော်ခုန်နိုင်ပြီး သေသွားသည်ဟု ဆိုသည်။

စိုင်းဘောင်တို့အတွက် တစ်ချက် သက်သာသွားသည်မှာ သူတို့ဒေသ ယုံကြည်ချက် ကလဲ့စားချေမှု ဥပဒေသကြောင့် ဖြစ်သည်။ သူတို့ဒေသ၏ ကလဲ့စားချေမှုမှာ ညီမျှသော ကလဲ့စားချေမှုသာ ရှိ၏။ ဥပမာ သူတို့၏ နွားနောက် တစ်ကောင်ကို တစ်စုံတစ်ယောက်က သတ်သွားလျှင် ထိုသတ်သွားသူ၏ နွားနောက်ကို လိုက်သတ်ရမှ အထုံးပြေသည်။ ကျေနပ်ကြရသည်။ လူလူချင်း ဟိရစ္ဆာန် တိရစ္ဆာန်ချင်း ညီမျှသော ကလဲ့စားကို ချေပြီးမှ ကျေနပ်မှု နှစ်ဦးနှစ်ဖက် ယူတတ်ကြသည်။ အကြွေးဆပ်တတ်ကြသော အလေ့အထရှိသည်။ ဤသည်ကို သူတို့စကားနှင့် 'အထုံးဖြေသည်၊ အထုံးပြေသည်' ဟု ခေါ်သည်။

ယခု သူတို့ခွေးကို စိုင်းဘောင်တို့က သတ်လိုက်ကြသဖြင့် သူတို့ကလည်း စိုင်းဘောင်တို့ခွေးကို သတ်၍ ကလဲ့စားချေလိုက်ခြင်း၊ အထုံးဖြေလိုက်ခြင်း ကြွေးဆပ်လိုက်ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ ထိုနေ့က ထောင်လမှာ တောဇေဟင် အမဲလိုက်ကောင်း၍ အလွန်လိမ္မာသော ခွေးတစ်ကောင် ဆုံးရှုံးသွားရသည်ကို တစ်နေ့လုံး တစ်ညလုံး စိတ်မကောင်းဖြစ်နေသည်။ နှမြောနေသည်။

အထူးသဖြင့် အိပ်ရာဝင်သောအခါ ပိုသတိရ၏။ သူ့ခွေးသည် ညတိုင်း သူ့အနားၐ အိပ်နေကျ။ စိုင်းဘောင်တို့ကို စိတ်ဆိုးသော်လည်း မကျေနပ်စိတ်ကို သူက အပြင်ထုတ်မပြ။ အတွင်း၌သာ အောင့်အည်းမျိုသိပ်ထားသည်။

* * *



စိုင်းဘောင်မှာ ကုလ္လွန်ရွာသားပီပီ ရတနာရွှေမြေအကြောင်းကို အမှန်သိသူ ပင်။ ဤစခန်းကို အစကပင် သူသဘောမကျခဲ့သလို ရွှေမှုန်ရွှေပွင့်တွေကလည်း ယခင် စခန်းတွေး ကျင်ကွက်တွေနှင့်စာလျှင် ရွှေရနည်းသည့်အပြင် ထောင်လ ၏ခွေးနှင့်ပတ်သက်ပြီး ပြဿနာကလည်း ဖြစ်ထားလေရာ သုံးလေးရက်အကြာ မှာပင် သူတို့သည် ရွှေပိုရနိုင်သော မြစ်လက်တက် တောင်ကြားတစ်ခုသို့ စခန်း ရွှေ့လာကြသည်။ သူတို့ အသစ်ပြောင်းလာကြသော မြစ်ကွေ့တောင်ကြားမှာ သူတို့ ထင်သလို ရွှေရကြ၏။

တစ်နေ့ နံနက်တွင် ထမင်းဟင်းချက်ပြီးသည်နှင့် ထောင်လသည် ဟင်း ရွက် ဝဲရောင်းချဉ် ရှာခူးရန် တောထဲ တက်လာသည်။ သူ ဟင်းရွက်ခူးနေစဉ် မိန်းမငယ်တစ်ယောက်၏ သီချင်းသံက ထောင်လ၏ နားစည်ကို လာရိုက်ခတ် သည်။ ဘယ်စခန်းမှာမှ မကြားဘူးသော သီချင်းသံကို ထောင်လ နားစွင့်သည်။

"ကျား၊ သစ်ဝံ. . . မြွေကောင်းပေါပါတဲ့၊ တောကြီးမျက်မည်းထဲ၊
မျက်စိလည် လမ်းမှားရင် ဘယ်လိုများ အိမ်ပြန်ရမလဲ၊ ဟေး. . .
ဝေး. . .
အလိမ္မာလေးရေ ငါ့ဆီလာပါဦး
အလိုက်သိတတ်သူလေးရေ
ငါ့အနားနေပါဦး. . .
ဒီတောဒီတောင်ထဲ ခုတော့ ငါ တစ်ယောက်တည်း. . .
ငါအိမ်ပြန်ရင် ငါနဲ့အတူ လိုက်မှာလား. . .
ငါ့ကို လာပြောပါဦး. . .
ငါ့ကို လာကြည့်ပါဦး. .
ဝေး. . ဟေး"



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံထဲမှာ ကျားသစ်၊ ဝံ၊ မြွေ၊ ကင်း ပေါပါတဲ့ တောကြီးမျက်မည်းထဲ ခုတော့ ငါတစ်ယောက်တည်း။ မျက်စိလည် လမ်းမှားရင် ဘယ်လိုများ အိမ်ပြန်မလဲ၊ ငါ့ဆီလာပါဦး၊ ငါ့အနား နေပါဦး တဲ့။

သီချင်းသံက ဘေးအန္တရာယ် တစ်ခုခုနှင့် ရင်ဆိုင်တွေ့နေရ၍ အကူအညီ တောင်းနေသံ။ လှိုက်လှဲနွမ်းလျဖွယ်သော ကရုဏာသံ။

ချင်းတွင်းမြစ်ညာဒေသသို့ ထောင်လ ရောက်နေသည်မှာ တစ်လနီးပါးရှိပြီ။ ဤနေ့ ကြားနေရသော တေးသီချင်းဆိုသံကဲ့သို့ လှိုက်လှိုက်လှဲလှဲ လွမ်းလွမ်းဆွေးဆွေး ကျူးရင့်နေသောသီချင်းသံကို ထောင်လ တစ်ကြိမ်တစ်ခါမျှ မကြားဖူးဘူး။

ဤတောဤတောင် ဤဝန်းကျင်၌ ထောင်လ ကြားဖူးနေကျ အသံတို့မှာ ဝံညည်းသံ၊ မြောင်တစ်သံ၊ ချေဟောက်သံ၊ ဝက်အီသံ၊ တောခွေးအူသံ၊ ကျားဟိန်းသံတို့သာ ဖြစ်သည်။ ဤနေ့မှ ထူးထူးဆန်းဆန်း မိန်းမသူတစ်ယောက်၏ သီချင်းဆိုငိုရှိုက်နေသံကို ကြားရသည်။

ထောင်လသည် သူ့မှဆိုးနားကို ပိုစွင့်ထားလိုက်၏။ သူ၏ နှလုံးခုန်သံကို ကြားနေရသည်ထိ ကိုယ်ကို ငြိမ်ထားသည်။ စိတ်ကို အငြိမ်သက်ဆုံး ဆောက်တည်ထားသလို သူ့ကိုယ်ကိုလည်း မယိမ်းမယိုင် မလှုပ်မရှားဘဲ တောင့်ထားသည်။

သီဆိုနေသော အမျိုးသမီးငယ်၏အသံမှာ နှလုံးသားထဲက ရိုက်ခတ်လာသော ခံစားချက်အပြည့်နှင့် လှိုက်မောဖွယ်ရာ ကောင်းလွန်းသော ကရုဏာသံပင်။ အသံမှာ ပတ်ဝန်းကျင် တောတောင်တစ်ခုလုံးကို ပဲ့တင်ပြန်ထပ်နေသဖြင့် ရုတ်တရက်မှု ဘယ်ဆီက လာနေမှန်း ထောင်လ မတွေးတတ်၊ မမှန်းတတ်။ အသံမှာ တောင်ချိုင့်ဝှမ်း တစ်ခုလုံးကို ပဲ့တင်ဟည်းနေသည်။

"ဟေး. ."

"ဟယ်. . ."

အသံလာရာကို ခန့်မှန်းနိုင်ရန် ထောင်လသည် ပါးစပ်ကို လက်နှင့်ကိုင်ညှစ်သည်။ အသံကို တအားကုန် ညှစ်ထုတ်၍ အော်ဟစ်လိုက်သည်။

ထောင်လ အော်ဟစ်လိုက်သောအသံမှာ တောင်ချိုင့်ကြားကို ပဲ့တင်ပြန်ရိုက်ကာ "ဟယ်. . ."ဟု သူ့ဆီသို့ ပြန်လာသည်။

"ဟေး. . .၊ ဟယ်"

"ဟေး. . .၊ ဟယ်"

ဤမျှဆိုလျှင် မုဆိုးလေး ထောင်လသည် အသံရှင်၏ မူလနေရာ၊ အသံလာရာကို ချက်ချင်း သိလိုက်ရပြီ။





တောတောင်တို့၏ ပဲ့တင်သံကို အသံပြန်ကူးယူမှုဖြင့် ထောင်လ သီချင်းသံကို ဖမ်းမိသွားပြီ။

"ကျား သစ်၊ ဝံ၊ မြွေ၊ ကင်း ပေါပါတဲ့ တောကြီးမျက်မည်းထဲ
မျက်စိလည် လမ်းမှားရင် ဘယ်လိုများ အိမ်ပြန်မလဲ"

သီချင်းသံက ရပ်မသွား။ သီချင်းရှင်သည် သူ့အသံနှင့်သူ လှိုက်လှဲစွာ ကျူးရင့်နေဆဲ။ အသံ၏ အနိမ့်အမြင့် သီဆိုနေသံမှာ ပို၍ လှိုက်မောဖွယ်ရာ ကောင်းလာသည်။

တစ်ချက်တစ်ချက်တွင် ရှိုက်သံသဲ့သဲ့ကိုပင် တပ်အပ် ကြားလာရသည်။ ဘယ်လို ဒုက္ခ၊ ဘယ်လို အခက်အခဲတွေနှင့်များ ရင်ဆိုင် ကြုံတွေ့နေရပါလိမ့် သီချင်းသည်ရယ်။

အသံရှင်က မည်သို့သော ခံစားချက်နှင့် သီဆို ကျူးရင့်နေသည်ကို မသိရသော်လည်း ထောင်လ၏ရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်လာသည်။ နှလုံးသည်းပွတ်ကို လာရောက် ကိုင်ညှစ်နေသလို ခံစားလိုက်မိသည်။

အသံရှင်အား တောကြီးမျက်မည်းထဲ စပါးကြီးမြွေကများ အိမ်မပြန်နိုင်အောင် ညို့ထားလေသလား။

ဝံအုပ်တွေကများ ရှေ့က ကာဆီးထားလေသလား။

ကျားသစ်ကများ သူ့နောက်ကို လိုက်ချောင်းနေလေသလား။

သီချင်းသည်အတွက် စိုးရိမ်ကြောင့်ကြ ပူပန်မှုစိတ်က ထောင်လ၏ တစ်ကိုယ်လုံး ချက်ချင်း ပျံ့နှံ့ဆူဝေသွား၏။

နေကလည်း ညိုသွားပြီ။

သီချင်းသံ၏ ညို့ငင်ဖမ်းစားမှုကြောင့် ထောင်လသည် သီချင်းသံ ကြားနေရသော နေရာဘက်ကို သူ့ခြေလှမ်းက အလိုလို လှမ်းမိနေသည်။

တစ်စုံတစ်ရာ ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရလျှင် ချက်ချင်း အဆင်သင့် ကူညီနိုင်ရန် ထောင်လသည် သူ၏ ပခုံးပေါ်က လင့်လေးကိုလည်း လက်ထဲ မြဲမြဲမြံမြံ စွဲကိုင်လာသည်။

စောစောက သူ လေးနှင့်ခွင်း၍ ရလာခဲ့သော တောကြက် အသေတစ်ကောင်ကို ဝံသားရေ ဘေးလွယ်အိတ်ထဲသို့ အလျင်စလို ထိုးထည့်လိုက်သည်။

ထောင်လသည် သူ့ခြေလှမ်းကို အသွက်လက်ဆုံးနှင့် အမြန်ဆုံး လှမ်းလာသည်။ မပြေးရုံတစ်မည် လိုက်လာရင်းက သတိကိုလည်း မလွတ်စေဘဲ သူ့ယပ်



www.burmeseclassic.com

www.burmeseclassic.com



ပို့ထားသည်။ ခဏအတွင်းမှာပင် တောင်နှာမောင်းတစ်ခုကို ဖြတ်ကျော်မိပြီးသား ဖြစ်သွားသည်။

မကြာမီ ဖုန်းဆိုးဟောင်း တောင်ယာပျက် ကိုင်းတောနားတစ်ခုသို့ ရောက်လာ၏။ ထိုအချိန်မှာပင် တိရစ္ဆာန်ကြီးတစ်ကောင်၏ နှာမှုတ်သံနှင့် ဝမ်းခေါင်းရှုသံက သူ့ခြေလှမ်းကို ချက်ချင်း တုံ့သွားစေသည်။

ထောင်လ၏ စူးရှရဲရင့်သော မျက်လုံးအကြည့်ထဲ နွားနောက်ကြီးတစ်ကောင်သည် ဘွားခနဲ ပေါ်လာလေ၏။ လူစိမ်းနံ့ရသော နွားနောက်ကြီးက သူ့ကို နှာမှုတ်သံတစ်ချက် ထပ်ပြု၍ နှုတ်ဆက်လာသည်။

"ရှိယာ. ."

ထောင်လနှုတ်က ရုတ်တရက် ထွက်သွားသည်။

"နွားနောက်"ဟူသော ထောင်လ၏အသံကြောင့် လွမ်းဆွေးကြေကွဲဖွယ်ရာ တေးသီချင်းဆိုနေသံမှာ ချက်ချင်း ရပ်သွားသည်။

ထောင်လ အကြည့်ဝေ့လိုက်၏။

နွားနောက်ကြီး၏ ဘေးနားဟွင်ရှိ ကျောက်တုံးကြီး တစ်ခုပေါ်တွင် ခြေထောက်တွဲလွဲချကာ မိန်းမပျိုလေးတစ်ယောက် ထိုင်နေသည်။ သူ့ကိုယ်ပေါ်တွင် ကျားသစ်ရေအင်္ကျီအပွကြီးနှင့် အောက်ခံသင်တိုင်းမှာ အညိုရောင် ဖြစ်သည်။

မိန်းမပျိုကလေးက ထောင်လကို မျက်လုံးအဝိုင်းသားနှင့် အံ့ဩတကြီး စိုက်ကြည့်နေသည်။ မျက်တောင်ပင် မခတ်။

ရုတ်တရက်မှု ထောင်လမှာ ကျောချမ်း၍ ကြက်သီးဖြန်းဖြန်းထသွားသည်။ မွေးညင်းများပင် ထိုးထိုးထောင်ထောင် ဖြစ်သွားသည်။

ဤလို တောကြီးတောင်ကြီးထဲ ဤမျှ လှပသော မိန်းကလေးကို သူတစ်ခါမျှ မမြင်ဖူးဘူး၊ မတွေ့ဖူးဘူး။ ဤနေ့မှ တောစောင့်တောင်စောင့်နတ်များက သူ့ကို တမင် လှည့်စားဖြားယောင်းနေလေသလား။ ပထမဦးဆုံး အသံနှင့် လှည့်ဖြားခေါ်နေသလို ယခု ရုပ်နှင့် ဖမ်းစားနေလေသလား။

ထောင်လက မိန်းကလေးကို စူးစိုက်ကြည့်၍ မှင်တက်မိနေ၏။ မျက်တောင်ပင် မခတ်မိ။

မိန်းမပျိုလေးသည် ရိုးရာ ဂျပ်ခုတ် သင်တိုင်းရှည်ကြီးကို ဝတ်ထားသည်။ သင်တိုင်းအပေါ်တွင် ကျားသစ်ရေ အင်္ကျီပွကြီးကို ထပ်၍ ဝတ်ထားသည်။ အဝတ်ဖုံးအုပ်ထားခြင်း မရှိသော ခြေ လက် မျက်နှာတို့၏ အသားအရေမှာ ဖြူဝင်းအိညက်နေသည်။ မျက်လုံး ကြည်ကြည်ဝိုင်းဝိုင်းနှင့် မျက်ခုံးနှစ်ဖက်က





ထူထဲသည်။ လပြည့်ဝန်းလို မျက်နှာဝိုင်းဝိုင်းမှာ ပြည့်မို့ပြီး ပါးအို့နှစ်ဖက်က နီစွေးနေသည်။ နှုတ်ခမ်းထူထူမှာ လျှမ်းစို၍ ရွှန်းလက်နီမြန်းနေသည်။ စောစောကတောသစ်သီး တစ်မျိုးတစ်မည်ကို စားထားပုံရသည်။ ပါးစပ်အောက်တွင် သစ်သီးရေ အစအနကို ပေထင်း၍ မြင်ရ၏။ သို့သော် အစက်အပေါက်ကွက်လေးက သူ့အလှကို ဖျက်ပြယ်မှုမပြု၊ ငေးကြည့်နေချင်စရာ ကောင်းလောက်အောင် လှပသော ပကတိ ပင်ကိုအလှပင်။

နားနှစ်ဖက်တွင် သုံးရက်လခြမ်း ပုံသဏ္ဌာန် ရွှေနားကွင်းလေးနှင့်။ လက်နှစ်ဖက်မှာ ကျောက်စိမ်းလား၊ ဖန်လား မသိသော လက်ကောက် အစိမ်း၊ အညို၊ အပြာတွေနှင့်။ ခြေထောက်မှာလည်း ထိုနည်း ကျောက်စိမ်းခြေချင်းတွေနှင့် ပခုံးပေါ်မှာ လွယ်ပလိုင်းအရှည်နှင့်။ ပလိုင်းထဲမှ ထွက်နေသော ဓားရိုး၏ အခွေးမှာ ကြေးခွေးအပြားကြီးနှင့်။ လက်ထဲမှာလည်း တုတ်တစ်ချောင်းနှင့်။

ထောင်လမှာ မှင်တက်မိသလို မိန်းမပျိုလေးကို မည်မျှ အချိန်ကြာကြာ ငေးကြည့်နေမိသည် မသိ။

မိန်းမပျိုလေးက မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်တော့မှ သူ့နှလုံးမှာ အခုန်မြန်လာသည်။ ိန်းမပျိုလေး၏ စူးစူးရဲရဲ အကြည့်က ထောင်လကို သတိပေးသလို ဖြစ်သွားသည်။

"သိ. . . သီချင်းဆိုနေတာ နင် နင်လား"

"အေးပ"

ထောင်လ၏ မဝံ့မရဲ အမေးကို မိန်းမပျိုလေးက ရဲရဲပင် ဖြေသည်။

'သူ့စကား ငါ နားလည်တယ်၊ ငါ့စကားလည်း သူ နားလည်တယ်။ နာဂ မလေးလား၊ ချင်းမလေးလား၊ ကချင်မလေးလား'

ထောင်လ စိတ်ထဲက ဝေခွဲမရ ဖြစ်သွားသည်။

အမှန်က ထောင်လ ထင်တာ တစ်ခုမှ မဟုတ်။

"နင် ဒီမှာ ဘာလာလုပ်လဲ"

မိန်းမပျိုလေး၏ ပကတိ ထက်မာသောအသံက ထောင်လ၏စိတ်ကို ရုတ်တရက် ကစဉ့်ကလျား ဖြစ်သွားစေသည်။ သူ့မျက်နှာကို ငေးကြည့်ကာ မဖြေမိသေး။ ကြောင်တောင်တောင် ဖြစ်သွား၏။

"နင် ဘယ်ကလဲ"

မိန်းမပျိုလေး၏ ပိုမာသောအသံက ထပ်ပေါ်လာပြန်သည်။

"ငါ. . ငါ ငါလား၊ ဟိုလေ ဟိုဘက်က"



www.burmeseclassic.com

www.burmeseclassic.com

သီချင်းသံကြားစကမှ ကရုဏာလှိုင်းခတ်သံများ အပြည့်ပါသော သူ့အသံ သူ့ဆွဲဆောင်မှုကြောင့် သူ့ကို သနားမိ၍ အကူအညီပေးရအောင် လိုက်လာမိသော ထောင်လမှာ ယခု မိန်းမပျို့လေးနှင့် နဖူးတွေ့၊ ဒူးတွေ့ ဆုံမိနေသောအခါ အလိုလို ကယောင်ချောက်ချား ဖြစ်သွားရသည်။

အလွန်သွက်သော သူ့နှုတ်ကလည်း ယခုတော့ ချက်ချင်း ဆွံ့အသွားပြန်၏။ ထောင်လမှာ မိန်းမပျို့လေး၏ အမေးကိုပင် ဖြောင့်ဖြောင့်တန်းတန်း ပီပီသသ ပြန်မဖြေတတ်တော့။

"ငါတို့ ဖုန်းဆိုးဟောင်း တောထဲ နင် ဘာလာရှာတာလဲ"

မိန်းမပျို့လေး၏ အသံက မာမာထန်ထန် ပေါ်လာပြန်သည်။

သူ့ကို နက်ဒေဝတာများ လှည့်စားခြင်း မဟုတ်။ လူမလေးစစ်စစ်ဟု ထင်သဖြင့် ထောင်လ အကြောက် နည်းနည်းပြေသွားသည်။

"ဟေး. . . နင်၊ ငါတို့ တောင်ယာဟောင်းထဲ ဘာလာရှာတာလဲဟင်၊ ဟင်းရွက် လာရှာတာလား"

စောစောကလို အသံမမာတော့။ ထောင်လ၏ ကျောပိုးပလိုင်းထဲမှ ထောင်ထွက်နေသော ဝါးရောင်းချဉ်ရွက်ကို မြင်သွားပုံရ၏။

"နင်ခေါ်နေလို့ ငါလာတာလေ"

ဤတစ်ခါတော့ ထောင်လက ရဲရဲဝံ့ဝံ့ပင် ဖြေလိုက်သည်။

"ဟင် နင့်ကို ဘယ်လူက ခေါ်လို့လဲ"

"စောစောက နင်ပဲ အော်ခေါ်နေတာကော"

"နင့်ကို အော်ခေါ်ရအောင် ငါလည်း နင့်ကို မသိ၊ မသိကောဟယ်"

မိန်းမပျို့လေးက သူ မခေါ်ရကြောင်း အံ့ဩသွားသံနှင့် ဆိုသည်။

"စောစောက နင်ပဲ ခေါ်ခေါ်နေတာ။ *'ကျားသစ်၊ ဝံ၊ မြွေ၊ ကင်းပေါပါတဲ့ တောကြီးမျက်မည်းထဲ ခုတော့ ငါတစ်ယောက်တည်း ငါ့အနားနေပါဦး၊ ငါ့ အနားလာပါဦး'* ဆို၊ အဲဒါကြောင့် ငါလာတာပ"

"ဟင်း . . . ဟင်း"

ရယ်လိုက်သောအခါ ပိုလှလာသော မိန်းမပျို့လေး၏ မျက်နှာနုနုကို ထောင်လ မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။ သူ့မျက်နှာက ကျေနပ်သွား၍လား မသိ၊ ထောင်လ မျက်စိထဲမှာ ပို၍ လှလာပြန်၏။

"နင်ခေါ်လို့ ငါလာတာ၊ ဒါ ရယ်စရာလား"

"ငါ့ဘာသာငါ သီချင်းဆိုနေတာ၊ နင့်ကို မခေါ်ရပေါင်"





"မသိဘူးလေ၊ နင့်သီချင်းကလည်း ငါ့ဆီလာပါဦး၊ ငါ့အနားနေပါဦး ဆိုတော့ ငါက ငါ့ကို ခေါ်နေတယ်ထင်လို့ ပြေးလာရတာ မောနေတာပဲ"

ထောင်လ၏ စကားကို မိန်းမပျို့လေးက သဘောအကျကြီး ကျသွားပြီး တခစ်ခစ် ရယ်ပစ်လိုက်သည်။

အမှန်မှာ ချင်းအမျိုးသားလေး ထောင်လနှင့် မိဆိုမလေးတို့မှာ စကားချင်း နီးနွယ်ရုံသာ ရှိသဖြင့် အဓိပ္ပာယ်ကောက်လည်း လွဲတော့ လွဲနိုင်၏။ သို့သော် ထောင်လကား ဤဒေသသားတို့၏စကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောနိုင်သော်လည်း အဓိပ္ပာယ်ကိုသိ၍ အဓိပ္ပာယ်ပေါက်အောင်တော့ ကောင်းကောင်း ပြောနိုင်သည်။

ထို့ကြောင့် သူ့စကားကို သဘောကျကာ တခစ်ခစ် ရယ်မောနေသော မိဆိုမလေးကို ထောင်လကလည်း သဘောကျနှစ်မြို့က် စိုက်ငေးကြည့်နေလေသည်။

"နင့်ကို ခေါ်ရအောင် ငါက နင့်ကို သိလို့လား၊ ပြီး နင်က အွီးကျောင်းလား၊ ဟင် ဟင်- နင်က ငါ့အွီးကျောင်းလား ဟဲ ဟဲ"

ထောင်လကို မျက်ခွံတစ်ချက် ပင့်ကြည့်၍ ထိုင်လျက်က ပြောပြန်၏။

"ဘာ. . ဘာရယ်။ ငါက ဘာလို့ နင့်ခွေးဖြစ်ရမှာလဲ"

ထောင်လစကားကို သဘောကျ၍ မိဆိုမလေးက တဟားဟား ရယ်နေပြန်၏။

"ငါက ငါ့အွီးကျောင်း ခွေးကို ခေါ်တာဟ၊ ငါ့ခွေးကိုလွမ်းလို့ သီချင်းဆိုနေတာ၊ နင်. . နင်က အနေသာ . . ."

"ခွေးများ လွမ်းရတယ်လို့၊ နင့်ခွေးက ဘယ်သွားလို့လဲ"

"ငါ့. . ငါ့ခွေးက သေပြီ"

"ဟင် နင့်ခွေး ဘယ်လိုဖြစ်လို့ သေတာလဲ"

ထောင်လ၏အမေးကို မိန်းမပျို့လေးက ချက်ချင်း မဖြေသေးဘဲ သူ့အား မော့ကြည့်နေသောမျက်နှာကို ငုံ့ပစ်လိုက်၏။ မိဆိုမလေး၏ မျက်နှာမှာ စောစောကလို ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ရွှန်းရွှန်းမြမြ မရှိတော့။ တဖြည်းဖြည်း သုန်မှုန်ညှိုးရော်ကျသွားသည်။

"နင် ချင်း ချင်းတွင်းကလား"

ထောင်လ မျက်နှာကို မော့ကြည့်၍ မေးပြန်၏။

"အေးပ၊ ချင်းတွင်း ပြောရမှာပေါ့၊ ဥရုဖျားက"


www.burmeseclassic.com

www.burmeseclassic.com



"ဥရုလည်း ချင်းတွင်းဖျားပ၊ အတူတူပဲဟာ"

"ဆိုလိုက်ပါတော့"

မီဆိုမလေး၏ မျက်နှာက ချက်ချင်း တင်းမာသွားသည်။ မသိမသာ အံကြိတ်လိုက်သည်ကိုပင် မြင်လိုက်ရသဖြင့် ထောင်လ လန့်သွားသည်။

ထောင်လ၏ ဝဲသောအသံကို ချက်ချင်း ဖမ်းမိ၍ "ချင်းတွင်းကလား"ဟု အတပ်မေးခြင်း ဖြစ်သည်။ သူတို့ဒေသစစ်စစ်သားသည် ထောင်လတို့ လေသံမျိုး မဟုတ်ပေ။

"နင်တို့ ချင်းတွင်းက လူတွေပဲ ငါ့ခွေးကို သတ်သွားကြတာ"

"ဘာ. ."

ရုတ်တရက် ထောင်လ အံ့ဩသွားသည်။

"နင်တို့ ချင်းတွင်းသားတွေလေ၊ ငါ့အိမ်ကျောင်းကို သတ်သွားကြတာ"

"ဟင်. . ."

ထိတ်ထိတ်လန့်လန့် ထောင်လ သက်မချမိလိုက်၏။

တစ်နေ့က စိုင်းဘောင်နှင့် ဇော်ရိုးတို့ တွေ့ခဲ့ကြသော မီဆိုမလေးမှာ ဤကောင်မလေးပါလား။

မျက်နှာ တစ်ချက် ပျက်သွားသော်လည်း တွေ့တွေ့ချင်း မီဆိုမလေးကို အချစ်ကြီး ချစ်သွားမိသူ ထောင်လမှာ အကြံထုတ်ပြီး မီဆိုမလေးကို စိတ်ပြေသွားအောင်ပြောရန် စကားနှင့် သူတို့၏ ထုံးတမ်းဓလေ့ကို သတိရကာ-

"နင့်ခွေး သတ်သွားတဲ့လူတွေထဲ ငါ ပါသလား၊ ခု ငါ ဒီကိုလာတာက နင့်ကို စပါးကြီးမြွေတွေကများ ညှို့ထားသလား၊ အိမ်ပြန်ခါနီး ဝံအုပ်ကြီးကများ ဆီးနေလို့လား၊ ကျားသစ်ကြီးကများ လိုက်ချောင်းနေလို့လား ထင်ပြီး ကူညီရအောင် လာတာ၊ နင့်ခွေး သတ်သွားတဲ့လူတွေထဲ ငါလည်း မပါဘဲနဲ့၊ နင်က ငါ့. . ."

"နင်တော့ မဟုတ်ဘူးပ၊ ဒါပေမယ့် နင်တို့ ချင်းတွင်းကလူတွေ၊ သူတို့အသံ စကား ငါတို့ သိတယ်"

"သူတို့ခွေးကိုလည်း နင်တို့က သတ်လိုက်တယ်ဆို"

"နင့်ကို ဘယ်သူ ပြောလဲ"

"ငါကြားတာ ပြောတာ၊ ဟုတ်တယ် မဟုတ်လား၊ သူတို့ခွေးကိုလည်း နင်တို့ သတ်လိုက်တာဆို"

"အေးပ၊ ငါတို့ခွေး သူတို့ စ,သတ်ကြတာကိုး"



မိန်းကလေးက အမှန်အတိုင်း ရဲရဲဝံ့ဝံ့ပင် ပြောသည်။

"ဒါဆို ကျေရော၊ အထုံးပြေပြီပေါ့"

'ကျေရော' ဆိုသော စကားကို ယောင်မှားပြောမိပြီးမှ သူတို့ဒေသစကား ?ဲ့ ထပ်ပြောရသည်။

"ဒီအကြောင်း နင့်ကို ဘယ်သူပြောလဲ"

ပြောပြီးသား၊ သူမေးပြီးသား စကားကိုပင် မီဆိုမလေးက ပြန်မေးနေပြန်၏။

"သူတို့က ပြောပါတယ်ဆို"

မီဆိုမလေး၏ စကားက တစ်ဆင့် တက်လာပြန်၏။

"ဒါဆို သူတို့နဲ့ နင်က အတူတူပေါ့"

"ဟင့်အင်း၊ မဟုတ်ဘူး၊ တခြားစီ၊ တစ်ရွာစီ"

သူ့ခွေးကို သတ်သွားသူတွေနှင့် ထောင်လက အတူတူဆိုလျှင် မီဆိုမလေး ?က သူ့ကို စကားလှက်ခံ မပြောဘဲ ထွက်ပြေးသွားမှာ စိုးရိမ်မိသွားသည်။

ထောင်လအနေမှာ မီဆိုမလေးကို မြင်မြင်ချင်း ကြိုက်ချစ်နေသဖြင့် သူ့ စကားကို ချင်းတွင်းသားအသံ မပါအောင် တမင်လုပ် ပြောနေရ၏။

ထောင်လမှာ သူ့အဖေမုဆိုးကြီးနှင့် ဤဒေသတစ်စိုက်ကို ယခင်က သွားသာဖူး၊ မီဆိုလူကြီးနှင့် သူ့အဖေတို့ ပြောဆိုဖူးကြသည်ကို နားယဉ်ထားသဖြင့် မီဆိုသံလုပ်ပြော၍ ရသည်။ နောက်တစ်ကြောင်းမှာ သူ့အမေမှာလည်း မီဆိုအမျိုးပင် ဖြစ်ရာ အမေ့အသံကို သတိရလျှင်လည်း မီဆိုသံနှင့်တူအောင် ဝဲဝဲဝဲ ပြောတတ်သည်။

သို့သော် ထောင်လက မည်မျှ ဤဒေသသံ လုပ်ပြောပြော ချင်းတွင်းသံကို မီဆိုမလေးက ချက်ချင်းသိ၍ 'ချင်းတွင်းသား'ဟု အတပ်စွဲသည်။

'တော်တော် နားကောင်းတဲ့ ကောင်မလေး၊ ငါ့သေသွားတဲ့ ခွေးကျနေ ဘာပဲ' ဟု စိတ်က မီဆိုမလေးကို ချီးမွမ်းမိ၏။

"နင်တို့က တို့ဆီ ရွှေရှာဖို့ လာကြတာ မဟုတ်လား"

မည်သို့မျှ လိမ်ညာပြော၍ မရတော့မှန်း ထောင်လ သိလိုက်ပြီ။ သို့သော် ကောင်မလေးကို သူက ဖြစ်နိုင်သမျှတော့ လှည့်ပတ်၍ ရင်းနှီးအောင် အကျွမ်းဝင် လုပ်ယူရမည်ကို သဘောပေါက်ထားသည်။

"နင့်ကို ဘယ်သူပြောလဲ"

"ငါ့ ကပါး (အဖေ)က ပြောတာပေါ့"

"အိမ်း. . . နင့်အဖေက ဘာတွေပြောလဲ ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"တို့ဒေသကို ချင်းတွင်းသားတွေ ရွှေရှာဖို့ အများကြီး ရောက်နေကြတယ် တဲ့"

သူပြောတာ အမှန်ပင် ဖြစ်သည်။

ချင်းတွင်းမြစ်ညာကို ယခုအခါ ရွှေလာရှာသူ အဖွဲ့တွေမှာ ဥရု၊ ဥခရေ မြစ်လက်တက်တွေမှာ ပြည့်နေ၏။ သို့သော် ထောင်လတို့ အဖွဲ့လောက်တော့ မည်သည့်အဖွဲ့မျှ တောနက်မြစ်ညာထဲ တက်မရှာရဲကြသေး။ မြစ်ညာမှာ ရွှေ ရှိမှန်း သိသော်လည်း ငှက်ကြောက်၍ လည်းကောင်း၊ ဒေသ မကျွမ်း၍ လည်း ကောင်း၊ လမ်းပြလူခံ ရှာမရသေး၍ လည်းကောင်း ဖာက်မလာကြသေး။

မိဆိုမလေးက ရုတ်တရက် ထရပ်လိုက်သဖြင့် ထောင်လ လန့်သွား၏။

"နင် ပြန်. . . ပြန်တော့မလို့ . . ."

"အေး"

"နေပါဦး"

"နေဝင်တော့မယ်"

မှန်သည်။

တောင်စိုးနှင့် မြူတွေကြား၌ နေဝန်းက ဝါကြန့်နေသည်။ အားနည်းသော နေရောင်ခြည်သည် ပျပျရိပ်ရိပ်သာ ရှိတော့၏။ မိဆိုတို့ တောင်တန်းကြီးများ ပေါ်တွင် မြူတို့ အုံ့ဖွဲ့စ ပြုလာပြီ။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"ဘာလုပ်ဖို့"

"ငါလည်း ခွေးချစ်တတ်ပါတယ်၊ နင့်ကို ခွေးတစ်ကောင် ပေးချင်လို့ပါ ချင်းတွင်းသားတွေ နင့်ခွေး သတ်သွားကြတယ်ကြားတာ ငါစိတ်မကောင်းပါဘူး"

"တကယ်လား"

ခွေးလေးတစ်ကောင်ပေးမည် ဆိုသဖြင့် မိန်းမပျိုလေးက ရုတ်တရက် ဝမ်းသာသွားပုံကို ထောင်လ သတိပြုမိလိုက်သည်။

သူတို့အရပ်မှာက ခွေးရှားသည်။ သားရဲတိရစ္ဆာန် ပေါသောအရပ်မို့ ခွေး မွေး၍ မဖြစ်ထွန်း။ ဝံကုတ်တာနှင့်၊ ခွေးအ တောခွေးတွေ ဝိုင်းကိုက်တာနှင့် ဝက်ပက်တာနှင့်၊ ပြောင်နင်းတာနှင့်၊ မျောက်အုပ် ဝိုင်းကိုက်တာနှင့် ခွေးတွေမှာ သက်ဆိုး မရှည်နိုင်ကြပေ။

ချင်းတွင်းသားတွေ သတ်သွားသော သူ့ခွေးမှာ လီဒိုလမ်းမဘက်တ သူ့ကပါး ဆားနှင့် လဲလာသောခွေး ဖြစ်သည်။ လိမ္မာသည်။ လူနှင့်ယဉ်ပါးသည်။





သခင်မှန်း အရှင်မှန်း သိသည်။ လူနှင့် အရှင်သခင်နှင့် မကင်းမကွာ နေတတ် သည်။ ထို့ကြောင့်လည်း ချင်းတွင်းသားတွေ သတ်သွားသောနေ့ ကြ အသက်ရှင် နေခဲ့ရသည်။

အမှန်ကတော့ ဤအရပ်တွင် ခွေးကို သားကောင်လိုက်ရန် အသုံးမပြုဘဲ အိမ်မွေးအလှ ဂုဏ်သိက္ခာအရသာ မွေးတတ်ကြလေသည်။ ဤအရပ်က တော တိရစ္ဆာန်အားလုံးသည် ခွေးကို အလွန်ရန်လိုကြသည်။ ဝံတွေ့လျှင် ကုတ်ကိုက် သတ်တတ်၏။ တောခွေး၊ ခွေးအတို့ကလည်း တွေ့သည့်နေရာမရွေး အသေ ကိုက်သတ်တတ်ကြ၏။ မျောက်အုပ်နှင့် တွေ့လျှင်လည်း ဝိုင်းပြီး ခွေးကို အရေခွံ ဆုတ်၊ ခြေ၊ လက်၊ ခေါင်း၊ အမြီးတို့ကို ဝိုင်းဆွဲဝိုင်းကိုက်ကြကာ သစ်ပင်ပေါ် တင်သွားကြပြီး သစ်ပင်ထက်မှ ပစ်ချ သတ်တတ်ကြသည်။

ပြောင်နှင့်ဝက်တို့ကလည်း ခွေးကို လုံးဝ မလိုလားကြ။ တွေ့သည့်နေရာတွင် နင်းသတ်၊ ပက်သတ်တတ်ကြသည်။ ဝက်အုပ်နှင့် ပြောင်အုပ်တွေမှာ ကောင်ရေ လေးငါးဆယ်ရှိသဖြင့် ခွေးမှာ ဘယ်လိုမှ ပြေးမလွတ်။ ထို့ကြောင့် ဤအရပ်တွင် ခွေးသည် အရှင်သခင်တွေနှင့် ကင်းကင်းကွာကွာ နေ၍ မရ။ အရှင်သခင်နား အမြဲကပ်နေမှ ထိုခွေးသည် အသက်ရှင်နိုင်၏။

"ဟင် နင်ပြောတာ တကယ်နော်"

ခွေးလိုချင်နေသော မိဆိုမလေးက ထောင်လကို ထပ်မေး၏။

ထောင်လစိတ်ထဲ ဝမ်းသာသွား၏။ သို့သော် အပြုံးကို အပြင်သို့ မထုတ် ဖော်ရဲသေး။ သူပြုံးလိုက်လျှင် ကောင်မလေး မယုံမကြည်ဖြစ်သွားမှာ စိုးမိ၏။

"တကယ်ပြောတာ နင့်ကို ငါ ခွေးလေးတစ်ကောင် ပေးပါ့မယ်"

"ဘယ်တော့ပေးမလဲ"

မိဆိုမလေးက စိတ်အားထက်သန်စွာ မေးသည်။

"ငါ ရွာပြန်ရင် ယူလာခဲ့ပါ့မယ်"

"နင့်ရွာက ဘယ်မှာလဲ"

"ဟို. . . နန်းခယုဝမှာ"

ထောင်လက ဥရုမြစ်အကြေဘက် လက်ညှိုးညွှန်ပြ၏။

သူတို့ဒေသစကားနှင့် ဥရုကို နန်းခယုဟုလည်း တမင်လုပ်ပြောလိုက် သည်။

"နင့်နာမည် ဘယ်လိုခေါ်သလဲ"

"ငါ့ . . . ငါ့နာမည်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်"

"ငါ မသိဘော"

ထောင်လ ပြုံးမိလိုက်သည်။

တော်တော်လည်တဲ့ ကောင်မလေး၊ အလည်မလေး။ ယခုမှ သူစကား နားမလည်သလို လုပ်နေပြန်သည်။

"နင့်အဖေက နင့်ကို ဘယ်လိုခေါ်လဲ"

"ဖနွး . . . တဲ့"

"သမီး မဟုတ်ဘူး၊ နောက်တစ်ခု ခေါ်ပါသေးတယ်။ နင့်ကို နင်တို့အရပ်က လူတွေ ခေါ်တာလေ၊ နင့်အမျိုးတွေခေါ်တာ မေးတာ"

ကောင်မလေး မျက်နှာပေါ် အပြုံးတွေ လျှံဖိတ်လာသည်။

"ပီယ"

"ပီယ၊ ဟုတ်လား"

မီဆိုမလေးက ခေါင်းညိတ်ပြသည်။

"နင်က လူလှသလို နာမည်လည်း သိပ်လှတာကိုး၊ အဲဒါကြောင့် နင့် နာမည် ပြောရမှာ နှမြောနေတာ၊ ဟဲဟဲ ဟုတ်လား"

"ခွေးကလေး ပေးမယ်ပြောလို့ နင့်ကို ငါက ပြောရတာ၊ ခုတော့ နင်က ငါ့ကို ပြောတယ်။ နင်တို့ ချင်းတွင်းကလူတွေ အားကြီး စကားတတ်တယ်၊ ပြီးတော့ ပြီးတော့"

ပီယက ထောင်လမျက်နှာကို စိုက်ကြည့်နေ၏။

"ပြီးတော့ ဘာဖြစ်လဲ။ ပြောလေ"

"ပြီးတော့လား"

"အေး"

"ပြီးတော့။ အင်း . . . ပြီးတော့ လိမ်တတ်တယ်၊ ညာတတ်တယ်"

"ငါ မညာဘူး၊ နင့်ကို တကယ်ပေးမှာပါ။မယုံရင် စောင့်နေပေါ့"

"ဘယ်က စောင့်ရမှာလဲ"

မီဆိုမလေး၏ အားတက်သရောအပြောကို ထောင်လလည်း ဝမ်းသာသွားသည်။

"ဒီက စောင့်ပေါ့ဟာ"

ပီယက တကယ်လား ဟူသော သဘောနှင့် ထောင်လမျက်နှာကို စိုက်ကြည့်နေပြန်သည်။



"ဒါ နင်တို့ တောင်ယာဟောင်းလား"

"ဟုတ်တယ်"

"နင့်သီချင်းသံကြားရရင် ငါ မနေနိုင်ပါဘူး၊ နင့်ဆီ ငါ အရောက်ပြေး လာမှာပါ"

ထောင်လက သူစကားကိုရပ်ပြီး ပီယ၏မျက်နှာကို ငေးကြည့်၏။ ပြီး တော့မှ သူစကားကို ပြန်ဆက်သည်။

"နင် သိပ် အသံကောင်းတာပဲ။ နင့်သီချင်းသံက ငါ့ကို ဖမ်းစားထားပြီ၊ နင့်သီချင်းလည်း သိပ်ကောင်းတယ်၊ နင့်ရုပ်ကလည်း တောင်စောင့်နတ်သမီး လေးလား ထင်ရ . . ."

"ဟော နင် တအား လုပ်ပြောပြန်ပြီ"

"တကယ်ပါ ငါ မညာဘူး။ နင့်သီချင်းသံက သိပ်ကောင်းတော့ ကြက်တွေ ငှက်တွေတောင် နင့်သီချင်းသံကို နားထောင်နေကြလို့ သူတို့အနား ငါ ရောက် လာတာ မသိကြဘူး။ ဒီမှာတွေ့လား ဒီကြက်ကို ငါ ဖမ်းလာတာ"

သူ စောစောက လေးနှင့်ခွင်းပြီး ဝံရေလွယ်အိတ်ထဲ ကမန်းကတန်း ထည့်ယူလာသော ကြက်သေကောင်ကို ထုတ်ပြ၍ သက်သေထူလိုက်သည်။

ထောင်လ၏ အလိမ်အညာအပြောကို ပီယက သိလျက်နှင့် သဘောကျ ကာ တဟင်းဟင်း ရယ်နေသည်။

"နင်-နင်. . . လေးနဲ့ခွင်းဖမ်းလာတာ ငါသိပါတယ်၊ အဲဒါကြောင့် နင်တို့ ချင်းတွင်းသားတွေ အပြောကို ငါတို့ မယုံတာ။ ငါ ပြန်မယ်၊ နင်နဲ့ စကားပြော နေရင် ဘယ်တော့မှပြီးမှာ မဟုတ်ဘူး၊ နင်က အပိုတွေ အားကြီး ပြောတတ် ဘယ်၊ နင့်စကား နားထောင်နေရင် မိုးချုပ်လို့တောင်ပြီးမှာ မဟုတ်ဘူး၊ ငါတို့ ကပါးနဲ့ကဦးက ဆိုလိမ့်မယ်"

ပီယက ချက်ချင်း ထသည်။ ပြီး ဖုန်းဆိုးတောထဲတွင် အစာစားနေကြ သော သူနွားနောက် သုံးကောင်ကို မောင်းစုကာ လှည့်ကြည့် လှည့်ကြည့်နှင့် ဖုန်းဆိုးဟောင်းတောထဲ ဝင်သွားသည်။ ပီယကို ထောင်လက ပြုံးပြပြီး မျက် တောင်မခတ် စိုက်ကြည့်နေ၏။ ချုံထဲဝင်လိုက်သည်နှင့် ပီယကိုကား အရိပ် အယောင်မျှပင် မမြင်ရတော့။ သူနွားနောက်ကြီး သုံးကောင်လည်း ချက်ချင်း ပျောက်ပင်။ ထောင်လမှာ ပီယဝင်သွားရာဘက် ငေး၍ ကျန်ရစ်၏။

ဤဝန်းကျင်တွင် ပီယ နေသည်မှာတော့ သေချာသည်။

သူကပါးနှင့် ကဦးတို့က ဆိုလိမ့်မယ် စကားကြောင့် သူတွင် အဖနှင့်အမိကိုတို့

www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်းလည်း ထင်ရှားသည်။ သူ ဘယ်နေရာ၊ ဘယ်ရွာ၊ ဘယ်ဒေသ နေသည်ကို တိတိကျကျ မမေးမိလိုက်သည်ကိုတော့ ထောင်လ နောက်မှ နောင်တရသည်။

သူက ပြန်တော့မည်ဟု ပြောနေပါလျက် 'ဘယ်ကို ပြန်မှာလဲ၊ ဘယ်ရွာ နေလဲ၊ ဘယ်အနားလဲ' ဟု တိတိကျကျ မေးဖို့ သတိမရလိုက်မိ။ သူ ပြန်တော့မည် ဆိုသည်ကိုပင် စိတ်ထဲ ဆွေးဆွေးမြည့်မြည့် ဖြစ်သွားသဖြင့် သတိမေ့သွားသည်။

'နင့်အသံကောင်းတယ်၊ နင့်ရုပ်လှတယ်၊ နင့်အသံကို ကြိုက်ကလေး၊ ငှက်ကလေးတွေတောင် နားထောင်ပြီး သတိမေ့နေကြလို့ ငါ ဖမ်းလာတာ၊ နင့်ကို ခွေးလေးတစ်ကောင် ပေးပါ့မယ်'

ဒါတွေကို ပြောတတ်လျက်နှင့် နေရာကို မမေးမိလိုက်သည့်အတွက် ထောင်လမှာ နောင်တရမဆုံး ဖြစ်ကျန်ခဲ့သည်။

ထိုနေ့က ထောင်လသည် မိုးချုပ်စမှ စခန်းတဲ ပြန်ရောက်လာ၏။ ပီယ ဝင်ပျောက်သွားသော တောထဲကို သူ အချိန်မည်မျှကြာကြာ ငေးကြည့်နေမိခဲ့ သည်ကို သတိမထားမိခဲ့။

ထောင်လ တောထဲက ပြန်လာသောအချိန်မှာ မြစ်ရေထဲဆင်းပြီး ရွှေ သွားကျင်နေကြသော စိုင်းဘောင်၊ ဇော်နိုးနှင့် ငမောင်တို့ပင် စခန်းသို့ ပြန်ရောက် နေကြပြီ။

"ခွေးအတွေတောင် အစာရှာထွက်လို့ အူနေကြပြီ၊ ခုထိ မင်း ထမင်းမချက် သေးဘူး၊ နိုးတဲ့မှပဲ၊ ငါတို့မှာ တစ်နေ့လုံး အလုပ်လုပ်နေရတာ၊ ဆာလို့ သေတော့ မယ်၊ ဘယ်သွားနေလဲ ထောင်လ"

တစ်ခါမှ ထမင်းချက် နောက်မကျဘူးသော ထောင်လကို စိုင်းဘောင်က ကြိမ်း၏။

စိုင်းဘောင်ကြိမ်းသည်ကို ထောင်လက ဝမ်းမနည်း၊ စိုင်းဘောင် ကြိမ်းနေသံ အစား သူ့နားထဲမှာ ပီယ၏သီချင်းသံကိုသာ ကြားနေမိသည်။ သူ့တာဝန်လည်း အမှန် ပျက်ကွက်ခဲ့သဖြင့် ကြိမ်းသင့်သည်ဟု ထောင်လ ခံယူသည်။ တောမှာ တောင်မှာ ထမင်းကို စောစော ချက်ရစမြဲပင်။ သို့သော် ထမင်းဟင်း ချက်ပြုတ် နေရင်းကလည်း ထောင်လ၏နားထဲမှာ ပီယ၏သီချင်းသံကိုသာ ကြားနေမိသည်။

"ကျားသစ်၊ ဝံ၊ မြွေ၊ ကင်းပေါ်ပါတဲ့၊
တောကြီးမျက်မည်းထဲ . . .
မျက်စိလည် လမ်းမှားရင်
ဘယ်လိုများ အိမ်ပြန်မလဲ . . .





အလိမ္မာလေးရေ ငါ့ဆီလာပါဦး
အလိုက်သိတတ်သူလေးရယ်
ငါ့အနား နေပါဦး . . ."

ညအိပ်တော့လည်း ပီယ၏သီချင်းသံကို အိပ်မက်ထဲမှာ ထောင်လ ကြား နေရသည်။ ပီယရုပ်သွင်ကို အိပ်မက်ထဲမှာ မြင်နေရသည်။ အိပ်မက်ထဲက ပီယ သည် အပြင်မှာ တွေ့ခဲ့ရသည်ထက် အဆတစ်ရာ လှနေသည်။ အဆတစ်ထောင် ကြောက်ဖွယ်ရာ ဖြစ်နေသည်။

"ပီယရေ"

"ပီယ၊ ပီယ. . ."

အိပ်ရာက နိုးနိုးချင်း ထောင်လသည် "ပီယ"ဆိုသော နာမည်ကိုသာ ဦးဆုံး ခေါ်ကြည့်၊ ရေရွတ်ကြည့်မိသည်။

သူ့ အတွေးထဲမှာ ပီယက လွဲ၍၊ ပီယကိုပေးရန် ခွေးလေးတစ်ကောင်က ရှာ၍ တခြားကိစ္စ ဟူသမျှ ဘာမှ မစဉ်းစားမိ။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ပီယရေ. . ."

"ပီယ. . . ပီယ. ."

"ဝေး. . . ပီယ၊ ပီယ. . ."

"ဟေး ဘာလို့ ဒီလောက် အော်ခေါ်နေရတာလဲ၊ အိမ်က ကပါးတို့ ကဦးတို့ ကြားရင် ငါ့ကို ဆူဆဲနေတော့မှာပဲ"

ပီယသည် ရုတ်တရက် ချုံတောထဲက ပြေးထွက်လာပြီး ပြော၏။

"နင်က ပုန်းနေတာကိုး။ ငါက နင့်ကို မတွေ့လို့ အော်ခေါ်နေရတာ"

ထောင်လက ပီယကိုကြည့်ပြီး ဝမ်းသာအားရ ပြောလိုက်ရ၏။

"ငါကလည်း နင့်မယုံလို့ ပုန်းနေတာ၊ သုံးလေးရက်ရှိပြီ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးတုရယ်လိုက်ကြသည်။

"ဟား. . ဟား"

"ဟား. . ဟား. . ဘာကို မယုံတာလဲ ပီယ"

ပီယက ချက်ချင်း စကားမတုံ့ပြန်သေး။ ထောင်လ၏ မျက်နှာကိုသာ စိုက်ကြည့်နေ၏။

"ဟင် ပီယ၊ ဘာကို မယုံတာလဲ။ နင်က ငါ့ကို မယုံ . . ."

"နင် ပြန်မလာတော့ဘူး ထင်တာပ"

"ခုကော ယုံပြီလား"

ပီယက စကားမပြန်သေး။ ထောင်လ၏မျက်နှာကိုသာ စိုက်ကြည့်နေပြန်၏။

"ဟင်- ပီယ၊ ခုတော့ ယုံပြီလားလို့"

ခေါင်းညိတ်ပြရုံသာ ပြသည်။

"ငါက နင့်ကို မတွေ့ရင် တစ်နေ့လုံး အော်ခေါ်နေမှာ။ နင့်ကပါး ကြား





ကြား၊ နင့်ကဦး ကြားကြား၊ ငါ ဘယ်သူ့မှ မကြောက်ဘူး။ ငါကြောက်တာက နင်နဲ့ မတွေ့ရမှာဘဲ။ နင့်ကို မတွေ့ရရင်လေ ဟော့ဟိုက တောင်ကြီးတွေ၊ ကမ်းပါးယံကြီးတွေ ပြိုကျလာသလို ငါ ခံစားနေရတယ်။ နင် ပြန်ထူးတဲ့အသံကို မကြားရမချင်း ဟော့ဟိုက တောကြီးတွေ၊ တောင်ကြီးတွေ တောမီးကြီး လောင်သွားအောင်၊ ဒီနားက ရေတံခွန်ကြီးတွေ ခန်းခြောက်သွားအောင် ငါ အော်ခေါ်နေမှာပဲ"

ထောင်လက သူ့ရင်ထဲ ဖြစ်နေသည့်အတိုင်း ဖွင့်အန်ပစ်လိုက်၏။

အမှန်လည်း ဟုတ်သည်။

ယခု သူ ဤနေရာသို့ လာရသည်မှာ ပီယကြောင့် ဖြစ်သည်။ ပီယကို မတွေ့ရ မနေနိုင်၍ ဖြစ်သည်။ ပီယကိုသာ သူ မတွေ့ရလျှင် သူ ကြိုးစားလာခဲ့သမျှလည်း အချည်းနှီး ဖြစ်သွားရမည် မဟုတ်ပါလား။

ပီယနှင့် ပထဦးဆုံးတွေ့ကြပြီး နောက်တစ်နေ့မှာပင် ထောင်လ ချင်းတွင်းသို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ စခန်းက လူတွေကို ဆားသွားယူရဦးမည်၊ ဆားကုန်နေပြီဟု ပြောသည်။

"အေးကွ ဒါဆို အတော်ပဲ။ မင်း ပြန်လာရင် ဆေးလည်း ကစ်ကျည်၊ နှစ်ကျည် ယူလာခဲ့၊ မြင်းနိုင်သမျှ မြင်းမြင်းရှာယူလာခဲ့ကွာ။ ဒီအရပ်မှာ ဆေးပြတ်လို့ မရဘူး"ဟု စိုင်းဘောင်က ပြောသည်။ သူပြောသောဆေးမှာ အရက်ပြင်းကို ပြောခြင်း ဖြစ်သည်။

"အရက်ပြင်းအပြင် ရိက္ခာလည်း နိုင်သလောက် ယူလာခဲ့ပေါ့ကွာ။ ဒီအတိုင်းဆို တို့ချင်းတွင်းကို တက်လာတာ မဆိုးဘူးကွ။ တို့အတွက် အပြန် တွက်ခြေကိုက်ကြမှာ သေချာပါတယ်"

ရွှေမှုန်ရွှေပွင့်တွေ နေ့တိုင်း ရနေသော မောင်ကလည်း အားတက်သရော ပြော၏။

"ဟိုရောက်ရင် တို့အခြေအနေ ကောင်းတယ်ဆိုတာ မင်းအဖကို ပြောပြလိုက်။ လိုအပ်တာ စီစဉ်ပေးလိုက်ပါ။ တို့ပြန်လာမှ ရှင်းကြမယ်ပြော၊ ငါလာခါနီးမှာ မင်းအဖကို ငွေလည်း နှစ်ထောင် ပေးထားခဲ့တာပဲ၊ အတိုးကြီးဆီ ငွေချေးမှာပါ"

စိုင်းဘောင်က ထပ်မှာ၏။

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထောင်လသည် ဤမျှသာပြောပြီး သူ့ရည်ရွယ်ချက်နှင့်သူ ချင်းတွင်းသို့ ဆင်းလာသည်။ လမ်းမှာ တစ်ညအိပ်ပြီး သူတို့ရွာ သူတို့အိမ်ကို ရောက်လာ၏။

"အဖ နေကောင်းသွားပြီလား"

"အေး- ကောင်းတယ် သား။ မင်း ဘာကိစ္စ ပြန်လာလဲ လူလေး"

"ဆားကုန်နေလို့ အဖ၊ စိုင်းဘောင်က အဖကို လိုအပ်တာ ရှာဝယ်ပေးလိုက်ပါ။ သူတို့ပြန်လာမှ ရှင်းကြမယ် ပြောတယ်"

"အေး - အေး၊ လိုအပ်တာ အဖကိုပြော၊ အဖ ဆောင်ရွက်ပေးမှာပေါ့"

"ဟုတ်ကဲ့"

ထောင်လ စိုင်းဘောင်တို့နှင့် ချင်းတွင်းတက်လာစဉ်က အိပ်ရာထဲ လဲကျန်ခဲ့သောအဖသည် ယခုတော့ ထူထူထောင်ထောင် ဖြစ်နေပြီ။ ထောင်လ သူ့အဖကိုကြည့်ပြီး ဝမ်းသာသွားသည်။

"စိုင်းဘောင်တို့ ရွှေကော ရကြရဲ့လား လူလေး"

"ရတယ် အဖ၊ အဝတ်အိတ်တွေနဲ့ ထည့်ထားကြတယ်"

"အေး -အေး၊ ကောင်းတယ်၊ ကောင်းတယ်"

သူ့အဖေ မုဆိုးကြီးက ဤမျှသာ ပြောသည်။ သူ့သားထောင်လ ရွှေကိစ္စ စိတ်မဝင်စားမှန်း သိသဖြင့် နောက်ထပ် မပြောတော့။

ထောင်လသည် စိုင်းဘောင်တို့ မှာလိုက်သော အရက်ပြင်း၊ ဆား၊ ရိက္ခာထုပ်အပြင် ခွေးလေးနှစ်ကောင်ကို ခေါ်ကာ ချင်းတွင်းသို့ ပြန်တက်လာသည်။

ခွေးလေးနှစ်ကောင်ကို ခေါ်လာသော ထောင်လအား စိုင်းဘောင်တို့က မကျေနပ်ကြ။ ခွေးနှင့်ပတ်သက်၍ သူတို့စိတ်ထဲ အဖုအထစ်တွေ ဖြစ်နေသည်။ ထို့ကြောင့်လည်း ခရီးရောက်မဆိုက်ပင်-

"မင်းက ခွေးနှစ်ကောင်တောင် ဘာလို့ ခေါ်လာရပြန်တာလဲ။ ရွှေရှာတဲ့နေရာမှာ မင်းခွေးက ဘာသောက်သုံးကျမှာလဲ။ ပြီးတော့ ခွေးကလေးတွေ"

စိုင်းဘောင်က ခွေးလေးနှစ်ကောင်ကို မျက်စောင်းထိုးကြည့်ပြီး ထောင်လ ယူလာသော အရက်ပြင်းကျည်တောက်ကို လှမ်းဆွဲ မြည်းကြည့်ကာ ပြော၏။

"အမဲလိုက်ဖို့ ခေါ်လာတာပေါ့ဗျ။ ကျုပ်ခွေးကြီး ခင်ဗျားတို့ကြောင့် သေရတာ"

ထောင်လက သူ့ခွေးကြီးသေရသည့်ကိစ္စကို ယခုမှ မကျေနပ်စကားဖွင့်အန်လာသည်။

ဤသည်မှာ ယခု သူခေါ်လာသော ခွေးလေးနှစ်ကောင်နှင့် ပတ်သက်၍





စိုင်းဘောင် စကားမဆက်နိုင်အောင် နှုတ်ပိတ်ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် စိုင်းဘောင်က ဘာမှ မပြောတော့သော်လည်း အရက်ပြင်း မြည်းရင်း ဇော်ရိုး နှုတ်ဟလာပြန်၏။

"ဒီ ပေါက်စနလေးတွေလား အမဲလိုက်လို့ရဖို့ . . ."

ဇော်ရိုး ပြောမည်ဆိုကလည်း ပြောစရာ။

ထောင်လက အမဲလိုက်ရန် ခေါ်လာသည်ဆိုသော ခွေးကလေးနှစ်ကောင်မှာ ခြောက်လသားအရွယ်ခန့်သာ ရှိသေးသည်။ ပြီး သူတို့ ယခု ရောက်နေကြသောနေရာမှာ သူတို့ ပထဦးဆုံး နေခဲ့ကြသော စခန်းလို မဟုတ်။ တောနက်သည်။ သားရဲတိရစ္ဆာန်ပေါသည်။ ခွေးနှင့် အမဲလိုက်လျှင် သားရဲတွေ ပါးစပ်ထဲ ခွေးတင်မက လူပါ အဆစ်ပါသွားနိုင်သည်။ ဤသည်ကို သိ၍ ဇော်ရိုးက ထောင်လကို အပြစ်တင်စကားပြောခြင်း ဖြစ်သည်။

"ခင်ဗျား အမဲလိုက်တဲ့အကြောင်း ဘာနားလည်လို့လဲ"

"ဘာကွ"

ဇော်ရိုးက အရက်ပြင်းခွက်ကို ကိုင်ရင်းက ထောင်လကို မျက်စောင်းထိုးကြည့်၍ အော်လိုက်၏။

သူ့သဘောမှာ ဒီကောင်လေး ဆက်ဆံရေး သိပ်ညံ့ပါလား ဟူသောသဘော။ သူတို့နှင့် အသက်တစ်ဝက်နီးပါး ကွာသော်လည်း တစ်ခါမှ "ကျွန်တော်" မပြော။ ကျုပ်၊ ငါချည်း ပြောသည်။ သူတို့ ထုံးစံလို ဖြစ်နေသဖြင့် မပြောသာသော်လည်း တစ်ခါတစ်ခါ စိတ်ထဲ ချဉ်နေမိသည်။ သူတို့ကမူ မြစ်ကြီးနားအရောက်ရောက်၊ ဖားကန့်အရောက်ရောက်၊ ရဲဘက်စခန်း အရောက်ရောက် နယ်စုံလာသူတွေ ဖြစ်ကြသဖြင့် လူကြီးသူမတွေနှင့် ပြောသောအခါ "ကျွန်တော်" ဆိုသောစကားကို ထမင်းစားရေသောက်လို အလေ့အကျင့်ရှိပြီးသား။

ယခု ဤစခန်းတဲတွင် သူတို့က လူကြီးသူမ၊ ပြီးတော့ ဤအတိုင်းသာ ရွှေမှန်ရွှေပွင့်တွေ နေ့စဉ်ရလျှင် မကြာမီ လူကြီးလူကောင်း ရွှေသူဌေးတွေ ဖြစ်ကြတော့မည့်အတိုင်း ဟိတ်ဟန်ကြီးချင်လာကြသည်။

ဤသည်ကို ထောင်လက ဂရုမပြု။ အမှန်အတိုင်း ပြောခြင်းမို့ ကြောက်လည်း လုံးဝ မကြောက်။ မုဆိုးအကြောင်း၊ ခွေးအကြောင်း၊ အမဲလိုက်သည့်အကြောင်း သူ နားမလည်ဘဲ ဝင်စွက်ပြောသည်ကို ထောင်လကလည်း စိတ်ထဲ အချဉ်ပေါက်လာသည်။

"ခွေးတစ်ကောင် တောကောင်းလာအောင်၊ အမဲသားကောင် လိုက်တတ်

www.burmeseclassic.com

www.burmeseclassic.com



လာအောင် ဒီလို ငယ်ငယ်ကတည်းကပင် သင်ပေးထားရတာဗျ။ ဒါမှ တော ကျွမ်းပြီး အမဲသားကောင်လိုက်ရာမှာ ပါးနပ်လိမ္မာမှု ရှိမယ်။ လျှင်မယ်၊ တောတိုး ထားပြီး ရဲစိတ်ရှိမယ်။ တောသွေး ရဲစိတ်ဝင်ထားတဲ့ခွေးမှ တောတိရစ္ဆာန်တွေ သားကောင်တွေကို ရင်ဆိုင်ရဲမယ်၊ လိုက်ရဲ ကိုက်ရဲမယ်။

ခင်ဗျားတို့ကြောင့် သေသွားတဲ့ ကျုပ်ခွေး ဘယ်လောက် တောကျွမ်းလဲ၊ ဘယ်လောက် ရဲသလဲ။ သခင်က ရှူးတိုက်ရင် ကျားကိုတောင် လိုက်ကိုက်ရဲတဲ့ ခွေးဗျ။ ဘယ်လောက် နားမြော့ဖို့ကောင်းလဲ၊ အဲသလို ဖြစ်လာအောင် အဖနဲ့ကျုပ် ဘယ်လောက် သင်ခဲ့ရလဲ သိလား။ အမဲလိုက်ကောင်းတဲ့ ခွေးတစ်ကောင်ရဖို့ လွယ်တယ် မှတ်လား။ ဒီလို ငယ်ငယ်ကတည်းက သင်ပေးထားတာတောင် ဗိဇပါမှ ခွေးက တောကောင်းတတ်တာ"

တစ်ခါမှ ဤသို့ စကားများများ မပြောသော ထောင်လကို သူတို့သုံး ယောက်စလုံးက အံ့ဩသွားသော်လည်း ဇော်ရိုးကမူ စကားမလျှော့။

"အေးပေါ့၊ မင်းတို့က ခွေးနဲ့ လုပ်စားလာတဲ့ကောင်ဆိုတော့ ခွေးစကားပဲ ပြောတာပေါ့။ ငါတို့က ဘယ်သိမလဲ"

"မသိရင် မပြောနဲ့ပေါ့ဗျ။ ဒီခွေးလေးနှစ်ကောင် တောသင်ဖို့ ကျုပ်ခေါ် လာတာ၊ အဖကလည်း တောကျွမ်းအောင် ခေါ်သွားဆိုလို့"

ထောင်လမှာ ခရီးရောက်မဆိုက် အပြောခံရသဖြင့် စိတ်ဆိုးနေပြီ ဖြစ် သည်ကိုသိသော စိုင်းဘောင်က အရက်ပြင်းထွေနေသော ဇော်ရိုးကို မျက်စိမှိတ် ပြသည်။

ထိုအခါမှ ထောင်လနှင့် ဆက်ပြောနေ၍ မဖြစ်တော့ဆိုသည်ကို ဇော်ရိုး သဘောပေါက်သွား၏။ သူ့ကို ခွေးပဲပြောပြော ကောင်လေးက နာတတ်ရမှန်း မသိ။ သူတို့လိုလည်း စကားကို သွယ်ဝိုက်၍ မပြောတတ်။ သူများ ပြောတာကို လည်း ဘာဆိုလိုမှန်း နားမလည်။ စကားကို တုံးတုံးတိတိသာ ပြောတတ်သည်။ ရိုးရိုးသားသား အမှန်အတိုင်း ပြောတတ်သော ထောင်လစကားကို သူတို့နားက ထော်လော်ကန့်လန့် ကြားနေကြသည်။ သို့သော် မသိတတ်သော တောင်ပေါ် သားကောင်လေးနှင့် ဆက်ပြောနေလျှင် သူသာ အရှုံးရတော့မည်။

ထောင်လ၏ ခွေးရဲကြီး သေသွားသည်မှာလည်း သူတို့ကြောင့်ပင် ဖြစ်နေ သဖြင့် ဇော်ရိုးက နောက်ထပ် ဘာစကားမှ မပြောတော့။ စခန်းတဲရှေ့ သဲပြင် ကျောက်ဆောင်ဘက် မျက်နှာလှည့်၍ အရက်ပြင်းတစ်ခွက်နှင့် ငူငူကြီးသာ ထိုင်နေလိုက်၏။





ထောင်လစကားမှာလည်း အမှန် ဖြစ်နေသည်။ သူ ဘာပြောနိုင်တော့ မည်နည်း။ အမဲလိုက်ခွေးတစ်ကောင် တောကောင်းလာရန်မှာ ငယ်ငယ်ကပင် သင်ကြား လေ့ကျင့်ပေးထားရသည်။ တောကောင်တို့၏ အနံ့အသက်၊ ကျင်ကြီး၊ ကျင်ငယ်၊ ခြေရာသွားလမ်းကအစ အတွေ့အကြုံရှိမှ တောလိုက်ခွေးသည် သား ကောင်ကိုရအောင် လိုက်နိုင်၊ ကိုက်နိုင်သည်။

တောလိုက် အမဲခွေးကောင်းတို့သည် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ် စသည် လူနှင့် မိမိအား အန္တရာယ်မပြုနိုင်သော သားကောင်များ နှင့် ပြောင်၊ ဆင်၊ ကျားသစ်၊ ကျား၊ ဝံ စသည့် အန္တရာယ်ကောင်တို့၏ အနံ့ အသက်ကိုလည်း ခွဲခြား သိတတ်ရသည်။ သို့မှသာ သားကောင်လိုက်ရာတွင် မိမိနှင့် အရှင်သခင်တို့၏ အန္တရာယ်ကို ကာကွယ်နိုင်မည် မဟုတ်ပါလား။

ခွေးလေးနှစ်ကောင်နှင့် ရွာက ပြန်ရောက်လာသော ထောင်လသည် ခရီး ပန်းလာသော်လည်း ထိုညက တစ်ညလုံး အိပ်မပျော်။ ခရီးရောက်မဆိုက် စိုင်းဘောင်၊ ဇော်ရိုးတို့နှင့် စကားများကြ၍လည်း မဟုတ်။ မိုးလင်းလျှင် ပီယအား ခွေးလေး သွားပေးရမည်ကိုသာ တွေးကာ တစ်ညလုံး အပျော်ကြီး ပျော်နေ၍ ဖြစ်သည်။ ပီယ၏အသံ. ပီယ၏ရုပ်ကိုလည်း တစ်ညလုံး မြင်နေ၊ ကြားနေမိ သည်။

အမှန်က ထောင်လ အိပ်မပျော်ခဲ့သည်မှာ ဤတစ်ညသာ မဟုတ်။ ပီယ နှင့် စတွေ့လာသောညကပင် ဖြစ်သည်။ ယခုဆိုလျှင် တစ်ပတ်နီးပါး ရှိပြီ။ လမ်းခရီးမှာ အိပ်ခဲ့ရသောည၊ ရွာမှာအိပ်ခဲ့ရသောည၊ စခန်းပြန်ရောက်လာ သောည၊ ညပေါင်းများစွာ အိပ်မပျော်ခဲ့။ မှေးခနဲ အိပ်ပျော်သွားလျှင်လည်း အိပ်မက်ထဲမှာ ပီယနှင့်ချည်း တွေ့နေရသည်။ အိပ်မက်မှ နိုးလာလျှင်လည်း ပီယကိုသာ စကားပြောနေမိသည်။ ပြုံးမိ၊ ရယ်မိ တစ်ယောက်တည်း ကြည်နူး နေမိသည်။ လူကြီးမိဘတွေသာ မြင်သွားလျှင် ထောင်လအား ချင်းတွင်းဖျားက တောစောင့်၊ တောင်စောင့်နတ်များ ဖမ်းစားလိုက်ပြီ အတင်နှင့် ခေါ်စာပင် ပစ်ကြလိမ့်မည်။

ထောင်လကတော့ နှုတ်လုံသည်။ ပီယနှင့်သူ တွေ့ကြသည့်အကြောင်းကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိ မပေး၊ မပြော။ အမှန်က ဤရက်ပိုင်း အတွင်းမှာ သူက မည်သူနှင့်မျှ စကား မပြောချင်။ သူ အချိန်ရှိသရွေ့ စကား ပြောချင်နေသူမှာ ပီယ တစ်ယောက်တည်းကိုသာ။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ပီယ၊ ငါပြောနေတာ နှင် ကြားလား။ နှင် ငါ့ကို အတွေ့မခံဘဲ ပုန်းနေမယ်ဆိုရင်လေ ငါက ဒီတောတောင်တွေ အားလုံး တောမီးကြီး ဟုန်းဟုန်း တောက်လောင်သွားအောင် ငါအော်ခေါ်နေမှာ။ နှင့်ကို မတွေ့မချင်း ငါသေတဲ့ အထိ အော်အော် ခေါ်နေမှာ"

သူ့မျက်နှာကို ငေးငေးလေး ပြုံးပြုံးလေးကြည့်ပြီး မထုံတက်တေး လုပ်နေသော ပီယမှာလည်း ထောင်လစကားကြောင့် ရင်ထဲ ဗလောင်ဆူလာပြီ။

တစ်ကြိမ်တစ်ခါမျှ မခံစားရဘူးသော ဝေဒနာသစ်တစ်ခုသည် ထောင်လ စကားနှင့်အတူ သူ့ရင်ကို တဒိတ်ဒိတ် အခုန်မြန်လာစေသည်။ နတ်ဒေဝတာ တစ်ဦးတစ်ယောက် ဝင်ပူးလာသလိုလည်း တစ်ကိုယ်လုံး ရှိန်းဖိန်းထူပူလာသည်။ ရင်ခုန်ရလွန်း၍ပင် ထောင်လ၏အမေးကို ဘာပြန်ဖြေရမှန်း မသိ ဖြစ်နေ၏။

"ဟင်- ပီယ၊ ငါ့ကို- အေး၊ ငါပြောနေတာ နှင်မယုံဘူးပေါ့"

ဤတစ်ခါ ပီယက ခေါင်းခါပြသည်။

ထောင်လ၏မျက်နှာမှာ ချက်ချင်း အပြုံးတွေ လျှံဖိတ်သွား၏။

"ငါ- ငါ ပြောတာ နှင်ယုံပြီပေါ့"

ပီယက ခေါင်းညိတ်ပြသည်။ ပြီးမှ-

"နှင် တကယ်ပြောတာနော်။ ဒီတောဒီတောင်ထဲ နှင့်ကို တွေ့ရတာရော၊ နှင်နဲ့ စကားပြောရတာရော ငါ့စိတ်ထဲ အိပ်မက်လိုပဲ"

ပီယက အသံလေး သေးသေးတုန်တုန်နှင့် တီးတိုးညည်းသလို ပြော၏။ ပြီး ထောင်လ၏ မျက်နှာကိုလည်း အေးအေးစက်စက် ကြည့်နေပြန်သည်။

ပီယ အနေကလည်း ထောင်လကို စွဲစွဲလမ်းလမ်း ဖြစ်နေခဲ့သည်။ ထောင်လ ချင်းတွင်း ဆင်းသွားသောနေ့ကစ၍ ထောင်လကို လွမ်းခဲ့၊ စောင့်ခဲ့ သည်။ ယခုတော့ ထိုရက်တို့ ကုန်လွန်ခဲ့ပြီ။ သို့သော် သူ့ကို နတ်ဒေဝတာ တစ်ဦးဦးကများ လှည့်စားနေသလားဟု သံသယဝင်နေတုန်း။

"နှင် တကယ် ပြန်လာတာနော်"

"ဟုတ်တယ်လေ၊ နှင့်ကို ငါ ဘာမှာခဲ့လဲ"

"ပြန်လာမယ်"

"ဒါပဲလား"

ပီယက ထောင်လမျက်နှာကို စိုက်ကြည့်၍ ငေးနေ၏။

"နှင့်ကို ငါပြောခဲ့တဲ့စကား နှင် မှတ်မိလား"

"အင်း . . ."





"ဒါဆို ပြောလေ၊ နှင့်ကို ငါ ဘာမှာထားခဲ့လဲ၊ ပြောထားခဲ့လဲ"

"ခွေးလေးတစ်ကောင် ပေးပါ့မယ်လို့ နှင် ညာသွားသေးတယ်လေ"

ပီယ၏စကားကို သဘောကျ၍ ထောင်လက ဟက်ဟက်ပက်ပက် ရယ် ချလိုက်သည်။

"နှင် . . . လူညာ"

ပီယက ထောင်လမျက်နှာကိုကြည့်၍ ပြောပြန်၏။ စိတ် အလွန်အမင်း ဆိုးနေပုံတော့ မပြ။

"ငါ မညာဘူး။ ငါ ပြန်လာတာပဲ။ နှင်ကသာ သီချင်းမဆိုဘဲနေတော့ ငါက နှင့်ကို ဘယ်လိုက်ရှာရမှန်း မသိလို့ အော်အော် ခေါ်ရတာကော၊ ရှာရတာကော၊ ဘယ်နေမှန်းမှ မသိတာ"

"နှင်နဲ့ တွေ့ပြီး ငါ ဒီနေရာမှာ နေ့တိုင်း သီချင်းလာလာဆိုတယ်။ နှင်ကမှ မလာတာ"

ပီယ အမှန်အတိုင်း ပြောသည်ကို သိသဖြင့် ထောင်လ ပို၍ ဝမ်းသာသွား သည်။

"ငါ ရွာမှာ ခွေးသွားယူနေပါတယ်ဆို၊ နှင်က ခွေးလိုချင်တယ်ပြောတာကိုး။ နှင်လိုချင်ရင် ငါက ခွေးလောက်ကို မပြောနဲ့ ကျားကြီးတွေ၊ ဆင်ကြီးတွေ ဖမ်းပေးဆိုလည်း မရရအောင် ဖမ်းပေးမှာပဲ"

"တော်ပါ၊ နေ့လေးငါးခါ သေပြီးတာတောင် နှင် မလာ . . ."

"တကယ်ပြောတာ၊ ကျားတို့၊ ဆင်တို့ လိုချင်ရင်ပြောနော်၊ ငါရ . . ."

"ဘာလုပ်ဖို့လဲ"

"ဒီတော၊ ဒီတောင်မှာ ကျားတို့၊ ဆင်တို့က ပေါတော့ ဖမ်းဖို့ လွယ်တယ်။ ခွေးကသာ ဒီမှာ မရှိလို့ ရှားတယ်။ ငါတို့ ရွာက အဝေးကြီး၊ ချင်းတွင်းဝမှာ။ ခွေးလေးတွေကို ငယ်သေးတော့ ထမ်းခေါ်လာရတာ။ ပင်ပန်းလိုက်တာလည်း မပြောပါနဲ့တော့။ ငါ့မှာ နှင်လိုချင်တယ်ဆိုလို့သာ အပင်ပန်းခံ . . ."

"ဟယ် နှင် ခွေး တကယ်ပါလာပြီ"

ပီယမှာ ချက်ချင်း ထခုန်ပစ်မတတ် ဝမ်းသာသွားသည်။

"ဒါပေါ့၊ ပါလာရတာပေါ့၊ နှင် လိုချင်နေဘာကိုး" .

"ဘယ်မှာလဲဟင်၊ နှင်တို့စခန်းမှာလား"

"ခု ဒီမှာ ပါလာတယ်ဆို"

ပီယက ထောင်လစကားကြောင့် ထောင်လ၏တစ်ကိုယ်လုံးကို ပြူဆုံး


www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆုံး ကြည့်သည်။ ခွေးကို မပြောနှင့် ထောင်လအနားမှာ ခွေးခြေရာပင် မတွေ့ရ။

ပီယ သက်မချလိုက်သည်။ ချင်းတွင်းသားလူညာ သူ့ကို နောက်နေသည် ထင်သဖြင့် ချက်ချင်း မျက်နှာနီသွား၏။

"ဘယ်မှာလဲ နင့်ခွေး၊ ငါ့မျက်စိထဲ မတွေ့ပါလား"

"ကျွတ်ကျွတ် . . . စူး . . . ဂူ . . . ၊ စူး . . . ဂူ"

ထောင်လက လက်ဖျစ်တီး၍ ပါးစပ်က ခွေးခေါ်သံ ပြုလိုက်သည်။

ခွေးလေးနှစ်ကောင်၏ ခေါင်းနှစ်လုံးသည် ထောင်လ၏ ပခုံးတစ်ဖက်တစ်ချက်စီမှ ပေါ်ထွက်လာကြသည်။

ပီယ၏မျက်နှာ ချက်ချင်း ဝင်းတောက်လာ၏။

ထောင်လက ပီယ၏မျက်နှာကိုကြည့်၍ ပြုံးနေ၏။ ပီယကတော့ ထောင်လ၏မျက်နှာကို မကြည့်တော့။ သူ့အကြည့်က ခွေးလေးနှစ်ကောင်၏ မျက်နှာဆီ ရောက်နေလေပြီ။

ထောင်လသည် ကျောတွင် လွယ်ပိုးလာသော ဝံရေလွယ်အိတ်ကြီးကို သူ့ပခုံးပေါ်က ဖြုတ်ချလိုက်သည်။ ဝဝကစ်ကစ်နှင့် ချစ်စရာကောင်းလှသော ခွေးလေးနှစ်ကောင်သည် ဝံသားရေအိတ်ကြီးထဲက ထွက်ကျလာ၏။

"ဟယ် . . . လှလိုက်တာ"

ထောင်လနှင့် ပီယတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အပြုံးချင်း ဖြိုင်လိုက်ကြသည်။ ပြီး ခွေးလေးနှစ်ကောင်နား ပြိုင်တူ ထိုင်ချလိုက်ကြသည်။

"ခွေးလေးနှစ်ကောင်က တောမကျွမ်းသေးတော့ တောကြောက်နေကြတယ်။ အရပ်က စိမ်းနေသေးတာကိုး။ စခန်းက လမ်းလျှောက်ခေါ်လာတာ ဝံတစ်ကောင် အီသံလည်း ကြားလိုက်ရရော လူပေါ် ချည်း ခုန်ခုန်တက်နေကြလို့ ဝံရေအိတ်ထဲ ကောက်ထည့် ထမ်းလာရတာ"

"ခွေးတွေက ဝံကို သိပ်ကြောက်တယ်လေ"

ပီယက ပြော၏။

ဤတော ဤတောင်ထဲတွင် သားရဲတွေ အလွန်ပေါ၏။ သားရဲနံ့နှင့် အကျွမ်းမဝင်ကြသေးသော ခွေးလေးနှစ်ကောင်မှာ ဝံနံ့ရ၍ ကြောက်ရွံ့နေကြသည်။

ဤအရပ်သည် ဝံတွေအပေါဆုံးအရပ် ဖြစ်သည်။ ထို့ကြောင့်လည်း စိုင်းဘောင်က စခန်းသိမ်းပြီးလျှင် သူ့ယောက်ဖ ထာသင်မော်အတွက် ဝံသည်းခြေ





ယ်လုံးလောက် ပစ်ယူသွားဦးမည်ဟု ဆိုဖူးသည်။ ဤအရပ်က ဝံအုပ်နှင့်တွေ့ျင် အထူးသဖြင့် ဝက်ဝံသားပေါက်မတွေနှင့် တွေ့လျှင် ခွေးမှာ ဘယ်လောက်ြးကြီး သေရသည်သာ။

ခွေးလေးနှစ်ကောင်က သူစိမ်း ပီယကိုလည်း ပြူးကြောင်ကြောင် ကြည့်နေကြ၏။

ခွေးချစ်တတ်သောပီယ၏ အကြည့်ကတော့ ထောင်လမျက်နှာပေါ်၌ပင် ရှိတော့ဘဲ ခွေးလေးနှစ်ကောင်ဆီ၌သာ။

"ကဲ . . . ဒီခွေးလေး နှစ်ကောင်ထဲက ပီယကြိုက်တဲ့အကောင်ကိုယူ၊ ဒီကောင်က ကအူး၊ ဒီကောင်က ကနောင်၊ ဒါ သူတို့နာမည်ပဲ"

ထောင်လက ခွေးလေးနှစ်ကောင်ကို အကြီး၊ အငယ် တစ်ကောင်စီကို က်နှင့်ကိုင်ပြ၍ ပြော၏။

"သူတို့ နှစ်ကောင်က ညီအစ်ကိုလား"

"အေးပ၊ ငါ့ခွေးမကြီးက ပေါက်ထားတာ။ ဒီနှစ်ကောင်ပဲ ရှင်တယ်။ မွေးန်းက ခြောက်ကောင်တောင်မွေးတာ။ လူမရှိတုန်းက ခွေးအတွေ ဝင်ဆွဲသွားြလို့ ဒီအကြီးနှစ်ကောင်ပဲ ကျန်တယ်။ တောသင်ရအောင်ရယ်၊ နင့်ကိုပေးဖို့ရယ်၊ ခေါ်လာတာ။ ငါ တစ်ကောင်၊ နင် တစ်ကောင်ပေါ့၊ ယူလေ ဒီနှစ်ကောင်ဲက နင်ကြိုက်တဲ့အကောင်ကို ယူလေ"

"နင်ပေးချင်တဲ့ အကောင်ပဲ ပေးပါ"

"နင် ကြိုက်တဲ့အကောင်ကို ယူပါဆို။ နင့်ကို ပေးချင်လွန်းလို့ ချင်းတွင်းကတောင် တကူးတက ငါ ထမ်းပိုး ယူလာရတာ"

"ဟင့်အင်း၊ ဟင့်အင်း နင်ပေးတဲ့ အကောင်ပဲ ယူမယ်"

"ရော့. . ခက်ပါပြီကော၊ နင် ကြိုက်တဲ့အကောင် ယူပါဆို"

"ဟင့်အင်း. . ဟင့်အင်း၊ ငါမယူဘူး။ နင်. . . နင်ပေး"

"ငါ မပေးတော့ဘူး ဆိုရင်ကော"

"မယူဘူးပေါ့၊ ဟဲ . . . ဟဲ"

"တကယ်ပြောတာလား"

"တကယ်ပေါ့၊ ဟင်း . . . အင်း . . . ဟင်း . . . အင်း . . . "

ပီယက ရယ်သံလွင်လွင်နှင့် ပြော၏။

"ပြီးရောပေါ့ဟာ"

ထောင်လသည် စိတ်တိုသွားဟန်နှင့် ခွေးလေးတစ်ကောင်စီကို သူ့ဝံရေ



www.burmeseclassic.com

www.burmeseclassic.com

လွယ်အိတ်ကြီးထဲသို့ ဆိုးခနဲဆတ်ခနဲ ကောက်ထည့်ပစ်လိုက်သည်။ ပြီးတော့ အိတ်ကြီးကို မ,ကာ ထိုင်နေရာမှ ထ၏။

ရုတ်တရက် စိတ်ဆိုးပြီး သူ့ခွေးလေးတွေကို ကောက်သိမ်းကာ မတ်တတ် ထရပ်လိုက်သော ထောင်လကို ပီယက အထိတ်တလန့် မော့ကြည့်နေသည်။ ပီယ၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ချက်ချင်း ဝဲလာ၏။

ထောင်လက ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။

အမှန်က ထောင်လ ဟန်ဆောင်လိုက်ခြင်းသာ။ သို့သော် သူတို့နှစ်ဦးမှာ တစ်ယောက်စကားတစ်ယောက် နားလည်ရုံလောက်သာ ရှိကြရာ ထောင်လ ဟန်ဆောင် ထရပ်လိုက်သည်ကို ပီယက တကယ်ထင်လိုက်သည်။ ထို့ကြောင့် ပင် မျက်ရည်ဝဲကာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး တကယ်တမ်းကျတော့ ပီယက မခံနိုင်ရှာ။

"နင် . . ."

"နင် . . ."

ဆိုဆို့နင့်နင့် ခေါ်လိုက်သံကြောင့် ထောင်လ ပြန်လှည့်ကြည့်၏။

"နင် နင် ငါ့ကို စိတ်ဆိုးသွားပလား"

မျက်ရည်ဝဲနေသောပီယ၏ အကြည့်ငေးငေးလေးနှင့် ဆုံမိသွားသော အခါ ထောင်လ၏ ရင်ထဲမှာလည်း နင့်ခနဲ မျက်သွားသည်။ 'ငါ ကျီစယ်မိတာ များသွားပြီ' ဟုလည်း တွေးလိုက်သည်။

"ဟင် . . . နင် . . . နင် ငါ့ကို စိတ်ဆိုးတယ်"

ငိုမဲ့မဲ့ အသံလေးနှင့် ပီယက ထပ်မေးနေ၏။

"သိပ်ဆိုးတာပေါ့။ ငါကတော့ နင် လိုချင်တယ်ဆိုလို့ ဟိုအဝေးကြီး ချင်းတွင်းမှာတောင် သွားယူရတာ။ အသွားအပြန် လေးငါးည ကြာတယ်။ ဒီရောက်မှ နင် ကြိုက်တဲ့အကောင် ရွေးယူပါဆိုတာ နင် နင်က ဘာ . . ."

"မဟုတ်ဘူး၊ မဟုတ်ဘူးလေ"

ပီယက ချက်ချင်း ထိတ်ထိတ်ပျာပျာ ခေါင်းခါ၍ ပြော၏။

"ဘာ . . . မဟုတ်တာလဲ"

"ငါ ငါတို့မှာ ပေးမှ ယူရတဲ့ထုံး ရှိတယ်။ ဘာယူမယ်လို့ စိတ်နဲ့တောင် မပြောရဘူး၊ သူများပစ္စည်း . . ."

"အို . . . ဗုဒ္ဓေါ"

ထောင်လ ချက်ချင်း ဘုရားတလိုက်မိသည်။ သူတို့ ထိုဓလေ့ကို သူမသိ





သေခြင်း။ နောင်တစိတ်၊ ပီယကို သနားစိတ်နှင့် ထောင်လက ပီယအနား ပြန်ထိုင်လိုက်၏။

"အေး၊ နင်တို့မှာ သူများပေးမှ ယူရတဲ့ထုံးရှိသလို ငါတို့မှာလည်း ထုံးရှိ တယ်"

"ဘယ်လိုထုံးလဲ"

ပီယက ထောင်လမျက်နှာကို စိုက်ကြည့်၍ မေးနေပြန်၏။

"တို့ထုံးက ပေးရင် ယူရတယ်။ တောင်းရင် ပေးရတယ်။ ငါ့စကား နင် မှတ်ထား"

ပီယက ခေါင်းညိတ်ပြ၏။

"နင်တို့ထုံး ငါမသိလို့ပ"

"ငါလည်း နင်တို့ထုံး မသိလို့ပ"

"ခု သိပြီပေါ့"

"အေး . . . သိပါပြီ"

နှစ်ယောက်သားကြည့်၍ ရယ်လိုက်ကြပြန်၏။

ထောင်လက ဝံသားရေလွယ်အိတ်ကြီးထဲမှ ခွေးလေးနှစ်ကောင်ကို ပြန်၍ ဆွဲထုတ်လိုက်သည်။

"ကဲ . . . ရော့၊ ဒီကောင် နင်ယူ၊ ဒီကောင်က အကြီး"

သူ့ရှေ့ရှိ ခွေးလေးနှစ်ကောင် အနက် ရင်ဘတ်အဖြူကျားနှင့် အကြီးခွေး လေးကို ထောင်လက ပီယရင်ခွင်ထဲ ထည့်ပေးလိုက်၏။

သူ့ရင်ခွင်ထဲ လာထည့်ပေးသောခွေးလေးကို ပီယက ချက်ချင်း ကောက်ချီ၍ နမ်းပစ်လိုက်သည်။

"ဒါ . . . ဒါ . . . ငါ့ခွေးနော်။ ဒါ ငါ့ခွေးဖြစ်သွားပြီ"

ပီယ၏အကြည့်သည် ခွေးလေးဆီမှ ထောင်လဆီ ရောက်လာပြန်၏။

"အေးပ၊ အဲဒါ နင့်ခွေး၊ ဒါ ငါ့ခွေး"

ထောင်လကလည်း သူ့ခွေးအငယ်ကောင်ကို ကောက်ချီပြလိုက်၏။

"နင့်ကို ငါ ဘာပြန်ပေးရမလဲ"

"တစ်ခုခုတော့ ပေးရမှာပေါ့။ သူများပစ္စည်း အလကားယူတာ ဘယ် နတ်ကြိုက်မလဲ"

သူတို့ဓလေ့က သူ့စိမ်းဆီက ပစ္စည်းကို အလကားမယူရ ဟူသော ပညတ် ချက်ကို သိသဖြင့် ထောင်လက ပြောလိုက်၏။ ဤဒေသသားတွေ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အဖ ပြောပြဖူးသည်။ တစ်ခုပြီးတစ်ခု ထောင်လခေါင်းထဲ ရောက်လာ၏။

အတည်ပေါက် ပြော၍ အတည်ပေါက် လုပ်နေရသော နောက်ထပ် မလေ့တစ်ခုကပါ ထောင်လခေါင်းထဲ ရောက်လာပြန်သည်။

"ဘာပေးရမလဲ ပြော"

ပီယက ပစ္စည်းမပေးရသေးသူမို့ ထောင်လကို မေး၏။

"နင် ဘာပေးချင်လဲ"

"နင်တို့ ထုံးအတိုင်းပဲလေ၊ ခွေးလေးအစား ကျားကြီးတစ်ကောင် အပါး တို့၊ ကညီးတို့ကို ဖမ်းခိုင်းပြီး နင့်ကိုပေးမယ်။ နင် ယူရမယ်"

"အမလေး . . . အစ်မကြီးရေ၊ ကျားတော့ မလုပ်လိုက်ပါနဲ့။ ငါ အစာ မကျွေးနိုင်လို့ပါ။ ဝံဆို တော်ဦးမယ်၊ လူလည်း ပျားစားရဦးမယ်"

တကယ်ရှုံ့သွားသလို ပခုံးနှစ်ဖက် တွန့်ပြလိုက်သော ထောင်လကို ကြည့်ကာ ပီယက တခစ်ခစ် ရယ်ပစ်လိုက်သည်။

"မနက်ဖြန်ကျရင် နင့်ကို ငါ ဝံသားရေအချပ်ကြီးကြီး တစ်ချပ်ပေးမယ်"

"ဝံသားရေ ငါ မလိုချင်ဘူး။ ဒီမှာ ဝံသားရေအိတ် ငါ့မှာ အကြီးကြီးရှိ တယ်"

"တို့ဆီက သိပ်အေးတယ်၊ အင်္ကျီချုပ်ဝတ်ဖို့လေ"

"ငါ့မှာ ယုန်သားရေစပ် အင်္ကျီနွေးနွေး ပါတယ်"

"ဖိနပ်လုပ်စီးပေါ့"

"ဝံသားရေက မာတယ်။ ခြေထောက်ပေါက်တယ်။ ရှူးပျံသားရေဖိနပ် ဒီမှာ တွေ့လား"

ထောင်လက သူ့ခြေထောက်နှစ်ဖက်ကို ပြုံးတုံ့ လှုပ်ပြလိုက်သည်။

"နင် . . . ဝံသားရေ မလိုချင်ဘူးပေါ့"

"အေး၊ မလိုချင်ဘူး"

ထောင်လက ပီယ၏မျက်နှာကို ငေးကြည့်၍ ပြောလိုက်၏။

"နင် ဘာလိုချင်လဲ"

"ငါလား"

"အေး"

"အိမ်း . . . ငါလိုချင်တာကတော့ နင့်ပဲ လိုချင်တယ်။ တခြား ငါ ဘာမှ မလိုချင်ဘူး။ နင့်ကို ငါ မြင်မြင်ချင်း၊ တွေ့တွေ့ချင်း ချစ်တယ် ပီယရေ။ နင့်ကို ငါ မြင်မြင်ချင်း၊ တွေ့တွေ့ချင်း ချစ်တယ်"





ထောင်လ၏စကားကြောင့် ပီယ၏မျက်နှာက ရဲတွတ်သွားသည်။ သူ့ကို စိုက်ကြည့်နေရာက ခေါင်းငုံ့ပစ်လိုက်၏။ ခွေးလေးကိုယ်ပေါ် လက်တစ်ဖက်တင် ကာ မျက်လွှာချထားသည်။

"ဟင် . . . ပီယ၊ ငါပြောတာ နင် ကြားပါတယ်နော်။ နင့်ကို ငါချစ်တယ်။ နင်လည်း ငါ့ကိုချစ်ပါဟယ်"

ခေါင်းငုံ့ကာ မျက်လွှာချနေသောပီယကို အားမလိုအားမရ ဖြစ်ကာ ထောင်လက ထပ်မေးသည်။ ပီယက ခေါင်းမော့မလာသေး။ ထောင်လက ထပ်မေး၏။

"ပီယ၊ ငါ စောစောကပဲ ပြောထားပြီးသားနော်၊ ငါတို့ထုံးစံက ပေးရင် ယူရတယ်၊ တောင်းရင် ပေးရတယ်၊ ခု နင့်အချစ်ကို ငါ တောင်းနေတယ်"

"နင့်ခွေး ငါ ပြန်ပေးရမလား"

ထောင်လမျက်နှာကို မဝံ့မရဲ တစ်ချက် မော့ကြည့်၍ ပြော၏။

"နင် ငါ့ကို ချစ်တယ်ဆို ပြန်ပေးပေါ့"

"မပေးဘူး"

"ဟား . . . ဟား . . . ဟား . . ."

ထောင်လမှာ သူ့အပြောကိုသူ သဘောကျသွားသလို ပီယ၏ အပြောကို လည်း သဘောကျသွား၏။

သူပြောလိုက်သော စကားမှာ ပီယ ငြင်းမရသောစကား။ ခွေးလေး ပြန်ပေးလျှင် 'နင် ငါ့ကို ချစ်တယ်ပေါ့' ဟု ထောင်လက အကျပ်ကိုင်ဦးမည်။ ဤသည်ကို ပီယ သိသည်။

"နင် အားကြီး၊ အားကြီး စကားတတ်တယ်။ နင့်နာမည် ဘယ်လိုခေါ်လဲ"

လူချင်း တွေ့ကြ သိကြသည်မှာ နှစ်ရက်၊ နှစ်ခါရှိပြီ။ ယခုမှ နာမည်ကို မေးသည်။ သူ့နာမည်ကို မေးခြင်းသည် သူ့ကို စိတ်ဝင်စားခြင်း၊ ချစ်ခြင်းပင်။ ဤသည်ကိုတော့ ထောင်လက ပါးပြီးသား၊ သိပြီးသား။

"ငါ့နာမည်ကို နင် သိချင်လား"

"သိချင်လို့ မေးတာပ"

"အေး။ သိချင်ရင် ပြောပါ့မယ်။ ငါ့နာမည် ထောင်လ၊ ပီယကို တအားကြီး ချစ်တဲ့ကောင်လေ၊ သိပြီလား"

ထောင်လက ပီယ၏ ဖြူဖွေးဝင်းညက်နေသော လက်ချောင်းတုတ်တုတ် အိအိတွေကို သူ့စကားအတိုင်း တအားကြီး ဖျစ်ညှစ်ပြီး ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"နာတယ်ဟာ"

ပီယက အတင်း ရုန်းပစ်လိုက်၏။

"မနာအောင် ကိုင်မှာပါ"

"ဖယ်ပါ၊ နင့်ခွေး ငါ ပြန်မပေးပါဘူးဆိုနေ"

ပီယက မျက်စောင်းချိတ်၍ အပြုံးစစနှင့်ပြော၏။

"အေးပါ၊ အေးပါ ပြန်မပေးတမ်းနော် ပီယ"

"ငါပေးတဲ့ ဝံရေကိုလည်း နင်ယူရမယ်နော်၊ ပေးရင်ယူရတယ်ဆိုတာ နင်တို့ ထုံးပဲဆို။ မငြင်းရဘူး၊ ဟိုတစ်နေ့က ငါ ယူလာသေးတယ်။ နင်က တစ်နေ့မှ ပြန်ပေါ်မလာတော့လို့ စိတ်ညစ်ပြီး ငါ ဒီနေ့ ယူမလာခဲ့တာ"

"ဒီနေ့ လာပြီလေ"

"အေးပေါ့၊ အဲဒါကြောင့် မနက်ဖြန် ယူလာမယ်။ နင် ယူရမယ်နော်"

"ယူမယ်၊ ယူမယ်၊ ဝံရေကိုလည်း ယူမယ်။ နင့်ကိုလည်း ယူမယ်"

"တော်စမ်း . . . နင် ငါ့ကို အဆိုးမဆိုနဲ့"

သူ့လက်ချောင်း အိအိဖြိုးဖြိုးများကို တအား ညှစ်ညှစ်နေသော ထောင်လအား ပီယက တွန်းပစ်လိုက်သည်။

ခွေးလေးနှစ်ကောင်မှာ ရုတ်တရက် လန့်သွားပြီး နေရာရွှေ့သွားကြ၏။

"ငါ့ခွေးလေးနဲ့ ငါပြန်မယ်။ နင်လည်း ပြန်တော့။ မနက်ဖြန် နေ ဟိုတောင်ထိပ်ရောက်လာရင် ငါ ဒီကို ရောက်လာမယ်။ ဝံရေတစ်ချပ် ယူလာမယ်"

"ဘာလုပ်ဖို့လဲ"

"နင့်ကို ပေးဖို့လေ၊ ဘာလဲ မလိုချင်ဘူးလား"

"လိုချင်ပါတယ်၊ ဝံရေရော၊ လူရောပေါ့"

"ပြောပြန်ပြီ"

ပီယက ထောင်လလက်ကို ပုတ်ချလိုက်သည်။ ခွေးလေးကို ကောက်ချီ၏။ ထိုင်ရာမှ ထလိုက်သည်။ ထောင်လမျက်နှာကို တစ်ချက်ကြည့်သည်။ ခြေစ,လှမ်း၏။

"ပီယ"

ထောင်လက အလန့်တကြား ခေါ်လိုက်သည်။ ပီယ ခြေလှမ်း တုံ့လိုက်၏၊ သမင်လည်ပြန် လှည့်ကြည့်သည်။

"ဟေး . . . မနက်ဖြန် နင် ဒီနေရာက ဆက်ဆက် စောင့်နေနော်၊ ငါ ဝံသားရေ လာယူပါမယ် -ဆိုတာ ပြောမလို့ပါ"





ထောင်လက အထိတ်တလန့် ခေါ်ပြီး သူ့ကို တမင် စ,မှန်းသိသဖြင့် ပီယ ခြေဆောင့်ထွက်သွားသည်။

ပီယ၏ စိတ်ကောက်၊ စိတ်လုပ်သွားဟန် ချစ်စရာအသွင်ကို ငေးကြည့်ကာ ထောင်လ တဟားဟား ရယ်မော၍ ငေးကျန်ခဲ့၏။

ပီယကလည်း ထောင်လ၏ နောက်ပြောင်ကျီစားတတ်မှုကို သဘောကျ၍ ခစ်ခစ် ရယ်သွားသည်။

ချုံပုတ်တောစ အရောက်မှာ ပီယက ထောင်လကို လှည့်ကြည့်ပြန်၏။

ထောင်လက သူ့ခွေးလေးကို ကိုင်မြှောက်၍ တရှုပ်ရှုပ် နမ်းပြလိုက်သည်။

ပီယကလည်း အားကျမခံ ထောင်လ ပေးလိုက်သောခွေးလေးကို ပွေ့ဖက်ကိုင်မြှောက်၍ တရှုပ်ရှုပ် နမ်းပြလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ထောင်လ ငါ့ကို ကင်ပွန်းချဉ် တစ်အိုးလောက် ကျိုပေးပါကွာ။ ပြီးတော့ သက်ရင်းကြီးရရ၊ တောင်တန်ကြီးရရ ငါ့ကို ရှာပေးပါ။ ခမ်းတောက်မြစ်ရရင် ပိုကောင်းမယ်။ ညက တစ်ညလုံး ငါ မအိပ်ရဘူး။ ဒူးခေါင်းက အရမ်း ကိုက်နေတယ်"

မနက်စာ ထမင်းချက်နေသော ထောင်လအား အိပ်ရာထဲ လဲနေသော စိုင်းဘောင် လှမ်းပြော၏။

ထမင်းချက်ပြီးလျှင် ကင်ပွန်းချဉ်ရွက် ကျိုပေးရဦးမည်။ သက်ရင်းကြီး တောင်တန်ကြီး ရှာတူးပေးရဦးမည်။ သက်ရင်းကြီး၊ တောင်တန်ကြီး၊ ခမ်းတောက် မြစ်ရလျှင် သွေးပေး၊ လိမ်းပေးရဦးမည်။

ထောင်လ နံနက်စာ ထမင်းဟင်း ချက်ရင်း စိတ်ညစ်သွားသည်။

'ရွှေရတိုင်း ရေထဲက မတက်ကြတဲ့ ခင်ဗျားတို့အတွက် အဖြစ်တောင် နည်းသေးတယ်' ဟု ထောင်လ စိုင်းဘောင်ကို ပြန်ပြောလိုက်ချင်သည်။ သို့သော် အတူနေကြသူချင်း၊ စီးပွားဖက်ချင်းမို့ ထောင်လက ပြောမထွက်။ ဤစခန်းထဲ တွင် စိုင်းဘောင်မှာ အကြီးဆုံးလည်းဖြစ်၊ ခေါင်းဆောင်လည်း ဖြစ်သဖြင့် လည် ချောင်းထဲ တစ်ဆို့ဆို့ကြီး ဖြစ်နေသောစကားများကို ပြန်မျိုချထားလိုက်ရသည်။

စိုင်းဘောင်၊ ဇော်ရိုး၊ ငမောင်တို့ သုံးယောက်မှာ ဥရုမြစ်ဖျားတွင် သူတို့ ထင်ထားခဲ့ကြသည်ထက် ရွှေမှုန်ရွှေပွင့်တွေ ရနေကြသဖြင့် နေ့စဉ် အေးစိမ့်နေ သော မြစ်ညာရေထဲဆင်း၍ ရွှေကျင်ခဲ့ကြ၏။

နွေလပင် ဖြစ်သော်လည်း မြစ်ညာရေမှာ အမြဲ အေးစိမ့်နေသည်။ မနက် စောစောဆိုလျှင် ရေထဲဆင်းလိုက်သည်နှင့် တစ်ကိုယ်လုံး ကျဉ်တက်မတတ် အေးသည်။ အသည်းခိုက်မျှ အေးလှသည်။ ရွှေပွင့်ရွှေမှုန်တွေက ထင်ထားတာ ထက် ရ၍ လောဘဇောတိုက်နေကြသော သူတို့သုံးယောက်မှာ မိုးလင်း၍





စားသောက်ပြီးသည်နှင့် ရေထဲ ရောက်နေတတ်ကြသည်။ တစ်နေကုန် တစ်နေ ခန်း ရေထဲက မတက်ဘဲ ရွှေကျင်နေတတ်ကြ၏။ ရွှေရလေလေ ရေထဲက မတက်နိုင်ကြလေ ဖြစ်နေကြသည်။

ယခု စိုင်းဘောင် အအေးပတ် ဖျားနေသည်။ ဒူးခေါင်းဆစ်တွေ ရောင် ကိုင်းနေသည်။ ညည အဆစ်အမြစ်တွေ ကိုက်၍ မအိပ်ရဟု ပြောနေသည်။ မီးဖိုနားက အမြဲ မခွာဘဲ နေနေသည်။ တစ်ကိုယ်လုံးကို မီးချည်းကင်နေသည်။ စိုင်းဘောင် ဤသို့ ဖျားနာနေသည်မှာ ငါးရက်ခန့်ပင် ရှိသွားပြီ။

နောက်နှစ်ယောက် ရှိကြသေးသည်။ ဇော်ရိုးနှင့် ငမောင်။

ဤအတိုင်းသာ နားရက်မရှိ ဆက်လုပ်သွားကြလျှင် သူတို့နှစ်ယောက် လည်း စိုင်းဘောင်ရောဂါမျိုး တစ်နေ့မဟုတ် တစ်နေ့ ဖြစ်လာကြလိမ့်မည်ကို ထောင်လ သိနေသည်။ သို့သော် ထောင်လက သူတို့ကို ပြောမရ၊ မတားသာ။ ထောင်လ ပြော၍လည်း လောဘကြီးနေကြသူတွေကို ရမည် မဟုတ်။

ထောင်လထက် သူတို့က အသက်တစ်ဝက်နီးပါး ကြီးကြသူတွေ ဖြစ်သလို 'တို့က ဖိနပ်ရှည်နဲ့ ဆင်းကြဘာ။ တို့ခြေထောက် ရေစိုလို့လား' ဟု စောဒက တက်ကြသည်။ ယခုတော့ တစ်နေ့လုံး ရေငွေ့ရိုက်ခံရ၍ စိုင်းဘောင် ရောဂါရ နေပြီ။

ထောင်လမှာ သူတို့အတွက် ညမနက်စာ ထမင်းဟင်းချက်ပေးဖို့ တာဝန် ရှိသူ။ ဆန်၊ ဆား ကုန်သွားလျှင် ရွာပြန် ယူရသူ။ သူတို့အတွက် ကူဖော်လောင်ဖက် အခိုင်းအစေ သဘောသာ။ ထောင်လ၏ ဤအလုပ်အတွက် အဖကိုလည်း ငွေ နှစ်ထောင် ပေးထားခဲ့ကြသည်။

ထို့ကြောင့် ဒေသ၏ ရာသီဥတု တောတောင်ရေမြေကို သိသော်လည်း ထောင်လက ရေငုံနှုတ်ပိတ် နေနေရသည်။ ထောင်လမှာ သူတို့ခိုင်းသမျှ လုပ်ပေး ရုံသာ။ သူတို့ လုပ်ငန်းနှင့် ပတ်သက်၍ ဘာမှ ဝင်ရောက် စွက်ဖက်စကား မဆိုသာ။

ဤမြစ်ညာဘက် တက်ရေးနှင့် ပတ်သက်၍ ထောင်လ ကန့်ကွက်စကား တစ်ခါ ဆိုဖူးခဲ့သည်။ သို့သော် အရာမထင်ခဲ့။

'မင်းအလုပ် မင်းကျေပွန်အောင်လုပ်၊ ငါတို့လုပ်ငန်း မင်းနားမလည်ပါဘူး' ဟုသာ အပြောခံခဲ့ရသည်။ သူစေတနာကို အပြစ်သာ မြင်ခဲ့ကြသည်။

ယခုမူ နေ့စဉ်ရက်ဆက် ရေထဲ ဆင်းနေကြသည့်ကိစ္စ ထောင်လ ပြော လာပြန်လျှင် ပိုဆိုးနိုင်သည်။ အအော်အငေါက်ပင် ခံရမည်။ ရွာပြန်ချင်၍ တော ထဲတောင်ထဲ ပျင်းလာ၍ အကျိုးမဲ့ အကြောင်းပြ ပြောသည်ဟုသာ ထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com

ကြပေမည်။

နံနက်စာ ထမင်းဟင်း ချက်ပြီးသွားသည်။ စိုင်းဘောင်အတွက် ဆေးမြစ်တွေ သွားရှာတူးပေးသည်။ ထောင်လ ထင်ခဲ့သည့်အတိုင်း ဆေးမြစ်တွေကို စိုင်းဘောင်အတွက် သွေးပေးရသည်။ ဒူးခေါင်းနှစ်ဖက်ကို လိမ်းပေးရသည်၊ ပြီးမှ ညနေစာအတွက် ဟင်းရွက်ခူးရန်၊ ဟင်းရှာရန် စခန်းက ထွက်ဖြစ်သည်၊

ထောင်လ နံနက်စာစားပြီး စခန်းကထွက်လာချိန်မှာ နေလုံးနီကြင်ကြင်က ခေါင်းပေါ်ရောက်နေပြီ။ မြူတွေကြားထဲတွင် အမြဲ ဝါကြန့်ကြန့် ဖြစ်နေသော နေရောင်ကမူ တောက်တောက်ပပ မရှိလှ။ ဤအရပ်က နေရောင်သည် အလင်းသာရှိ၍ သူတို့ ချင်းတွင်းဒေသလို ပူနွေးခြင်း မရှိ။

ယနေ့ စိုင်းဘောင်၏ ဝေယျာဝစ္စတွေကို လုပ်ပေးနေခဲ့ရ၍ ထောင်လ စခန်းထွက် နောက်ကျနေသည်။ ယခင့်ယခင် နေ့တွေက ဤလို အချိန်တွင် ထောင်လနှင့် ပီယတို့ တစ်နေရာရာမှာ စကားထိုင်ပြောနေကြပြီ။

ယနေ့ သူ နောက်ကျနေသဖြင့် ပီယ စိတ်ကောက်နေမည်လား၊ သူ့ကို အတွေ့မခံဘဲ ပုန်းများ နေမည်လား၊ အိမ်များ ပြန်သွားလေပလား စသည် စသည် လားပေါင်းများစွာသည် ထောင်လ၏ရင်ထဲမှာ သောက ဖြစ်လာသည်။

ခါတိုင်း တွေ့နေကျ ရေတံခွန်နားရောက်၍ ပီယ၏ နွားနောက်တွေကို တွေ့တော့မှ ထောင်လ သက်မ, ချနိုင်သွားသည်။ ပီယ၏ နွားနောက် သုံးလေးကောင်သည် ထောင်လကို ယဉ်ပါးနေကြသည်။ နွားနောက်များ၏ ဝန်းကျင်တွင် ပီယကို ရှာကြည့်သည်။ မတွေ့မိ။ ထို့ကြောင့် အသံအုပ်အုပ်နှင့် ခေါ်ကြည့်၏။

"ပီယရေ. . ၊ ပီယ၊ ပီယ. . .

"ဦး. . ."

ထူးသံ ကြားလိုက်ရသော ရေတံခွန်နား ထောင်လ ချက်ချင်း အပြေးလိုက်သွားသည်။

"ငါက ဒီကနေ့ နင်မလာတော့ဘူး မှတ်နေတာ"

ခရီးရောက်မဆိုက် ပီယက ဆီးပြော၏။

ထောင်လသည် ပီယထိုင်နေသော ရေတံခွန်နားက ကျောက်တုံးပေါ် ပြေးတက်၍ ပီယအနား ထိုင်ချလိုက်၏။

"စခန်းမှာ လူတစ်ယောက် ဖျားနေလို့ ဆေးကျိုတိုက်နေရတယ်"

"ချင်းတွင်းက နင်နဲ့အတူ ရွှေရှာလာကြတဲ့လူလား"

လူချင်း မမြင်ဘူးသော်လည်း စိုင်းဘောင်၊ ဇော်ရိုး၊ မောင်တို့ကို ထောင်လ





ပြောပြထားသဖြင့် ပီယက သိနေ၏။

"ဟုတ်တယ်၊ အအေးပတ် အပြင်းဖျားပြီး ဒူးခေါင်းတွေလည်း ရောင်ကိုင်းနေတယ်။ အဲဒါကြောင့် သူ့ကို ဆေးရှာပေးနေရလို့ နောက်ကျသွားတာ"

"ဟုတ်လား"

"အင်း"

"ငါလည်း ဒီနေ့ စောစော ပြန်ရမယ်"

ပီယက ကျောက်ခဲလေးတစ်လုံးကို ရေထဲလှမ်းပစ်ပြီး ပြော၏။

"ငါက ခုမှ ရောက်တာ၊ နင့်မျက်နှာတောင် ဝအောင် မကြည့်ရသေးဘူး၊ နေပါဦး ဘာအလုပ်ရှိလို့လဲ"

"ကပါးနဲ့ ကဦးက မနက်ဖြန် သစ်မွှေးရှာင်း သွားကြမယ်လေ။ ကပါးနဲ့ ကဦးအတွက် ဒီကနေ့ ညနေမှာ ခေါပြင်ပြုတ်ရမယ်၊ အသားခြောက်တွေ ဖုတ်ရမယ်၊ ကောက်ညှင်းထုပ်တွေလည်း ထုပ်ရမယ်၊ ဖက်လည်း ခူးရမယ်၊ ညနေစာလည်း ချက်ရဦးမယ်၊ အို . . . အလုပ်တွေက အများကြီး၊ အများကြီးပဲ"

ပီယက သူ၏ဖြူးဖြူးဝင်းဝင်း လက်ချောင်းလေးတွေကို တစ်ချောင်းစီ ချိုးရေပြ၍ ပြော၏။

"ကပါးနဲ့ ကဦးတို့က သစ်မွှေး ဘယ်မှာ သွားရှာင်းကြမှာလဲ"

ဘူပြောသလို လိုက်ပြောနေသော ထောင်လကို စိုက်ကြည့်ပြီး ပီယက-

"ဟို အဝေးကြီး မိုးရော်မှာ၊ အသွားအပြန် လေးငါးည ကြာမယ်၊ ကပါးတို့ ကဦးတို့ ပြန်လာရင် ငါ့အတွက် အဝတ်တွေ၊ ပယင်းပုတီးတွေ၊ ဖန်လက်ကောက်တွေ၊ ဘီးတွေ၊ ဆံညှပ်တွေနဲ့ မိုးတွင်းအတွက် ဆားတွေလည်း ပါလာမယ်"

ပီယမှာ အကျင့်ပါနေသလို လက်ချောင်းလေးတွေကို ချိုးရေပြ၍ သူ့အတွက် ပါလာမည့် ပစ္စည်းတွေကို ချစ်စဖွယ် ပြောပြနေသည်။

ဆားသည် တောင်ပေါ်ဒေသ၌ အရေးအကြီးဆုံးပစ္စည်း ဖြစ်သည်။ ဤလို ခေါင်သော တောင်ပေါ်ဒေသ မပြောနှင့် ထောင်လတို့ ချင်းတွင်းထဲမှာပင် တစ်နှစ်တခေလ အကြောင်းအမျိုးမျိုးကြောင့် ဆားက အလွန် ရှားပါးတတ်သည်။

ပီယ၏ အဖနှင့် အစ်ကိုတို့လည်း မိုးရော်၌ သစ်မွှေးသွားရှာင်းကြမည်ဟု ဆိုသည်။ မိုးရော်မှာ ထောင်လတို့ မြန်မာနိုင်ငံ၏ရွာ မဟုတ်။ အိန္ဒိယပိုင် တောရွာကြီး ဖြစ်သည်။ ထိုရွာတွင် သစ်မွှေးများရှာင်းလျှင် ဈေးကောင်းရသဖြင့် ဥရုဥခရေ ချင်းတွင်းဖျား မြစ်ဝှမ်းဒေသက တောင်ပေါ်သားများ သွားရှာင်းနေကျ နေရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ သစ်မွှေး၊ ကျောက်သွေး၊ ကြံသွေး စသည်များကို ထိုရွာ၌ သွားရောင်းကြရသလို မိမိတို့ အသုံးလိုသော အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်း မိုးရော်၌သာ သွားဝယ်လေ့ ရှိကြသည်။

တစ်ဖက်နိုင်ငံမှ မိုးရော်သည် သူတို့ဒေသနှင့် အနီးဆုံး တောင်ပေါ်ရွာကြီးဖြစ်သည်။ မြန်မာနိုင်ငံက ဒနောင်ရွာကို သွားမည်ဆိုလျှင် ခရီးက ပိုဝေးသည်။ ပြီးတော့ မိုးတွင်းအတွက် အရေးအကြီးဆုံးဖြစ်သော ဆားက ဒနောင်မှာ လိုသလောက် ဝယ်မရ။ ထို့ကြောင့် မိုးရော်ကိုသာ အသွားအလာ များကြသည်။ အမှန်ကတော့ ပီယတို့အရပ်သည်ပင် မြန်မာပိုင်လား၊ အိန္ဒိယပိုင်လား ဆိုသည်ကို သူတို့ မသိကြ။

“ငါလည်း နောက်တော့ နင့်ကပါး နင့်ကဦးတို့နဲ့ မိုးရော်ကို ဈေးရောင်းဈေးဝယ်လိုက်ရဦးမှာပေါ့နော”

ထောင်လက ပီယ၏ မျက်နှာကို အပြုံးနှင့် ကြည့်မေး၏။

“ဘယ်တော့လဲ”

ပီယကလည်း ထောင်လမျက်နှာကို အပြုံးနှင့် ပြန်ကြည့်၍ မေးနေပြန်၏။

“မကြာတော့ဘူးလေ၊ ဒီနှစ် မိုးမကျမီပ၊ နင့်ကပါးကို ပြောပြီး ငါလာနေတော့မှာ”

“ဟာ- ဟ၊ နင့်အပြောကတော့”

“အပြော မဟုတ်ဘူးလေ၊ တကယ် ပြောနေတာ”

“ကဦးက မလာရဘူး ဆိုရင်ကော”

“ဘယ်သူက မလာရ မလာရ၊ နင်က လာရရင် နင်ကြိုက်ရင် လာနေမှာပဲ၊ ချင်းတွင်းကလူတွေ ပြန်ရင် ငါ သူတို့နဲ့ ပြန်မလိုက်သွားတော့ဘူး။ နင်တို့နဲ့ပဲ နေခဲ့တော့မယ်၊ ဘယ့်နှယ်လဲ လက်ခံမယ် မဟုတ်လား”

“သူဝိုင်း”

ပီယက သူတို့စကားနှင့် ‘တကယ်လား’ ဟု မေး၏။

“တကယ်ပေါ့။ နင့်ကပါးကို နွားနောက်တွေ၊ မောင်းတွေ၊ လှံမားတွေ ဝယ်ပေးနိုင်အောင် နောင်နှစ်ကျရင် နင့်ကပါးနဲ့ သစ်မွှေးရှာ လိုက်မယ်၊ နင့်ကဦးနဲ့ ဒီမှာ ရွှေကျင်မယ်၊ ခု ချင်းတွင်းသားတွေ ရွှေကျင်တာကို ငါ သေသေချာချာ ကြည့်ထားတယ်။ ငါ လုပ်တတ်ပြီ၊ ရွှေကျင်လို့ရရင် ချင်းတွင်း သွားရောင်းမယ်၊ ငွေ အများကြီး ရမယ်။ နင့်ကပါး လိုချင်တာရော၊ နင့်ကဦး လိုချင်တာရော၊ နင် လိုချင်တာရော ချင်းတွင်းက အကုန်ဝယ်ပေးမယ်”





ထောင်လ အားတက်သရော ပြောနေသည်ကို ပီယက သဘောကျသဖြင့် လက်ခုပ်လက်ဝါးတီး၍ပင် ရယ်နေသည်။ ပြီးမှ-

“နင်က ငါ့ကို ကပါးဆီမှာ အကြွေးတောင်ထားမယ်ပေါ့”

“အေးပ၊ ခု ငါတို့ ဘာမှ ပါမလာတာ”

“နင် ကပါးကို အဲသလို တကယ် လာပြောရဲပါ့မလား”

“နင်က လာပြောပါဆိုလို့ ငါလာပြောရတာလို့ နင့်ကပါးကို ငါပြောမှာပ”

“ငါ နင့်ကို မပြောရပေါင်နော၊ နင် အားကြီး စကားတတ်တယ်၊ နင်ပြောရဲရင် နင့်ဘာသာ လာပြောပေါ့”

“တကယ်လား”

“တကယ်ပ”

“နင်က ပြောခိုင်းလို့ လာပြောရတာပါလို့ပေါ့နော၊ ငါပြောတာကို နင့်ကပါးက လက်မခံရင် ပီယက ငါနဲ့ ချင်းတွင်းကို လိုက်မယ်ပြောဟယ်၊ ပြောရင်ရမှာပါ။ နင် ငါနဲ့ လိုက်မယ်ဆိုရင် နင့်ကပါး လက်မခံဝံ့ဘဲ နေပါ့မလား”

“ငါ့ကို နင် ထည့်မပြောရဘူး၊ နင့်ဘာသာနင် ဝံ့ရဲရင် လာပြော၊ကဲ ကဲ. . နေညိုသွားပြီ၊ ငါရေချိုးဦးမှ၊ နင်စကားကောင်းနေတာနဲ့ အိမ်စောစော ပြန်ရမယ်ဆိုတာတောင် မေ့သွားတာ၊ အိမ်ရောက်ရင် ကပါးတို့ ခရီးသွားဖို့ လုပ်ပေးရမယ်လေ”

ပီယက ပြောပြောဆိုဆိုနှင့် မတ်တတ်ထရပ်လိုက်သည်။ သူ့ပခုံးပေါ်လွယ်ထားသော ပလိုင်းရှည်ကို ဖြုတ်သည်။ သူ့အပြင်ဝတ် ကျားသစ်ရေအင်္ကျီကိုချွတ်သည်။ ထောင်လက ပီယ၏ လှုပ်ရှားမှု အလုံးစုံကို မမှိတ်မသုန် ငေးကြည့်နေ၏။

“နင် သွားတော့လေ၊ ငါ ရေချိုးတော့မလို့ပါဆို”

“ချိုးချိုးလေ၊ နင့်ဘာသာ ရေချိုးတာ ငါနဲ့ မဆိုင်ကောဟာ”

“သွားပါဆို၊ သွား . . . သွား . . . သွားစမ်းပါ”

ပီယက ထောင်လကို တွန်းလွှတ်သည်။ ထောင်လက ထိုင်ရာ မရွေ့သေး။

“ငါ့ကို မနှင်ပါနဲ့ဟယ်။ ငါ . . . ငါလေ နင့်ကို တစ်ခါမှ ကြည့်မဝဘူး။ ဖြစ်နိုင်ရင် အမြဲထိုင်ကြည့်နေချင်တာ၊ နင် ရေချိုးပြီးတဲ့အထိ ငါ ဒီက ထိုင်စောင့်နေမယ်”

“ဒီလိုဆို နင် ဟိုဘက်လှည့်နေ။ ငါ ရေချိုးလိုက်ဦးမယ်၊ အချိန်မရှိဘူး။ အိမ်ပြန်နောက်ကျလို့ အလုပ်မပြီးရင် ကပါးက ငါ့ကို ဆိုလိမ့်မယ်”


www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်နှာ ဒီလို လက်ဝါးနဲ့ အုပ်ထားပါ့မယ်ဟာ"

ထောင်လ၏ အပြောကို သဘောကျ၍ ပီယက တခစ်ခစ် ရယ်ပစ်လိုက်၏။ ပြီးတော့မှ-

"ဟင့်အင်း၊ နင့်မျက်လုံးက သေးသေးလေး၊ ငါ့ကိုယ်ကကြီးကြီး။ ဘယ်လုံ့မလဲ။ ပြီး နင့်လက်ကလည်း ကျဲကျဲကြီး မလုံဘူးဟာ။ သွား . . . သွား ဆိုနေ"

ထောင်လက ထိုင်ရာမထ၊ သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားသဖြင့် ပီယက တွန်းနှင်လွှတ်နေ၏။

"ငါ . . . ငါ မရှက်တတ်ပါဘူးဟ"

ပီယက ရယ်ပြန်သည်။

"ခစ် . . . ခစ် . . . ခစ်၊ အမယ် နင့်အတွက် ပြောတယ် ထင်လို့လား"

"မဟုတ်ဘူးလား"

"မဟုတ်ဘူးဆို"

"နို့ ဘယ်သူ့အတွက်ပါလိမ့်"

"ငါ့အတွက်ဟဲ့၊ ငါ့အတွက်၊ ငါ့အတွက် ငါပြောတာပ၊ နင်တို့ ချင်းတွင်းသားတွေ အားကြီးလည်တယ်လို့ ကဦးက ပြောတယ်၊ ဟုတ်မှာပဲ၊ နင်လည်း ချင်းတွင်းသားပဲ"

ပီယက သူ့ကို စကားပြောတိုင်း 'ချင်းတွင်းသား' ဟု ထည့်ပြောတတ်၏၊ သူတို့ ချင်းတွင်းတွင်လည်း မိန်းမ၊ ယောကျ်ား တစ်ဦးတစ်ယောက် ရေချိုးလို့လျှင် နောက်ခိုင်းနေရသော အလေ့အထရှိသဖြင့် ထောင်လက အလွယ်ပင် ပြောလိုက်သည်။

"မသိဘူးလေဟာ၊ ငါက ငါ ရှက်နေမှာစိုးလို့ နင်ပြောတယ် ထင်တာပ"

"ဟုတ်လိမ့်မယ် အားကြီးကြီး"

"ဟား . . . ဟား. . ဟား"

ပီယ အပြောကို ထောင်လက တအားကြီး ရယ်ပစ်လိုက်သည်။

ပီယက သူ ချွတ်ချထားသော ကျားသစ်ရေအကျႌနှင့် ထောင်လကို လိုက်ရိုက်သည်။

"နင် အားကြီး လူလည်ကော"

ထောင်လ နောက်ထပ် ဘာမှ မပြောတော့ဘဲ ပီယ ကိုယ်သင်းနံ့မွှန်နေသော ကျားသစ်ရေအကျႌကို ပီယလက်ထဲက လုယူပြီး သူ့ခေါင်းကို အုပ်ထားလိုက်သည်။





"ကဲဟာ နင့်ကို ငါ မမြင်ရတော့ဘူးကော"

"ငါ . . . ငါ မယုံသေးဘူး"

"ကဲဟာ နောက်ခိုင်းနေပါပြီလေ၊ ဒါလည်း မယုံသေးဘူးလား"

"ဟုတ်တယ် မယုံ မယုံသေး"

ပြောရင်းကပင် ပီယ ရေထဲ ခုန်ဆင်းသွားသံ ကြားလိုက်ရသည်။

"နင် ဘာကယ်မယုံသေး"

"အေး . . . မယုံ၊ မယုံသေး"

ပီယ ရေထဲက ရယ်သံနှင့် ပြောနေသည်။

"ကဲ ဒါဆို ငါလည်း မွန်းကျပ်လာပြီ၊ ခေါင်းအုပ် မနေနိုင်တော့ဘူး။ နောက်ခိုင်းလည်း မနေနိုင်တော့ဘူး။ နင့်ကိုပဲ ကြည့်နေချင်တယ်"

"ကြည့် . . . ကြည့်"

"အေး. . ကြည့်မယ်"

ထောင်လသည် သူ ခေါင်းအုပ်ထားသော ပီယ၏ ကျားသစ်ရေအကျႌကို ဆွဲချလိုက်သည်။

ပထမဦးဆုံး ထောင်လ မြင်လိုက်ရသည်မှာ သူ့ရှေ့ကျောက်တုံးကြီးပေါ်က ပီယ၏ ကိုယ်ဝတ်သင်တိုင်းနှင့် လွယ်ပလိုင်းရှည်။ ပြီးတော့ ရေထဲက ပီယကို သူ ငုံ့ကြည့်လိုက်သည်။

ကျောက်တုံး၊ ကျောက်ဆောင်တွေ ကြားထဲက ရေအိုင်ထဲတွင် ပီယ၏ ဦးခေါင်းကိုသာ မြင်ရသည်။ စမ်းရေမှာ ကြည်လင်နေသော်လည်း ကျောက်ဆောင်၊ ကျောက်တုံးကြီးအရိပ်တွေ ထိုးကျနေသဖြင့် ပီယ၏ကိုယ်လုံးကို မမြင်ရ။ ပီယကလည်း ရေထဲ လှုပ်ခတ် ကူးကစားနေသဖြင့် လှိုင်းရိပ်ရေပေါ်တွင် ပီယ၏ တစ်ကိုယ်လုံးမှာ မပီဝိုးဝါးသာ။

"ပီယ"

ထောင်လက ပီယကို လှမ်းကြည့်၍ ခေါ်လိုက်၏။

ပီယက အသံနှင့် မထူး။ ထောင်လကို ရေနှင့် လှမ်းပက်ပြီး သူ့မေးချွန်ချွန်လေးကို ကျောက်တုံးတစ်ခုပေါ် မှေးတင်ကာ ထောင်လကို ရယ်ကျဲကျဲနှင့် ကြည့်နေသည်။

"ပီယ"

ထောင်လက ထပ်ခေါ်ပြန်၏။

ပီယက မထူးသေး။ သူ့လက်နှစ်ဖက်နှင့် ကျောက်စွန်းတစ်ခုကိုကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေထောက်နှစ်ဖက်ကို ရေထဲတွင် လှုပ်ခတ်နေသည်။

"ပီယ"

ထောင်လက ပီယ၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်၍ ထပ်ခေါ်လိုက်ပြန်၏။

"ဘာလဲဟဲ့"

ပီယသည် သူ့ပါးစပ်ထဲက ရေတွေကို ထောင်လဆီ လှမ်းထွေးထုတ်ရင်း ပြန်ထူး၏။

"နင် ဟိုဘက်လှည့်နေ"

"ဟင် ဘာလုပ်ဖို့"

"ငါလည်း ရေချိုးဆင်းမလို့"

"အို: . . ."

ပီယက အထိတ်တလန့် ရေရွတ်လိုက်သည်။ ပီယ၏ ထိတ်လန့်သွားသော အသွင်ကိုကြည့်ကာ ထောင်လက ကျေကျေနပ်နပ် တစ်ချက်ပြုံးလိုက်သည်။

"ပီယ . . . နင် ရေကူးတတ်လား"

"ကူးတတ်လို့ပဲ ကူးနေတာ မမြင်ဘူးလား၊ ဒီရေအိုင်မှာ ငါ အိမ်ပြန်ခါနီး နေ့တိုင်း ရေကူးတယ်၊ ရေချိုးတယ်၊ ငါတို့ အိမ်နားမှာ ရေချိုးဖို့ ရေကူးဖို့ ရေအိုင်မရှိဘူး။ ရေကူးချင်ရင် ဒီက ရေချိုးရင်း ကူးသွားရတာ"

"နင်ရေနစ်မှာစိုးလို့ ငါ မေးရတာ"

"ငါ အကြာကြီး ကူးနိုင်တယ်၊ ရေမနစ်ဘူး"

"တကယ်လား"

"တကယ်ပေါ့"

"အေး ကောင်းပြီ၊ မနက်ဖြန်ကျရင် ငါ စောစောလာခဲ့မယ်"

"ဘာလုပ်ဖို့"

"နင်နဲ့ငါ ရေပြိုင်ကူးကြည့်ချင်လို့ပါ၊ ဘယ်သူ အကြာကြီး ကူးနိုင်မလဲ၊ ပြိုင်ကူးကြည့်ရအောင်"

"အေး လာခဲ့၊ လာခဲ့၊ ငါ စောင့်နေမယ်၊ ဟယ် မဖြစ်ဘူး၊ မဖြစ်ဘူး"

ပီယက သူပြောလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သလို ရေငုံထားသံနှင့် ကမန်းကတန်း ပြန်ပြောသည်။

"ဘာဖြစ်လို့လဲ ပီယ၊ နင် ငါ့ကို ရေကူးမပြိုင်ဝံ့ဘူး ဟုတ်လား"

"နင့်ကို ငါ ငါ သိပ်ပြိုင်ရဲတာပေါ့"





ပီယက ထောင်လမျက်နှာကို စိုက်ကြည့်ပြီး ပြောလိုက်၏။

"အဲဒါဆို မနက်ဖြန် ငါ စောစော လာမယ်၊ နင် ဒီကစောင့်နေ"

"မနက်ဖြန် ကပါးတို့၊ ကဦးတို့ သစ်မွှေးရောင်းသွားကြရင် ငါက အိမ်နား ...ပဲ နွားကျောင်းရမယ်၊ ဒီကို လာလို့ မဖြစ်ဘူး၊ လူ မရှိရင် အိမ်အောက်က ...ကြက်တွေကို မြွေပါ လာလာဆွဲတတ်လို့"

"ငါ ထောင်ချောက် ထောင်ပေးပါ့မယ်၊ မြွေပါရိုးက သိပ်ဆေးဝင်တာ၊ ...ရောင်တာ၊ ဖောတာ၊ ကိုက်ခဲတာ သွေးလိမ်းရတယ်၊ အဆိပ်အတောက်လည်း ...ပြေတယ် ပြောတယ်"

"ဟုတ်လား၊ လာခဲ့ လာခဲ့။ ငါ အိမ်က စောင့်နေမယ်"

"နင် ဒီကိုတော့ မနက်ဖြန် မလာဘူးပေါ့"

"အိမ်မှာ လူ မရှိပါဘူးဆိုနေ"

ထောင်လသည် သက်မ,တစ်ချက်ကို လေးလေးပင်ပင် ချလိုက်မိသည်။

"ဒီလိုဆို နင် ဟိုဘက်လှည့်နေဟာ"

"ဘာလုပ်ဖို့လဲ"

"ခု နင်နဲ့ ငါ ရေကူးပြိုင်ကြရအောင်လေ"

"အို: . . . ဒီနေ့ အချိန်မရှိတော့ပါဘူးဆို၊ နင်သာ ဟိုဘက်လှည့်နေ၊ ခု ငါ ရေထဲက တက်တော့မယ်။ စောစော အိမ်ပြန်ရပါမယ်ဆို"

ပီယကို ဘယ်လိုမှ ပြောမရမှန်း ထောင်လ သိသည်။ သူ့သဘောကို ပီယကလည်း သိသည်။

ထောင်လ တစ်ဖက်သို့ လှည့်လိုက်သည်နှင့် ပီယ ရေထဲက တက်လိုက်သံကို ကြားလိုက်ရသည်။ သင်တိုင်း ခါဝတ်သံကြားပြီးမှ ထောင်လက ပီယဘက် လှည့်လိုက်သည်။

"ရော့ နင့်အကျႌ"

ထောင်လ လှမ်းပေးနေသော သူ့ကျားသစ်ရေအကျႌကို ပီယက တမင် ဆောင့်ဆွဲ ယူလိုက်သည်။

"ငါ ပြန်မယ်"

"အေး မနက်ဖြန် စောင့်နေ၊ ငါ လာခဲ့မယ်"

"နင့်မြွေပါထောင်ချောက်တွေ ငါ့ကို ထောင်ပေးမလား"

"အေး ထောင်ပေးမယ်"

ပီယသည် သူ့နွားနောက်တွေကို မောင်း၍ အိမ်ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေညိုသွားပြီဖြစ်သဖြင့် ထောင်လလည်း ဟင်းရွက်ခူးရန်၊ ကြက်ငှက်ရှာ ပစ်ရန် ပြန်လာလေသည်။

ပီယအဖေနှင့် အစ်ကိုတို့ သစ်မွှေး ရောင်းသွားနေကြသော သုံးလေးရက် ကာလအတွင်းမှာ ထောင်လသည် ပီယတို့အိမ်ကို နေ့စဉ် ရောက်ဖြစ်သည်။

ပီယတို့အိမ်မှာ တောင်ကမ်းပါး ဆင်ခြေလျှောတွင် ဆောက်ထားသည်။ ခြံဝင်းကြီးကလည်း ကျယ်သည်။ လူကြီး နှစ်ထွာသုံးထွာခန့်ရှိသော သစ်လုံးကြီးတွေကို လက်ညှိုးထိုး၍ ဝင်ရုံမျှသာ တစ်လုံးနှင့်တစ်လုံး ပူးကပ်စိုက်ထားသည်။ အရပ်ရှစ်မျက်နှာစလုံးကို သစ်လုံးတိုင်မတွေနှင့် စိုက်ထူ ကာရံထားသည်။ ခြံတိုင်လုံးတွေ၏ အမြင့်မှာ လူကြီးနှစ်ရပ်ခန့်ပင် မြင့်သည်။ ကျား၊ ကျားသစ်၊ ဝံစသည် သားရဲတိရစ္ဆာန်များ ပေါသောအရပ်ဖြစ်သဖြင့် ခုန်ကျော် မဝင်နိုင်အောင် ကာရံထားခြင်း ဖြစ်သည်။

အိမ်ကြီး၏အမြင့်မှာ လူကြီး လက်ခုပ်တစ်ဖောင်ခန့်မြင့်သည်။ ခြေတံရှည်အိမ် ဖြစ်သည်။ အိမ်ကြီးကို စပါးကျီ၊ နွားနောက်ရုံ၊ ဝက်ခြံ၊ ကြက်အိပ်စင် သီးပင်စားပင်တို့က ဝိုင်းရံထားသည်။

မိုးတွင်းကျလျှင် နွားနောက်တွေ သွင်းသိပ်သော အိမ်နောက်ဘက် တစ်ခြမ်းကို ကျောက်ပိုးထိုးများနှင့် အမာခံ ခင်းထားသည်။ အိမ်အောက် ဝါးထရံကာအားလုံးကို မဖောက်ထုံး၊ သစ်စေးများနှင့် သရိုးကိုင်ထားသည်။ အိမ်ရှေ့နှင့် အိမ်နောက်တွင် တံခါးကြီးနှစ်ပေါက် ရှိသည်။ အိမ်အောက်ထရံများ အကာတွင် ပြတင်းပေါက် ဟူ၍ လုံးဝ မရှိ။

အိမ်ကြီးအောက်ထပ်မှ အပေါ်တက်သောလှေကားကို တင်၍ချ၍ရအောင် မောင်းတက်နှင့် အရှင်တပ်ထားသည်။ ညနေရောက်၍ အိမ်ပေါ်တွင် လူစုံလျှင် မောင်းတက်လှေကားကို အပေါ်သို့ ဆွဲတင်ထားပုံရသည်။ အိမ်အပေါ်ထပ် အကာတွေမှာ လက်ဆွဲလွှခွဲသား ဖျဉ်းကတိုးဖျဉ်ချပ်တွေကို အခိုင်အခံ့ ကာထား၏။ ဝါးပေါသောအရပ် ဖြစ်သဖြင့် အမိုးမှာ ဝါးကပ်မိုး ဖြစ်သည်။

အိမ်ရှေ့နံရံ အပြင်ဘက်တွင် ကျားသစ်ရေ ဝံရေ ရှူးပုံ့ရေ ဆတ်ခေါင်း၊ ပြောင်ခေါင်း၊ တောင်ဆိတ်ခေါင်းတွေကို ချိတ်ဆွဲထားသည်။ ၎င်းအောက်တွင် ကြေးမောင်းကြီး၊ လှံ၊ ဓား၊ လေးမြား၊ လေးစူးဘူးနှင့် ဝါးကျည်တောက်၊ ဘူးခါးရေဘူး၊ မီးပွတ်ဝါးပြား၊ မီးခတ်ကျောက်၊ မီးဆက်မီးကူး ဂွမ်းလိပ်ခွက်တွေကို တွဲလီတွဲလောင်း ဆွဲချိတ်ထားသည်။

အိမ်ရှေ့ခန်းက မီးဖိုပေါ်တွင် မျှိုးထားသော သစ်စေ့ခြောက်ထုပ်တွေ၊ ...မြစ်တွေ၊ လေးစူးလုပ်ရန် ဝါးမာချောင်းတွေ၊ လင့်လေးကိုင်း ရွေသင်ပြီးသား ...သားပြားတွေ၊ ပဒူခွံတွေ၊ သစ်ကျိုးပေါင်းအုံတွေ၊ သစ်ကွင်းသားတွေ၊ ကြိမ်ပျို ...သုံးတွေကို ကျပ်တင်ထားသည်။

သူ့အဖေ၊ သူ့အစ်ကိုတို့ မရှိခိုက် အိမ်လာလည်သော ထောင်လကို ပီယက ...င်းခြောက်ကို လှော်ထောင်းထားသော ပျားရည်ဆမ်းမုန့်နှင့် ညှော်ခံကျွေးမွေး ...သည်။ အိမ်ပေါ်ရှိ သူတို့၏ ချမ်းသာကြွယ်ဝမှုကို မသိမသာ ကြွားပြသည်။ ...အောက်ဝန်းကျင် ခြံပြင်ခြံတွင်းကိုလည်း လိုက်ပြသည်။

"ပီယ အမေကော"

နွားနောက်ခြံနားအစတွင် မြေပုံတစ်ခုကို ကျောက်တုံး၊ ဆူးခက်တွေနှင့် ...ထားသည်ကို မြင်ရသဖြင့် ထောင်လကမေး၏။

ဤသည်ကို ပီယလည်း ရိပ်မိသွားပုံရသည်။

"ငါ ငယ်ငယ်တုန်းကပင် ကန္ဒူး ဆုံးသွားတာ၊ ကန္ဒူးကို ငါ ကောင်းကောင်း ...ကောင် မမှတ်မိလိုက်ဘူး။ ဒါက အမေ့မြေပုံ မဟုတ်ဘူး။ နင်တို့ ချင်းတွင်းကလူ ...တွေ သတ်သွားတဲ့ ငါ့ခွေးရဲ့သင်္ချိုင်းလေ"

"ခွေးသင်္ချိုင်းလား"

သပ်သပ်ရပ်ရပ် လုပ်ထားသော ခွေးသင်္ချိုင်းကို ထောင်လ အံ့ဩသွားသည်။

"ဟုတ်တယ်"

"သိပ်သားနားတော့ ငါက လူသေမြေပုံမှတ်လို့"

"ညညကျရင် ခွေးအ့တွေ လာဖော်မှာစိုးလို့ ကျောက်တုံးတွေ ဆူးခက် ...တွေနဲ့ အုပ်ထားရတာ"

"အံ့ရော"

ထောင်လက ပီယ၏ မျက်နှာကို လှည့်ကြည့်၍ ပြော၏။

"မအံ့နဲ့၊ ဒီအွီးဂျောင်းကို ငါတို့ သိပ်ချစ်ကြတာ၊ ကဦးနဲ့ငါ ဘယ်ကိုသွား ...သွား ဒီခွေးက ငါတို့နောက် အမြဲ ပါတတ်တယ်။ ထွားကလည်း သိပ်ထွားတာ၊ ...ငါ့ခါးစောင်းလောက် မြင့်တယ်၊ လူ့အလိုလည်း သိပ်သိတတ်တယ်"

"နှမြောစရာပေါ့"

"အေးပေါ့၊ ဒီခွေးကို ကပါး မိုးရော်ဘက်ကို ဈေးဝယ်သွားရင်း ငါနဲ့ အဖော် ...ရအောင်လို့ လီဒိုဘက်က သစ်မွှေးနဲ့ လဲလာတာ၊ ငါတို့ သိပ်နှမြောတယ်"

ပီယက သူ့ခွေးလေးအကြောင်း ပြောပြရင်း မျက်ရည်ဝဲလာသည်။

ပီယက သူ့ခွေးအကြောင်း ပြောတော့ ထောင်လကလည်း ပီယတို့...ပြီး







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သတ်သွားသော သူ့ခွေးအလိမ္မာကြီးကို သတိရလိုက်သည်။ ပီယတို့က သူတို့... ကို နှမြောသလို ထောင်လကလည်း သူ့ခွေးကို နှမြောမိသည်။ သို့သော် သေ... သောခွေးက သူ့ခွေးဟုဆိုလျှင် ပီယတို့ခွေးကို သတ်သွားကြသူတွေနှင့် သူ... တစ်ဖွဲ့တည်းမှန်း သိသွားမှာစိုး၍ ထောင်လ နှုတ်မဟတော့။

"အေး၊ သေသွားတဲ့ခွေးကို ချစ်သလို ခု ငါပေးထားတဲ့ ခွေးလေးကိုလည်း... ချစ်ပါဟာ။ ငါ့ခွေးကလည်း ကြီးလာရင် လိမ္မာလာလိမ့်မယ်"

"ဒီခွေးက နင့်ခွေး မဟုတ်တော့ဘူးလေ၊ ငါ ဝံရေနဲ့ လဲထားတဲ့ ငါ့ခွေး... ငါ့ခွေး ငါချစ်ရမှာပေါ့၊ အိပ်ရာနားတောင် ခေါ်သိပ်လို့ ကပါးက ဆိုသေးတယ်... ဒီခွေးပေါက်စနလေး သမီး ဘယ်ကရလဲတဲ့"

ပီယက သူ့ခွေးလေးကို ကောက်ချီ ပွေ့ဖက်ထားရင်း ပြော၏။

ခွေးလေးနှစ်ကောင်မှာ သူတို့သွားရာနောက် တကောက်ကောက်လိုက်... ကြ၏။ ဝံချောင်း၊ မျောက်ကြည့်လည်း မခံရဲကြသေး။ ဤအရပ်တွင် ဝံ... မျောက်တို့မှာ နေရာတကာ ရှိနေတတ်ကြသဖြင့် ဝံနှံ့ မျောက်နံ့ရသော ခွေး... နှစ်ကောင်မှာ လူနှင့် မခွဲမခွာ ရှိနေကြသည်။

ပီယက သူ့ခွေးလေးကို ကောက်ချီထားသဖြင့် ထောင်လခွေးက ပီယ... ရှိရာ ပီယပခုံးပေါ် လှမ်းကြည့်နေသည်။

ထောင်လက သူ့ခွေးလေးကို ကောက်ချီပြီး ပီယပခုံးပေါ် လှမ်းတင်ပေး... လိုက်၏။

"သွား . . . သူ့ခွေးကို ငါ မချစ်ပါဘူး၊ မုန်းစရာကြီး"

ပီယက ထောင်လခွေးကို သူ့ပခုံးပေါ်က လျှောချလိုက်၏။ ထောင်လက... ပီယပခုံးပေါ် ပြန်တင်ပေးရင်း စ,နေသည်။

"ခွေးကို မချစ်ရင် လူကိုချစ်ပေါ့"

"လူကိုလည်း မချစ်ဘူး . . . ဘူး"

"ဘာဖြစ်လို့"

"မုန်းလို့ပေါ့"

"ကဲ . . . ဒါဆို မုန်းဦး . . . မုန်းဦး"

"အိုး . . ထောင်လနော်၊ ငါ စိတ်ဆိုးလိုက်မယ်"

"ဆိုး . . . ဆိုး . . . နင့်ကို ငါချစ် . . . "

"အိုး . . . ခွေးလေးတွေ ညပ်ကုန်ပြီ၊ ဖယ်ပါဆို"

ထောင်လက လူရော ခွေးပါ ဖက်နမ်းသဖြင့် ပီယက အော်၏။





"နင် သိပ်မုန်းဖို့ ကောင်းတာ၊ ငါ့ကဦးသာ မြင်လို့ကတော့ နင့်ကို ခေါင်း... ...ပစ်မှာ သိလား"

"ဘာလို့ ခေါင်းဖြတ်မှာလဲ"

"သူ့နှမကို ဗလက်ကာ. . "

"ဖြတ်ပစေ"

"နင်လေ တကယ် မုန်းဖို့ကောင်း"

"မမုန်းပါနဲ့ဆို"

"သွား . . . "

"မသွားသေးဘူး"

"ဘာလုပ်ဦးမလို့လဲ"

"ဪ . . . မေးစရာရှိလို့ပ"

"ဘာမေးမှာလဲ"

"ငါ မေ့တောင်သွားပြီ၊ ငါက နင့်ကို ပေးလိုက်ရတဲ့ခွေးကို ချစ်လို့နမ်းတာ၊ ...င့်နမ်းတာ မဟုတ်ပါဘူး၊ ဒီခွေးလေးကို ချစ်လို့ နမ်းတာပါနော် နော်"

"ချင်းတုင်းသား"

ဤတစ်ခါတော့ ပီယက ဤမျှသာပြောပြီး ထောင်လနားရွက်ကို လိမ်... ...ပစ်လိုက်သည်။

"နာတယ်ဟာ။ တကယ်ပါ၊ နင့် နင့်ကို မေးစရာရှိလို့ပါဆို"

"လုပ်လာပြန်ပလား"

"တကယ် အကောင်းပြောတာပါ၊ နင့်ကိုတွေ့ရင် မေ့မေ့သွားလို့ပါ။ နင့်ကပါးက ခွေးလေးကို မေးတယ်ဆို၊ နင် စောစောကပဲ ပြောပါသေးတယ်"

"ဟုတ်တယ်လေ၊ ကပါးက နင့်ခွေးပေါက်စနလေး ဘယ်ကရလဲတဲ့"

"နင်က မပြောလိုက်ဘူးလား၊ သမီးကို သိပ်ချစ်တဲ့ ကပါးသမက်လောင်းက ပေးသွားတာလို့"

"ငါ့ကို ပါးရိုက်မှာပေါ့"

"နို့ ဘယ်လို ပြောလိုက်လဲ"

"ငါက ကပါးကိုရော၊ ကဦးကိုရော လိမ်ပြောထားရတာပေါ့"

"လိမ္မာလိုက်တာ၊ ဘယ်လို လိမ်ပြောလဲ ပြောစမ်းပါဦး"

"ဖယ်ဟာ၊ ပြောမယ်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com

"နွားကျောင်းရင်း အသိဖြစ်ကြတဲ့ ဟိုဘက်တောင်ကြားက ကောင်မလေး တစ်ယောက်ဆီက ဝံရေနဲ့ လဲယူထားတာလို့"

အမှန်လည်း ပီယက သူ့အဖေနှင့် သူ့အစ်ကိုတို့ကို လိမ်ပြောထားပုံရသည်

"ဟိုဘက်တောင်ကြားမှာ ရွာရှိသေးလို့လား"

"အများကြီးရှိသေးတယ်၊ သူတို့ရွာတွေက ငါတို့ရွာထက်တောင် ကြီးသေး တယ်"

ဤပတ်ဝန်းကျင်တွင် ရွာဆို၍ တစ်ခါမှ မတွေ့ဘူးသော ယောင်လ ပီယစကားကို အံ့ဩသွားသည်။ ထို့ကြောင့် ပီယ လက်ညှိုးထိုးပြလိုက်သော တောင်ချိုင့်ကြားဘက် ငေးကြည့်မိလိုက်သည်။

အတော်ဝေးသော တောင်ချိုင့်ကြားတစ်နေရာမှ မီးခိုးငွေ့ငွေ့ အမျှင်တန် လေးတစ်မျှင်ကို လှမ်းမြင်ရသည်။ ဝေးသဖြင့် လူသံသူသံတော့ မကြားရ။ ဤ ညာဘက်လည်း ပိုကျယ်သည်။ တောပိုနက်သည်။ တောင်ပိုမြင့်သည်။တောမို တောင်ရိပ်နှင့် မြူတို့ ပိုဆိုင်းနေသည်။ နွေးထွေးသော နေရောင်ခြည်ကိုယ် လှမ်းမမြင်ရ။ မှိုင်းမှုန်အုံ့ပျနေသည်။ အိန္ဒိယ-မြန်မာ နယ်စပ်၊ မီဆိုတို့ဒေသ

ယောင်လ စိတ်ထဲမှာ သူတို့ချင်းတွင်းက ရွာကို သတိရသွားမိသည် ရွာကို ရက်တရက် လွမ်းမိသွားသလိုပင်။ သူတို့ရွာသည် နွေးဦးပေါက်မှာ အလှ ပျော်စရာကောင်းသည်။ ကောက်ဦး၊ ကောက်သစ်ပွဲတွေ ရှိသည်။ သူတို့ ရွာ အောက်ရှိ လှေဆိပ်တွင် ကုန်လာရောင်းသောလှေတွေ ရှိသည်။ ပစ္စည်းမျိုးစုံ ဆားလည်း ရနိုင်သည်။

ယခု ပီယတို့ အရပ်မှာတော့ သစ်မွှေး၊ ရွှေ၊ ကျောက်သွေး၊ ကြံသွေး တောဆေး၊ တောင်ကောင်ဆေးက လွဲလျှင် ခွေးပင် မရှိသောအရပ်။ ပီယရှိနေ သာ။

"ဟင် ယောင်လ၊ နင် ဘာငေးကြည့်နေတာလဲ"

"ဩော် . . . နင်က ဟိုဘက်မှာ ရွာရှိတယ် ပြောလို့ပါ"

"အေးလေ၊ ရှိတယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ငါ တစ်ခါမှ မတွေ့ဘူးလို့ပ၊ ပီယတို့ ရွာထက်တောင် ကြီးတယ်ဆိုတော့ အိမ်ခြေ ဘယ်လောက်တောင် များလို့လဲ"

"အများကြီးပဟယ်၊ ကိုးအိမ်၊ ဆယ်အိမ်တောင် ကျော်ဦးမယ်"

ပီယပြောသောရွာကြီးကို ယောင်လ ပြုံးမိလိုက်သည်။

"အိမ်တွေကိုလည်း မမြင်ရဘူးနော် နင်တို့ရွာကော နင်တို့ တစ်အိမ်တည်း





လား"

"ဟိုဘက် တောင်ကြားမှာ သုံးအိမ် ရှိသေးတယ်၊ တစ်အိမ်နဲ့တစ်အိမ် အဝေးကြီး ဘယ်လိုလုပ် မြင်ရမလဲ၊ ငါတို့ရွာ ဟိုဘက်မှာလည်း ရွာတွေ အများ ကြီး ရှိသေးတယ်"

"မသိဘူးလေ၊ ငါက အိမ်တွေလည်း မမြင်ရတော့ ပီယတို့က တစ်အိမ် တည်းလည်း တစ်ရွာခေါ်သလားလို့"

"တစ်အိမ်တည်းတော့ တစ်ရွာခေါ်မလား၊ နင် အားကြီး ရယ်ရအောင် ပြောတတ်တယ်၊ နင်နဲ့ စကားပြောရင် အားကြီး ရယ်ရတယ်။ ပျော်ဖို့လည်း ကောင်းတယ်"

"ငါကလည်း နင် ရယ်နေတာပဲ အမြဲမြင်ချင်လို့ တမင် ပြောတာပါ။ ဒီနေ့လိုပဲ မနက်ဖြန်လည်း နင်ရယ်နေတာကို ကြည့်ဖို့ အစောကြီး ငါလာဦးမယ်"

"မနက်ဖြန် အိမ်မလာနဲ့တော့"

"ဟင် ဘာဖြစ်လို့"

"ကပါးတို့ ကဦးတို့ ပြန်ရောက်ကြတော့မယ်လေ"

"ရောက်တော့လည်း ဘာဖြစ်လဲဟာ၊ ယောက္ခမတွေ ယောက်ဖတွေနဲ့"

"နင် ပြောပြန်ပြီ၊ ငါ့ကဦးက နင့်ကို ဓားနဲ့ပိုင်းလိမ့်မယ်။ ပြီးတော့ နင့်ခေါင်း ကို ဟိုက ခြံဝမှာ ဆွဲပြထားပြီး နင့်ကိုယ်ကို နင်တို့ ချင်းတွင်းသားတွေ ရှိတဲ့ နေရာ သွားပို့ကြလိမ့်မယ်။ နင်တို့ စကားပြောတာ ငါတို့နဲ့ မတူဘူး။ အားကြီး ခက်တယ်"

တကယ်များလား ဟူသော အတွေးကြောင့် ယောင်လ ငေးငေးငိုင်ငိုင် ဖြစ်သွားသည်။ ဤသည်ကို ကြည့်၍ ပီယက-

"နင် အိမ်ကို တကယ်မလာနဲ့နော်"

"နင်တို့အိမ် မလာရတော့ ငါက ဘယ်သွားရမှာလဲ"

"ဟိုကပဲ စောင့်ပေါ့"

ပီယက ငေးငေးငိုင်ငိုင် ဖြစ်သွားသော ယောင်လကို သနားသွားပုံရသည်။

"ငါတော့ နင့်ကို မတွေ့ရရင် မနေနိုင်ဘူး၊ ဘယ်ဟိုကလဲ"

"ရေတံခွန်နားကလေဟာ၊ ငါ့နွားတွေက အဲဒီမှာပဲ စားကျက်ကျလို့ ပျော် ဘယ်၊ ခြံထဲက လွှတ်လိုက်တာနဲ့ အဲဒီဘက် . . ."

"နင့်နွားတွေလိုပဲ၊ ငါလည်း အဲဒီမှာ စားကျက်ကျလို့ ပျော်ပါ . . ."

"ပျော်ရင် သွားလေ၊ ခု သွားတော့၊ သွား . . . သွား"



www.burmeseclassic.com

www.burmeseclassic.com

ပီယက ထောင်လကို တအား တွန်းထိုး၍ ပြောနေ၏။

"နင် . . . နင်မှ မပါတာ ပျော်မလား ဟား. . . ဟား"

ပီယပြောသော 'ဟိုက' ဆိုသည်မှာ ထောင်လနှင့် ပီယတို့ ရေအတူချိုးကြ ရေကူးကြ၊ ရေကူးပြိုင်ကြ၊ ရှုံးသူကို နိုင်သူက ရေထဲ ဖိနှစ်လားကြ၊ ရေမွှန်း၍ ကမ်းပေါ် တက်ပြေးလျှင် လိုက်ဖမ်း၍ ရေထဲ ပြန်ဆွဲချကြ၊ ရေငုပ်ပြိုင်ကြသော နေရာ။

ရေထဲ အနေကြာ၍ ချမ်းလာလျှင် ရေပေါ် ဘက် နေဆာလှုံကြ၊ ချမ်းနေသောကိုယ်ကို နေပူထား၍ အပူရှိန် ရှိနေသော ကျောက်ဖျာ၊ ကျောက်တုံးတွေပေါ် ကျောရင်ကပ်၍ နေလှန်းကြပြီး ပြေးကြ၊ ဆော့ကြ၊ ရေထဲ ခုန်ချနေကျ ဖြစ်သော ရေတံခွန်နားမှ သူတို့၏ ချစ်ဗိမာန်နေရာလေး ဖြစ်လေသည်။

"ကဲ၊ နေညိုပြီ၊ နင်သွားတော့၊ မနက်ဖြန် စောစောလာခဲ့ပေါ့" ဟူသော ပီယ၏ စကားအဆုံးမှာ ထောင်လသည် ခါတိုင်းနေ့တွေလိုပင် သူ့ခွေးလေးကို ထမ်း၍ ထမင်းဟင်းချက်ရန် စခန်းပြန်လာလေသည်။

* * *



"ပီယရေ . . .၊ ပီယ ပီယ. . ."

"ဟေး . . . ပီယ. . ."

"ပီယ . . ."

"ဟင်"

ပီယ၏ နွားနောက်တွေကို တွေ့ရသည်။ ပီယ ရှိနေလိမ့်မည်အထင်နှင့် ထောင်လသည် ပီယကို တကြော်ကြော် အော်ခေါ်သည်။ ပီယ ပြန်ထူးသံကို မကြားရ၊ ပီယ၏ ရုပ်သွင်ကို မမြင်ရ။ ရုတ်တရက် ချုံပုတ်ထဲမှ ထွက်လာသော လူရွယ်တစ်ယောက်ကိုသာ လှမ်းမြင်လိုက်ရသည်။

ချုံတောထဲမှ ရုတ်တရက် ထွက်လာသော လူရွယ်သည် လေးတစ်စင်းကို ကိုင်ထားသည်။ ကျောတွင် မြားဘူးပါသည်။ ထောင်လကို မျက်နှာချင်းလာဆိုင်သည်။ စူးစူးရဲရဲ ကြည့်သည်။

"မင်းက ပီယကို သိလို့လား"

မေးရင်းက လူရွယ်သည် ထောင်လကို အကဲခတ်၏။ စူးစမ်းသော သဘောနှင့် စိုက်ကြည့်နေသည်။

ရုတ်တရက်မူ ထောင်လမှာ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ကိုင်းလေး ကိုင်ထားသောလူရွယ်ကို ပြန်ကြည့်၍ ရင်ထဲတွင်လည်း တဒိတ်ဒိတ် ခုန်လာသည်။ နောက်မှ အသိအလင်းတစ်ချက်က သူ့ခေါင်းထဲ ချက်ချင်း ဝင်လာသည်။

ဤလူရွယ်မှာ ပီယ၏အစ်ကို၊ ပီယ ပြောပြထားသော ကဦး ဖြစ်ရမည်။

ဤပတ်ဝန်းကျင်က နွားနောက်တွေမှာ ပီယ၏ နွားနောက်တွေမှန်း နေ့စဉ် မြင်နေကျမို့ အရောင်အဖြူကွက်ကအစ မှတ်မိနေသည်။ ယခု ပီယ၏နွားနောက်ကို ထိန်းကျောင်းနေသူဆိုလျှင် ပီယ၏အစ်ကိုကလွဲပြီး တခြား တစ်စုံတစ်ယောက် မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

သူသာ ပီယအစ်ကိုဆိုလျှင် ပီယနှင့်သူ သိပါသည်၊ ကျွမ်းပါသည် ပြောရ၍ မဖြစ်။ သိပါသည်၊ ကျွမ်းပါသည်ဆိုလျှင် သူညီမအပေါ် သူက သံသယဝင်တော့မည်။ သူ သံသယဝင်၍ နောက်နေ့ နောက်နေ့တွေမှာ ပီယကို ဤမှာဘက်သို့ နွားကျောင်း မလွှတ်လျှင် တွေ့ရတော့မည် မဟုတ်။ ပီယနှင့်သူ ဝေးကြရလိမ့်မည်။

ပီယနှင့်သူ ကွဲကွာကြရမည့်အဖြစ်ကိုတော့ ထောင်လ ဘယ်နည်းနှင့်မှ အဖြစ်မခံနိုင်။ ပီယနှင့်သာ ကွဲရလျှင် သူ့နှလုံး အစိမ်းလတ်လတ် ကျွမ်းကြေပြီး သေရလိမ့်မည်။ သည်တော့ ပီယအစ်ကိုကို သူ လိမ်ညာပြောရတော့မည်။

"ဟင်. . မင်း ပီယကို သိလို့လားလို့ ငါ မေးနေတယ်"

ပီယအစ်ကို၏ စကားသံက ထန်လာသည်။

မဖြေ၍ မဖြစ်တော့။ သူက ယောင်နနလုပ်နေလျှင် ပီယအစ်ကိုက သူနှင့် ပီယကို အမှန်အတိုင်း ယိုးစွပ်တော့မည်။ ပီယအစ်ကိုက သူတို့အကြောင်း သိသွား၍ မဖြစ်သေး။ ပြဿနာက မီးခိုးကြွက်လျှောက် ရှုပ်လာနိုင်သည်။ ပီယတို့ ခွေးကို စိုင်းဘောင်တို့ သတ်ခဲ့ကြသည်ပါ ပေါ်ကုန်နိုင်သည်။

ထို့ကြောင့် ထောင်လက-

"ဟင့်အင်း"

ပီယအစ်ကိုကို စူးစူးစိုက်စိုက် ပြန်ကြည့်၍ ခေါင်းခါပြလိုက်၏။

"မင်းက ပီယကို မသိဘူးပေါ့"

"အင်း ငါ မသိဘူး"

ပီယအစ်ကိုက သူ့ကို ပို၍ပင် ခက်ခက်ထန်ထန် ကြည့်လာသည်။

ထောင်လမှာ မပြေးသော်လည်း ရဲခဲစေ သဘောနှင့် ဣန္ဒြေရရ တည်တည်တံ့တံ့ပင် ပြန်ကြည့်နေရသည်။





ပီယအစ်ကိုသည် မျက်နှာ သုန်မှုန်သွားပြီး သူ့အနားကို ပို၍ တိုးကပ်လာသည်။ သူ့ရှေ့ လက်တစ်ကမ်းမှာ လာရပ်သည်။ စူးစူးစမ်းစမ်း ထပ်ကြည့်သည်။ ပြီး မေးခွန်းထပ်ထုတ်သည်။

"မင်း ပီယကို မသိဘဲနဲ့ ပီယနာမည်ကို တောသံတောင်သံ ပွဲတင်ထပ်အောင် ဘာလို့ အော်ခေါ်နေရတာလဲ"

"ငါ့ညီမက မှာလိုက်လို့ပ"

ပီယအစ်ကိုကို ရှံ့နေသော်လည်း သူတို့ဒေသစကားသံ ပေါက်အောင်လည်း လုပ်ပြောရသည်။

ပီယအစ်ကိုအား လိမ်ညာ ဖြီးဖြန်းပြောရန် အစီအစဉ်တွေကိုလည်း ခေါင်းထဲမှာ သတိနှင့် ထည့်ထားရသည်။ ထို့ကြောင့်လည်း ပကတိ မှင်နှင့်မောင်းနှင့် မျက်နှာတည် မျက်နှာထားနှင့် ရဲရဲဝံ့ဝံ့ပင် ပြန်ပြောလိုက်သည်။

"မင်း ညီမက ဘယ်သူလဲ၊ ဘယ်ရွာကလဲ"

"ဟိုဘက်ရွာက၊ ပီယနဲ့ ငါ့ညီမတို့က နွားကျောင်းရင်း အသိဖြစ် ခင်မင်ကြတယ် ပြောဘယ်။ ခု ငါ့ညီမက မှာလိုက်တယ်၊ ဒီနေရာမှာ နွားကျောင်းနေတဲ့ ပီယဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်တဲ့၊ တွေ့ရင် ပြောလိုက်ပါမှာလို့ ခေါ်ကြည့်ရတာပ"

"ဪ. . . ဩ၊ ကနီး (အဒေါ်) တစ်ယောက် ဟိုဘက်ရွာမှာ ဆုံးနေလို့ ကပင်းက ပီယကို ခေါ်သွားတယ်။ ပီယကို ငါ ဘာပြောလိုက်ရမလဲ"

ပီယအစ်ကို၏ မျက်နှာမှာ ချက်ချင်း ပျော့ပျောင်း လျော့ပြေသွားသည်။

ထောင်လက ပီယအစ်ကို၏ မျက်နှာကိုကြည့်ကာ ရယ်ချင်လာသည်။ သတိထားသည့်ကြားက ပြုံးမိသွားသည်။ သူ လိမ်ပြောနေသည်ကို ပီယအစ်ကို လုံးဝ မရိပ်မိသေး။ ထို့ကြောင့် ပီယအစ်ကိုကို ထောင်လက ဆက်၍-

"သူ့အစ်ကို မိုးရော်ဘက်သွားတယ်လို့ ငါ့ညီမက ပြောတယ်"

"ဘယ်သူ့အစ်ကိုလဲ"

"ပီယအစ်ကိုပဲ"

"ငါပ၊ ငါက ပီယရဲ့အစ်ကို၊ အဲဒါ ဘာဖြစ်လဲ"

"အမ်း . . . အဲ. . အေး. . အဲဒါ ငါ့ညီမက ပီယကိုတွေ့ရင် ပြောလိုက်ပါတဲ့၊ သူ့အစ်ကို မိုးရော်ဘက်သွားတယ် ပြောတယ်"

"ဟုတ်တယ်လေ၊ ငါကပင်းနဲ့ သွားတယ်"

"အဲဒါ သူ့အစ်ကို ပြန်လာလို့ ဖန်လက်ကောက်တွေ၊ ဘီးတွေ ဆံသွင်



www.burmeseclassic.com

www.burmeseclassic.com

တွေ ပါလာရင် သူ့အတွက်လည်း ထားပေးပါတဲ့။ တစ်ခုခုနဲ့ လဲကြစတမ်း ပြောထားကြလို့ နေမှာပ"

"အဲဒါပဲလား"

"အေး"

ပီယအစ်ကိုက ထောင်လကို သံသယအကြည့်နှင့် ကြည့်နေပြန်၏။

သူဘယ်လိုပင် လုပ်ပြောသော်လည်း ပီယအစ်ကိုနားကို လိမ်မရ။ သို့သော် တွေ့စကလို့ လေသံ မမာတော့သဖြင့် ထောင်လက-

"ချင်းတွင်းသံပေါက်တာ ဆန်းလား၊ ငါ့အမေက ချင်းတွင်းသူပ၊ အဖဆားဝယ်ရင်း အမေက အဖနဲ့ လိုက်လာတာ ပြောတယ်။ အဲဒါ ဘာဖြစ်လဲ"

တောင်ပေါ်သားကိုကြိုက်၍ ချင်းတွင်းသူက လိုက်လာသည် ဆိုသော ထောင်လ၏စကားကို ပီယအစ်ကိုက သဘောကျ ဂုဏ်ယူမိသွားပုံရသည်။ 'အာဂအမျိုးတွေပဲ' ဟူသော အကြည့်နှင့်ကြည့်၍-

"ငါ မေးတာကို မင်း စိတ်မဆိုးနဲ့၊ တောင်သားကို ချင်းတွင်းလူတွေက အရိုင်းတွေ ထင်နေကြတာ၊ မင်းအဖက ချင်းတွင်းသူကို ရအောင်ယူနိုင်တာ မင်းတို့အဖဂုဏ်ပ"

"အေး ဟုတ်မှာပ"

ပီယအစ်ကိုနှင့် စကားဆက်ပြောနေလျှင် သူ့အလိမ်တွေ ပေါ်ကုန်မည်စိုးသဖြင့် ထောင်လက စကားများများ မပြောဝံ့တော့။ ထို့ကြောင့် ပီယအစ်ကိုနားက လစ်ထွက်ရန် ခြေလှမ်း ပြင်လိုက်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

သူက လစ်ထွက်ရန် ခြေလှမ်းပြင်သည်ကိုမြင်၍ မတော်ရသေးသော ယောက်ဖက နာမည် မေးနေပြန်၏။

သူ့တွင်လည်း ပီယနှင့်ရွယ်တူ နှမတစ်ယောက် ရှိသည်ဟု ပြောသည်ကို မိဆိုလုပ်မိချော်က အမျိုးတော်ချင်သွားပုံရသည်။

"ငါ့နာမည် ထောင်လ"

ထောင်လက အမှန်အတိုင်း ပြောလိုက်၏။

ပီယအစ်ကို အိမ်ပြန်ရောက်လျှင် သူနှင့် ပီယအစ်ကိုတို့ တွေ့လာကြသည်ကို ပီယ သိပါစေ ဟူသော သဘောနှင့် အမှန်ပြောလိုက်ခြင်း ဖြစ်သည်။ ပီယကို နောက်တွေ့လျှင် 'ငါ့ယောက်ဖနဲ့ ငါနဲ့ တွေ့ပြီးပါပြီဟာ၊ ယောက်ဖက သဘော





ကောင်းပါတယ်။ အိမ်လာလည်ဖို့တောင် ပြောသွားတာ' ဟု ပီယကိုပြောရန် သူ့အတွက် တစ်ကွက် ဝင်လာပြန်ပြီဟု ဝမ်းသာသွား၏။

"ဘယ်သွားဦးမလို့လဲ"

"ငါလား"

ပီယအစ်ကိုက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ငါ ဟိုဘက်နား ပျားတစ်ခေါင်း တွေ့ထားတာ ဝံတွေမဦးခင် သွားဖွပ်မလို့"

"အေးအေး၊ ပီယ ပြန်လာရင် ငါ ပြောလိုက်ပါ့မယ်၊ ဪ မင်း ညီ-ညီမ နာမည်က ဘယ်သူ"

ပီယအစ်ကိုက ထောင်လကို အပြုံးနှင့်ကြည့်၍ မေးနေပြန်၏။

ဤတစ်ခါတော့ ထောင်လက မျက်နှာကို ပို၍ တည်ပစ်လိုက်သည်။

"ဘာလုပ်ဖို့လဲ"

"ဪ . . . ပီယမေးရင် ပြောတတ်အောင်လို့ပါ၊ ဘယ်သူမှန်းမသိတော့ ငါက . . ."

"သူ့သူငယ်ချင်းဆို ခင်ဖျားညီမ သိမှာပေါ့"

သူ့စကားမှာ ဒေသလေ့အရ သူ့နှမကို လူပျိုလှည့်ချင်သောစကား တစ်ဆင့်ပြောခြင်းကို ကြားဖူးသော ထောင်လက ချက်ချင်း ပီယအစ်ကိုနားက ထွက်ခွာလာသည်။ ဤသည်ကိုပင် ပီယအစ်ကိုက ထောင်လ ဟမင်ကြား အောင်-

"ငါ ပြောလိုက်ပါ့မယ်၊ ဖန်လက်ကောက်တွေ၊ ပယင်းပုတီးတွေ ငါ့ညီမအတွက် ငါ ဝယ်လာတာ၊ မင်းညီမကို ပီယပေးပါ . . ."

'ခင်ဖျားဘာသာ ခင်ဖျား ပြောကျန်ခဲ့၊ ကျုပ်တော့ လစ်ပြီ' ဟူသော သဘောနှင့် ထောင်လသည် ပီယအစ်ကိုနားက ချက်ချင်း ပြေးထွက်လာသည်။

ဤသည်ထိ ပီယအစ်ကိုက သူ့ကို မိတ်ဖွဲ့လိုဟန်နှင့် ငေးကြည့်နေတုန်း။ ထောင်လမှာ ရယ်ချင်စိတ်ကို မနည်း ချုပ်တည်းထားလိုက်ရ၏။

ဤနေ့ သူ ပီယနှင့် ဘယ်လိုမှ မတွေ့ရတော့။ ပီယကို လွမ်းဆွေးစိတ်က ခြေလှမ်းတစ်ဆယ်မပြည့်မီ ဝင်ရောက်လာပြန်သည်။

သူ့အစ်ကို စကားထဲတွင် ပီယသည် အဒေါ်တစ်ယောက် ဆုံးပါးသွား၍ သူ့အဖေနှင့် လိုက်သွားရသည် ဆို၏။

ဘယ်တော၊ ဘယ်တောင်၊ ဘယ်ရွာကို လိုက်သွားရမှန်း ထောင်လ မတွေး



www.burmeseclassic.com

www.burmeseclassic.com



တတ်။ သူတို့အိမ်တွေဆိုတာက တောင်ကြိုတောင်ကြားမှာ။ အိမ်တိုင်းလိုလို သစ်တော၊ ဝါးတောထဲ အမြဲ ပုန်းအောင်းထားတတ်ကြသည်။ အဝေးက ကြည့်၍ ဘယ်လိုမှ မမြင်ရ။ လမ်းမသိက ရွာဖွေဖို့ပင် မလွယ်။ ရွာတစ်ရွာ၏ အိမ်ခြေဆိုသည်မှာလည်း လေးငါးအိမ်သာ။ တစ်အိမ်နှင့်တစ်အိမ်မှာလည်း တစ်ခေါ်တစ်ဝေါ်။ ဝါးလုံးနှင့် တုံးခေါင်းခေါက်၍ ခေါ်မှ ကြားကြ၊ သိကြရသည်။ ပီယကို ဤတောဤတောင်ထဲ သူပြန်၍မှ တွေ့ပါတော့မလားဟု အဓိပ္ပာယ်မရှိ ပူပန်မိလိုက်ပြန်၏။

နေ့စဉ် တွေ့နေကျ ပီယကို မတွေ့ရသဖြင့် ထောင်လရင်ထဲ ဟာလာသည်။ ညနေစာအတွက် ဟင်းရွက်ခူး၊ ကြက်ငှက်ရှာပစ်နေရသော်လည်း ခါတိုင်းနေ့လို စိတ်မပါလှ။ နေညို၍ စခန်းကို ရောက်လာသည့်တိုင် သူ့စိတ်က ပီယဆီသာ ရောက်နေသည်။ ပီယ၏မျက်နှာကိုသာ မြင်ယောင်နေသည်။ ပီယ၏အသံကိုသာ ကြားယောင်နေသည်။ ရေတံခွန်နားက အပျော်ရက်တွေကို သူ့စိတ်ထဲ စွဲနေသည်။

ပီယ သူ့အဖေနှင့် ဘယ်ရွာများ လိုက်သွားပါလိမ့်။ ဘယ်နှရက်တောင်ကြာနေမှာပါလိမ့်။ ဘယ်တော့မှ ပြန်လာမှာပါလိမ့်။

ထိုရက်တွေမှာ ထောင်လသည် ချစ်သူပီယအကြောင်းသာ တွေးနေလေသည်။

သုံးရက်၊ သုံးညရှိပြီ။

သူ့အဒေါ်တစ်ယောက်ဆုံး၍ ပီယအား သူ့အဖေခေါ်သွားသည် ဆိုသဖြင့် ထောင်လသည် ပီယနှင့် ရေအတူ ကူးနေကျ၊ ရေအတူချိုးနေကျ၊ အတူဆော့နေကျ၊ အတူစကားထိုင်ပြောနေကျ ရေတံခွန်နားကို လုံးဝ မသွားဖြစ်ခဲ့။

ထိုသုံးရက်အတွင်း ငှက်ဖျားပြင်း၍ ယောင်ယမ်း အော်ဟစ်နေသော စိုင်းဘောင်၏ ဝေယျာဝစ္စအလုပ်တွေကို မအားမလပ် လုပ်ပေးနေရသည်။ ဒူးခေါင်းကြီးနှင့် အဆစ်အမြစ်တွေ ရောင်ကိုင်းနေသော စိုင်းဘောင်၏ တစ်ကိုယ်လုံးကို တောင်တန်ကြီး၊ သက်ရင်းကြီးမြစ် သွေးလိမ်းပေးရ၊ ခမ်းတောက်မြစ် လိုက်ရှာရနှင့် အချိန်ပြည့် ပြုစုနေရ၏။ သို့သော် စိုင်းဘောင်၏ ကိုယ်ရောင် ငှက်ဖျားမှာ မသက်သာ။ တစ်နေ့ထက်တစ်နေ့ ဆိုးရွား၍သာလာသည်။

စိုင်းဘောင်၏ ကိုယ်ရောင်ရောဂါကို ဇော်ရှိန်းနှင့် ငမောင်တို့ကလည်း ဂရုမစိုက်အားကြ။ တစ်နေ့သက်သာနိုး၊ တစ်နေ့သက်သာသွားနိုးနှင့် အချိန်ရှိတုန်း ရွှေရရေးအတွက်သာ အပတ်တကုတ် ကြိုးစားနေကြသည်။ မိုးလင်းသည်နှင့်





ကျင်ခွက်၊ ခပ်ခွက်တွေကို ထမ်းပိုးကာ ရွှေရရေးအတွက်သာ ရေထဲ ဆင်းသွားကြသည်။

ဤသည်ကို ကိုယ်ရောင်ငှက်ဖျားမိ၍ အိပ်ရာထဲ ပုန်းပုန်းလဲနေသော စိုင်းဘောင်က လုံးဝ မကျေနပ်။ သူ့ကို ရွာပြန်ပို့ပေးဖို့သာ တစ်ပြောတည်းပြောနေသည်။ ဤနေရာမှာ ဤသို့ ဆက်နေလျှင် ဤဝေဒနာနှင့် သူ သေမည်ဟုပင် ပြောလာ၏။

ဤသည်ကို ဇော်ရှိန်းက နှစ်သိမ့်စကား ဆိုသည်။

"တို့ မကြာခင် ပြန်ကြရတော့မှာပါကွာ။ ဒီကြားထဲ မင်းရောဂါကလည်း ဆေးမှန်မှန်သောက်၊ ဆေးမှန်မှန်လိမ်းနေရင် ပျောက်သွားမှာပါ။ ဆေးသာ မှန်မှန်သောက်၊ မှန်မှန် လိမ်းပေးပါ။ မကြာခင် ပြန်ပျောက်သွားပါလိမ့်မယ်၊ သိပ်လည်း မစိုးရိမ်ပါနဲ့"

"ငါ့ကိုယ်ငါ သိတယ်၊ ဇော်ရှိန်း။ မင်းတို့ ငါ့ကိုတော့ ပစ်မထားကြပါနဲ့ကွာ။ ငါ့ရောဂါက ဒီအတိုင်းဆိုရင် ပျောက်မှ. . . "

"အိုး. . မင်းကလည်းကွာ၊ အားငယ်တတ်လိုက်တာ။ ငှက်ဖျားရောဂါဆိုတာ ဒီလိုပဲ၊ ဖြစ်နေတုန်းတော့ လူကောင်း ဘယ်တော့မှ မဖြစ်တော့ဘူး ထင်တတ်ကြတာ။ နောက်တော့လည်း သူ့ဟာနဲ့သူ ပျောက်သွားတာပဲ။

မင်းပဲ ပြောခဲ့တယ်လေ မှတ်မိလား။ ရွှေရှာတယ်ဆိုတာ ဇွဲရှိရတယ်၊ ပင်ပန်းခံနိုင်ရမယ်၊ အချိန်နဲ့အခါနဲ့ ဝီရိယရှိရှိ လုပ်ကြရမယ် ဆိုတာလေ။ ဒါတွေ မင်းသိပါတယ်ကွာ။ ငါတို့အလုပ်က ဖားကန့်ဘက်မှာ ကျောက်တူးခဲ့ကြသလို အချိန်မရွေး လုပ်လို့ရတဲ့အလုပ် မဟုတ်ဘူး။ ဒီလကုန်ရင် တို့ ဒီမှာ နေချင်ပါတယ် ဆိုလို့လည်း နေလို့ မရနိုင်တော့ပါဘူး။ မိုးမလာခင် ရွာပြန်ရမှာပဲဟာ၊ မင်း ဘာလို့ ဒီလောက် အားငယ်နေရတာလဲ။

ဒီက ပြန်ရင် တို့အခြေအနေ ဘယ်လောက် တိုးတက်သွားမယ် ဆိုတာလဲ ထည့်တွက်ဦးလေကွာ။ စိတ်ကို တင်းထားစမ်းပါ။ ငှက်ဖျားရောဂါလောက်များကွာ ဆေးမှန်မှန်သောက်၊ ဆေးမှန်မှန်လိမ်းနေရင် မကြာခင် ပျောက်ကို ပျောက်သွားမှာပါ၊ သူငယ်ချင်း၊ မင်း အားတင်းထားစမ်းပါ"

ဇော်ရှိန်းက စိုင်းဘောင်ကို အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျစကားဆိုသည်။

ဇော်ရှိန်း ပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။

ဥရုမြစ်ဖျားတွင် ရွှေကျင်ရသောလမှာ တပို့တွဲ၊ တပေါင်း၊ တန်ခူးသုံးလ



www.burmeseclassic.com

သာ ဖြစ်သည်။ ဆောင်းတွင်းနှင့် မိုးတွင်းမှာ ဘယ်လိုမှ ရွှေကျင်၍ မရနိုင်ပေ။ မိုးတွင်းတွင် ရေကြီးနေသလို ဆောင်းတွင်းဆိုလျှင်လည်း အေးလွန်း၍ မည်သူ တစ်ဦးတစ်ယောက်မျှ ရေထဲကိုဆင်းပြီး ရွှေမကျင်နိုင်ကြ။

ထို့ကြောင့် ယခုရသော အခွင့်အရေးကို ဇော်ရိုးနှင့်ငမောင်တို့က လက်လွှတ်မခံချင်ကြ။ လမ်းပင် ကောင်းစွာ မလျှောက်နိုင်သော စိုင်းဘောင်ကို ပို့ရမည်ဆိုလျှင် လူကောင်းနှစ်ယောက်က ထမ်းပို့မှ ဖြစ်မည်။

အသွားအပြန် တစ်ပတ်နီးပါးဆိုလျှင် လူနှစ်ယောက်၏ လုပ်အား ဆုံးရှုံးမှုက သောင်းချီနေသည်။ အကယ်၍ ထောင်လ အပါအဝင် သူတို့နှစ်ယောက် ထဲက တစ်ယောက်ယောက် စိုင်းဘောင်ကို လိုက်ပို့နေရလျှင်လည်း တောကြီး မျက်မည်းထဲက စခန်းတဲမှာ ဘယ်သူမှ တစ်ယောက်တည်း ကျန်နေရဲကြမည် မဟုတ်။ နေရဲသည်ပဲ ထားဦး။ ရွှေကိစ္စ တစ်ယောက်ကိုတစ်ယောက် မသင်္ကာ ဖြစ်ပြီး အဖုအထစ် ပြဿနာကြီးက ရှုပ်လာနိုင်သည်။

ရွှေတွေကို ယခုလောလောဆယ် ဝေခြမ်းသွားကြဖို့ ဆိုသည်မှာလည်း ရွှေက မသန့်စင်ရသေးသော အရိုင်းမှုန့်၊ အရိုင်းပွင့်တွေသာ ရှိနေသေးသဖြင့် ဘယ်လိုမှ ခွဲဝေ၍ မဖြစ်သေး။ ရွှေရိုင်းအမှုန်တွေကို ပကတိ သန့်စင်ပြီးမှ၊ ရွှေသားအတိဖြစ်ပြီးမှ ဝေခြမ်းရန် ကတိကို သူတို့ ရွှေကျင်ရန် ဥရုမြစ်ဖျားသို့ မလာမီကတည်းကပင် သဘောတူ သစ္စာပြုခဲ့ကြသည်။ အကယ်၍ ဤကတိကို ဖျက်လျှင် ဖျက်သူသည် လုံးဝ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့် မရှိပေ။ ဤသည်မှာ သူတို့၏ သံမဏိ ကတိသစ္စာကြီး ဖြစ်သည်။

အတူတကွ တစ်လကျော် နှစ်လလောက် လုပ်လာကြပြီး ရွာပြန်ခါနီးလပိုင်း နောက်ဆုံးအချိန် ရောက်လာမှ သူတို့ကိုခွဲပြီး စိုင်းဘောင် ရွာပြန်သွားမည်ဆို သည်ကို ဇော်ရိုးနှင့် ငမောင်တို့ကလည်း အမှန်တော့ မလိုလားကြ။ သူတို့ ယခုလို မမျှော်မှန်းနိုင်လောက်အောင် ရွှေရနေသော လုပ်ငန်းကြီးဆီသို့ ဦးဆုံး အကြံပြု ခေါ်လာသူမှာလည်း စိုင်းဘောင်ပင် ဖြစ်သည်။

ထို့ကြောင့် ဇော်ရိုးနှင့်ငမောင်တို့ တောထဲတောင်ထဲကရသော ဆေးမြစ်တွေ သွေးလိမ်း၊ သွေးတိုက်လုပ်ကာ ဖျောင်းဖျထားကြသည်။ ထောင်လက လည်း ပီယတို့ခြံထဲမှ ဗီထောင်၍ရသော မြွေပါသွား၊ မြွေပါစွယ်တွေကို သွေး၍ လိမ်းပေးထားသည်။

သို့သော် စိုင်းဘောင်၏ ဝေဒနာမှာ သိသိသာသာ လျော့ကျမသွား။ သွေးလိမ်းစ တစ်ရက်နှစ်ရက်သာ သက်သာပြီး နောက်တော့ ပြန်ရောင်လာသည်။





ခမြွပါနိုး လိမ်းနေရင်းက ပြန်ပြီး ကိုက်ခဲလာသည်။ အရေပြားတွေမှာ ပြာနှမ်းလာနေရာက အရောင်လဲ့လဲ့ ပြေးလာသည်။ တင်းရင်း၍ မှန်ရောင်ထစ ပြုလာသည်။ အကွက်အကွင်း၊ အကြောင်းအစင်း ကွဲကြောင်းတွေ ပေါ်လာသည်။

ဤသည်ကို ဇော်ရိုးနှင့်ငမောင်တို့ သတိမပြုမိကြသော်လည်း ကာယကံရှင် စိုင်းဘောင်နှင့် နေ့စဉ် အမြဲ ထိတွေ့နေရသော ထောင်လက သတိပြုမိလာ သည်။ ဝေဒနာမှာ အဆောက်အအုံ ဖြစ်လာပြီ ဆိုတာ တွေးမိလာသည်။ ထိတ်လန့်ချင်လာသည်။ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိရုံနှင့် တစ်ယောက်စိတ် တစ်ယောက် သိနေသလို ရုတ်ခြည်း မျက်နှာလွှဲတက်လာကြ သည်။ စကားနည်း နှုတ်နည်းလာကြသည်။ မျက်လုံးချင်း ဆုံရမှာပင် တစ်ယောက် နှင့်တစ်ယောက် ဝန်လေးစ ပြုလာကြသည်။

မည်သို့ပင် တစ်ယောက်နှင့်တစ်ယောက် နှုတ်ဖြင့် ဖွင့်ဟမပြောကြခြင်းက တစ်ယောက်စိတ်တစ်ယောက် ပို၍ အထင်လွဲ အစွဲသန်လာကြသည်။ တစ် ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ပြုံးစုမြဲ၊ နေမြဲ၊ ငြိမ်သက်မြဲ ရှိနေကြ ခြင်းကပင် ဝေဒနာသည် စိုင်းဘောင်အတွက် ပို၍ ချောက်ချားစရာ၊ ထိတ်လန့် စရာ ဖြစ်လာသည်။

ငှက်ဖျားမိ၍ တစ်ကိုယ်လုံး ရောင်ကိုင်းနေသော စိုင်းဘောင်သည် စခန်းရှိ လူအားလုံးကို မကျေမနပ် ဖြစ်လာသည်။ စိတ်ပျက်လာမိသည်။ သံသယများစွာ ဝင်လာသည်။ ညကျလျှင် ကယောင်ကတမ်းတွေပြော၍ ဆဲဆို ရေရွတ်လာ သည်။ ဤသည်မှာလည်း ညစဉ်ညတိုင်း ဖြစ်လာသည်။

သူ၏ မကျေနပ်ချက်သည် အိပ်မက်မဟုတ်တော့။ သတိလစ်သောအခါ ပြောတတ်သော ကယောင်ကတမ်း စကားတွေ မဟုတ်တော့။ နိုးလာသော အခါ၊ သတိရလာသောအခါမှာလည်း ထိုသံသယ၊ ထိုအတွေး၊ ထိုစကားတွေနှင့် စိုင်းဘောင်က ဇော်ရိုး၊ ငမောင်တို့ကို ဆဲဆိုစပြုလာသည်။ မကြားတကြား၊ မသိမသာပြောခြင်း၊ ဆဲဆိုခြင်းမှ သိသိသာသာ မြည်တွန်တောက်တီး စကား တို့ကို ပြောလာသည်။ ပြောဆိုဆဲရေးလာသည်။

သူပြောဆို ဆဲရေးလာသည်ကို မသိယောင်၊ မကြားယောင်နှင့် မထုံတက် တေးလုပ်ပြီး စကားပြန်မပြောဘဲ ဥပေက္ခာပြုထားကြသောအခါ စိုင်းဘောင်၏ မကျေနပ်စိတ်မှာ ပို၍ ပေါက်ကွဲလာသည်။ ကစဉ့်ကလျား ပို၍ ဖြစ်လာသည်။ သူ့ကို ပစ်ထားကြပြီဟု အတပ်စွဲလာသည်။

သည်ကြားထဲ ရွှေပိုရမည် ထင်ရသော မြစ်ညာအထက် မြစ်ကွေ့တစ်ခုသို့

www.burmeseclassic.com



သူတို့သဘောနှင့် သူတို့ ကျင်ကွက် ထပ်ပြောင်းကြမည်ဟု လုပ်လာကြပြန်သော အခါ စိုင်းဘောင်မှာ ဇော်ရိုးနှင့် ငမောင်တို့ကို ပို၍ မကျေမနပ် ဖြစ်နေပြန်၏။

"တို့ ရွာပြန်တော့မယ် ဟုတ်လား"

မြစ်ညာအထက်စခန်းသို့ ပြောင်းရွှေ့ရန် အထုပ်အပိုး ပြင်နေကြသော ထောင်လ၊ ဇော်ရိုး၊ ငမောင်တို့ကို စူးစူးစိုက်စိုက်ကြည့်၍ စိုင်းဘောင်က မေး၏။

သူ့စိတ်ထဲမှာ သူနားပူလွန်း၍ သူတို့အားလုံး ရွာပြန်ရန် ပြင်ဆင်နေကြသည်ဟု ထင်သွားပုံရသည်။

သူ့ကို မည်သူကမျှ စကားပြန်မပြောဘဲ အထုပ်အပိုးတွေသာ ပြင်နေကြသော လူသုံးယောက်ကို စိုက်ကြည့်၍ စိုင်းဘောင်က တွေးနေ၏။

'ဒီကောင်တွေ ငါ့ကြောင့် ရွာစောစောပြန်ရတယ်ဆိုပြီး ငါ့ကို စိတ်နာနေကြလို့ စကားတောင် ကောင်းကောင်း မပြောချင်ကြတော့ဘူး။ ငါကလည်း လောဘသားပါ မောင်တို့ရာ၊ မင်းတို့ထက်တောင် ရွှေမက်ပါသေးတယ်ကွယ်ရို၊ ဒီနေရာကို ဒီလိုလာပြီး ဒီလိုစွန့်စွန့်စားစားလုပ်ရင် ရွှေရမယ်ဆိုတာလည်း ငါပဲ ဦးဆုံးပြောခဲ့၊ ဆော်ဩခဲ့၊ စည်းရုံးခဲ့တဲ့လူပါ။ ငါပဲ ခေါင်းဆောင်လုပ်ပြီး မင်းတို့ကို ခေါ်လာခဲ့တဲ့လူပါ။ ရွှေပဲ ငါလည်း သိပ်လိုချင်တာပေါ့။

ဒါပေမယ့် ခုတော့ ငါ့မှာ ရောဂါရနေလို့ပါ။ ငါ့ကို ခွင့်လွှတ်ကြပါ။ ရွာရောက်မှ မင်းတို့ကို ငါထိုင်ပြီး ကန်တော့ဆို ကန်တော့ပါ့မယ်။ ခုတော့ မင်းတို့ ငါ့ကို ခွင့်လွှတ်ကြပါ . . .'

သူ့ကို စကားဟဟပင် မပြောချင်ကြသော လူသုံးယောက်ကို ငေးကြည့်ကာ စိုင်းဘောင်မှာ စိတ်ထဲက တောင်းပန်နေသည်။

'လူလေးယောက် အတူလာကြ တဲ့အထဲ ရောဂါကလည်း ငါ့ကိုမှ ရွေးဖြစ်တယ်ဆိုတော့ ငစိုင်းကို မင်းတို့ မကျေမနပ်ဖြစ်မယ်ဆိုလည်း ဖြစ်စရာပါပဲလေ။ ဖြစ်ကြပါ ဖြစ်ကြပါ။ ခုနေတော့ မင်းတို့ ငါ့အပေါ် စိတ်ဆိုးတာ၊ မကျေနပ်ကြတာ အားလုံး ငါ ငါ ခံယူပါတယ်။ မင်းတို့ကို ငါစိတ်မဆိုးပါဘူး။ ရောဂါရတတ်တဲ့ ငါ့ကိုယ်ငါပဲ ကျိန်ဆဲမိပါတယ်။ ဒီလောက် ရာသီဥတုဒဏ်ကိုတောင် မခံနိုင်တဲ့ ငါ့ခန္ဓာကိုယ်ကိုပဲ ငါ ကျိန်ဆဲမိပါတယ်။ အသက်အကြီးဆုံး၊ အရိုးအရင့်ဆုံးဖြစ်လျက်နဲ့ ဓာတ်ခံမကောင်းတဲ့ နုနယ်လွန်းတဲ့ ငါ့ကိုယ်ခန္ဓာပဲ ငါ အပြစ်တင်မိပါတယ်။ မင်းတို့ကို ငါ စိတ်မဆိုးပါဘူး။ ခု မင်းတို့ ငါ့ကို ငဲ့ညှာတဲ့အနေနဲ့ ရွာပြန်ကြတော့မယ် လုပ်နေကြတာ မြင်တော့ ငါလည်း စိတ်မကောင်းပါဘူး။ မင်းတို့ကို ကျေးဇူးလည်း တင်ပါတယ်။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲလေ၊ ငါလည်း





ငါ့ရောဂါအခြေအနေ ငါသိလို့ပါ၊ ငါ့ကို ခွင့်လွှတ်ကြပါ၊ ညှာတာကြပါ . . .'

စိုင်းဘောင်မှာ သူ့စိတ်ထဲ ထင်ရာမြင်ရာတွေ တွေးတောကာ သူများနည်းတူ အထုပ်အပိုးပြင်ရန် ယိုင်တီယိုင်တိုင်နှင့် ဗုန်းဗုန်းလဲနေရာက ငုတ်‌‌နေ နဲ့ ထထိုင်၏။

ဇော်ရိုးနှင့်ငမောင်တို့က စိုင်းဘောင်ကို အထိတ်တလန့် လှမ်းကြည့်ကြသည်။

သူတို့အထင်မှာ မြစ်ညာကျင်ကွက်ကို ပြောင်းရွှေ့ကြရာတွင် စိုင်းဘောင်ကို တွဲခေါ်ယူကြရမည်ဟု ထင်ထားခဲ့ကြ၏။ ယခု သွက်သွက်လက်လက် ထလှုပ်ရှားလာသော စိုင်းဘောင်ကို မြင်ရသောအခါ အံ့လည်း အံ့ဩသွားကြသည်။

"ဒီကောင်က ငါတို့ ရွာပြန်ကြတော့မယ်ထင်ပြီး တက်ကြွ ကျန်းမာနေလိုက်တာ ကြည့်စမ်းကွာ။ လူကောင်းတွေထက်တောင် သွက်လက်နေသေးတယ်"

ဇော်ရိုးက ငမောင်ကို မဲ့ရွဲ့၍ ပြော၏။

"အလကားပါကွာ၊ ဒီကောင် ရွာပြန်ချင်တာနဲ့ တို့ကို ပိုပြီး နေမကောင်းယောင်ဆောင်ပြနေတာ၊ ဒီလောက် ဖြစ်နေတာ မဟုတ်ပါဘူး။ အလကားသူ သက်သက်သာသာ နေလို့ရအောင် အယောင်ဆောင်နေတာ"

ငမောင်ကလည်း ဇော်ရိုးကို တီးတိုး ပြန်ပြော၏။

ဤသည်ကို စိုင်းဘောင်က လုံးဝ မကြား။ သတိလည်း မထား။

သူ့အနေမှာ ရွာပြန်ကြတော့မည်အထင်နှင့် သူ့ပစ္စည်းပစ္စယတွေကို တက်တက်ကြွကြွ ထုပ်ပိုးပြင်ဆင်နေသော စိုင်းဘောင်ကိုကြည့်ပြီး ထောင်လကတော့ စိတ်မကောင်း။

သို့သော် ထောင်လ အနေမှာလည်း စိုင်းဘောင်ကို ဆေးသွေး၊ ဆေးတိုက်ပြုစုပေးရုံကလွဲပြီး ပြန်ရေး၊ ဆက်နေကြရေးကိစ္စတွင် ဘာမှ မတတ်နိုင်။

ယခု စိုင်းဘောင် ရောဂါရလာပြီးကတည်းက စခန်းတစ်ခုလုံးကို ဦးဆောင်နေသူမှာ ဇော်ရိုးပင် ဖြစ်သည်။ အားလုံး ဇော်ရိုး သဘောအတိုင်းပင် နေထိုင်၊ လုပ်ကိုင်ကြရသည်။ ဇော်ရိုးစကားကို ကတိအတိုင်း မည်သူမျှ မပယ်ရှားရ။ ဤသည်မှာလည်း တောထုံးစံ၊ တောင်ထုံးစံပင်။ လူကြီးတင်မြှောက်သူ၏ စကားဆိုလျှင် တောမှာတောင်မှာ ပယ်ကောင်းသည်ဟုလည်း အစဉ်အလာ မရှိ။

ထို့ကြောင့် ယခု မြစ်ညာသို့ ကျင်ကွက်အသစ်တစ်ခု ထပ်ပြောင်းကြရမည်မှာလည်း ဇော်ရိုး၏ လောဘဇောနှင့် အစီအမံသာ ဖြစ်လေသည်။

အားလုံး အထုပ်အပိုး ပြင်ဆင်ပြီးကြသည်နှင့် စိုင်းဘောင်က ဦးဆုံးသူသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။ ဤသည်ကို ဇော်ရိုးက တားသည်။

" ငစိုင်း၊ မင်း ဒီအတိုင်း လိုက်နိုင်ပါ့မလား။ ငါတို့ တွဲခေါ်မှာပေါ့ကွာ နေ . . နေ"

"ရပါတယ်ကွာ . . . ရပါတယ်။ ငါ မသွားနိုင်တဲ့အခါ ပြောပါ့မယ်"

စိုင်းဘောင်၏ စကားမဆုံးမီပင် ဇော်ရိုးနှင့်ငမောင်တို့က တစ်ယောက်မျက်နှာတစ်ယောက် အေးစက်စက် လှမ်းကြည့်လိုက်ကြသည်။ သူတို့အချင်းချင်းတော့ တစ်ဦး ဆိုလိုသည်ကို တစ်ဦးက သိနေသည်။

"ဟာ . . . မင်းတို့ဟာ ရွာပြန်ကြမှာ မဟုတ်ဘူးလား။ ဘယ့်နှယ် ဘယ့်နှယ် မြစ်ညာဘက်ပဲ တက်နေကြတာလဲ"

ခြေလှမ်းနှစ်ဆယ် မပြည့်မီပင် စိုင်းဘောင်က သူတို့နှစ်ယောက်ကို သံသယနှင့် လှမ်းမေး၏။

"ငစိုင်း၊ မင်းထင်သလို ငါတို့ ရွာပြန်ဖို့ မဟုတ် . . ."

"ဟော့ကောင်၊ မင်းကလည်းကွာ ကောင်းကောင်းပြောစမ်းပါ၊ ဂီလာနကို စိတ်ထိခိုက်အောင် မပြောပါနဲ့။

ဒီလိုကွ စိုင်းဘောင်၊ တို့ . . . တို့ ရွာပြန်မှာပါ။ ဒါပေမယ့် လမ်းမှာ ခုစစ်ဆင်ရေး ဝင်နေတယ်ကြားလို့ ဒီဘက် တောကြားလမ်းက လှည့်ပြန်ကြမှ ရမယ်။ အဲဒါကြောင့်ပါ"

ဇော်ရိုးက အမှန်အတိုင်း စိတ်တိုတိုနှင့် ပြောမည်လုပ်သည်ကို ငမောင်က ချက်ချင်း ဟန့်တားပစ်လိုက်သည်။ ပြီး စိုင်းဘောင် ယုံလောက်အောင် သူက လှည့်ပြော၏။ စိုင်းဘောင်ကမူ ယုံသလား၊ မယုံသလား မသိ။ သူတို့ကို တောင်းပန်စကားနှင့်·

"ငါ့ကို သူငယ်ချင်းတို့ စိတ်မဆိုးကြပါနဲ့ကွာ။ ခုနေခါ ငါက ရောဂါသည်ပါ၊ ဂီလာနပါ။ ရွှေပဲကွာ၊ ငါ ငါလည်း လိုချင်တာပေါ့၊ ဒီနေရာကိုလည်း ငါက ဦးဆောင်ခေါ်လာသူပါ။ မင်းတို့ကို ခုလို ရွှေရမယ့်နေရာကို ငါပဲ ဦးဆုံး အကြံပေး ပြောခဲ့တဲ့သူပါ။ ခု ငါ ရွာပြန်မယ် ပြောတာလည်း ရောဂါက တစ်နေ့ထက်တစ်နေ့ တကယ့်ကို မသက်သာလို့ပါ သူငယ်ချင်းတို့ရာ၊ ငါ့မှာ မင်းတို့အပြင် . . ."

"အေးပါကွာ၊ အေးပါ ၊ အေးပါ၊ ငါတို့အားလုံး မင်းကို သဘောပေါက်ပြီး သားပါ"

စောစောက သူ့စိတ်အတွေးနှင့် ပြောနေခဲ့သော စကားများကို ယခု ဖွင့်အန်လာသော စိုင်းဘောင်အား ဇော်ရိုးက 'မင်းတို ငါတို့အားလုံး သဘော





ပေါက်ပြီးသား' ဟု ရွဲ့ပြော၏။

ဇော်ရိုး ဆိုလိုသည်မှာ 'မင်း နည်းနည်း နေမကောင်းတာနဲ့ ရွာပြန်ချင်လို့ ဟန်ဆောင်အနာဖြစ်နေတာ ငါတို့အားလုံး သိပါပြီ' ဟူသော သဘောပင်။

သည်လိုနှင့် မကြာမီမှာပင် သူတို့ ကြိုတင် ရှာထားခဲ့ကြသည့် ကျင်ကွက် စခန်းသစ်တစ်ခုသို့ ရောက်လာကြလေသည်။

"ဒီနေ့တော့ ရှေ့ဆွတ်တိုးသွားလို့ မဖြစ်သေးဘူး ထင်တယ်ကွ၊ ဒီက ဒေသခံ တွေရဲ့ အခြေအနေကို ထောင်လကို မေးခိုင်းရဦးမယ်။ စိုင်းဘောင် မင်းက လျှောက်လာရတာ ပင်ပန်းနေပြီ၊ ဒီမှာပဲ လှဲနားနေကွာ"

သူတို့ ကြိုတင်ရှာဖွေ ပြုလုပ်ထားသော စခန်းသစ်ကို ရောက်သည်နှင့် ဇော်ရိုးက စိုင်းဘောင်ကို နားနေခိုင်းလိုက်သည်။ သို့သော် စိုင်းဘောင်က လှဲအိပ် မနားနိုင်သေး။ ကျန်လူများကို အကဲခတ်နေသည်။ သံသယသည် သူ့စိတ်ထဲသို့ စဝင်လာပြန်ပြီ။

စိုင်းဘောင်ကလွဲပြီး ကျန်လူသုံးယောက်စလုံးသည် စခန်းကို အခိုင်အမာ ကာကြရသည်။ ထင်းတုံးထင်းခြောက်တွေကို ကောက်သိမ်း စုစည်းကြသည်။ စခန်းရှေ့ လိုဏ်ဝတွင် မီးဖိုကြီးတစ်ဖိုကို ထုံးစံအတိုင်း စတင် ဖိုထားလိုက်ကြ သည်။ ချက်ရေးပြုတ်ရေး တာဝန်ယူရသူ ထောင်လက စားရေး၊ သောက်ရေး အတွက် စတင် စီစဉ်သည်။ ဇော်ရိုးနှင့် ငမောင်တို့က မနက်ဖြန် ရွှေကျင်ကြရ မည့်နေရာကိုကြည့်ရန် မျက်ရိပ်မျက်ခြည်ပြပြီး ထွက်သွားကြသည်။

"မင်းတို့ ဒီနေရာမှာ ရွှေကျင်ကြဦးမလို့လား ထောင်လ"

"ဟုတ်မယ်ထင်တယ်"

ထောင်လက စိုင်းဘောင်၏ အမေးကို မယုတ်မလွန် ဖြေသည်။

"ဟေး . . . တကယ်လားကွ ငါ့ညီလေး"

စိုင်းဘောင်မှာ အရူးတစ်ယောက်လို ချက်ချင်း ထောင်လအနား ရောက် လာ၏။

ရုတ်တရက်မူ သူ၏ အပြုအမူကို ထောင်လ လန့်ပင် လန့်သွားသည်။

"မင်း တ . . . တကယ် ပြောတာလားဟင် ထောင်လ"

"ငါလည်း အတိအကျ ဘယ်သိမလဲ၊ သူ့တို့ပြန်လာတော့ မေးကြည့်ပေါ့ ငါ့အထင်ပြောတာပ"

စိုင်းဘောင်၏ ရှည်လျားသော သက်မချလိုက်သံကို ထောင်လ အတိုင်းသား ကြားလိုက်ရသည်။ ထောင်လမှာ ရုတ်တရက် ကြက်သီးပင် ထသွားသလို။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းဘောင်သည် ထောင်လကို နောက်ထပ် လုံးဝ စကား မမေးတော့ဘဲ လိုက် စခန်းဝ ထွက်သွားသည်။ မြစ်ဘက်ရေစီးကိုကြည့်ပြီး တစ်ညနေလုံး ငေးငိုင်နေ၏။

"မင်းတို့ ဒီနေရာမှာ ရွှေကျင်ကြဦးမှာပေါ့"

စိုင်းဘောင်အသံကို ကြားလိုက်ရသဖြင့် ထောင်လ ထမင်းချက်နေရာက လှမ်းကြည့်လိုက်၏။

ဇော်ရိုးနှင့်ငမောင်သည် စခန်းသို့ ပြန်ရောက်လာကြပြီး နှစ်ယောက်စလုံး လက်နှစ်ဖက် ခါးထောက်ကာ စိုင်းဘောင်ကို စိန်းစိန်းဝါးဝါး ကြည့်နေကြသည်။

"ဟုတ်တယ်ကွ၊ အခြေအနေအရ ဒီနေရာမှာ တို့ ရွှေကျင်သင့် ကျင်ကြရလိမ့်မယ်၊ သွားရင်းလာရင်း သဘောပေါ့ကွာ"

"ဘာကွ၊ ဒီနေရာ မင်းတို့ ရွှေကျင်နေကြဦးမယ် ဟုတ်လား၊ မင်းတို့က ငါ့ပြောတော့ ရွာပြန်ကြတာဆို၊ စစ်ဆင်ရေးရှိနေလို့ ဒီက လှည့်ပြန်ကြတာဆို မင်းတို့ ဘာအကြံအစည်နဲ့ ငါ့ကို ညာနေကြတာလဲ"

"ဟာ. - ခက်ပါလားကွ စိုင်းဘောင်၊ လူကြီးလုပ်လာပြီး မင်းက ကာလဒေသ ဘာမှ နားမလည်ဘူး။ ခု ငါတို့ ရွာပြန်လမ်းအခြေအနေ သွားလေ့လာကြတာပါကွ၊ ပြန်လမ်းတစ်လျှောက်လုံး ကင်းလှည့်တဲ့စစ်သားတွေ၊ စစ်ဆင်ရေးတွေနဲ့ ပိတ်နေလို့ ဒီက စစ်ကြောင်း ပြန်ဆင်းအောင်စောင့်ရင်း ရွှေကျင်ကြမယ်လို့ ပြောနေတာကွ။ ဒါပဲ မင်းက ငါတို့ကို စားတော့ဝါးတော့မတတ်ပါလား၊ အခြေအနေမပေးသေးရင် ဒီမှာ နားရင်း ရွှေကျင်လို့ ရရင် မင်းလည်း ဝေစုတစ်စု ရမှာ မဟုတ်လား၊ မင်းက ဒါပဲ . . ."

ဇော်ရိုးကို ဟိန်းဟောက်ပြောနေသော စိုင်းဘောင်အား ငမောင်က ပြန်ဟောက်၍ စကားမဆုံးမီပင် ဇော်ရိုးက-

"ဒီကောင့်စကား အဖက်လုပ်ပြီး ပြောမနေနဲ့တော့ကွာ၊ တို့လုပ်သင့်တာတော့ လုပ်ရမှာပဲ" ဟု ဇော်ရိုးက စိုင်းဘောင်ကို မကြည့်ချင်သလို ပုံစံမျိုးဖြင့် ထပ်ပြောလိုက်ပြန်သည်။

ထိုအခါမှ စိုင်းဘောင် ငြိမ်ကျသွားသည်။ သူတို့နှစ်ယောက်ကို စိုင်းဘောင်က ဘာမှ မပြောတော့။ သူ့အိပ်ရာသို့သာ ထသွားသည်။ အိပ်ရာပေါ်ကို စိတ်ပျက်လက်ပျက်ပုံစံနှင့် ပစ်လှဲချလိုက်သည်။

ညနေစာ ထမင်းစားခေါ်သောအခါ-

"ငါမဆာသေးဘူး၊ စားချင်စိတ်လည်း မရှိတော့ပါဘူးကွာ။ မင်းတို့ ပြော





သလိုဆို ဒီနေရာမှာ ငါ ဘယ်လောက်တောင် နေနေရဦးမယ် မသိဘူး" ဟု ငိုသံပါကြီးနှင့် ပြောကာ တစ်နေ့လုံး အိပ်ရာထဲ လှဲအိပ်နေသည်။

နေခြည် ရုပ်သွားသည်နှင့် အအေးဓာတ်က ချက်ချင်း ဝင်ရောက်လာသည်။ စိုင်းဘောင် အိပ်ရာထဲက ထ၏။ အိပ်ရာပါ ဆွဲယူလာပြီး မီးဖိုဘေးနားတွင် လှဲအိပ်သည်။ ထမင်းဆာသည်ဟုတော့ လုံးဝ မပြော။ ညရောက်သည်နှင့် ငှက်ဖျားတက်တော့၏။

ကယောင်ကတမ်းတွေ ပိုပြောလာသည်။ ဇော်ရိုးနှင့်ငမောင်တို့ကို မကြားတကြား ဆဲဆိုနေသည်။ မကြားတကြား ပြောပြီး ဗလုံးဗထွေး တောင်းပန်စကားလည်း ဆိုသည်။ သူ့စိတ်ထဲ ခံစားနေရသလို သူ့ကို မြန်မြန် အိမ်ပြန်ပို့ကြရန် အငိုတစ်ဝက်နှင့် ပြောနေသည်။

"ဒီကောင်တော့ ရူးနေပြီကွ" ဟူသော သဘောနှင့် ဇော်ရိုးရော ငမောင်ပါ သူ့စကားတို တစ်ခွန်းမျှ ပြန်မပြောကြဘဲ အိပ်နေကြသည်။

ထိုအခါ ငှက်ဖျားဒဏ်ကို အလူးအလဲ ခံစားနေရသော စိုင်းဘောင်က ထောင်လဘက် လှည့်ပြောနေပြန်သည်။

"ချမ်းလိုက်တာ ညီလေးထောင်လရာ၊ ငါကွာ မီးကျီးခဲတွေကိုတောင် မျိုချထားချင်တယ်၊ ကင်ပွန်းချဉ်ရွက် ကျိုပေးထားတဲ့ ငါ့ညီကို ကျေးဇူးကမ္ဘာပါကွာ"

ထောင်လ ကျိုပေးထားသော ကင်ပွန်းချဉ်ရွက်ရည်ပူပူကို တစ်ခွက်ပြီးတစ်ခွက် ထသောက်နေပြန်သည်။ ထောင်လအား ကျေးဇူးတင်စကား ထပ်ပြောကာ သူ့မိန်းမနှင့် ကလေးတွေအကြောင်း၊ စီကာပတ်ကုံး ပြောနေပြန်သည်။

စိုင်းဘောင် တစ်ညဉ့်လုံး ရောက်တတ်ရာရာ တစ်ယောက်တည်းလျှောက်ပြောနေသောစကားကို မည်သူမျှ နားမထောင်ကြ။ စိုင်းဘောင်၏ ဝေဒနာ ညည်းညူနေသံကိုလည်း မကြားနိုင်ကြ။ ဇော်ရိုးနှင့် ငမောင်တို့၏ ဟောက်သံနှင့်အတူ စိုင်းဘောင်ကလည်း ပြောမြဲပြောနေသည်။

စိုင်းဘောင်၏ တဖျစ်တောက်တောက် မြည်ညည်းပြောနေသံကို ကြား၍ မသိမသာ မျက်စိဖွင့်ကြည့်ကြလျှင် ထောင်လ၏ ခွေးလေးကို ပွတ်သပ် ယုယ၍ ခွေးလေးနှင့် စကားပြောနေပြန်သည်။ ထင်းစတွေ့ကို မီးဖိုထဲ ထပ်ထည့်လိုက်၊ ပြန်နုတ်လိုက် လုပ်နေတာကိုလည်း မြင်နေရသည်။ အသံတိတ်သွား၍ ထောင်လ လန့်ပြီး လှမ်းကြည့်လိုက်သောအခါ စိုင်းဘောင်မှာ ငုတ်တုတ် ထိုင်၍ ငိုက်မျဉ်းနေ၏။ ဤသည်မှာလည်း တစ်ညလုံး၊ ငှက်ဖျားမကျမချင်းပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

စိုင်းဘောင်အား ရွာပြန်ရအောင်ဟု လိမ်ခေါ်လာသော မြစ်ညာကွေ့ ကျင်ကွက်သစ်တွင် ဇော်ရိုးနှင့် ငမောင်တို့ ထင်ထားခဲ့ကြသည်ထက်ပင် ရွှေမှုန် ရွှေပွင့်တို့က အရများသည်။ မြစ်ရေစီးကြောင်းမှာလည်း တံတောင်ဆစ်ကွေ့ ဖြစ်သဖြင့် ကျင်ရေ ဆေးရသည်မှာလည်း ပို၍ အဆင်ပြေနေကြသည်။

ကျင်ကွက်သစ်တွင် ရွှေမှုန်ရွှေပွင့်ကွေ့ကို မြင်ရလေ ဇော်ရိုးနှင့် ငမောင်တို့မှာ ရေထဲက မတက်လေ ဖြစ်နေကြသည်။ မနက်သွား ညပြန်နှင့်သာ ရွှေကျင်သောလုပ်ငန်းကို သဲကြီးမဲကြီး လုပ်နေကြသည်။ စိုင်းဘောင်ကိုလည်း ထုံးစံအတိုင်း ဂရုမစိုက်အားကြ။ သူတို့နှစ်ယောက်မှာ ရွှေလောဘသာ တက်နေကြသည်။

ဤသည်ကိုသိသော စိုင်းဘောင်ကလည်း သူတို့နှစ်ယောက်ကို ပို၍ပို၍ မကျေမနပ် ဖြစ်လာ၏။ ရောဂါကလည်း မသက်သာ။ ရွာပြန်ကြရန် ပြောတော့လည်း စစ်ဆင်ရေးကို အကြောင်းပြကာ ဟိုနေ့ရွှေ့ ဒီနေ့ရွှေ့နှင့် ကျင်ကွက်သစ်တွင် တစ်ပတ်ပင် ကြာလာပြီ။ ရွာကို မပြန်ဖြစ်ကြသေး။

ဤကျင်ကွက်သစ်မှာ ပီယတို့အိမ်ရှိရာ တောင်ခြေအောက် မြစ်ကွေ့ချိုင့်ဝှမ်း ဖြစ်သဖြင့် ထောင်လကလည်း ဤကျင်ကွက်သစ်ကို ပို၍ သဘောကျနေသည်။

ညဦးနက်သန်းခေါင် လူခြေတိတ်ချိန်တွင် ပီယတို့အိမ်က ကြက်တွန်သံ၊ ခွေးဟောင်သံ၊ နွားနောက်တွေ ချောင်းဟန့်သံ၊ ဝမ်းခေါင်းသံများကိုပင် ကြားနေရသည်။ အရေးအကြောင်းရှိလျှင် သူတို့ကျင်ကွက်သစ်က ပီယတို့အိမ်ကို လှမ်းခေါ်လျှင်ပင် ကြားနိုင်၏။ ထို့ကြောင့်လည်း ထောင်လက ဤစခန်းသစ်ကို ပို၍ သဘောကျနေခြင်း ဖြစ်သည်။

ယခင် ပီယနှင့် တစ်နာရီ စကားထိုင်ပြောနိုင်သော ထောင်လမှာ ယခုအခါ စကားပြောဖို့ အချိန်ပို နာရီပိုရလာသည်။ ပီယ နွားကျောင်းအပြန်နှင့် သူ ဟင်းရွက်ခူး ဟင်းရှာအပြန်မှာလည်း အတူတူ ပြန်လာနိုင်ကြသည်။ အိမ်နား





ရောက်မှ သူအဖေ၊ သူ့အစ်ကိုတို့ မရိပ်မိအောင် လမ်းခွဲပြန်လာလို့ရသည်။

ဤသည်တို့ကိုတွေး၍ အပျော်ကြီးပျော်ကာ ပီယနှင့် မတွေ့ရသော သုံးလေးရက်ကာလကို ထောင်လက သုံးလေးကမ္ဘာ ထင်နေမိသည်။

သူတို့စခန်းမှာ ပီယတို့အိမ်နှင့် ပိုနီးလာသည့်အကြောင်း ပီယအား ပြောပြချင်လိုက်သည်မှာလည်း လျှာယားနေသည်။ ထို့ကြောင့်လည်း ငါးရက်မြောက်သောနေ့တွင် ပီယနှင့်တွေ့ရန် သူနှင့်ပီယတို့ တွေ့နေကျ ရေတံခွန်နားကို ထွက်လာမိသည်။

ဤရက်လောက်ဆိုလျှင် ဘယ်ရွာဘယ်ဒေသကိုသွားသွား ပီယ ပြန်ရောက်နိုင်ပြီဟုလည်း ထောင်လက တွက်ချက်လာသည်။ ပီယနှင့် မတွေ့ရဘဲ ကွဲကွာနေရသော လေးရက်ကာလကိုတွေးပြီး ရင်ထဲမှာ ဟာင်းလင်း ဖြစ်နေသည်။

ထောင်လသည် ရေတံခွန်နား၌ ပီယ၏နွားနောက်များကို အလျင်ရှာကြည့်သည်။ ပီယ၏ နွားနောက်သုံးလေးကောင်ကို ဖုန်းဆိုးဟောင်းထဲ အစာစား၍ တွေ့ရ၏။

ထောင်လရင်ထဲ တဒိတ်ဒိတ် အခုန်မြန်လာသည်။

ပီယ၏ အစ်ကိုနှင့် ပက်ပင်း သွားတွေ့ဖူးကတည်းကပင် ပီယ၏နွားနောက်တွေကို မြင်သော်လည်း ပီယကို ဘော်မခေါ်ဝံ့တော့။ အကယ်၍ ပီယ တစ်ရွာတစ်ကျေး သွားနေ၍ သူ့အစ်ကိုနှင့် ဤတစ်ခါ ထပ်မတွေ့ကြလျှင် သူက ဘာပြောရမှန်း မသိ။ ဘာမှလဲ ဖြေရှင်းတတ်တော့မည် မဟုတ်။ ဘာပြောရ၊ ဘာလိမ်ရမှန်း မသိဖြစ်ကာ ပီယနှင့် သူ့အကြောင်း ဘူးပေါ်သလို ပေါ်လာမှာ ထောင်လ တွေးလန့်နေသည်။

ထို့ကြောင့်ပင် ပီယ၏နွားနောက်တွေကို မြင်နေတွေ့နေရသော်လည်း ထောင်လမှာ ဝမ်းမသာနိုင်သေး။ ရင်ခုန်ရင်းက နွားနောက်တွေ ရှိနေရာတစ်ပိုက်ကိုသာ နိုးကြောင်နိုးဝှက်နှင့် ကိုးကန်းတောင်းမျှော်ကြည့်ကာ ပီယကို ရှာနေရ၏။

နွားနောက်နား ဝန်းကျင်မှာတော့ ပီယ သို့မဟုတ် သူ့အစ်ကို မုချ ရှိရမည်ဟု ထောင်လ အတပ်တွေးထားသည်။ ထိုအတွေးကြောင့်လည်း သူက မဝံ့မရဲ ဖြစ်နေ၏။

"ရှ . . . ရှဲရှဲ"

"အမေ့ . . . လေး . . . လေး"

ကုပ်ချောင်းကုပ်ချောင်းနှင့် ချုံကွယ်၊ တောတိုးလုပ်နေသော ထောင်လကို ပီယက ဦးဆုံးမြင်သွား၍ တိရစ္ဆာန်တစ်ကောင်၏အသံတုနှင့် ခြောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ချုပ်ထဲက 'ရှူး . . . ရဲ . . .' လုပ်၍ ပီယ လှန့်လိုက်သည်ကို ထောင်လကလည်း တကယ်ပင် လန့်ဖျပ်သွားပြီး "အမေလေး" တမိလိုက်သည်။

သူ လှန့်လိုက်၍ အထိတ်တလန့် ဖြစ်သွားသောထောင်လကို ကြည့်ကာ ပီယက တခစ်ခစ် ရယ်နေသည်။

"လန့်လိုက်တာ၊ ငါ လိပ်ပြာတောင် စဉ်သွားတယ်"

"ဟား . . . ဟား . . . ဘယ်နား စဉ်သွားလဲ လိုက်ကောက်ပေးမယ်လေ ပြစမ်း၊ ပြစမ်း၊ ကျွတ် . . . ကျွတ်"

"အိုး. . ."

ထောင်လက စိတ်ပေါက်ပေါက်နှင့် ပီယ၏နားတစ်ဖက်ကို လှမ်းလိမ် ဆွဲထားသည်။

"ပီယ မကောင်းဘူး၊ သူ့ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ လိုက်ရှာနေတာ မြင်သားနဲ့ မခေါ်ဘူး။ တမင် ပုန်းပြီး ခြောက်တာဟုတ်လား။ ပြောစမ်း၊ ပြောစမ်း"

ထောင်လက ပီယ၏ အနားတွင် ထိုင်ချလိုက်ပြီး ပြော၏။

"နင်ကကော ငါ့ကို ခါတိုင်းလို ဘာလို့ အော်မခေါ်လဲ"

ပီယကလည်း နှုတ်ခမ်းစူ မျက်စောင်းချိတ်၍ ထောင်လကို ပြန်ပြော၏၊

"ခေါ်ရဲမလားဟ၊ တစ်နေ့က နင့်အစ်ကိုနဲ့တွေ့လို့ ငါ ဘယ်လို ပြောရမှန်းတောင် မသိ ဖြစ်သွားတယ်"

သူ့အစ်ကို ပြောပြ၍ အကြောင်းစုံသိနေပြီ ဖြစ်သော ပီယက ထောင်လ စကားကို သဘောကျ၍ တခစ်ခစ်ရယ်နေပြန်သည်။

"နင့်ညီမချောက ဖန်လက်ကောက်တွေမှာတယ်ဆို။ ငါ့ကို ကဦးက ပြောပါတယ်။ နင်ကလေ တကယ် ကြဲကြဲဖန်ဖန် ပြောလည်း ပြောတတ်တယ်"

"ဘယ့်နှယ်လုပ်မလဲဟ၊ နင့်အစ်ကို ယုံအောင် လိမ်ပြောရတာပ။ ငါက နင့်အစ်ကို ငါ့ကိုသတ်ပြီ မှတ်တာ။ တော်သေးတာပေါ့ ယောက်ဖက သဘောကောင်းလို့"

ပီယက အရယ်မပျက်။ ထောင်လ၏ပေါင်ကို လိမ်ဆိတ်၏။

"နင့်ကို ကဦးက မေးသေးလား"

"ဘာကို မေးမှာလဲ"

"နင် . . . နင်နဲ့ ငါနဲ့ ဟို . . . ဟို"

"ရှက်စရာကြီး၊ အစ်ကိုက နှမကို မေးမလားဟ၊ ဒီကောင်လေး ရူးနေလား"

ပီယမျက်နှာက ချက်ချင်း ရဲတွတ်သွား၏။





"ရည်းစားထားတာ ရှက်စရာလားဟ။ တို့ ချင်းတွင်းသမတွေဆို ဂုဏ်တောင် . . ."

"အစ်ကို သိမှာတော့ ရှက်တာပေါ့ဟ"

"ဒါဆိုလည်း နင် ငါ့ကို ရည်းစား မထားနဲ့တော့၊ တစ်ခါတည်း ဒီနေ့ ယောက်ျားသာ ယူလိုက်တော့ ပြီးရော"

ပီယက ထောင်လ၏ကျောကုန်းကို တအုန်းအုန်း ထုရိုက်ပစ်လိုက်သည်။

"နင်တို့ ချင်းတွင်းသမတွေသာ ယူလိုက်၊ ငါတို့မှာ ထုံးစံမရှိဘူး" ဟု ဆိုပြန်သည်။

"နင့်အစ်ကိုနဲ့ ငါနဲ့ တွေ့လာတယ် ဆိုတော့ နင်က စိုးရိမ်နေမှာပဲနော်"

"မစိုးရိမ်ပါဘူး၊ နင်က ဘယ်သူနဲ့ တွေ့တွေ့ အားကြီး လိမ်တတ်၊ ညာတတ်နေတာပဲဟာ၊ အဲဒါ ကဦးပါ နင့်အလိမ်မိသွားတာသာ ကြည့်တော့"

"ဟား . . . ဟား . . . တို့ရွာက မြို့ကျောင်းသွားနေတဲ့ ဆမားကြီးသား တစ်ယောက်က ပြောတယ်"

"ဘာပြောလဲ"

"လိမ်ပြောတတ်တာဟာ ကလေးတွေအတွက် အပြစ်ဖြစ်တယ်တဲ့။ လူကြီးတွေအတွက်တော့ ဆက်ဆံရေးကောင်းတယ်တဲ့။ ချစ်သူအတွက်ကတော့ ကဗျာဆိုလား အလင်္ကာဆိုလား သူလို ငါမပြောတတ်ပါဘူးဟာ"

"အဲဒါကြောင့် နင်က ငါ့ကဦးကို လိမ်ပြောလိုက်တာပေါ့။ နင်သိပ်တော်သကော"

ပီယ၏စကားကို ထောင်လ အတိုင်းမသိ ဝမ်းသာသွားသည်။ သူ့ချစ်သူသည် သူ့အပေါ် မည်မျှ အထင်ကြီးနေသည် မသိ။ သူ့ကဦးနှင့်တွေ့၍ ကတောက်ကဆတ် မဖြစ်ကြသည်ကို ယခု ဖွင့်ဟလာသည်။

"နင်နဲ့ ငါ ဒီကနေ့ အကြာကြီးရေကူးနိုင်ပြီ၊ စကားအကြာကြီး ပြောနိုင်ပြီ။ နောက်လည်း နင်နဲ့ငါ ဒီမှာ အကြာကြီး နေနိုင်ပြီ။ နင် အိမ်ပြန်ရင်လည်း ငါနဲ့အတူ ပြန်လို့ရပြီ"

ရုတ်တရက်မူ ထောင်လ၏စကားကို ပီယက အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ"

"ခု ငါတို့ စခန်းသစ် ပြောင်းလာကြတယ်။ နင်တို့အိမ်အောက်က တောင်ခြေရင်းမြစ်ကွေ့မှာ ငါတို့ ကျင်ကွက်သစ်ပ"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆိုမှ တို့ပြောင်းလာကြတာ နှစ်ရက်သုံးရက်တောင် ရှိပြီ။ နင့်အဒေါ်ဆုံးလို့ နင့်အဖနဲ့ နင်လိုက်သွားပါရောလား"

"အေး"

"အဲဒီနေ့ တစ်ရက်ကပင်"

"ဘယ် အဲဒီနေ့တစ်ရက်ကလည်း နင့်စကား ငါ နားမပေါက်ဘူး"

ထောင်လ၏ အခေါ်အဝေါ်တွေကို ပီယက တစ်ခါတစ်ခါ နားမရှင်းတတ်။ ထို့ကြောင့် အဲဒီနေ့ တစ်ရက်က ဆိုသည်ကို သူ နားမလည်၍ မေး၏။

"ယောက်ဖကြီးနဲ့ တွေ့ကြပြီး နောက်တစ်ရက်မှာလို့ ပြောတာဟ၊ ရှင်းပလား"

ယခုမှ ပီယက ခေါင်းညိတ်ပြသည်။

"ဒါဆို နင်ကို့စခန်းနဲ့ တို့အိမ်နဲ့ နီးနီးလေးပေါ့နော်"

"အေးပ၊ ညညဆိုရင်လေ"

"ဘာဖြစ်လဲ ညညဆိုရင်"

"ငါပြောတာ နင် နားပေါက်အောင် နားထောင်စမ်းပါ"

"နင်လည်း ကောင်းကောင်းပြောပေါ့"

"ငါပြောတာက ကောင်းကောင်း၊ ညညဆိုရင် ငါ သေသေချာချာ နားထောင်ကြည့်တယ်။ နင်တို့အိမ်က ကြွက်တွန်သံ၊ ခွေးဟောင်သံ၊ နွားနောက်ကြီးတွေ ချောင်းဟန့်သံ အကုန်ကြားရတယ်"

"ဟုတ်လား"

"ငါက နင့်အသံကြားချင်လို့ တစ်ညလုံး စောင့်နားထောင်နေတယ်"

"ငါ့အသံကို နင်ကြားလား"

"ကြားသားပဲ"

"တကယ်"

"တကယ်ပေါ့၊ အသံတင်ဘယ်ကမလဲ နင့်ရုပ်ပါ ငါ တစ်ညလုံး မြင်နေရတယ်"

"ဘုရားရေ . . . တကယ်၊ တကယ်"

"ဟ တကယ်တော့ ဘယ်မြင်မလဲ၊ အိပ်မက်ထဲမှာ ပြောတာပ"

တကယ်ထင်၍ နားစိုက်ထောင်နေသော မိဆိုမလေးက ထောင်လ၏ ကျောကုန်းကို တအား လှမ်းထုသည်။ ထောင်လက ပီယ၏ ကိုယ်လုံးနွေးထွေးထွေးကို တအားကြီး ဖက်ထားလိုက်၏။





"ညကျရင် ကြား မကြား ငါအော်ခေါ်ကြည့်ရမလား"

"မခေါ်နဲ့၊ မခေါ်နဲ့"

"ခေါ်မှာပဲ၊ ခေါ်မှာပဲ"

"ကပါးတို့ ကဦးတို့ကြားရင် ငါ့ကို ဆိုလိမ့်မယ်"

"ဆို . . . ဆိုပေါ့ဟာ။ နင့်အဖ နင့်အစ်ကိုတို့ကို နင်နဲ့ငါ ချစ်နေပြီလို့ ပြောလိုက်ပေါ့"

"ငါ မပြောရဲဘူး"

"ဒါဆို နင် ငါ့ကိုခုကော တကယ်ချစ်ရဲ့လား"

"ချစ်လို့ပဲ . . ."

ပီယက ထောင်လ၏လည်ပင်းကို နွဲ့နွဲ့လေး မှီ၍ တိုးတိုးပြော၏။

"နင့်ကိုလည်း ငါ တကယ် ချစ်ပါတယ်။ ယုံတယ်နော်"

"ယုံပါတယ်"

"ခု ချင်းတွင်းသားတွေ မကြာမီ ပြန်ကြတော့မယ်။ သူတို့ ပြန်ကြတော့ ငါလည်း ရွာပြန်လိုက်သွားပြီး . . ."

"ဟင် . . . နင်တို့ ပြန်ကြတော့မယ်"

'ပြန်' ဆိုသော စကားကြောင့် ပီယက အထိတ်တလန့် ဖြစ်သွား၏။

သူ့ရင်ခွင်ထဲမှ ကိုယ်ကိုမတ်၍ အထိတ်တလန့်ဖြစ်သွားသော ပီယကို ထောင်လက ပြန်ဆွဲဖက်ထားလိုက်သည်။

"ငါပြောတာ နင် ဆုံးအောင် နားထောင်စမ်းပါဦး။ ချင်းတွင်းသားတွေ ပြန်ရင် ငါလည်း ပြန်လိုက်သွားရမယ်။ ပြီးတော့ ငါပြန်လာမယ်။ ငါပြန်လာတဲ့အခါ နင့်အဖကိုပေးဖို့ မောင်းတွေ၊ မားတွေ၊ လုံရှည်တွေ၊ ကြေးဖလားတွေ ယူလာမယ်။ ငါ့အဖနဲ့ ဆွေမျိုးတွေလည်း ခေါ်လာမယ်။ နင့်အဖဆီမှာ ငါ့အဖက ပြောလိမ့်မယ်။ နင့်အဖကလည်း ငါ့အဖကို ပြောလိမ့်မယ်၊ ပြီးရောပေါ့"

"ဟုတ်ကယ်နော် ထောင်လ"

"တကယ်ပါဆို"

"ဝမ်းသာလိုက်တာ ထောင်လရယ်၊ နင် ဟိုတုန်းကပြောတော့ ငါ့အဖဆီမှာ ငါ့ကို အကြွေးပဲ တောင်းထားမယ်ဆို"

"နင့်ကို ငါ သိပ်ချစ်တော့ အကြွေးမတောင်းရက်လို့ပ"

နှစ်ယောက်သားမှာ ကြည်နူးဝမ်းသာစိတ်နှင့် ပိုပြီး တင်းတင်းကျပ်ကျပ် ဖက်ထားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်လည်း ထောင်လ ထိုသို့ ရည်ရွယ်ထားသည်။

စိုင်းဘောင်တို့အဖွဲ့ မကြာမီ ပြန်ကြတော့မည်။ သူတို့ပြန်လျှင် သူပါ လိုက်သွားရဦးမည်။ ရွာကိုရောက်လျှင် သူ့အဖကို ပြောမည်။ သူ့အဖလည်း သူ့အမိမျိုးကို ရမည်ဆိုလျှင် ဝမ်းသာမည်။ လူကြီးတွေကိုပါ ခေါ်လာပြီး တောင်း ခိုင်းလိမ့်မည်။ အမိမျိုးကသမက်ကို ပီယအဖကလည်း ငြင်းမည် မဟုတ်။

ထောင်လ၏ ရည်ရွယ်ချက်နှင့်စကားကို ပီယကလည်း သဘောကျသည်။ ယခင်က ထောင်လ ပြောဖူးသည်မှာ သူ့ကို အကြွေးတောင်းထားမည်ဟု ဆို သည်။ အကြွေးလာတောင်းသည်ကို ပီယအဖကလည်း သဘောကျမည် မဟုတ်။ အထူးသဖြင့် အမိမျိုးပင်ဖြစ်လင့်ကစား ထောင်လမှာ ချင်းတွင်းသား ဖြစ်နေ သဖြင့် ပို၍ အယုံအကြည် ကင်းမဲ့လေမည်။

ချင်းတွင်းသားတွေကို ပီယအဖက လုံးလုံး စိတ်မချ။ ယခင်က သူ့သစ်မွှေး တွေကို ချင်းတွင်းသားတွေအား အကြွေးရောင်းဖူးသည်။ လိမ်ညာသွားကြသည် ဟု ပြောဖူး၏။ ဤသံသယကြောင့် ထောင်လအပေါ် သူ့အဖ မယုံမကြည်ဖြစ် မည်ကို တွေးပူနေမိသည်။ ဤနေ့တော့ တောင်လစကားကြောင့် ပီယပျော်နိုင်ပြီ။

မတွေ့ကြတာ သုံးလေးရက် ကြာသွားသော ချစ်သူနှစ်ယောက်မှာ ရေတံခွန် သွား၍ ရေ အတူကူးကြ၊ ရေကူးပြိုင်ကြ၊ ပြေးတမ်းလိုက်တမ်း ဆော့ကြနှင့် နေညိုပြီး ပြန်ကြသောအခါလည်း အတူတူပင် ပြန်လာကြသည်။

ပီယတို့အိမ်နား ဖုန်းဆိုးယာဟောင်းထဲရောက်မှ လမ်းခွဲလိုက်ကြသည်။

* * *



တစ်ဖက်တောင်းထောင်စင်၊ တစ်ဖက်နိမ့် တစ်ဖက်မြင့်စင်တို့ကို (၄၅) ဒီဂရီခန့် နိမ့်လျှောလုပ်ထားသည်။ ထိုအပေါ်သို့ ဇော်ရိုးက အတွင်းသားအူခွံ ခွာသင်ယားသော ငှက်ပျောပပ်ကို လှမ်းတင် ခင်းကြက်ထားသည်။ ရွှေကျင်ရန် ပြုလုပ်ထားသော ယာယီရွှေကျင်စင် ဖြစ်သည်။

မျှောစင်၏အနေအထားကို သိပြီးသားဖြစ်သော ငမောင်ကလည်း ဇော်ရိုး နည်းတူ အူသင်ငှက်ပျောပပ်များကို တစ်ခုပြီးတစ်ခု လှမ်းတင်၍ မျှောစင်ကြက် နေကြသည်။ ငှက်ပျောပပ်၏ အတွင်းအူကို သင်ခွာထားသော ငှက်ပျောပပ် မျက်နှာပြင်တွင် ချိုင့်ခွက်ကလေးတွေက ပြွတ်ပြွတ်သိနေကြသည်။ ထိုအခွက်၊ အကျင်း၊ အဘွင်း၊ ချိုင့်ကလေးများသည် ရွှေမှုန်ရွှေပွင့်များ၏ နားခို တင်ကျန် နေမည့်နေရာများ ဖြစ်ပေသည်။

နံနက်စောစော ဖြစ်သဖြင့် နေရောင်ခြည်ကို မမြင်ရသေး။ နွေနှောင်း ကာလပင် ဖြစ်သော်လည်း ဝါးခရ မြစ်ဝှမ်းဒေသကား အေးတုန်းချမ်းတုန်းပင် ရှိနေ၏။ ဝေသီမြင့်ခေါင်သော တောင်တကာတိုင်း၏ အထွတ်အထိပ်များသည် မြူကြား၊ တိမ်ကြားထဲ တိုးဝင်နေကြသည်။ ဂိမှာန်၏ မှုန်မှိုင်းပါးလျား ဆေး သားများကို တောတိုင်း တောင်တိုင်းမှာ မြင်နေရသည်။

ဇော်ရိုးသည် မြစ်ရေထဲက သလဲ နုံးညွန် တစ်ဆန်ကောကို ခပ်ခွက်နှင့် ကျုံးခပ် သည်။ ဘယ်ညာဒွေယမ်းလှုပ်ခါသည်။ အကြိမ်ကြိမ်ခါသည်။ ဝှေ့သည်၊ လှည့် သည်။ ထို့နောက် ငှက်ပျောပပ် ခင်းထားသော မျှောစင်ပေါ် သွန်ချလိုက်သည်။ ဇော်ရိုးနည်းတူ ငမောင်ကလည်း ငှက်ပျောပပ် ခင်းထားသော မျှောစင်ပေါ်သို့ ခပ်ခွက်ထဲက နုံးညွန် တစ်ဆန်ခကာကို သွန်တင်လိုက်သည်။ ရေနှင့်ရောသော ကျောက်ခဲသလဲများသည် မြစ်ရေထဲ လျှောခနဲ စီးကျသွားကြသည်။

ဇော်ရိုးနှင့် ငမောင်တို့သည် မြစ်ရေစီးထဲက နုံးညွန်သလဲတွေကို ကျုံးခင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ မျောစင်ပေါ် သွန်တင်လိုက်နှင့် စောစောစီးစီး အချမ်းမကြောက်၊ အအေးမကြောက် အလုပ်လုပ်နေကြသည်။ ခါးကုန်း၍ ရေထဲက သလဲရွံ့ညွန်တွေကို ကျုံးခပ်လိုက် ခပ်ခွက်ထဲက သလဲသဲမှုန်များကို ခါးဆန့်ပြီး စင်ပေါ် ပစ်တင်လိုက် လုပ်နေကြသော သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ ခါးချိုး၊ ခါးဆန့် ပြိုင်ပွဲဝင်နေကြသလို သို့မဟုတ် အားကစား တစ်မျိုးကို သူနိုင် ငါနိုင် အပြိုင်ကြဲနေကြသလိုပင်။

ဇော်ရိုးသည် ထိုသို့ လုပ်နေရာမှ ခါးညောင်း၍ ခါးကို ဆန့်လိုက်သည်။ သူတို့စခန်းရှိရာဘက်သို့လည်း တစ်ချက် လှမ်းမျှော်ကြည့်လိုက်သည်။ သဲသောင်အစရှိ ကျောက်ဆောင်ကျောက်တုံးတွေပေါ် အကြည့်ရောက်သွားသည်။

"ဟော . . . ဩ"

ဇော်ရိုး၏ စူးစူးစိုက်စိုက် လှမ်းအကြည့်နှင့် အံ့ဩတကြီးအသံတို့ကြောင့် ငမောင်ကလည်း ချက်ချင်း မျက်လုံးမျက်ဆန် ပြူးကျယ်သွားသည်။

သူတို့နှစ်ယောက်၏ အကြည့်မှာ တစ်နေရာတည်း၌ပင် စူးစိုက်ရပ်တန့်နေသည်။

"ကြည့်စမ်း၊ ငစိုင်းကွာ . . . ကျောက်ဆောင်ပေါ်မှာ၊ ဟာ . . ."

ဇော်ရိုးက အထိတ်တလန့် ရေရွတ်လိုက်သည်။

"ဟာ . . . အေး၊ ဒီအကောင်ကွာ"

ငမောင်ကလည်း ကျောက်ဆောင်ပေါ်ရှိ စိုင်းဘောင်ကို လှမ်းကြည့်ကာ ချောက်ချားသံနှင့် ရေရွတ်လိုက်သည်။ အမှန်ပင် ချောက်ချားစရာ။

ငှက်ဖျားရောဂါနှင့် ကိုယ်ရောင်ဖောသွပ်ရောဂါရပြီး စခန်းယဲက မီးပုံဘေးတွင် လဲနေသော စိုင်းဘောင်သည် ဘယ်ကဘယ်လို ကျောက်ဆောင်ပေါ်ရောက်နေပါလိမ့်။ ဘာရည်ရွယ်ချက်နှင့် ဤကျောက်ဆောင်ပေါ် တက်ထိုင်နေပါလိမ့်။ ဇော်ရိုးနှင့် ငမောင်တို့က စိုင်းဘောင်ကို ခဏ ငေးစိုက်ကြည့်နေကြသလို စိုင်းဘောင်ကလည်း ကျောက်ဆောင်ပေါ်ကနေပြီး သူတို့နှစ်ယောက်ကို စူးစူးစိုက်စိုက် လှမ်းငေးကြည့်နေသည်။

ဇော်ရိုးနှင့် ငမောင်တို့သည် အလုပ်ကို ချက်ချင်း ရပ်လိုက်ကြသည်။ ယခင်က စိုင်းဘောင် ရက်ပေါင်းများစွာ လုပ်ခဲ့သောအလုပ်။ ယခု သူ မလုပ်နိုင်သော်လည်း ဇော်ရိုးနှင့်ငမောင်တို့ လုပ်ကိုင်နေကြသည်ကို အားကျ၍ လာကြည့်နေခြင်းပေလော။

သူတို့နှစ်ယောက်သည် စိုင်းဘောင်ဆီသို့ မပြေးရုံတစ်မည် လျှောက်လာ





ကြသည်။ စိုင်းဘောင် တက်ထိုင်နေသော ကျောက်ဆောင်မှာ ဇော်ရိုးနှင့် ငမောင်တို့ ရွှေကျင်နေကြသောနေရာနှင့် ပေငါးဆယ်ခြောက်ဆယ်ခန့်သာ ဝေးသည်။ ထို့ကြောင့်လည်း ချက်ချင်းဆိုသလိုပင် ရောက်လာကြ၏။

"ဟဲ . . . ဟဲ"

သူတို့နှစ်ယောက်က ကျောက်ဆောင်ပေါ်ရှိ စိုင်းဘောင်ကို မော့ကြည့်လိုက်ကြစဉ် စိုင်းဘောင်က အဓိပ္ပာယ်မရှိ 'ဟဲ . . ဟဲ' ဟု ရယ်ပြလိုက်သောအခါ ဇော်ရိုးကျောထဲ ရုတ်တရက် စိမ့်ချမ်းသွားသလိုပင်။

ငမောင်ကတော့ အပြစ်တင်လိုသော မျက်နှာတည်တည်နှင့် စိုင်းဘောင်ကို အံ့ဩနေသလို စိုက်ကြည့်လျက်။

"မင်း မင်း နေမကောင်းရတဲ့ထဲ ဒီမှာ ဘာလာလုပ်နေတာလဲကွ။ လေတိုက်လို့ အေးက အေးနဲ့"

ငမောင်၏စကားကြောင့် ထင်၏။ စိုင်းဘောင်သည် သူကိုယ်ကို လွှမ်းပတ်ခြုံထားသော ဘာဘူစောင်စုတ်ကို ပို၍ လုံခြုံအောင် ခေါင်းပေါ်ကိုပါ ချက်ချင်း လွှမ်းခြုံပစ်လိုက်ပြန်၏။

"ငါ . . . ငါ ချမ်းလွန်းလို့ပါကွာ"

"ချမ်းရင် စခန်းထဲမှာ မီးလှုံနေပေါ့ကွ၊ ဒီမှာက ပိုမအေးဘူးလား၊ လေကလည်း အေးတယ်၊ နှင်းကလည်း မကွဲတတ်သေးဘူး"

"အတော်ကြာ နေမင်းကြီး ထွက်လာမှာပေါ့ကွာ၊ ချမ်းတာထက် ငါက နေရောင်ခံချင်လို့၊ မင်း မှတ်မိသေးလား မသိဘူး။ တို့ ဖားကန့်မှာလား၊ မော်လူးမှာလားတော့ ငါလည်း ကောင်းကောင်း မမှတ်မိတော့ဘူးကွာ"

"အေး၊ ထားလိုက်ပါတော့။ အဲဒါ ဘာဖြစ်လဲ၊ ဆိုစမ်းပါဦး"

"ရန်ကုန်ကလား၊ မန္တလေးကလား တို့ဆီ ကျောက်စိမ်းတူးဖို့ ရောက်လာတဲ့ ကောင်လေးတစ်ယောက်ကွာ၊ ခေတ်ပညာတတ်လေးပါ။ သူ ငှက်ဖျားမိတော့ မင်းတို့ မှတ်မိသေးလား၊ မိုးတွင်းကြီးမှာ နေရောင်ခြည်ဟာ ရောဂါပိုးကို သေစေတယ်ဆို မဟုတ်လား။ ခုလည်း ငါ့ကိုယ်ထဲ ဝင်နေတဲ့ ငှက်ဖျားပိုးတွေဟာ နေရောင်ခြည်ထိရင် သေကုန်မှာပဲ။ အဲဒါကြောင့် ဒီကို ငါ လာတာပါကွာ"

စိုင်းဘောင်၏စကားကို ကြားလိုက်ရသောအခါ ဇော်ရိုးနှင့် ငမောင်တို့မှာ သက်မ ပြိုင်တူချလိုက်ကြသည်။

စိုင်းဘောင် ပြောသည်ကို အဆိုးကြီးဟုတော့ မဆိုသာ။ သူတို့စခန်းဘဲ ချရာ ကမ်းပါးယံ လိုဏ်ဂူမှာ တောင်ခြေရင်းကျသဖြင့် နေထွက်တွက်ချင်း နေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်က ကျမလာ။ တောင်တန်းမြင့်တွေ ကွယ်နေသဖြင့် နေရောင်ခြည်သည် သူတို့စခန်းကို တော်တော်နှင့် မရောက်နိုင်။ နေမွန်းတည့်ခါနီးမှ နေရောင်ခြည်က သူတို့စခန်းကို ရောက်လာတတ်သည်။ ထို့ကြောင့် ရောဂါပျောက်ရန် စိတ်ချောက်ချား နေသော စိုင်းဘောင်ခမျာသည် နေရောင်ခြည် စောစောကျရောက်ရာ ကျောက် ဆောင်ထိပ်ပေါ် ကုတ်ခြစ်တက်ပြီး လာထိုင်နေပုံရသည်။

"ဇော်ရိုး"

"အင်း"

"ငါ့ကို ဟိုဘက်ကမ်းက ကျောက်ဆောင်တွေပေါ် ရွှက်ပို့ပေးပါလားကွာ သူငယ်ချင်း၊ ငါ ရေထဲဆင်းသွားရမှာ ကျောချမ်းနေလို့ပါ"

"မင်းဟာက ဘာလုပ်ဖို့လဲ"

သူတို့နှစ်ယောက်ကို ကျောက်ဆောင်ပေါ်က ငုံ့ကြည့်ပြီး စိုင်းဘောင်က ညည်းပြော ပြောသည်။

"ဘာလုပ်ဖို့လဲ ဟုတ်လား၊ ဟိုမှာကြည့်၊ မင်းတို့ မြင်လား၊ တွေ့လား"

ဇော်ရိုးနှင့် ငမောင်တို့နှစ်ယောက်မှာ စိုင်းဘောင်လက်ညှိုးထိုးပြရာ ဝါခရု မြစ်ရေစီးကြောင်း တစ်ဖက်ကမ်းကို နားဝေတိမ်တောင် လှမ်းကြည့်လိုက်ကြပြန် ၏။ သူတို့နှစ်ယောက် အမြင်မှာတော့ ဘာမှ မထူးခြား။

"ဘာတွေ့ရမှာလဲကွ၊ အဲဒီဘက်မှာ ဘာရှိလို့လဲ၊ မင်း. . . မင်းက ဘာမြင် လို့လဲ"

"ဟား . . . ဟား"

စိုင်းဘောင် သူတို့နှစ်ယောက်ကို ငုံ့ကြည့်၍ အာလုပ်သံကြီးနှင့် ရယ်ပစ် လိုက်ပြန်၏။

ဇော်ရိုးနှင့် ငမောင်တို့က 'မင်း မြင်လား၊ ဒီကောင်ပြောတာ ဘာလဲ' ဟူသော သဘောဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် အေးအေးစက်စက် ကြည့်မိလိုက်ကြပြန်၏။

"မင်းတို့ အဲဒီဘက်ကမ်းမှာ ဘာမှ မမြင်ကြဘူး၊ ဟင်း ဟင်း"

"မင်း ဘာမြင်ထားလို့လဲ"

ဇော်ရိုးက စိတ်မရှည်ချင်တော့။

"ရွှေ . . . ရွှေ . . . ရွှေရောင်လေကွာ။ နေရောင်ကွာ"

စိုင်းဘောင်၏စကား မဆုံးလိုက်မီပင် ဇော်ရိုးနှင့်ငမောင်တို့မှာ စိုင်းဘောင် ကိုကြည့်ကာ သက်မ ပြိုင်တူချမိလိုက်ကြပြန်သည်။





"စိုင်းဘောင်"

"ဘာပြောမလို့လဲ သူငယ်ချင်း၊ ပြောပါကွာ၊ အားမနာပါနဲ့၊ ခုနေခါ ငါက ရောဂါသည် မင်းတို့နောက်လိုက်ပါ။ မင်းတို့ တပည့်ပါ"

"မင်းကွာ ငါတို့က စကားအကောင်းပြောရင် အဲလို ဖောက်ဖောက်လာ တယ်။ ခက်တာပဲ"

"ဟဲ ဟဲ အေးပကွာ။ မင်းတို့က ငါ့ရဲ့ သေဖော်သေဖက် သူငယ်ချင်းတွေမို့ ငါ ချစ်လို့ ကျီစားတာပါ။ ပြောပါ၊ မင်း ဘာပြောမလို့လဲ သူငယ်ချင်း"

"တခြား မဟုတ်ပါဘူး ငစိုင်းရာ၊ ခု စစ်ဆင်ရေးကြောင့် လမ်းပိတ်နေလို့ပါ။ မကြာခင် တို့ပြန်ကြရတော့မှာပါ။ အဲဒီတော့ တို့ ပင်ပင်ပန်းပန်း ကျင်ရှာယူထား ရတဲ့ ရွှေတွေကို မင်း မရှိတုန်း သူများ ဝင်ခိုးသွားမှာ စိုးလို့ပါ။ ငါတို့ အလုပ်လုပ် နေကြတုန်း မင်းက စခန်းထဲမှာပဲ အေးအေးဆေးဆေး နားနားနေနေ နေပေးပါ ကွာ။ တို့ ဒီပတ်ဝန်းကျင်မှာ တခြား ရွှေလာကျင်နေကြတဲ့လူတွေလည်း မရှိဘူး မပြောနိုင်ဘူးလေ။ ငါပြောတာ မင်းစဉ်းစားကြည့်။ အဲဒီတော့ မင်း ပြန်ပါကွာ။ စခန်းထဲမှာပဲ နေပါ"

"စခန်းထဲမှာ ထောင်လ ရှိပါတယ်ကွာ"

"မင်းတို့ ငါတို့နဲ့စာရင် ထောင်လဟာလည်း သူစိမ်းပဲကွ၊ ဒီကောင်လေး ကိုလည်း လုံးဝဥဿုံ ယုံကြည်စိတ်ချထားလို့ ဘယ်ဖြစ်မလဲ"

ဤစကားကိုတော့ ငမောင်က ပြတ်ပြတ်ပင် ဝင်ပြော၏။

"ကောင်လေးက မုဆိုးသား မုဆိုးလေးပါကွ၊ ရိုးပါတယ်။ သစ္စာရှိပါတယ်။ ကတိလေးစားပါတယ်။ ငါ့သေနတ်တောင် ဒီကောင့်ယုံလို့ ငါ ခဏအပ်ထား ခဲ့တယ်။ ဒီကောင်လေးက ငါ့ကို သိပ်ခင်ပါတယ်ကွ၊ သူ့ခွေးလေးထက်တောင် ငါ့ကို ချစ်ပါတယ်လို့ နှစ်ကိုယ်ကြား ပြောပြီးပြီ ဟီဟီ။

သူက သေနတ်ပစ် သင်ပေးပါပြောလို့ မနေ့ကလည်း တို့ တစ်မနက်လုံး သေနတ်ပစ်သင်နေကြတာ။ သူ့ခွေးလေးကိုတောင် ငါက သေနတ်နဲ့ ပစ်သတ် လိုက်ရမလား ကျီစားမိလို့ စိတ်ဆိုးလိုက်တာလေ တုန်နေတာပဲ ဟဲဟဲ ဟီဟီ၊

အဲဒီလို ပြောမိလို့လား မသိဘူး။ ဒီနေ့မနက်တောင် ငါ့ကို စိတ်နည်းနည်း ကောက်ချင်နေသေးလို့ ငါချော့ပြီး စခန်းမှာ ထားခဲ့ပါတယ်။ သကောင့်သားလေး က အရိုး . . ."

"ထောင်လက ထမင်းဟင်းချက်ပြီးရင် ဟင်းရှာ၊ ဟင်းရွက်ခူး ထွက်ချင် ထွက်ဦးမှာကွ။ အဲဒီတော့ စိုင်းဘောင် သူငယ်ချင်း၊ မင်း စခန်းပြန်ပါကွာ၊



www.burmeseclassic.com

www.burmeseclassic.com

မင်းသေနတ်နဲ့ ရွှေထုပ်တွေကိုလည်း ဂရုစိုက်နော်။ ဒီဒေသက လူတွေနဲ့ ချင်းတွင်းက ရွှေကျင်လာကြတဲ့လူတစ်ယောက်ယောက် ဝင်ခိုးသွားလို့ မှတ်ကုန် . . .

"အေး . . . ကွ၊ ဟုတ်တယ်၊ ဟုတ်တယ်"

ဇော်ရိုးစကားအဆုံးကိုပင် မစောင့်တော့ဘဲ စိုင်းဘောင်သည် ချက်ချင်း ကျောက်ဆောင်ပေါ်က သွေးရူးသွေးတန်းပုံနှင့် ဖရိုဖရဲ ဆင်းချလာပြန်၏။

"ငါက ရွှေထက် ငါ့သေနတ်ကို ပိုချစ်တယ်ကွ။ ဒီသေနတ်ဟာ ငါ့ ငါ့အ သက်ဘူးပဲ။ ယေနတ်တော့ သူများ ပေးထားလို့ မဖြစ်ဘူး။ ယောင်လဆိုတဲ့ ကောင်ကလည်း တကယ်ဆို ဘယ်စိတ်ချရပါ့မလဲ။ ဒီကောင်က သူစိမ်းပဲ၊ ပြီး တော့ ဒီကောင်က သူ့အဖ ထည့်လိုက်လို့သာ ငါတို့နဲ့ လိုက်လာ . . ."

"အေးပါကွာ၊ အဲဒါကြောင့် မင်းကို စခန်းပြန်ပါတော့ ပြောနေရတာပေ့ သူငယ်ချင်းရာ။ တို့သုံးယောက်ကလွဲလို့ ဒီတောဒီတောင်ထဲ ဘယ်သူမှ စိတ်မချ ဘူး၊ သူငယ်ချင်း ပြန်လိုက်ပါကွာ"

ပြောကွက်ရသဖြင့် ငမောင်ကလည်း စကားဝင်ဆိုပြန်သည်။ ခါတိုင်း ဆိုလျှင် သူက စိုင်းဘောင်ကို ရွံမုန်းသလို စိတ်ကောက်ပြီး များများ စကား မပြော။

"အေးကွ၊ မင်းတို့ ပြောလို့သာ စခန်းပြန်သွားရပေမယ့် ငါ့စိတ်ထဲတော့ ရှေ့ရောင်၊ အေး . . . နေရောင်ရှိတဲ့နေရာမှာပဲ သွားနေမနေချင်တယ်ကွာ ဒီကျောက်ဆောင်လောက်ကို မပြောနဲ့ နေရောင်ခံရမယ်ဆိုရင် ဟိုးကောင်းကင် ထဲ တိုးဝင်နေတဲ့ မြစ်ညာက ဟိုတောင်ထိပ်ကြီးများပေါ်တောင် သွားတက်နေ ချင်တယ်ကွ။

ဟီဟိ- နေရောင်ခြည်ဟာ ရောဂါပိုးကို သေစေတယ်ဆို မဟုတ်လား ဟို ကောလိပ်ကျောင်းသားလေးက ပြောသွားတာ၊ ငါတို့ ရောက်ခဲ့ကြတဲ့ ဆော် လူး၊ ဖားကန့်တို့နဲ့စာရင် ဒီနေရာက ပိုပြီး နေရောင်ခြည်နည်းတယ်။ တစ်နေ့ လို့ နေရောင်ခြည်ကို တစ်နာရီ မမြင်ရတဲ့အရပ်။ ထို့ . . . ဘာအရပ်လဲ အလကားအရပ်။ နေရောင်မဲ့၊ လရောင်မဲ့၊ အလင်းမရှိတဲ့အရပ်၊ အမှောင်အရပ် ရောဂါထူပြောတဲ့အရပ်။

နေရောင်ဟာ သိပ်အရေးကြီးတယ်။ ကမ္ဘာဦးလူသားတွေဟာ နေရောင် တောင့်တခဲ့ကြတယ်လို့ ပြောသံကြားဖူးတယ်။ ရောဂါဖြစ်မှာကြောက်လို့ နေ ပေါ့။ ရောဂါဟာ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။ မင်းတို့က မဖြစ်ဘူးသေ သိမှာ မဟုတ်ဘူး။






သေနတ်မှန်တာ၊ မြှားစူးတာ၊ ကျားကိုက်တာ၊ ဝက်ပက်တာက ဒီလောက် ဆိုးမှာ မဟုတ်ဘူး။ သေရင် ချက်ချင်းသေ၊ မသေရင်လည်း ဒီလို ကိုက်တာ၊ ခဲတာ၊ ချမ်းတာ၊ တုန်တာ ရှိမှာ မဟုတ်ဘူး။

ဟီး . . . ဟီး၊ ခုတော့ ကိုက်လိုက်ခဲလိုက်တာ၊ ပြောရင်းကို ကိုက်ခဲလာတာ၊ ရောဂါပိုးတွေ . . . . ရောဂါပိုးတွေ။ ငါ နေရောင်ခြည်ကို ဝဝလင်လင် ဘယ်တော့ သုံ့ရပါ့မလဲ။ ထို့ - အလကား အကောင်တွေ"

စိုင်းဘောင်သည် တဖျစ်တောက်တောက် မြည်တွန်ပြီး စခန်းရှိရာဘက်သို့ အရူးကြီးတစ်ယောက်လို အလဲလဲအပြိုပြိုနှင့် ထွက်ပြေးသွားပြန်သည်။

ဇော်ရိုးနှင့် ငမောင်တို့မှာ စိုင်းဘောင်ကို စခန်းအရောက် လှမ်းငေးကြည့် နေကြပြီး သက်မ ပြိုင်တူချလိုက်ကြပြန်သည်။ ပြီးတော့ သူတို့နှစ်ယောက် ရွှေ ဆက်ကျင်နေကြပြန်၏။

* * *


www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ငါတစ်နေ့လုံး မျှော်နေတာ နင် မလာဘူး"

မထောင်လ၏မျက်နှာကို မြင်သည်နှင့် ချစ်သူပီယက အပြစ်တင်စကား ဆို၏။

"ငါလည်း သိပ်လာချင်တာပ ပီယရေ စခန်းမှာ လူတစ်ယောက် နေမကောင်း ဖြစ်နေလို့ တစ်နေ့လုံး သူ့အနားမှာ နေပေးနေရတယ်။ ကြာတော့ ငါတောင် နေမကောင်း ဖြစ်ချင်လာပြီ။ ကူးတတ်တဲ့ရောဂါဆိုရင် ငါ့ကို ကူးနေတာ ကြာပြီ၊ ခုလည်း ပြောတော့ ပြောနိုင်တာ မဟုတ်။ ငါက သူနဲ့ အနီးကပ်ဆုံး နေနေရတော့ ကြောက်တောင် ကြောက်လာပြီ"

ထောင်လက ပီယအနား ကပ်ထိုင်ပြီး အမှန်အတိုင်း ပြောလိုက်သည်။

ပီယက ဘာသဘော မသိ။ လက်ခုပ်နှစ်ဖက်နှင့် အိုင်ထဲကရေကို အလျှင် စလို ကုန်းခပ်လိုက်သည်။ ပြီး ထောင်လ၏ခေါင်းပေါ် သွန်ချ၏။ ထောင်လ၏ နဖူးကို သူ့လက်ဝါးနုနုနှင့် တဖျပ်ဖျပ် ရိုက်သည်။ ထောင်လမျက်နှာကိုလည်း စေ့စေ့ကြည့်နေ၏။

"ဒါ ဘာ ဘာလုပ်တာလဲ"

"နေမကောင်းဖြစ်ချင်သလို တွေ့တယ်ဆို"

"မဆိုင်တာ"

ထောင်လက သဘောမပေါက်စွာ ဆိုလိုက်သည်။

"ဖွဟဲ့ မပြောကောင်း မဆိုကောင်း နင် နေမကောင်း ဖြစ်မှာစိုးလို့ ငါ နတ်မေးတာပ"

ပီယ၏ အပြုအမူကို ထောင်လက ရယ်ချင်ပက်ကျိ ဖြစ်သွားသည်။သူတို့ ဓလေ့တစ်ခုကိုလည်း နားလည်လိုက်ရသည်။

"နတ်က ဘာပြောလဲ ဟဲ ဟဲ ဟဲ"





ပီယက စကား မဆိုသေး။ ထောင်လ၏ သူငယ်အိမ် မျက်လုံးအစုံကို စိုက်ကြည့်နေသည်။

"နင့်မျက်လုံးတွေ ငိုနေသလား"

"ဟုတ်တယ်"

"ဟင် . . . တကယ်"

ပီယ အထိတ်တလန့် ဖြစ်သွားသည်။ ချက်ချင်း သူ့မျက်လုံးအိမ်ထဲ မျက်ရည်တွေ ဝဲလာ၏။

"ခု ဘယ်လိုနေလဲ"

"မျက်လုံးလား"

"အေးပ"

"နင်နဲ့ တစ်နေ့ မတွေ့ရတော့ မျက်လုံးတွေက နင့်ကိုလွမ်းလို့ ငိုနေမှာပေါ့"

ထောင်လ၏ အပြောကို ပီယက လုံး၀ ခွန်းတုံ့မပြန်သေး။ ထောင်လ၏ မျက်လုံးအိမ်ထဲကိုသာ စူးစူးစိုက်စိုက် ငေးကြည့်နေတုန်း။

"နင် တကယ်ပြောတာလား"

ဆို့နင့်သွားသော ပီယ၏အသံကို ဤတစ်ခါ ထိတ်လန့်သွားသူကတော့ ထောင်လပင်။

သူက ပါးစပ်ထဲ တွေ့ကရာတွေ အရွှန်းအနောက် ပြောသည်ကို ပီယ တကယ် ထင်သွားပုံရသည်။ ပီယ သူ့ကို မည်မျှ ချစ်သည်ကို ထောင်လ သိသည်။ အစအနောက်ကိုပင် တစ်ခါတစ်ခါ တကယ်ထင်၍ ဝမ်းနည်းသွားတတ်သူ။

"ထောင်လ၊ နင် တကယ် ပြောနေတာလား၊ နင့်စကားလည်း ယုံရခက်"

"တကယ် ပြောတာပေါ့။ ငါ့မျက်လုံးတွေက နင့်ကို တစ်နေ့ မမြင်ရရင် တစ်နေ့ ငိုကြတယ်။ ညကလည်း တစ်ညလုံး ငိုနေကြလို့၊ 'ဟဲ့- ဘယ်လို ဖြစ်နေကြတာလဲ၊ မနက် တွေ့ရမြင်ရမှာပေါ့။ တိတ်စမ်း' ဆိုပြီး အော်ငေါက်မာန်မဲထား ခဲ့ရတာ။ ဒါတောင် ဒီဘက်တစ်လုံးက ခုထိ မတိတ်ချင်သေးဘူး။ မျက်ရည်လေး စမ်းစမ်းစမ်းစမ်း လုပ်ပြနေသေးလား။ နင်သေသေချာချာ ကြည့်စမ်း ပီယ။ ဒီတစ်ခါ မတိတ်ရင်တော့ နင့်ကို ဆွဲထုတ်ပြီး ပီယမျက်လုံးနဲ့ လဲပစ်လိုက်မယ်၊ နင် အနားကို ကပ်ကြည့်စမ်းပါ။ သေသေချာချာ"

ပီယ သူ့အနား တိုးကပ်လာသည်နှင့်-

"ကဲ. . မှတ်ကရော၊ နောက် ငိုဦးမလား၊ ငိုဦးမလား"

"အိုး . . . ထောင်. . ထောင်လ နင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား"

သူမျက်လုံးကို အနားတိုးကပ်ကြည့်လာသော ပီယ၏မျက်နှာကို လက်နှစ်ဖက်နှင့် ဖျစ်ညှစ်ကိုင်ကာ ထောင်လက တရှုပ်ရှုပ် နမ်းပစ်လိုက်သည်။

"နင် ဘုန်းကြီးချည်းပဲ၊ သွား ချင်းတွင်းသား"

"နင် ငါ့ကို မချစ်ဘူးလား"

"မချစ်ဘူး"

"ကဲ. . မချစ်နဲ့"

"အိုး. . ."

"အိုး. . . ဟာ၊ ဟာ"

"ကဲ မှတ်ပလား၊ ခစ် . . . ခစ် မှတ်ထား၊ မှတ်ထား"

"နင် တော်တော်ဆိုးတယ်။ ငါ့အဝတ်တွေ ရေစိုကုန်ပြီ၊ နင်လျှော်ပြီး လှန်းပေးရမယ်"

ပီယကို နောက်တစ်ခါ လျှပ်တစ်ပြက် ဖက်နမ်းမည်လုပ်သော ထောင်လအား ပီယက ရေအိုင်ထဲ တွန်းချပစ်လိုက်သည်။ တစ်ကိုယ်လုံး ရေစိုကုန်သဖြင့် ထောင်လက အလျော်တောင်းစကား ဆိုသည်။ ပီယက ထောင်လကိုကြည့်ကာ တခစ်ခစ် ရယ်နေ၏။

"ရော့- နင် မြန်မြန်လျှော်ပြီး ငါ့အဝတ်တွေ ပြန်လှန်းပေး"

ထောင်လက သူ့ရေစိုအင်္ကျီစုတ်ကို ပီယကိုယ်ပေါ် လှမ်းပစ်ပေးပြီး ပြောလိုက်၏။

"ဒီနေ့ နေမှ မပူတာ"

"မပူရင် မီးကင်ပေး"

"ဒီမှာ မီးလည်း မရှိဘူး"

"နင်တို့အိမ်မှာ သွားကင်ပေး"

"အေး . . . ပေး ပေး၊ နင့်ဘောင်းဘီပါ ချွတ်ပေး။ ငါ အခု သွားကင်ပေးမယ်။ ပေး ပေးလေဟာ"

ပီယက သူ့ဘောင်းဘီကိုပါ လှမ်းဆွဲချွတ်သောအခါ ထောင်လမှာ ထပြေးရတော့သည်။

"ပေးလေဟယ်၊ ငါ ငါ ခုချက်ချင်း မီးကင်ပေးမယ်။ နင့်ဘောင်းဘီပါ ပေး၊ ပေး. . . ဟား. . . ဟား. . . ခစ်. . ခစ်၊ နင် ဘယ်ပြေးမလဲ၊ ငါ နင့်ကို မီအောင်လိုက်နိုင်တယ်"



ပီယက အော်ဟစ်ရယ်မောရင်း သူ့နောက် ပြေးလိုက်လာသည်။

ထောင်လက ရေတံခွန်အထက်ဘက်ရှိ ချုံနွယ်နား တက်ပြေး၍ အော်ပြော၏။

"ပေးမယ်၊ ပေးမယ်၊ နင်သာ မီး မြန်မြန်သွားကင်ပေး။ ငါက အဝတ်ရေစိုကြီးနဲ့ မနေတတ်ဘူး။ ချမ်းလည်းချမ်းလာပြီ၊ ရော့ ငါ့ဘောင်းဘီ၊ ဝုန်း . . ."

ပီယ ကွယ်သွားသည်နှင့် ထောင်လသည် သူ့ဘောင်းဘီကိုချွတ်ပြီး ပီယကိုယ်ကို ပစ်ပေါက်ကာ ရေထဲ ဝုန်းခနဲ ခုန်ချသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ဟင်း၊ မင်းတို့ အကြံက ပိုင်ပါ့ကွာ၊ ငါ ဒီမှာ သေရင် ငါ့ရွှေဝေစုကို မင်းတို့နှစ်ယောက် ခွဲဝေယူကြမယ်ဆိုတဲ့ ရည်ရွယ်ချက် မဟုတ်ပါဘူးဆို။ ခုထိ ငါ့ကို မင်းတို့ ဘာလို့ ရွာပြန်မပို့ကြသေးတာလဲကွ ဟင်။ ဘာလို့ ငါ့ကို ရွာပြန်မပို့ကြတာလဲ"

ကျောက်လိုဏ်ဝမှ လျှံထွက်လာသော စိုင်းဘောင်၏စကားသံက ထောင်လကို အထိတ်တလန့် ဖြစ်သွားစေသည်။

သူတို့ စခန်းတဲလုပ်ထားသောနေရာမှာ မိုးတွင်းက မြစ်ရေလျှံ တိုက်စားထားသော မြစ်ကမ်းဘေးကမ်းပါးယံမှ ကျောက်ဂူဝ လိုဏ်ချိုင့်တစ်ခု ဖြစ်သည်။ စခန်းရှေ့ ဂူဝတွင် သစ်လုံးတွေကို ခြံခတ်၍ သစ်ရွက်သစ်ခက်စိမ်းတွေနှင့် ယာယီ အမိုးအကာ လုပ်ထားကြသည်။

ဤစခန်း၌ သူတို့ နေထိုင်ခဲ့ကြသည်မှာ တစ်ပတ်ကျော်ပြီ ဖြစ်သဖြင့် ရောက်စက ကာရံထားသော သစ်ရွက်စိမ်းများပင် ညှိုးရော်ခြောက်သွေ့စ ပြုနေလေပြီ။ အချို့ အရွက်ခြောက်တွေဆိုလျှင် တဲတွင်းမီးဖိုဘေးက သဲပြင်ပေါ် ကြွေကျစ ပြုနေပြီ။

အမှန်က ဤအရပ်သည် နေရောင်ခြည်နည်းလွန်းခြင်း၊ စိမ့်အေးစိုထိုင်းလွန်းခြင်းတို့ကြောင့်သာ သစ်ရွက်၊ သစ်စိမ်း အကာအရံတွေမှာ ဤမျှ ရက်ကြာကြာခံနိုင်ခြင်း ဖြစ်သည်။ အကယ်၍ ပူပြင်းခြောက်သွေ့သော အရပ်သာဆိုလျှင် သူတို့ မိုးကာထားကြသော သစ်ရွက်စိမ်းတွေမှာ ယခုလောက်ဆိုလျှင် အားလုံး သလဲသဲပြင်ပေါ် ကြွေကျနေကြပြီ ဖြစ်လေမည်။

ပီယနှင့်အတူ ရေကူးလိုက်၊ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်လိုက်၊ ပြေးတမ်းလိုက်တမ်း ကစားလိုက်နှင့် တစ်နေ့လုံး ကြည်နူးချမ်းမြေ့လာသော ထောင်လ၏စိတ်မှာ စခန်းတဲနားအရောက်တွင် ကြက်ပျောက်





ငှက်ပျောက် ပျောက်သွားလေသည်။

တဲဝလိုဏ်ပေါက်မှ လျှံထွက်လာသော စိုင်းဘောင်၏ ကြောက်မက်ဖွယ်ရာ အသံသြသြကြီးက ထောင်လ၏စိတ်ကို ချက်ချင်း နောက်ကျိသွားစေသည်။

ထောင်လ ခြေလှမ်း တုံ့လိုက်၏။ စခန်းလိုဏ်ချိုင့်ထဲ ချက်ချင်း မဝင်သေး။ မုဆိုးတစ်ယောက်၏ အကျင့်ဓလေ့အတိုင်း သစ်ရွက်ကြွေကျသံကိုပင် ကြားနိုင်သော သို့မဟုတ် သူ၏ ရင်ခုန်သံကို ပြန်ကြားနိုင်လောက်သော တည်ငြိမ်မှုဖြင့် သူ့ကိုယ်စိတ်တို့ကို ဆောက်တည်ထားလိုက်သည်။ မတ်မတ်ရပ်လျက်က လိုဏ်ပေါက်ဝမှ အသံဗလံများကိုလည်း သတိနှင့် နားစွင့်ထားသည်။

"ဝံကိုက်၊ ကျားကိုက် ငါ ကျိန်ပြောရဲပါတယ် ငစိုင်းရယ်။ ဒီလို အကောက်ကြံချင်တဲ့စိတ်တွေ ယောင်လို့တောင် ငါ မတွေးမိပါဘူးကွာ။ အိပ်မက်ထဲလည်း ထည့်မမက်ဖူးပါဘူး။ ငါ ငါတို့က မင်းကို ဒီရက်ပိုင်းအတွင်း ရွာကို ပြန်ပို့ပေးကြမလို့ပါ။ စိတ်ဆင်ရေး . . ."

"ဟော့ကောင်၊ တော်တော် ဇော်ဆိုး၊ မင်း စိတ်ဆင်ရေးစကား တော်တော့ကွာ။ ငါ မကြားချင်ဘူး။ ငါ့ကို မင်းတို့ ဒီအပတ်အတွင်းလိုက်ပို့ရင်ပို့ကြ၊ ဒီအပတ်အတွင်းသာ မင်းတို့ ငါ့ကို လိုက်မပို့နိုင်ကြဘူး မပြန်ကြသေးဘူးဆိုရင် ငါ မင်းတို့ကို သေနတ်နဲ့ ပစ်သတ်မယ်။ မင်းတို့သေပြီးမှ ငါ အသေခံမယ်။ ငါ့ကို မင်းတို့ လှည့်စားလာကြတာ ကြာပြီ။ ဟိုနေ့ ပို့မယ်၊ ဒီနေ့ ပို့မယ်၊ ဟိုနေ့ ပြန်မယ်၊ ဒီနေ့ ပြန်မယ်နဲ့။ မင်းတို့ပြောတဲ့ ဟိုနေ့ဒီနေ့က ရောက်ကို ရောက်မလာတော့ဘူး။ မင်းတို့ ငါ့ကို အဲသလို လိမ်ညာလှည့်ဖြားနေကြလို့ ခု ငါ့ရောဂါ ဒီအခြေအနေ ဆိုက်လာတာ။ ခု ငါ့ရောဂါအခြေအနေ ဘယ်လောက် ဆိုးဝါးလာတယ်ဆိုတာ ငါပဲ သိတယ်။ မင်းတို့က ဘယ်လူမှ ညာရကောင်းမှန်း မသိဘူး။ ရရင် ဘနဖူးတောင် သိုက်တူးမယ့်အကောင်တွေ ဆိုတာ ခုတော့ ငါ သိပါပြီကွာ။ ငါ့သိပါပြီ။ ဟားဟား . . . ငါ့ကို ဒီလို ဖလိမ့်တပတ်လုပ်လို့ မရဘူးနော်။ ငါက မင်းတို့ထက် သိလို့ နပ်လို့ ဒီနေရာကိုလည်း ငါပဲ ဦးဆောင်ပြီး ခေါ်လာခဲ့တာပါ။ ငါက ခေါင်းဆောင်တစ်ယောက် အနေနဲ့ မင်းတို့ကို ငါ အမိန့်ပေးထားပြီ၊ ခေါင်းဆောင်ကြီးစကားကို မနာခံရင် မင်းတို့အကုန် သေဖို့သာ ပြင်ထားကြ။ ဟားဟား. . . မှတ်ထားကြ"

ငှက်ဖျားတက်လာပြီး ကယောင်ကတမ်းတွေ အော်ပြောနေသော စိုင်းဘောင်၏ အသံကို ထပ်မံ ကြားလိုက်ရသောအခါ ထောင်လမှာ ကျောချမ်း တုန်လှုပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

စိုင်းဘောင်စကားကို ကြားရတော့မှ ဤရက်ပိုင်းအတွင်းတွင် စိုင်းဘောင်က သူ့သေနတ်ကို သူ့ဘေးနား၌ အမြဲ ထားထားအိပ်သည်ကို ထောင်လ သတိရလိုက်သည်။ ယခင်က ထောင်လကို သေနတ်ပစ်သင်ပေးဖူးသည်။ ထောင်လက သေနတ်ကိုယူ၍ မောင်းတင်၊မောင်းဖြုတ် လုပ်နေသော်လည်း ဘာမှ မပြော၊ ယခု ရက်ပိုင်းမှာတော့ ဤသို့ မဟုတ်တော့။ သူ့သေနတ်ကို ကိုင်ဖို့ မပြောနှင့် မျက်စိနှင့် လှမ်းကြည့်သည်ကိုပင် စိုင်းဘောင် လိုလားပုံမရ။ ထောင်လက သူ့သေနတ်ကို လှမ်းကြည့်သည်နှင့် စိုင်းဘောင်မျက်စောင်းက ထောင်လဆီ တန်းရောက်လာသည်။ သူ့သေနတ်ကို ကြည့်မိတာပင် သူ့စိတ်ထဲ အပြစ်တစ်ခုတစ်ခုဟု ထင်နေသလို။

ဤရက်ပိုင်းတွင် သူ့စိတ်ထဲ မည်သို့မည်ပုံ ဖြစ်ပေါ်ခံစားနေရသည်မသိ၊ သူတစ်ကိုယ်လုံးမှာ သံသယတွေနှင့် ပြည့်နေပြီ ထင်သည်။ စောစောက စကားများသည် သူ့ကိုယ်၌ ပြည့်သိပ်နေရာမှ လျှံထွက်လာသော စကားများပင် ဖြစ်ရမည်။

ရောဂါရနေသော စိုင်းဘောင်သည် စခန်းရှိ မည်သူ့ကိုမျှ မယုံကြည်တော့၊ ငှက်ဖျားထသောလျှင် စိတ်ပေါက်ပေါက်နှင့် တစ်ယောက်ယောက်ကို သေနတ်နှင့် မပစ်ဟုလည်း မည်သူ အာမခံရဲမည်နည်း။

ထောင်လ ပြန်မလာမီက သူတို့ အချင်းချင်း တစ်ဦးနှင့်တစ်ဦး မည်မျှ စကားများကြပြီး မည်သို့မည်ပုံ ဖြစ်ခဲ့ကြသည်ကိုကော့ ထောင်လ လုံးဝ မသိ။ မည်သို့ဆိုစေ ယခု ထောင်လ ကြားနေရသော စကားတွေမှာ ကြက်သီးထ ကျောချမ်းစရာသာ။

ဇော်ရိုးနှင့် ငမောင်တို့က စိုင်းဘောင်အား ဖျောင်းဖျ ပြောဆိုနေကြသံကို ထပ်မံ ကြားနေရပြန်သည်။

"မင်း ငါတို့ကို အထင်မလွဲပါနဲ့ကွာ။ မင်းတို့ ငါတို့ဟာ ဘပ်ရွာဘည်းနေ တစ်ရေတည်းသောက်အနေနဲ့ အတူတကွ တိုင်ပင်ပြီးမှ ဒီကို လာခဲ့ကြတာပါ။ တစ်စီးပွားတည်းနဲ့ တစ်ခရီးတည်းသွား ငယ်သူငယ်ချင်းတွေပါ။ ဒါဟာလည်း ခုမှ မဟုတ်ပါဘူး၊ ပိုလွန်ခဲ့တဲ့ သုံးလေးနှစ် . . ."

"ဟား ဟား ဟား၊ စီးပွားရေး အတူလုပ်လာကြတာ။ ဟုတ်တာပ၊ ဟုတ်တာပ။ အထင်မလွဲပါနဲ့တဲ့။ ဟီးဟီး မင်း အကြောင်း ငါ အသိဆုံးပါ ဇော်ရိုးရာ။ တို့ဖာရေ ဟိုမှာ သောင်းကျောက်ရတုံး ကလေကွာ။ ဟား ဟား ငါအသိစေလို့ ပကွာ။ ငါသာ အသိမစေရင် မင်းကလား ငါ့ကို စီးပွားဘက်လို့ သဘောထားမှာ ဝေး ဝေးပါသေးတယ်။ ဟီ ဟီ၊ ဒါနဲ့ များ. . ."





"ဒါ ဒါတွေ၊ ခင်ဗျားတို့ ပြောမနေကြနဲ့တော့ဗျာ။ ပြီးတာတွေ ပြီးပါစေတော့။ ခု ဘယ်လိုလုပ်ကြမလဲ ဆိုတာသာ ညှိနှိုင်းတိုင်ပင်ကြပါ"

ညောင်မြစ်တူး ပုတ်သင်ဥ မဖော်ကြရန် ငမောင်က ကြားဝင် ဖျန်ဖြေပြောသည်။

သူတို့ အခြေအနေ မည်သို့မည်ပုံ ဖြစ်လာမည်ကို မခန့်မှန်းတတ်သော ထောင်လသည် တဲစခန်းထဲ မဝင်ရဲသေး။ လိုဏ်ဝစခန်းအစ၌သာ သူ့ကိုယ်ကို သစ်ခက်သစ်ရွက်တွေ ထူထပ်သော နေရာအကွယ်၌ မတ်တတ်ရပ်နေ၏။ လိုဏ်ဝထဲက အသံကို နားစွင့်ရသဖြင့် ထောင်လမှာ အသက်ပင် ဝဝမရှူရဲ။

ခါတိုင်းနေ့တွေ ဆိုလျှင် ဤအချိန်မျိုး၌ သူတို့သုံးယောက်သည် စခန်းဂူထဲတွင် ဆုံစည်းကြရန် အကြောင်းမရှိပေ။ ဇော်ရိုးနှင့် ငမောင်တို့ကလည်း ဤအချိန်မျိုးတွင် မြစ်ရေထဲ၌ ရွှေကျင်၍ကောင်းကြတုန်းပင် ရှိပေဦးမည်။

ကိုယ်ရောင်ငှက်ဖျားရောဂါ ရနေသော စိုင်းဘောင် တစ်ယောက်တည်းသာ ဂူထဲမီးဖိုဘေးတွင် တညည်းညည်း တညူညူနှင့် မီးလှုံ၍ ရှိနေပေမည်။ ယခုတော့ ဇော်ရိုးနှင့် ငမောင်တို့က အလုပ်ကို ပစ်ထားပြီး ဘာကြောင့် သူတို့ နှစ်ယောက် ဂူထဲရောက်နေကြသည်ကို ထောင်လ မခန့်မှန်းတတ်။

အခြေအနေ ငြိမ်သွားပြီး စကားသံတွေ တိတ်သွားတော့မှ ထောင်လက တဲစခန်းလိုဏ်ဝထဲ မပွံ့မရဲ ဝင်လာ၏။

မီးဖိုဘေးတွင် ဘာဘူစောင်စုတ် တစ်ထည်ကို ခြုံ၍ လက်တွင် သူ့သေနတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသော စိုင်းဘောင်ကို မြင်ရသောအခါ ထောင်လမှာ ကျောချမ်းတုန်လှုပ်သွားမိပြန်သည်။

စိုင်းဘောင်သည် ဂူလိုဏ်ထဲ ဝင်လာသော ထောင်လကို မြင်သောအခါ မျက်တောင့်နီနီကြီးနှင့် စူးစူးစိုက်စိုက်ကြည့်၍ အော်ပြောပြန်၏။

"ဟင်းဟင်း တွေ့လားကွ၊ တွေ့လား မင်းတို့ပြောတော့ ငါ့ကိုပြုစုဖို့ စခန်းလိုဏ်ထဲ ထောင်လလည်း ရှိသားပဲဆို။ ခု မြင်တယ် မဟုတ်လား။ မနက်စာစားပြီးကတည်းက ပျောက်သွားလိုက်တာ။ ခု မိုးချုပ်ခါနီးမှ ပြန်လာတယ်။ ငါ့ကိုအနီးကပ် ပြုစုနေတာ။ ငါ့ကို ထောင်လ ဆေးပေးမီးယူ ပြုစုနေတာလေ ဟဲဟဲ"

ဂူထဲရှိ ဇော်ရိုးနှင့် ငမောင်တို့ မျက်လုံးအစုံက ထောင်လဆီ စူးစိုက်ရောက်လာကြပြန်သည်။

သူတို့၏ အကြည့်ကို ထောင်လကလည်း ကြောက်ကြောက်နှင့် ချွင်ချွင်း တုံ့ပြန်ပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ၊ ဆလိုင်းပဲ မနက်က အသားခြောက်တွေ မစားချင်တော့ဘူး။ အစိမ်းအစိုလေး ကင်စားချင်စမ်းပဆို။ ကြက်ကင်စားချင်တယ်ဆို၊ အဲဒါကြောင့် နေ့ခင်းကပင် ကြက်သွားရှာပစ်နေတာ"

အမှန်မှာ ပီယနှင့် တစ်နေ့လုံး အချိန်ကုန်လာခဲ့သော ထောင်လသည် သူ့အပြစ် လွတ်ရာလွတ်ကြောင်းအတွက် မိုးကြိုးပစ်သည်ကို ထန်းလက်နှင့် ကာရန် ကြိုးစားနေခြင်းသာ။

စိုင်းဘောင်ကို အမြင်ကတ်နေကြသော ဇော်ရိုးနှင့် ငမောင်တို့ကတော့ ထောင်လကို ဘာမှ မပြောကြ။ တစ်ချက်သာ လှမ်းကြည့်ပြီး မျက်နှာလွှဲသွားကြ၏။ သူတို့သဘောမှာ 'ဒီကောင်နဲ့ မင်း အဖက်လုပ်ပြောမနေပါနဲ့ကွာ' ဟူသော သဘောပင်။

တောကြက် အသေတစ်ကောင်လည်း ပါလာသဖြင့် ထောင်လ၏ စကားမှာ ယုတ္တိတော့ ရှိသွားသည်။ သို့သော် ဤဒေသ၌ တောကြက်တစ်ကောင်ကို ရှာပစ်ဖမ်းရသည်မှာ တစ်နာရီပင် မကြာတတ် ဆိုသည်ကိုတော့ သူတို့က သိကြမည် မဟုတ်။

"စိတ်မဆိုးပါနဲ့ ထောင်လရာ၊ မင်းကို ငါက စကားစပ်မိလို့ ပြောမိလိုက်တာပါကွ။ မင်းအဖေဆီမှာ ငါတို့ ကတိခံလာကြတာက မင်းကို ထမင်းချက်၊ ဟင်းချက်ပဲကွ။ ငါ့ညီထောင်လက တာဝန်ကျေပါတယ်။ ခုကိစ္စက မင်းနဲ့ မဆိုင်ပါဘူး"

စိုင်းဘောင်က မကျေနပ်ဆုံးလူမှာ ဇော်ရိုးပင်ဖြစ်သည်။ ပြီးတော့ ဇော်ရိုးနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ယူထားသူက ငမောင်။ သူတို့နှစ်ယောက်ကိုတော့ စိုင်းဘောင် လုံးဝ ကျေနပ်ပုံမရ။ ဤသည်မှာလည်း စိုင်းဘောင် ငှက်ဖျားရောဂါရပြီး နှစ်ပတ်သုံးပတ်လောက်ကပင် ဖြစ်နေသည်။

ထောင်လမှာတော့ ယခု စိုင်းဘောင်စကားကို ကြားလိုက်ရတော့မှ သက်မချနိုင်တော့သည်။

စခန်းဂူလိုဏ်ထဲရှိ သူတို့သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ဘဲ တိတ်တိတ်ဆိတ်ဆိတ် နေနေကြ၏။ ထိုသို့ တိတ်ဆိတ်စွာ နေနေကြခြင်းကပင် ချောက်ချားစရာ။

သူတို့နှစ်ယောက်အပေါ် မကျေမနပ် ဖြစ်နေသော စိုင်းဘောင်သည် စိတ်ပျက်လက်ပျက်နှင့် သူ့ကိုယ်ကိုသူ အိပ်ရာထဲ ပစ်လှဲချလိုက်၏။ ခဏအကြာမှာပင် သူ့ပါးစပ်က မကျေနပ်ချက်တွေကို မြည်တွန်တောက်တီး လုပ်လာပြန်





သည်။

"ငါ့အကြောင်း မင်းတို့ သိတယ်နော်။ ဘယ်လိုလုပ်ခဲ့လဲ၊ ဘယ်လိုထိလုပ်ရဲလဲဆိုတာ မော်လူးနဲ့ ဖားကန့်ကလူတွေ အားလုံး သိကြတယ်။ တစ်နှစ်ကများကွာ ဗရင်းတွေ၊ စတင်းတွေ၊ ဂျီ ဖိုး၊ ဂျီသရီးတွေ ကြားထဲ ငါ ငါ့လေ"

ယောင်ယမ်း ငိုက်မျဉ်းပြီး ပြောနေတာလား၊ တကယ် ပြောနေတာလား။ ခွဲခြားမရနိုင်သဖြင့် စိုင်းဘောင်၏စကားကိုတော့ ဇော်ရိုးနှင့် ငမောင်တို့က ဘာမှ ပြန်မပြောကြ။ ငြိမ်၍သာ မသိကျိုးကျွန်ပြုနေကြ၏။

စိုင်းဘောင်၏ ညည်းညူနေသံနှင့် မြည်တွန်တောက်တီး လုပ်နေသံကလည်း ရောနှောကာ အဆုံးမရှိ အစမရှိ နားမလည်တစ်ခွန်း နားလည်တစ်ခွန်း ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ထောင်လကတော့ သူပစ်ဖမ်းလာသော တောကြက်ကို စိုင်းဘောင်အတွက် ကင်ပေးရန် အမွေးနုတ် ခုတ်ထစ်လုပ်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုဖြစ်ကြတာလဲဗျ"

ညနေစာအတွက် ထမင်းဟင်းချက်ရင်း ဇော်ရိုးကို ထောင်လက တီးတိုး မေး၏။

"ဒီကောင် ရှူးများနေလား မသိဘူးကွ ထောင်လ။ မနေ့ကလည်း သူ့ကို တို့ ဒီတစ်ပတ် နှစ်ပတ်အတွင်း ပြန်ကြတော့မယ်လို့ ငါ ပြောပြီးသား။ အဲဒါ ဘာစိတ်ရူးထလဲ မသိဘူး။ နေ့ခင်းက ငါဝို့ ရွှေကျင်နေကြတဲ့နေရာကို ဒယိမ်း ဒယိုင်နဲ့ သေနတ်လွယ်ပြီး ရောက်ချလာတယ်။ အရင် တစ်နေ့ကတော့ နေဆာလွန့်ဖို့ လာတယ် ပြောတာကိုး။ ဒီနေ့ကျတော့ ဒီလို မဟုတ်တော့ဘူး။ သူက ငါတို့ကို ရန်လာရှာတာကိုးကွ"

"ဟင် ခင်ဗျားတို့ကို စိုင်းဘောင် ရန်လာရှာတယ်"

"ဟုတ်တယ်ကွ"

ထောင်လ၏ မျက်နှာကို အေးတိအေးစက်ကြည့်ပြီး ဇော်ရိုးက တုံးတိဖြေ၏။ သူ့စိတ်ထဲ တစ်စုံတစ်ခု အလိုမကျဖြစ်နေပြီ ဆိုသည်ကိုတော့ ထောင်လက မမေးဘဲ သိလိုက်ပြီ။

အမှန်က သူတို့နှင့် ပတ်သက်သည့် အကြောင်းကို ထောင်လ စပ်စပ်စုစု မမေးချင်။ သို့သော် သူတို့နှင့် အတူနေနေသမျှ မမေးဘဲနေ၍လည်း မဖြစ်ပြန်။ သူတို့ထဲပါနေသော ထောင်လသည် စိုင်းဘောင်နှင့် ပိုပြီး လက်ပွန်းတတီး နေနေ ရသူဖြစ်သဖြင့် စိုင်းဘောင်အကြောင်းကို သူသိထားမှ ဖြစ်မည်။ ထို့ကြောင့်-

"ဘယ်လို ရန်လာရှာတာလဲဗျ၊ ပြောစမ်းပါဦး"

အချင်းချင်းပင် ရန်ရှာလာပြီဆိုသော စကားကို ထောင်လက ထိတ်လန့် သွားသည်။

"ဘယ်လိုရန်ရှာမလဲကွ၊ သူ့ကို ဂူထဲမှာ တစ်ယောက်တည်း ပစ်ထားကြ





တယ်။ ဘာညာကွိကွ လာလုပ်တာပေါ့ကွာ။ ငါ ပြောတယ် ဂူထဲမှာ မင်းလည်း မရှိဘူး။ တို့ရထားတဲ့ ရွှေမှုန်တွေ သူများတွေ ဝင်ယူသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ခုဆို မြစ်ညာမှာ တို့တွေ ရွှေရှာကြမှန်းသိလို့ တို့စခန်းနဲ့ နေ့ဝက်ခရီးတွေမှာ ရွှေရှာသမားတွေ အများကြီး ရောက်နေကြပြီလို့ အဲဒါ ငါပြောတော့ ငါ့ကို မျက်ထောင့်နီနီကြီးနဲ့ စိုက်ကြည့်ပြီး ရန်တွေ့တော့တာပဲ။ မင်းတို့က ငါ့ကို ရွှေမှုန် ရွှေပွင့်လေးတွေလောက်တောင် တန်ဖိုးမထားကြတော့ဘူးလား။ ဘာလား ညာ လားပေါ့ကွာ။ အဲဒါ စခန်းထဲကို မနည်းချော့ပြီး ခေါ်လာရတယ်။ စခန်းဂူထဲ ရောက်တော့လည်း မင်းကြားတဲ့အတိုင်းပဲ ထပ်ပြီး ရန်လုပ်နေသေးတယ်။ ခွေးမသား သေမှ အေးမယ့်ကောင်ပါကွာ"

ဇော်ရိုးစကားကြောင့် စိုင်းဘောင်အတွက် ထောင်လ စိတ်မကောင်း ဖြစ် သွားမိသည်။

သို့သော် ထောင်လအနေမှာ စိုင်းဘောင်အား အတတ်နိုင်ဆုံး ပြုစုပေးရုံ ကလွဲပြီး ဘာမှ မတတ်နိုင်။

စိုင်းဘောင်အား ရှာပြန်ပို့ရေးကိစ္စမှာ သူနှင့် တိုက်ရိုက် ပတ်သတ်ခြင်းမရှိ။ မိမိ၏တာဝန်မှာ ညမနက်စာ ချက်ပြုတ်ခြင်း၊ စိုင်းဘောင်အား ခြေဆုပ် လက်နယ် ပြုလုပ်ပေးခြင်း၊ စိုင်းဘောင် စားချင်သောက်ချင်ပါသည်ဆိုသော အစာအာဟာရများကို ရှာဖွေ ကျွေးမွေးနေရခြင်းတို့သာ ဖြစ်သည်။

ထို့ကြောင့် ထောင်လသည် ဤကိစ္စနှင့် ပတ်သက်၍ နောက်ထပ် ဇော်ရိုး ကို ဘာမှ မမေးတော့ဘဲ စိုင်းဘောင် စားချင်လှချည်ရဲ့ဆိုသော တောကြက်ကို သာ ဆားပွတ်လူး၍ ကင်နေလေသည်။

သို့သော် စိုင်းဘောင်ကိစ္စက မပြီးပြတ်သေး။

ညနေစာ ထမင်းစားပြီးကြသောအခါ စိုင်းဘောင် ပြန်ပို့ရေးကိစ္စနှင့် သူတို့ ပြန်ကြတော့မည့် ကိစ္စကို စိုင်းဘောင်ရှေ့၌ပင် ဇော်ရိုးနှင့် ငမောင်တို့က ထပ်မံ တိုင်ပင်ကြသည်။

ဤသည်မှာ စိုင်းဘောင် ပို၍ စိတ်ကျေနပ်သွားရန်နှင့် စိုင်းဘောင်၏ ဖြစ်ပေါ်နေသော ဆန္ဒကို တစ်ပါတည်းသိလိုကြ၍ ဖြစ်သည်။

"တို့ ဒီလိုလုပ်ကြမယ်ကွာ"

ဆိုသော ဇော်ရိုး၏စကားကြောင့် စိုင်းဘောင်နှင့် ငမောင်တို့က ဇော်ရိုး မျက်နှာကို ပြိုင်တူ လှမ်းကြည့်ကြသည်။

"မနက်ဖြန် ထောင်လကို ရွာပြန်လွှတ်လိုက်မယ်၊ ထောင်လ ရွာကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



ရင် လားကြီးကြီး ကောင်းကောင်းတစ်ကောင် ငှားလာနိုင်ဖို့အတွက် ရွှေမှုန်ရွှေပွင့်လည်း တစ်အိတ် ပေးလိုက်မယ်။ ဦးထောင်ထန်ကို တို့ရွာက ထာသင်မော်ဆီ သွားပြီး ရွှေအိတ်ပေးဖို့ ဟာလိန်းနိမ်တို့အိမ်မှာ ရွှေသန့်စင်ဖို့နဲ့ လားကြီးကောင်းကောင်း ငှားပေးလိုက်ဖို့ကိစ္စ ငါ အားလုံး စီစဉ်လိုက်ပါ့မယ်။ ထောင်လ လားနဲ့ပြန်လာတော့ စိုင်းဘောင်ကို လားတဲ့တင်ပြီး တို့ပြန်ကြရုံပေါ့။ ဘယ့်နှယ်လဲ ငါ့အစီအစဉ်"

စိုင်းဘောင်က သူတို့ ပြန်ကြတော့မည် ဆိုသဖြင့် အားကိုးတကြီးနှင့် ဇော်ရိုးအနား တိုးကပ်သွား၏။

"ပြန်ကြမယ့်အတူတူ တို့ မနက်ဖြန် တစ်ခါတည်း ပြန်ကြရင်ကောကွာ"

စိုင်းဘောင်က ဇော်ရိုးကို ဝမ်းသာအားရ ပြောလိုက်သည်။

"ဟော့ကောင် ငစိုင်း။ မင်း ရူးနေလားကွ။ ဒီခရီးလမ်းအကြောင်း မင်းလည်း သိသားနဲ့။ မနက်ဖြန် တို့အကုန်သူ ပြန်ကြရအောင် မင်းကို တို့နှစ်ယောက်ထမ်းခေါ်ကြပြီ ဆိုပါတော့။ ကျန်တဲ့ ရွှေအိတ်တွေ၊ ပစ္စည်းတွေ ထောင်လတစ်ယောက်တည်း ဘယ်လိုလုပ် သယ်နိုင်မလဲ၊ မင်း ကျန်းမာရေးကို ကြည့်ပြီး လမ်းမှာနှစ်ညအိပ်ချင်အိပ်ကြရမှာကွ။ မင်း စဉ်းစားကြည့်စမ်း။ ဒီခရီး မင်းလည်း တို့နဲ့အတူလာခဲ့တဲ့လူပဲ သိပါတယ်ကွာ ငစိုင်းရာ"

"ဇော်ရိုး ပြောတာ ဟုတ်သားပဲ စိုင်းဘောင်၊ ငါတို့နှစ်ယောက်က မင်းကို ထမ်းကြရမယ်ဆိုတော့ တို့ ကျင်ခွက်ခပ်ခွက် ပစ္စည်းပစ္စယတွေကို ထောင်လတစ်ယောက်တည်း ဘယ်လိုမှ မနိုင်, နိုင်ဘူး။ ဇော်ရိုးပြောတဲ့ အစီအစဉ် ကောင်းတယ်။ ထောင်လကို မနက်ဖြန်ခါ အစောကြီး လွှတ်လိုက်မယ်ကွာ၊ မင်း ကျေနပ်တယ် မဟုတ်လား။ ထောင်လ ပြန်လာတော့ ဟိုတစ်ပါတည်း ပြန်ကြရုံပနော"

ဇော်ရိုး၏ စကားကို ငမောင်ကလည်း ထောက်ခံသည်။

"မင်းတို့ ကောင်းမယ်ထင်သလိုသာ လုပ်ကြပါကွာ၊ ငါ့ဆန္ဒကတော့ ရွာကို မြန်မြန် ပြန်ရောက်ဖို့ပဲ။ ငါ့ရောဂါကို ငါသိပါတယ်။ ကြာရင် ဒီမှာ ငါ ငါ သေရလိမ့်မယ်၊ ခုတောင် ငါ့စိတ်ထင်တော့ နေ့လား၊ ညလား . . ."

"အိုး မဟုတ်တာကွာ၊ ယောက်ျားပဲ အားတင်းထားစမ်းပါ။ ဒီထက် အခက်အခဲတွေ မင်းပဲ ပြောပြောနေတာပဲ။ ဖားကန့်နဲ့ မော်လူးဘက် တို့ ဘယ်လို အခက်အခဲတွေ ကျော်လွှားလာခဲ့ကြတယ်ဆို"

"ဟိုမှာတုန်းကတော့ ရောဂါမှ မရှိတာ ကြိုးစားနိုင်ကြပေါ့ကွာ၊ ခုတော့ ငါ့မှာ ရောဂါကြီးနဲ့၊ အဲဒါကြောင့် ငါ ရွာကိုပဲ မြန်မြန်ရောက်ဖို့ စိတ် . . ."





"အေးပါကွာ . . အေးပါ အေးပါ၊ ဒီအပတ်အတွင်း တို့ မုချ ရွာပြန်ရောက်ကြမှာပါ။ ရွာပြန်ရောက်ရင် ပြီးရောပေါ့။ မင်း စိတ်အေးအေးသ... သားစမ်းပါ"

စိုင်းဘောင်၏ ဆို့ဆို့နင့်နင့်အသံကို သွေးနည်းလိုက်တာ ဟူသော စိတ်ပျက်သံနှင့် ဇော်ရိုးက တိုတိုပြတ်ပြတ်ပင် ပြောလိုက်ပြန်သည်။

ဇော်ရိုးသည် သူ့အစီအစဉ်နှင့်သူ နေ့လယ်က ကျင်၍ ရလာသော ရွှေမှုန်ရွှေပွင့်တွေကို အဝတ်အိတ်ထဲထည့်၍ လက်နှင့်ဆကြည့်နေ၏။ သူ့စိတ်ထဲမှာ သူတို့ နေ့လယ်က ရွှေကျင်နေကြသော ကျင်ကျင်းနားကို စိုင်းဘောင်ရောက်လာခြင်းကိစ္စ တွေးနေပုံရသည်။ စိုင်းဘောင်ကို ချော့မော့ပြန်ခေါ်လာရသဖြင့် ဤနေ့ သူတို့နှစ်ယောက် ရွှေမှုန်ရွှေပွင့် အရနည်းခဲ့ကြသည်။ ဤသည်ကို သူ့စိတ်ထဲ မကျေမနပ်လည်း ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

မနက်အစောကြီး ရွာပြန်ရမည်ဆိုသဖြင့် ထောင်လ စောစော အိပ်ရာဝင်လိုက်သည်။

သို့သော် . . .

ထောင်လကား အိပ်မပျော်။ ပီယနှင့် ပတ်သက်သော အကြောင်းတွေကိုသာ တစ်ညလုံး တွေးနေမိသည်။

ပီယကို သူ မမျှော်လင့်ဘဲ ရွာပြန်သွားရသည့်အကြောင်း အသိပေးထားခဲ့ချင်သည်။ ပီယတို့အိမ်နှင့် သူတို့စခန်းမှာ နီးနီးလေးပင် ဖြစ်သော်လည်း ယခင်က ပီယကို သူ နောက်ပြောင် ပြောဆိုခဲ့ဖူးသလို 'ပီယရေ ဝေး၊ ပီယ ငါ မနက်ဖြန် ရွာပြန်ရမယ်ဟေး သုံးလေးရက်ကြာမယ် အချစ်ရေ ကိုယ့်ကိုလွမ်းပြီး ငိုမနေနဲ့' ဟု အော်ပြောလိုက်လျှင် ပီယ ကြားမည်တော့ အမှန်ပင်။ သို့သော် ဤသို့အော်ပြောထားခဲ့လျှင် ပီယတစ်ယောက် တည်းသာမဟုတ်၊ သူ့ကပါး၊ သူ့ကဦးတို့ပါ ကြားကြမည်။

ဤသည်ကိုတော့ ပီယက ကြိုက်မည်မဟုတ်။ သူကလည်း မဝံ့။ သူ့ကပါး သူ့ကဦးတို့ ကြားသွားလျှင် သူတို့ကို သက်သက် အရှက်ခွဲသည်ဟု စိတ်ဆိုးကြလိမ့်မည်။ မနက်အစောကြီးလည်း ပီယက နွားကျောင်းထွက်မည် မဟုတ်။ ပီယ နွားကျောင်းထွက်သောအချိန်သည် နေလုံးနီနီ တောင်ပေါ် ကျော်လာချိန်မှပင်။ သူကတော့ နေမထွက်မီ အစောကြီး ထွက်သွားရတော့မည်။ သူ ရွာသို့ အရေးပေါ် ထွက်သွားရကြောင်း ပီယ သိအောင် မည်သို့လုပ်ရပါ့။

စခန်းရှိ တစ်ယောက်ယောက်ကို ပြောခိုင်းလိုက်၍လည်း မဖြစ်။ စခန်းရှိ ဇော်ရိုးနှင့် ငမောင်တို့ကလည်း ပီယနှင့် သူ့အကြောင်း မသိကြ။ တစ်ခါက ပီယတို့ခွေးကို သေနတ်နှင့် ပစ်သတ်ခဲ့သော ဇော်ရိုးသာ သွားပြောလျှင်တော့ ငါးပါးပါမှောက်မည်။ သူနှင့် ဇော်ရိုးတို့ တစ်ဖွဲ့တည်းမှန်း ပီယအစ်ကိုက သိသွား





လျှင် သူညီမနှင့် ထောင်လကို ဘယ်လိုမှ သဘောတူမည် မဟုတ်။ ဇော်ရိုးနှင့် စိုင်းဘောင်တို့ သေနတ်နှင့် ပစ်သတ်ခဲ့ကြသော သူတို့ခွေးအပေါ် ပီယ၏အစ်ကိုတယခုထိ အငြိုးအတေး ကုန်ချင်မှ ကုန်ဦးမည်။ ရန်ငြိုးထားတုန်းပင် ရှိကောင်းရှိနိုင်သည်။

သူတို့ခွေးကို သတ်သွားကြသော ချင်းတွင်းသားတွေနှင့် အတူတကွ ခေါင်းသင်းနေထိုင်နေသည်ကို ပီယကလည်း ကျေနပ်ချင်မှ ကျေနပ်မည်။ အောက်ချင်းတွင်းသားတွေဆိုလျှင် သူတို့က နဂိုကပင် အယုံအကြည် မရှိချင်ကြ။ သူ ရွာကို အရေးတကြီး ပြန်ရမည်ဆိုခြင်းကို ပီယက ယုံချင်မှလည်း ယုံမည်။ သူ့ကို တမင် လှည့်စားထားခဲ့ပြီဟုများ အထင်ရောက်သွားလေမလား။

'ဒီအကြောင်းတွေကို ပီယသိအောင် ဘယ်လိုလုပ် ပြောရပါ့။ ငါ ရွာပြန်နေတုန်း ပီယတော့ ငါ့ကို နေ့တိုင်း မျှော်နေမှာပဲ။ ရေအတူတူ ကူးနေကျ ရေအတူ ခိုးနေကျ ရေတံခွန်နားက ငါ့ကို နေ့တိုင်း တမျှော်မျှော်နဲ့ စောင့်နေမှာပဲ။ ဟိုတစ်နေ့ ဝစ်ရက် မရောက်တာတောင် သူက ငါ့ကို စိတ်ကောက်နေသေးတယ်'

ထောင်လမှာ အိပ်မပျော်နိုင်တိုင်း တောင်စဉ်ရေမရ လျှောက်တွေးနေမိသည်။ ထောင်လ၏ အတွေးမှာ ကစွတ်ကင်းလျှောက်လည်နေသည်။ သည်ကြားထဲ ကိုယ်ရောင်ဌက်ဖျားရောဂါ ရထားသော စိုင်းဘောင်ကလည်း 'ငါ့ကို ပြန်ပို့ ငါ့ကို မြန်မြန်ပြန်ပို့ကြ။ ငါ သေနတ်နဲ့ ပစ်လိုက်မယ်နော်။ သေကုန်ပြီ သေကုန်ပြီ၊ ကောင်းတယ်၊ ကောင်းတယ် မင်းတို့အားလုံး သေကုန်မှ ငါ ရွာပြန်ရတော့မယ်' ဟု တစ်ညလုံး ကယောင်ချောက်ချား ယောင်ယမ်းပြောဆိုနေသည်။

စခန်းတဲ ပတ်ဝန်းကျင်မှ တောတိရစ္ဆာန်တွေ အော်မြည်နေကြသံနှင့် စိုင်းဘောင်၏ ယောင်ယမ်းဆဲဆိုနေသံတို့က ပီယနှင့် ပတ်သက်သော ထောင်လ၏ ကြည်နူးနှစ်သိမ့်စရာ အတွေးတွေကို တစ်ချက်တစ်ချက် ဝင်ရောက် နှောင့်ယှက်သွက်ရှိသည်။

ထို့ကြောင့် ထောင်လသည် သန်းယံကျူးမှ မှေးခနဲ အိပ်ပျော်သွား၏။

"ဟေ့ကောင် ထောင်လ၊ မင်း ရွာပြန်ပြီး လားသွားယူမယ်ဆို။ ထတော့လေကွာ။ ငါ သက်သက်သာသာ စီးသွားနိုင်လောက်အောင် ဂယ်လိန်းမောင်းဘို့ကို ပြောပြီး လားကောင်းကောင်းကြီးကြီး ရှာလာခဲ့ပါကွနော်။ မင်း ကျေးဇူး ငါ မမေ့ပါဘူး။ ငါ့ဝေစုရတဲ့ ရွှေတစ်ဝက် မင်းကို ပေးပါ့မယ်။ ငါ့မှာ ပိုက်ဆံအေး အများကြီး ရှိပါတယ်။ ငါ့ညီ ထောင်လ ထတော့လေကွာ။ ထတော့ ထတော့"

သူ မှေးခနဲ အိပ်ပျော်သွားစဉ် စိုင်းဘောင်က သူ့ကို တီးတိုး လာနှိုးပြောနေသဖြင့် ထောင်လ လန့်နိုးလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ် မိုးလင်းသွားပြီ အထင်နှင့် ထောင်လ ကမန်းကတန်း ထထိုင်မိလိုက်သည်။ မျက်လုံးကို ပွတ်ပြီး အပြင်ဘက် လှမ်းကြည့်လိုက်၏။ စခန်းတဲဝသည် မှောင်နှင့်မည်းမည်းသာ ရှိနေသေးသည်။ မိုးမလင်းသေးကြောင်း ထောင်လ အတပ်သိ၏။ မိုးလင်းပိုင်း အော်မြည်တတ်သော ဟောဟဲငှက်များပင် မအော်ကြ၊ မမြည်ကြသေး။ ဤလိုအချိန်တွင် စခန်းတဲက မည်သူ အပြင်ကိုထွက်စုံမည်နည်း။

"စောလွန်းသေးတယ်ဗျ၊ မိုးမလင်းသေးပါဘူး"

အိပ်ချင်မူးမူးနှင့် စိုင်းဘောင်ကို ပြန်ပြောပြီး ထောင်လ အိပ်ရာထဲ ပြန်လှဲချလိုက်၏။

"အင်း ဟင်း စောပါသေးတယ် ဟုတ်လား။ မစောဘူးကွ မစောဘူး၊ မိုးလင်းတော့မယ်။ ဟော့ကောင် ထတော့လေကွာ။ မင်း မြန်မြန်ဖို့ လုပ်တော့၊ မင်းတို့ကတော့ ငါ့အတွက်ဆို အမြဲ အချိန်ဆွဲနေကြတာပဲ။ ဟဲ့ကောင် ထလေကွာ"

"ဆလိုင်း၊ ခင်ဗျား ဘယ်လိုဖြစ်နေလဲ။ ဒီအချိန်ကြီး ရွာပြန်ရင် ကျုပ်ကို ကျားဆွဲသွားမှာပေါ့ဗျ"

သူ့ကိုယ်ကို အတင်း လာလှုပ်နှိုးနေသော စိုင်းဘောင်ကို ထောင်လက ပိဟ်ပေါက်ပေါက်နှင့် ပြောပစ်လိုက်၏။

သို့သော် စိုင်းဘောင်က လက်မလျှော့သေး။ သူ့နားနား ပိုကပ်လာပြီး-

"မင်းလည်း ဇော်ရိုးတို့ ငမောင်တို့နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပါလားကွ။ ဒီပုတ်ထဲက ဖိပဲတွေပါလား။ ထထ ဟော့ကောင် မင်း ခုထစမ်း။ မင်းခု ချက်ချင်း ရွာကိုသွားရမယ်။ ထလေကွာ။ မင်း မထဘူးလား ပြောစမ်း"

စိုင်းဘောင်က ကျားဟိန်းသလို ရင်ခေါင်းသံကြီးနှင့် အော်လိုက်သဖြင့် ဇော်ရိုးနှင့် ငမောင်တို့ပါ ဤတစ်ခါ အိပ်ရာက လန့်နိုးထလာကြသည်။

"ခက်တော့တာပဲဗျာ၊ ခင်ဗျားတို့လူလည်း ခင်ဗျားတို့ ကြည့်ပြောထားကြဦး"

ထောင်လက လန့်နိုးလာကြသော ဇော်ရိုးတို့နှစ်ယောက်ဘက် လှမ်းပြောလိုက်၏။

ဇော်ရိုးက စိုင်းဘောင်နှင့် ထောင်လတို့နှစ်ယောက်ကို မေးသည်။

"မင်းတို့နှစ်ကောင် ညကြီးမင်းကြီး ဘာဖြစ်နေကြတာလဲ"

ဇော်ရိုးနှင့် ငမောင်တို့က သူ့ကို စူးစူးရဲရဲ ကြည့်မေးသဖြင့် စိုင်းဘောင်မှာ ချက်ချင်း ဘာပြောရမှန်း မသိဘဲ တည်တည်ကြီး မလှုပ်မယှက် ဖြစ်သွား၏။





ပြီး သူ၏ သက်မချသံ။

ဇော်ရိုးတို့ကို လုံးဝ စကား ပြန်မပြောသေးဘဲ ထင်းစတစ်ခုနှင့် မီးဖိုကို ခကျေမနပ် ထိုးဆွနေသည်။ သူ ထိုးဆွလိုက်သော မီးကျီးမီးခဲများနှယ် သူ့စိတ်သည်လည်း ပရမ်းပတာ ဖြစ်နေပြီ ဆိုသည်ကို ထောင်လက ခန့်မှန်းမိလိုက်၏၊

ဇော်ရိုး ယခင်က နှုတ်လွန်စကား ထွက်ထားဖူးသလို 'တကယ်များ ရူးနေ ပြီလား' ဟု ထောင်လက ထိတ်ထိတ်လန့်လန့် တွေးမိလိုက်သည်။ ဤအတွေးကို တွေးပြီးမှ ထောင်လက စိုင်းဘောင်ကို သနားသွားမိပြန်သည်။

"ဟင် ထောင်လ၊ မင်းတို့ကောင်တွေ ညကြီးမင်းကြီး ဘာဖြစ်နေကြလဲလို့ ငါ မေးနေတယ်လေကွာ"

"ဒီမှာလေဗျာ၊ ဆလိုင်းကြီးက မိုးလင်းပြီထင်လို့ ကျုပ်ကို လာနှိုးနေတာပါ။ မိုးမလင်းသေးပါဘူး။ ဒီအချိန်ကြီး စခန်းထဲက ထွက်ရင် ကျုပ်ကို ကျားဆွဲ. . ."

"ဟုတ်သားပဲ၊ သန်းခေါင်ကျော်ပဲ ရှိသေးတာ။ မင်း ဘယ်လိုဖြစ်နေတာလဲ စိုင်းဘောင်။ ငါတို့ မင်းကို ပြောထားပြီးပြီပဲကွာ။ မိုးလင်းတော့ ထောင်လသွားလိမ့်မပေါ့။ မင်း စိတ်အေးအေးထားစမ်းပါ။ မင်းအတွက် အကောင်းဆုံးဖြစ်အောင် ငါ အားလုံး စီစဉ်ထားပါတယ်။ ကဲ အိပ် အိပ်၊ ပြန်အိပ်ကြကွာ။ မိုးလင်းဖို့ အချိန်လိုသေးတယ်"

အိပ်ချင်မူးမူးနှင့် လန့်နိုးလာရသော ဇော်ရိုးက စိုင်းဘောင်ကို မာန်တစ်ဝက် ချော့တစ်ဝက်နှင့် ပြောလိုက်၏။

"ထောင်လ၊ မင်းလည်း ပြန်အိပ်ဦးလေကွာ။ မိုးလင်းတော့ ငါ နှိုးမှာပေါ့"

"အေး အေး"

'အေး အေး' ဟုသာ အာမဘန္ဒေ ခံလိုက်ရသော်လည်း ထောင်လကား အိပ်မပျော်တော့။ ပီယနှင့် ပတ်သက်သော အတွေးကို ကြည်ကြည်နူးနူး တွေးမိပြန်သလို စိုင်းဘောင်တို့ အတွေးတွေက တစ်ထွေးကြီး ဝင်လာသောအခါ ခေါင်းထဲ မူးနောက်နောက် ဖြစ်လာသည်။

ဇော်ရိုးက အိပ်ခိုင်း၍သာ သူ့ကိုယ်ကို အိပ်ရာထဲ လှဲချလိုက်ရသော်လည်း ထောင်လနည်းတူ စိုင်းဘောင်ကလည်း တစ်ညလုံး အိပ်ပျော်ပုံမရ။ ဇော်ရိုးနှင့် ငမောင်တို့မှာမူ တစ်နေ့လုံး ပင်ပန်းခံ အလုပ်ကြမ်းလုပ်ထားကြသူတွေမို့ အိပ်ရာထဲ ခေါင်းချလိုက်ကြသည်နှင့် အသက်ရှူသံ သဲ့သဲ့နှင့် ဟောက်သံတစ်ဝက်ဖြင့် အိပ်ပျော်သွားလိုက်ရသည်။

ဇော်ရိုးနှင့် ငမောင်တို့ အိပ်ပျော်သွားကြသည်နှင့် စိုင်းဘောင် အိပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



ခိုးကြောင်ခိုးဝှက် ထလာပြန်သည်။ မီးဖိုထဲ ထင်းချောင်းအသစ်တွေ ထပ်ထည့်သည်။ ပြီး မီးဖိုနားတွင် မှောက်ထိုင် ထိုင်ကာ ဘာကို စဉ်းစားနေသည်မသိ၊ ငူငူကြီးလုပ်နေ၏။

ဘယ်လိုမှ ပြန်အိပ်မရသော ထောင်လမှာ ပီယဆီ စိတ်က ရောက်သွားလိုက်၊ ရွာက သူ့အဖေဆီ ရောက်သွားလိုက်၊ စိုင်းဘောင်၏ ဆောက်တည်ရာမရ ဖြစ်နေသည်ကို သိတ်ထိတ်လန့်လန့်နှင့် လှမ်းကြည့်ရင်းက မိုးစင်စင်လင်းတော့သည်။

စိုင်းဘောင်နှင့် ညက ပြဿနာ ဖြစ်ချိန်တွင် 'မိုးလင်းတော့ ငါနှိုးမှာပေါ့'ဆိုသော ဇော်ရိုးနှင့် ငမောင်တို့ပင် အိပ်ရာက မထကြသေး။ ထောင်လကား ရွာပြန်ရန် အဆင်သင့် ဖြစ်နေပြီ။ မိုးလည်း လင်းခါနီးပြီ။ ထို့ကြောင့် အိပ်ရာသဲကျွေးနေကြသေးသော ဇော်ရိုးနှင့် ငမောင်တို့ကို ထောင်လက သွားနှုတ်ဆက်သည်။

"ဆလိုင်းတို့ ကျုပ် သွားမယ်ဗျို့၊ အမြန်ဆုံး ပြန်လာခဲ့မယ်။ ကျုပ် ခွေးလေးကိုတော့ ဂရုစိုက်လိုက်ကြပါဗျာ။ ကျုပ်မရှိတုန်း ကျုပ်ခွေးလေးကို ထမင်းရည်လည်း ဝအောင် တိုက်ကြပါ"

"အေး အေး ကောင်းပြီ၊ စိတ်ချပါကွာ။ မင်း အမြန်ဆုံး ပြန်လာနိုင်အောင် ကြိုးစားခဲ့ကွာ။ ရွာရောက်ရင် ငါ မှာထားသလို မင်းအဖကို ပြောလိုက်၊ ဟာလိန်နိပ် အားလုံး စီစဉ်ပေးပါလိမ့်မယ်လို့ ဟုတ်လား"

"အေး အေး"

ဇော်ရိုးက အိပ်ရာမထ လှမ်းပြောသည်။

ငမောင်ကမူ ထောင်လ နှုတ်ဆက်နေသည်ကိုပင် ကြားဟန်မတူ၊ စောင်ခေါင်းမြီးခြုံပင် ဖွင့်မကြည့်ဘဲ ငြိမ်နေ၏။

ထောင်လ စခန်းဝသို့ ထွက်လာသောအခါ မီးဖိုဘေးတွင် ဘာ်ညလုံး ငုတ်တုတ်ထိုင်နေသော စိုင်းဘောင်သည် ရုတ်တရက် ထပြီး ထောင်လနောက်ကို ဒယိမ်းဒယိုင်နှင့် လိုက်ပါလာသည်။ စခန်းခြံစည်းရိုးနား အရောက်တွင် စိုင်းဘောင်က "ဟော့ ဟော့"ဟု တီးတိုးအသံပြုလိုက်ပြီး ထောင်လ အနားကပ်လာသည်။

"ဘာမှာမလို့လဲ ဆလိုင်း"

"ငါလည်း မင်းနဲ့ ဘင်ပါတည်း လိုက်ပါရစေကွာ"

"ဗျာ ခင်ဗျား . . . ဘယ်လို"

စိုင်းဘောင်က နှာ်ကိုယ်ကြား လေသံနှင့် တီးတိုးပြောသည်ကို နားမရှင်းလိုက်၍ ထောင်လက ပြန်မေးရ၏။

"ရှူး တိုးတိုးပြောပါကွာ၊ ငါလည်း မင်းနဲ့အတူ လိုက်ပါရစေ။ မင်းကို ငါ အားထားပါတယ် ထောင်လရယ်။ ငါ့မှာ အားကိုးစ . . ."

"ဟာဗျာ ခင်ဗျား နေမကောင်းဖြစ်နေတဲ့ဥစ္စာ ဘယ်လိုလုပ်ပြီး ကျုပ်နဲ့ လိုက်နိုင်ပါ့မလဲ။ လမ်းတစ်ဝက်တင် ခင်ဗျား ဒုက္ခရောက်မှာပေါ့။ ခုတောင် ခင်ဗျား လမ်းကောင်းကောင်း မလျှောက်နိုင်တာ။ ခက်တော့တာပဲဗျာ"

"ဟော့ကောင် တိုးတိုးပြောပါကွ၊ ဟိုခွေးနှစ်ကောင် ကြားသွားပါဦးမယ်"

ထောင်လ စကားမဆုံးမီပင် စိုင်းဘောင်က ထောင်လ နားနားကပ်၍ ပြောပြန်၏။

စိုင်းဘောင်သည် ဇော်ရိုးနှင့် ငမောင်တို့ ရှိနေရာဘက်သို့ မလုံမလဲ လှမ်းကြည့်ပြီး ထောင်လ၏ လက်မောင်းတစ်ဖက်ကိုလည်း အားကိုးတကြီးနှင့် ဆုပ်ကိုင်ထား၏။ စိုင်းဘောင် ပါးစပ်မှ လေဟပ်အငွေ့ကြောင့် ထောင်လ တစ်ကိုယ်လုံး ထူပူသွားသလိုပင်။ ထောင်လမှာ စိုင်းဘောင်ကို သနားသွားပြန်သည်။

သူ့ခမျာ တောကြီးမျက်မည်းထဲတွင် ရောဂါဘယနှင့် စိတ်အားငယ်နေရှာသည်။ သူ့စိတ်သည် ဆောက်တည်ရာမရ ဖြစ်နေရှာသည်။ သို့သော် ယခုအနေမှာ ထောင်လကလည်း စိုင်းဘောင်အား ဘယ်လိုမှ ခေါ်သွား၍ မဖြစ်။ လက်ရှိခေါင်းဆောင် ဇော်ရိုးကို မပြောဘဲ သူက ခေါ်သွား၍ မရ။ ရလျှင်လည်း စိုင်းဘောင်က ဘယ်လိုမှ မလိုက်နိုင်။ လမ်းတစ်ဝက်မရောက်မီ ဒုက္ခလှလှကြီးနှင့် ကြုံရလိမ့်မည်။ ထို့ကြောင့် ထောင်လအနေမှာ စိုင်းဘောင်အား ဖျောင်းဖျပြောဆိုထားခဲ့ရုံကလွဲပြီး ဘာမှ မတတ်နိုင်ရှာ။

"ဆလိုင်း ဘာမှ စိတ်အားငယ်မနေပါနဲ့။ နှစ်ရက် သုံးရက်အတွင်း ကျုပ်ရောက်အောင်ကို ပြန်လာခဲ့ပါ့မယ်။ ဒီနှစ်ရက် သုံးရက်အတွင်း ခင်ဗျား စိတ်အေးအေးထားပြီး စောင့်နေပါနော်။ ဘာမှ အားငယ်မနေပါနဲ့။ ကျုပ်ပေးထားတဲ့ဆေးသာ ခင်ဗျား မှန်မှန်သောက်။ ခင်ဗျားရောဂါက ရွာရောက်ရင် ချက်ချင်း ပျောက်မှာပါ"

"အေးပါကွာ၊ ငါ စောင့်နေပါ့မယ်၊ မင်းကို ငါ အားကိုးပါတယ် ထောင်လလေးရယ်၊ မင်းကို ငါ ချစ်လည်း ချစ်ပါတယ်။ တကယ် ပြောတာပါကွာ။ ဘုရားစူး မိုးကြိုးပစ်ပါ။ ငါ့ညီ မင်း အမြန်ဆုံး ရောက်အောင်သာ ပြန်လာခဲ့ပါကွာ"

"အေးပါဗျာ စိတ်ချပါ"

ထောင်လက ဤစကားကိုတော့ ပြီးစလွယ်ပြောလိုက်ရ၏။







www.burmeseclassic.com

www.burmeseclassic.com

သူ ခြံစည်းရိုးအစသို့ ရောက်နေသည်ကို ဘယ်ကဘယ်လို ရိပ်မိသွားသည် မသိ။ သူနှင့် မခွဲမခွာနေတတ်သော သူ့ခွေးလေးသည် ချက်ချင်း သူ့ခြေထောက်ကို လျှာနှင့်လာလျက်သည်။ ထောင်လနှင့်အတူ သူ လိုက်ပါရစေဟု စိုင်းဘောင်ကဲ့သို့ တောင်းပန်နေသလိုပင်။

"မင်းခွေးလေး ခေါ်မသွားဘူးလား၊ ထားခဲ့မလို့လား"

သူ့ခွေးလေးကို ကြည့်ပြီး စိုင်းဘောင်က မေး၏။

"အေးပါ အိမ်ကျောင်းလေးကို ထားခဲ့ရမှာပ။ ခွေးပါနေရင် ခရီးဖင့်နေမှာစိုးလို့ဗျ။ ခွေးနံ့ရရင် ဒီအရပ်ဝံတွေက ရန်လိုကြတယ်။ ဒီကို မြန်မြန်ရောက်မှ ဆလိုင်းအတွက်လည်း ပိုပြီး အဆင်ပြေမယ် မဟုတ်လား။ ကျုပ်ခွေးလေးကိုတော့ ဂရုစိုက်လိုက်ပါနော် ဆလိုင်း။ ကျုပ်မရှိတုန်း ထမင်းရည်လည်း ဝအောင် တိုက် ထားကြပါ။ အသားခြောက်တွေလည်း ဖုတ်ကျွေးကြပါဗျာ"

သူ့ခွေးလေးကို စိတ်မချနိုင်သလို စိုင်းဘောင်အား ထောင်လက ထပ်မှာ နေပြန်သည်။

"အေးပါကွာ၊ စိတ်ချသွားပါ။ မင်း အိမ်ကျောင်းလေး ငါ ဂရုစိုက်လိုက်ပါ့မယ်၊ မင်းခွေးလေးက သိပ်လိမ္မာတာပဲ။ ဟိုနှစ်ကောင်ထက် အများကြီး သိတတ်တယ်။ ခွေးလောက်မှ အရှင်သခင် ကျေးဇူးကို မသိတတ်တဲ့ ဟိုနှစ်ကောင်ကတော့ အိပ်ကောင်းကြတုန်းပဲဟေ့။ မင်းနဲ့ပါ ငါ ငါပြန်လိုက်လို့ကတော့ တကယ် မဖြစ်နိုင်ဘူးပေါ့ကွနော်။ တကယ် မဖြစ်နိုင်ဘူးလား။ ဖြည်းဖြည်းချင်း နားနားပြီး သွားကြလို့ကော မရဘူးလား ထောင်လရာ"

ထောင်လ၏ လက်မောင်းတစ်ဖက်ကို ယခုထိ အားကိုးတကြီးနှင့် မိမိရရ ဆုပ်ကိုင်ထားကာ စိုင်းဘောင်က ငိုသံပါကြီးနှင့် ပြောနေပြန်၏။

စိုင်းဘောင်၏ ငိုတစ်ဝက်ရှိုက်တစ်ဝက်သံကြောင့် ထောင်လမှာ ပင်ပန်းကြီးစွာ သက်မချမိလိုက်ပြန်သည်၊ သွားခါလာခါနီး ရင်နင့်ရပြန်သည်။ ထောင်လမှာ စိတ်လည်းညစ်ရသည်။ ပီယအကြောင်းတွေးပြီး စိတ်ညစ်ရသလို စိုင်းဘောင်အကြောင်းကလည်း တမျှောင့်။

ဇော်ရိုး ပြောသလို စိုင်းဘောင်သည် ရူးများနေပလား၊ ရူးနေ၍သာ မဖြစ်နိုင်မှန်း သိလျက်နှင့် သူ့ကို တောက်တဲ့ကပ် ကပ်ပြီး တောင်းပန်နေသည် မဟုတ်ပါလား။

ထိုအတွေးက ရုတ်တရက် ခေါင်းထဲ လာဆောင့်သောအခါ ထောင်လ၏ တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်း ထသွားမိသည်။ တုန်လှုပ်ချောက်ချားစိတ်





နှင့် ကြောက်စိတ်သည် သူ့ဦးနှောက်ထဲကို ချက်ချင်း ဆူဝေသွားစေလေသည်။

"ဘ . . . ဘုရားသခင်၊ စိုင်းဘောင်တစ်ယောက် ရူးနေတာတော့ မဖြစ်ပါစေနှင့် အာမင်"

ထောင်လမှာ စိတ်ထဲ ဘုရားတရင်း စိုင်းဘောင်၏ တစ်ကိုယ်လုံးကိုလည်း ချောက်ချောက်ချားချား ငေးကြည့်နေလိုက်မိ၏။

ထူအန်း ဖောသွပ်နေသော မျက်နှာပြင်ကြီးနှင့် နီရဲနေသော မျက်လုံးအစုံတို့မှာ သူ့ကိုပင် စားတော့ဝါးတော့မည့်အသွင်လား ထင်မိလိုက်၏။ သူ၏ မျက်ရိပ်မျက်ခြည်ကို ကြည့်ရသည်မှာ လူအားလုံးအား မယုံသင်္ကာစိတ်၊ သံသယစိတ်နှင့် ရန်ရှာချင်နေသလား ထင်ရသည်။ သူ့စိတ်ထဲမှာ မကျေနပ်ချက်တွေနှင့် ဆောက်တည်ရာမရ ဖြစ်နေသည့်ပုံပင်။

ယခုမှ စိုင်းဘောင်၏ ရုပ်သွင်ကို စေ့စေ့စပ်စပ် ကြည့်မိသော ထောင်လ၏ စိတ်မှာလည်း အလိုလို ချောက်ချောက်ချားချား ဖြစ်ချင်လာသည်။

ထောင်လသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် တောကြီးမျက်မည်းထဲ သူ့အဖနှင့် အမဲပစ်လိုက်ဖူး၏။ ကျားတွေ၊ ဆင်ရိုင်းတွေ၊ ခံအုပ်၊ ပြောင်အုပ်တွေနှင့်လည်း အကြိမ်ကြိမ် ရင်ဆိုင်ဖူး၏။ အလွန် ရန်လိုနေသော မီးနေသည် တောခွေးမကြီး၏ သားရဲတွင်းနှုတ်ခမ်းပေါ်ကလည်း ဖြတ်ပြေးဖူး၏။ ပြောင်လိုက်ခတ်သဖြင့် သားဖနှစ်ယောက် ဦးတည်ရာမဲ့ ထွက်ပြေးကြရာမှ လမ်းကွဲပြီး တောကြီးမျက်မည်းထဲ တစ်နေ့နှင့် တစ်ရက်လည်း တစ်ယောက်တည်း မျက်စိလည် လမ်းမှား၍ လျှောက်သွားနေဖူး၏။ သို့သော် ယခု စိုင်းဘောင်ကို ရင်ဆိုင်နေရသည်လောက်တော့ တစ်ခါမှ တုန်လှုပ်ချောက်ချားစိတ် မဖြစ်ဖူးခဲ့။

ယခု လူသားအချင်းချင်းပင် ဖြစ်သော်လည်း ရူးနေသူတစ်ယောက်ဟူသော အသိစိတ်က သူ့ဦးနှောက်ကိုလာ၍ အသိပေးလိုက်သောအခါ ထောင်လမှာ ရုတ်ခြည်း မတ်တတ်ရပ်မရလောက်အောင်ပင် တစ်ကိုယ်လုံး တုန်ယင်လာသည်။

ထို့ကြောင့်လည်း ထောင်လသည် သူ့လက်မောင်းကို မြဲမြဲ လာဆုပ်ကိုင်ထားသော စိုင်းဘောင်၏လက်ကို ကမန်းကတန်း ပုတ်ချလိုက်ကာ ပြောလည်းပြော ပြေးလည်းပြေး ဆိုသလို စခန်းထဲက အလျင်စလို ထွက်လိုက်ရသည်။

"စိတ်ချ စိတ်ချနေပါ ဆလိုင်းရေ ဒီအပတ်အတွင်း ခင်ဗျား ရွာကို ရောက်စေရမယ်။ စိတ်အေးအေးသာထားနေပါ ဆလိုင်း"

ထောင်လသည် စိုင်းဘောင်ကို အော်ပြောရင်း လှည့်၍မျှပင် မကြည့်ခဲ့တော့။ သူ့ခွေးလေးက ဘောင်းဘီစ တစ်ဖက်ကို လှမ်းဆွဲသည်ကိုပင် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နှင့် ကျီစားသလို ကန့်ကျောက်ထားခဲ့ရသည်။

သူနားထဲမှာ စိုင်းဘောင်၏ ရှိုက်သံနှင့် တောင်းပန်စကား ပြောကြားနေသံ တွေကသာ ပဲ့တင်ထပ်နေသည်။

သူ ဘယ်သွားသွား သူနှင့်အတူ လိုက်နေကျ အိုးချောင်းလေး၏ တဝုတ် ဝုတ် ဟောင်ကျန်ခဲ့သံကိုလည်း ဤတစ်ခါ ထောင်လ ဂရုမစိုက်အားတော့။ ထောင်လသည် အမြန်ဆုံး ခြေလှမ်းနှင့်သာ စခန်းမှ ဝေးရာသို့ ထွက်လာလေ သည်။

* * *



တောင်ကို ကျော်လာသည်။ တောကို ဖြတ်လာသည်။ မြစ်ကောက် ချောင်းကွေ့တွေကိုလည်း ကူးဖြတ်လာခဲ့ရ၏။ သို့သော် တောင်ကား မကုန်သေး။ တောကား မဆုံးသေး။ မြစ်ကွေ့ချောင်းကောက်တွေလည်း မခန်းခြောက်သေး၊ စီးဆင်းမြဲ စီးဆင်းလျက်။

မြင့်မားဝေသီသော တောင်တန်းမြင့်ကြီးများကို မှန်းဆကာ ထောင်လ ခပ်သွက်သွက် လျှောက်လာရသည်။ နွေနှောင်းလပင် ဖြစ်သော်လည်း တော နက်ထဲတွင် နေပြောက်မထိုးသဖြင့် အေးစိမ့်နေသည်။ မြစ်ကွေ့တစ်ခုကို ဖြတ် ကူးလိုက်သည်။ မနက်က ထုပ်ယူလာသော ထမင်းနှင့် အသားခြောက်ဖုတ်ကို မြစ်ကွေ့ဘေး ကျောက်တုံးပေါ်တွင် ထိုင်စားလိုက်သည်။ အချိန်မှာ နေဝန်းက မွန်းတည့်နေလေပြီ။

ထမင်းစားပြီးသည်နှင့် ခြေလှမ်းကို စတင်ရပြန်သည်။ တောကြောတစ်ခုကို လှမ်းတက်လိုက်သည်။ ယခု ထောင်လ လာနေသောလမ်းသည် ဖြတ်လမ်း လမ်းသစ် ဖြစ်သည်။ ယခင် ပီယအတွက် ခွေးကလေး လာယူဖူးသော လမ်းဟောင်း သို့ မရောက်သေး။ လမ်းသစ်သည် လမ်းဟောင်းနှင့် မဆက်မိသေး။ ယခု ထောင်လ ထွက်လာရသော စခန်းမှာ စခန်းသစ် ကျင်ကွက်သစ် ဖြစ်သည်၊ တောနက်သည်။ ယခင်က သူ မရောက်ဖူး မသွားဖူးဘူးသောဒေသ ဖြစ်သည်။ အဖ ပြောပြဖူး၍သာ ဤလမ်းကို သူ သိထားရသည်။ ထို့ကြောင့် လမ်းဟောင်း သို့ စောစောရောက်ရန် ခြေလှမ်းကို မနားတမ်း မြန်မြန် လျှောက်လာသည်၊

တောင်ကမ္ဘပေါင်း များစွာကို ကျော်ဖြတ်လာသည်။ တောပေါင်း စမ်း ပေါက်ပေါင်းများစွာကို ကျော်လာရသည်။ မကြာမီ သူ ရှာပြန်ဖူးသော ပီယ အတွက် ခွေးကလေး ယူလာစဉ်က လျှောက်ဖူးသော လမ်းဟောင်းပေါ် ရောက်လာသည်။ လမ်းသစ်နှင့် လမ်းဟောင်းကို ဆက်မိသွားပြီ၊ သူ့ချ



www.burmeseclassic.com

www.burmeseclassic.com

ထောက်အစုံသည် လျှောက်ဖူးရောက်ဖူးထားသော မြေပေါ် ပြန်ရောက်လာသည်။ သည်လိုနှင့် ဥရုမြစ်ဝှမ်းမှ ရွှေကျင်သမားတို့၏ စခန်းနားတစ်ခုသို့ ရောက်လာသည်။

ထိုစခန်းသို့ ထောင်လ ရောက်လာချိန်တွင် နေလုံးပင် အတော် မြင့်မြင့်မှာ ရှိနေသေးသည်။ စက်နာရီနှင့်တွက်လျှင် သုံးနာရီကျော်ခန့်သာ ရှိပေဦးမည်။

ထောင်လကို မြင်သောအခါ စခန်းရှိ ရွှေကျင်သမားတွေက ဝမ်းပန်းကသာ ကြိုဆိုကြသည်။ သိဟောင်းကျွမ်းဟောင်းများက မြစ်ညာအထက်တွင် ရွှေရမရ သတင်းမေးကြသည်။ ရွှေ ရ မရကို မပြောသေးဘဲ စိုင်းဘောင်၏ ကျန်းမာရေးကို အရင်ပြောပြသောအခါ သူတို့က မြစ်ညာဘက် လှမ်းကြည့်၍ စိတ်ပျက်သွားကြပုံရသည်။

“အဲဒါကြောင့် ကျုပ်တို့ မြစ်ညာအထက်ဘက် မတက်ရဲကြတာ။ ရွှေတုံးရွှေခဲတွေ ရမယ်ဆိုတာတောင် သွားရဲတက်ရဲတဲ့လူ မရှိခဲ့ဘူး။ ဥရုမြစ်ညာက ငှက်သိပ်ကြီးတယ်။ မြစ်ညာငှက်ဝင်ရင် ရှူးတာ သေတာ များတယ်”ဟု လူကြီးအချို့က ပြောပြကြသည်။

ထောင်လမှာ သူတို့စခန်း၌ တစ်ညနားရသည်။

ဤနေ့ညနေ ထမင်းတစ်နပ်စာနှင့် မနက်ဖြန်မနက် ထမင်းကို သူတို့စခန်းကပင် စီစဉ်သွားရသည်။ နောက်တစ်နေ့ ညနေဆိုလျှင် ရွာကို မုချ ရောက်တော့မည်။

ရွှေကျင်သမားများ စခန်း၌ တစ်ညအိပ်ရသည်ကို ထောင်လက စိတ်ချလက်ချ မရှိ။ ဤလူများမှာ အသိအကျွမ်းဟု ဆိုသော်လည်း ငယ်ပေါင်းကြီးဖော်တွေ မဟုတ်။ မိမိရွာသားတွေ မဟုတ်။ ဘယ်ရွာ ဘယ်ဒေသကဟုပင် မသိ။ ပီယအတွက် ခွေးကလေး သွားယူစဉ်က အပြန်တစ်ခေါက်သာ လမ်းကြုံ၍ တည်းခိုဖူးသည်။ ထိုစဉ်က သူတို့အား မိတ်ဖြစ်ဆွေဖြစ် ဆားအနည်းငယ် ပေးပြီး ပေါင်းသင်းခဲ့ရသည်။ ဤသည်မှာ ထိုစဉ်က အခြေအနေ။

ယခု သူသည် ဥရုမြစ်ညာက ဆင်းလာသူ။ ရွှေတွင်းက ပြန်လာသူ။ သူ့ဆီတွင် ရွှေပါသည်ကိုသိ၍ ဝိုင်းသတ်လုယူကြလျှင် မည်သူကမျှ သိမည်မဟုတ်။ တောကြီးတောင်ကြီးထဲ အစ ပျောက်သွားနိုင်သည်။ သူလို တစ်ယောက်တည်း တစ်ဦးတည်းကို မဆိုထားနှင့် သုံးလေးငါးယောက်အဖွဲ့ကိုပင် ရွှေပါလာသည် သိလျှင် လုယက် သတ်ဖြတ်တတ်ကြသည်ကို စိုင်းဘောင်တို့နှင့် လိုက်ရမည့်ညတွင် အဖက ပြောပြထားသည်။





ထို့ကြောင့် ထောင်လမှာ မလွဲမရှောင်သာ၍သာ သူတို့စခန်း၌ တစ်ညနားခိုရသော်လည်း စိတ်ချလက်ရ မအိပ်ဝံ့။ ကြမ်းခင်းပြင် ကျိုးကျိုးကျွတ်ကျွတ် မြည်သံကြားတိုင်း၊ ထရံတောင်ပါးကို တစ်စုံတစ်ခု ထိသံကို ကြားလိုက်တိုင်း၊ သူတို့ဘာသာသူတို့ စကားတိုးတိုး ပြောနေသံကို ကြားတိုင်း လန့်ဖျပ်နေတတ်သည်။ တစ်ဦးတစ်ယောက် အိပ်ရင်းက လူးလှိမ့်လိုက်သည်ကိုပင် သံသယနှင့် သတိထားကြည့်မိသည်။ တစ်စုံတစ်ယောက် ဟောက်နေသံကိုပင် သူ့ကို ကြံစည်ချင်၍ အိပ်ယောင်၊ ဟောက်ယောင် ဆောင်နေကြတာလားဟု တွေးကြောက်နေမိသည်။ တစ်နေ့လုံး ခရီးပန်းလာသော်လည်း ထောင်လမှာ ကြက်အိပ်ငှက်အိပ်သာ။

ရွာသို့ အပြန်သည် အရေးကြီးသည်။ ရွာကအလာမှာ အရေးမကြီး။ ရွာကလာသူမှာ ရွှေမပါမှန်း သူတို့သိကြသည်။ ယခု ထောင်လမှာ မသန့်စင်ရသေးသော အလျှား တောင်ဆုပ်၊ အလုံး လူကြီး ခြေသလုံးနီးပါးခန့်ရှိ ရွှေရှိုင်းတစ်အိတ် ပါလာသည်။ ရွာကို ရွှေရှိုင်းအပို့ သွားသည်အထင်နှင့် လုယက်သတ်ဖြတ်ကြမှာ စိုးရိမ်မိသည်။ ရွှေရှိုင်းထုပ်ကို တစ်ညလုံး ခေါင်းအုံးလုပ်ပြီး အိပ်တစ်ဝက် နိုးတစ်ဝက် အိပ်လာရသည်။ နှစ်နှစ်ခြိုက်ခြိုက်ကား အိပ်၍မပျော်။ အိပ်မပျော်သည့် အတူတူ ရွာကို စောစောရောက်ရန် စောစောပင် ထပြန်လာလေသည်။

သူ စတင် ထွက်လာချိန်မှာ နေရောင်ခြည်ကိုပင် လုံးဝ မမြင်ရသေး။ မြင့်မားဝေသီသော တောင်ထွတ်တောင်ထိပ်များပေါ်တွင် ဆီးနှင်းမြူရိပ်တို့ တရိပ်ရိပ် ပြေးနေတုန်းပင် ရှိသေးသည်။ တောကြက်နှင့် ဒေါင်းငှက် အိုးဝေတွန်သံတို့ကိုမူ အရပ်ရှစ်မျက်နှာက ကြားနေရသည်။

* * *

အရပ်ရှစ်မျက်နှာတို့တွင် တောကို မြင်ရသည်။ တောင်ကို မြင်ရသည်။ ပြေလျော့သော တောင်ဆင်းများကို လျှောက်ရသလို မတ်စောက်သော တောင်ကမ်းပါးယံများကိုလည်း လှန်တက်လာခဲ့ရသည်။ မကြာမီ ရွှေကျင်နေကြသောသူများကို အတွေ့စိတ်လာသည်။ ဖြတ်လမ်းကလာသဖြင့် ဖထော်ကီးနယ်ကလည်း လွန်ခဲ့ပြီးကို ထောင်လ သိသည်။ ကွေ့တိုင်း၊ ကောက်တိုင်း မြစ်ရေစီးသဲတွင် ရွှေကျင်နေကြသူများမှာ အရပ်ရှစ်မျက်နှာက လာကြသူများ ဖြစ်သဖြင့် မမြင်ဖူးသူ၊ မတွေ့ဖူးသူများကသာ ပိုများလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထောင်လမှာ ရွာကို မြန်မြန် ရောက်လိုဇောနှင့် သူတို့ကို ဂရုမပြုအား။ ရင်းနှီးသော အသိအကျွမ်းတွေ မဟုတ်ကြသဖြင့် နှုတ်ပင်မဆက်မိ။ ခြေလှမ်း သွက်သွက်နှင့်သာ မိမိရွာရှိရာဘက်ကို လျှောက်လာနေသည်။ နွေနှောင်းလ၏ ရွာရိပ်ဝန်းကျင်သည် ပကတိ အေးချမ်းနေသည်။ အရွက်ခြွေထားသော သစ်ရိုင်း ပင်များပေါ်တွင် အောင်လောင်းငှက်တို့ အုပ်လိုက်နားနေကြသည်။ တငြိမ့်ငြိမ့် စီးဆင်းနေသော စမ်းရေကို သောက်ချိုးရင်း နားနေကြပုံရသည်။ ဘုတ်ငှက်တို့ အိုးအိုးအိအိ မြည်နေကြသံကမူ ခရီးဝေးကလာသော ထောင်လအား မိမိရွာသား မှန်းသိ၍ နှုတ်ဆက် အော်မြည်နေကြသလိုပင်။

စမ်းပေါက်အောက်တွင် ရေဆင်းသောက်နေကြသော နွားနောက်နှစ် ကောင်သည် လူခြေသံကြားသဖြင့် ခေါင်းမော့ကြည့်ကြသည်။ နွားနောက်မ သည် ထောင်လကို ဦးဆုံး မြင်သွားပုံရသည်။ ကမ်းစပ်တောစသို့ ဦးဆုံး လှမ်း တက်၏။ နွားနောက်အထီးကြီးကမူ သူ့သခင်နံ့ မဟုတ်သဖြင့် နှာတစ်ချက်ပြင်း ပြင်းမှုတ်လိုက်သည်။ နွားနောက်ကြီး၏ နှာမှုတ်လိုက်သံကြောင့် အိပ်တန်းလုပြီး ရန်ဖြစ်နေကြသော သစ်ရိုင်းပင်ပေါ်က ငှက်ကျားတစ်အုပ် လန့်ပျံသွားသည်။ နွားနောက်ကြီးကမူ အမြီးကို ထောင်မြှောက်ပြီး နွားနောက်မနောက်ကို လိုက် သွားလေသည်။

ထောင်လတို့ ဒေသတွင် နွားနောက်များကို ပီယတို့ဆီမှာလို လူ နောက်က လိုက်၍ ထိန်းကျောင်းရသော အလေ့အထ မရှိ။ တစ်ဆောင်းလုံး၊ တစ်နွေလုံး လွှတ်ထားကြသည်။ မိုးလရောက်၍ မိုးသည်းထန်လာမှ နွားနောက်များလည်း ဆားလျက်ရန်နှင့် နွေးနွေးထွေးထွေး အိမ်အောက်ဝင်ရန် ရောက်လာကြသည်။ မှက်ခြင်ယင်ဒဏ်တို့မှ ကာကွယ်ရန် အရှင်များက မီးဖိုပေးထားကြရသည်။

ထောင်လ ရွာတောင်ဘက်သို့ လှမ်းတက်လိုက်ချိန်မှာ နေလုံးကွယ်သွား ပြီဖြစ်သည်။ အဖကို အိမ်ရှေ့၌ မြားကျည်ဖြတ်၍ တွေ့ရသည်။ ခရီးရောက် မဆိုင်းပင် စိုင်းဘောင်အကြောင်း ပြောပြလိုက်သည်။ အဖလည်း စိတ်မကောင်း ဇော်ရိုး မှာလိုက်သည့်အကြောင်းနှင့် ရွှေရိုင်းအိတ်ကို ပေးသောအခါ "အိမ်း ဒီအတိုင်းဆို စိုင်းဘောင် အသက်က ရွာမှ ပြန်ပါပ့ါမလား လူလေးရယ်"ဟု ဦးထောင်ထန်က ညည်းပြောပြောသည်။ ဇော်ရိုး မှာလိုက်သည်ကို ညတွင်းချင်း ကျူပွန်ရွာ ဆင်းသွားပြီး ထာသင်မော်၊ ဟာလိန်းနိမ်တို့နှင့် စီစဉ်သည်။ ထာသင် မော်နှင့် ဟာလိန်းနိမ်တို့မှာ စိုင်းဘောင်၏ အမိမျိုးတွေ ဖြစ်သဖြင့် သူတို့လည်း အားလုံး အဆင်ပြေအောင် အမြန်ဆုံး အစီအစဉ်လုပ်ပေးလိုက်ကြသည်။





မိမိရွာတွင် နှစ်ညအိပ်ပြီးသည်နှင့် ထောင်လသည် စိုင်းဘောင်တို့ သုံး ယောက်ရှိရာ ဥရုမြစ်ဖျားသို့ ထွက်လာသည်။ သူနှင့်အတူ ထာသင်မော် ငှားပေး လိုက်သော လားကြီးတစ်ကောင်နှင့်အတူ ငှက်ဖျားမြစ်ချင်းပြီး ရွာဆေးဆရာကြီး ဆေးလည်း ပါလာသည်။ နွေနှောင်းကာလ ဖြစ်သဖြင့် သူတို့ရွာနှင့် အတော်ဝေး ဝေးရှိ တောတောင်တို့ကား အရွက်ခြွေထားသော သစ်ရိုင်းပင်များ အနိုးပြိုင်းပြိုင်း နှင့် ခြောက်သွေ့နေသည်။

ဥသြနှင့် ဖိုးခေါင်ငှက်တို့၏ အသံကလည်း အရပ်ရှစ်မျက်နှာ၌ ညံစီနေရာ ထောင်လမှာ ပီယကို ပို၍ သတိရလာသည်။ ငါ့ကို ပီယတော့ အထင်လွဲနေတော့ မှာပဲဟုလည်း တစ်လမ်းလုံး တွေးလာသည်။ စိုင်းဘောင်တို့နှင့်အတူ ပြန်လာပြီးမှ ပီယနှင့် သူတို့အကြောင်းကို အဖအားပြောရန် စကားလုံးများကိုလည်း ယခုက ပင် သီကုံးနေသည်။ အဖကိုပြောရန် စကားလုံးနှင့် ပီယကိုပြောရန် စကားလုံး များကို သီကုံးရင်း ထောင်လ၏ခြေလှမ်းမှာ လားကြီးထက်ပင် မြန်နေလေသည်။

* * *

ထောင်လ မရှိသဖြင့် ဇော်ရိုးနှင့် ငမောင်တို့သည် နံနက်စာ ထမင်းဟင်းကို ကိုယ်တိုင်ချက်ပြုတ်ကြရသည်။

သူတို့နှစ်ယောက် ထမင်းဟင်းကို ချက်ပြုတ်နေကြစဉ် စိုင်းဘောင်သည် ထောင်လ၏ခွေးလေးကို ပွေ့ဖက်ပြီး မီးဖိုဘေးတွင် ငူငူကြီး ထိုင်နေ၏။ ငမောင် ထမင်းရည်ငှဲ့သောအခါ ငမောင်ဘက် တစ်ချက် လှမ်းကြည့်၏။

ငမောင် ထမင်းရည်ငှဲ့ပြီးသွားသည်ကို မြင်သည်နှင့် ရုတ်တရက် ဒယီးဒယိုင် ထလာသည်။ ပြီး ထမင်းရည်ခံခွက်ကို ကောက်မ, ယူသွားသည်။ စိုင်းဘောင်၏ လှုပ်ရှားမှုကို ငမောင်က မသိမသာ သတိထားကြည့်လိုက်သည်။ ဒီကောင် မသောက်စဖူး ထမင်းရည်များ သောက်ဦးမလို့လား ဟု ထင်လိုက်သည်။

'မင်း ထမင်းရည်သောက်မယ်မှန်း သိရင်၊ ငါ သန့်သန့်ခံပေးပါတယ်ကွာ၊ ခုတော့ ထမင်းရည်ခံခွက်က သန့်မှသန့်ရဲ့လား'ဟုလည်း ငမောင်စိတ်ထဲက ပြော လိုက်မိသည်။

ထမင်းရည်ရေခံခွက်ကို မ,သွားယူပြီး ထောင်လ၏ ခွေးလေးကို ဂရုတစိုက် နှင့် ကျွေးနေသည်ကို မြင်သောအခါ ငမောင်က ပြုံးမိသွားသည်။

'ခွေးသခင်က သူ့အတွက် လားကြီးတစ်ကောင် ကောင်းကောင်း ငှားလာ မယ်ဆိုတာနဲ့ ခွေးလေးကို ဂရုတစိုက် လုပ်နေတာကိုး' ဟုလည်း မှတ်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်။

"စိုင်းဘောင် မင်း အဆာပြေ စားထားပါဦးလား"

ရွှေကျင်မထွက်ကြမီ အဆာပြေ ထမင်းစားကြရင်း ဇော်ရိုးက စိုင်းဘောင်ကို ထမင်းစားရန် လှမ်းခေါ်သည်။

"ဟင့်အင်း၊ ငါ မဆာသေးဘူး၊ မင်းတို့ပဲ စားကြပါ"

စိုင်းဘောင်က လှည့်၍ပင် မကြည့်ဘဲ သူ မဆာသေးကြောင်း ပြော၏။ စိုင်းဘောင်ကား ထောင်လ၏ခွေးလေးကိုသာ ဂရုတစိုက် လုပ်နေ၏။

ထမင်း အဆာပြေ စားပြီးကြသောအခါ ဇော်ရိုးနှင့် ငမောင်တို့မှာ ရွှေကျင်သွားရန် ခပ်ခွက်၊ ကျင်ခွက်တွေကို ပြင်ဆင်နေကြသည်။

ခပ်ခွက် ကျင်ခွက်တွေကို ပြင်ဆင်နေကြသော ဇော်ရိုးနှင့် ငမောင်တို့ဘက်သို့ မျက်စောင်းလှမ်းထိုးကြည့်ပြီး စိုင်းဘောင်က မေးလာ၏။

"မင်းတို့ ဘယ်သွားကြဦးမလို့လဲ"

"ဟ ငါတို့ ဘယ်သွားကြရမှာလဲ၊ ခါတိုင်း နေ့တွေလိုပဲ ရွှေကျင်သွားကြမှာပေါ့ကွာ၊ ဘာဖြစ်လို့လဲ စိုင်းဘောင်ရာ"

နေ့စဉ် လုပ်နေကျအလုပ်ကို အထူးအဆန်းလုပ်၍ မေးလာသော စိုင်းဘောင်အား ဇော်ရိုးက တအံ့တသြ ပြန်ပြောလိုက်သည်။ ငမောင်ကမူ စိုင်းဘောင်ကို စကားပင် မပြောချင်ဟန်နှင့် တုံကျိုဘောလုပ်၍ အကဲခတ်နေ၏။

"မင်းတို့ မသွားကြပါနဲ့တော့လားကွာ"

စိုင်းဘောင်က ဤတစ်ခါတော့ နှစ်ယောက်စလုံးကို ကြည့်ပြော၏။ သူ့အသံမှာ တောင်းပန်တိုးလျှိုးသံ ပါနေ၏။

"ဘာဖြစ်လို့လဲကွ၊ တို့ ဒီထဲမှာ အလကားနေမယ့်အစား ပြန်ခါနီး တစ်ပဲတစ်ရွေးသားရလည်း နည်းလားကွာ"

"ဒီနေ့ ငါတစ်ယောက်တည်း တဲထဲ နေနေရမှာ စိတ်ထဲ တစ်မျိုးကြီးပဲကွာ၊ ကြောက်နေသလိုပဲ"

"မင်းကလည်းကွာ မဟုတ်တာ၊ ခါတိုင်းလည်း မင်း နေနေကျပဲဟာ၊ ဘာကြောက်စရာရှိလဲ၊ အရေးအကြောင်းဆို တို့ကို လှမ်းခေါ်လိုက်တာနဲ့လည်း ကြားနိုင်တာပဲ၊ ကျင်ကွက်နဲ့ စခန်းက ဘာဝေးတာမှတ်လို့၊ ပြီးတော့ မင်းမှာ သေနတ်လည်း ရှိနေတာပဲ၊ ဘာမှ မကြောက်နဲ့၊ ရွှေလုဖို့လာတဲ့လူ၊ ရန်သူလို့ ထင်ရင်တော့ သေနတ်နဲ့သာ ပစ်ကွာ၊ စခန်းဂူထဲတော့ မျက်နှာစိမ်းတွေကို လုံးဝ အဝင်မခံနဲ့နော်"





စခန်းထဲတွင် ခွေးလေးတစ်ကောင်ကို အဖော်လုပ်ကာ နေနေရမည်ကို စိုင်းဘောင်က တကယ်ကြောက်နေသလိုပင်၊ သူ့စိတ်ထဲမှာ ဘာရယ်လို့ မဟုတ် ဝေခွဲမရ ဖြစ်နေသည်။

ဇော်ရိုးနှင့် ငမောင်တို့ပြောသလို သူတို့စခန်းချနေကြသော ကျောက်လိုဏ်ဝနှင့် ရွှေသွားကျင်ကြရမည့် သောင်စပ်မှာ မြစ်ကွေ့ ဖြစ်နေ၍သာ မမြင်ကြရသော်လည်း နီးနီးလေးပင်။ အော်ခေါ်လိုက်ရုံနှင့် ကြားနိုင်သဖြင့် စိုင်းဘောင်နောက်ထပ် ဘာစကားမှ မပြောတော့။ သူ မည်မျှတားတား ဇော်ရိုးနှင့် ငမောင်တို့ကို ခုနေခါ သူ ပြော၍လည်း အရာမထင်တော့ ဆိုသည်ကို သူက ကြိုသိထားသည်။ ထို့ကြောင့် မသိမသာ အံကြိတ်၍သာ နေလိုက်ရ၏။

"ကဲ တို့သွားမယ် စိုင်းဘောင်၊ အရေးအကြောင်းဆို တို့ကို အော်ခေါ်လိုက်ကွာ၊ ရန်သူလို့သာ ထင်ရင်တော့ စခန်းထဲ လုံးဝ အဝင်မခံနဲ့၊ သေနတ်နဲ့သာ ပစ်ကွာ၊ သေနတ်သံ ကြားတာနဲ့ တို့ပြေးလာခဲ့ပါ့မယ်"

"အေး . . . အေး၊ စိတ်ချ"

"မင်း ထမင်းဆာရင်လည်း စားနှင့်နော်၊ တို့ကို စောင့်မနေနဲ့၊ တို့က ဒီနေ့ နောက်ကျချင်ကျမှာ"

'နောက်ကျ' ဟူသော စကားကို ဤတစ်ခါတော့ စိုင်းဘောင်က အင်းမလုပ် အေးမလုပ်။ နောက်ကျ ဟူသော စကားသည် သူ့အတွက် မလိုလားဆုံးစကားပင်။ သူ လုံးဝ မကြားလိုသော စကားပင်။

ဤသည်ကို ဇော်ရိုးနှင့် ငမောင်တို့ကလည်း သိကြသည်။ ပြောမိလိုက်ပြီးမှ သတိရ၏။မည်သို့မျှ မတတ်နိုင်တော့။ စိုင်းဘောင်ကတော့ သူတို့နှစ်ယောက်ကို မျက်မှောင်ကုတ်ကြည့်နေသည်။

အမှန်က 'ဒီနေ့ နောက်ကျချင် ကျမှာ' ဟူသော စကားကို စိုင်းဘောင်ရှေ့၌ မပြောသင့်။ စောစောကပင် စိုင်းဘောင်၏ အခြေအနေကို သိသင့်သည်။ ပြောချင်းပြောလျှင် ဟုတ်ဟုတ် မဟုတ်ဟုတ် 'ဒီနေ့တော့ ငါတို့ စောစောပြန်လာကြမှာပါကွာ' ဟုသာ ပြောထားခဲ့သင့်သည်။

သို့သော် ပြောမိစကားက လွန်သွားပြီ ဖြစ်သဖြင့် ပြန်ပြင်မရတော့။ ထိုစကား သူတို့ ပြန်ပြင်ပြောလျှင် စိုင်းဘောင်က ပို၍ပင် သူတို့နှစ်ယောက်အပေါ် သံသယဝင်သွားနိုင်သည်။ စိုင်းဘောင်အနေမှာ ငှက်ဖျားကိုယ်ရောင်ရောဂါကြောင့်ကာ သူ့စိတ်ထဲ ကယောင်ချောက်ချား ဖြစ်နေသူ။ မတော် သူ့ကို ပစ်ထားခဲ့ကြသည်ဟု အထင်ရောက်သွားလျှင် သေနတ်နှင့်ပင် လှမ်းပစ်ကောင်း ပစ်မည်သည်။



www.burmeseclassic.com

www.burmeseclassic.com

မပစ်ဟူ၍လည်း မည်သူကမျှ မပြောနိုင်။

ထို့ကြောင့် ဇော်ရိုးမှာ သူ့စကားကို မည်သို့မျှ ပြန်ပြင်မပြောတော့ဘဲ စခန်းထဲကသာ အလျင်စလို ထွက်လာသည်။ ထိုအခါ ငမောင်ကလည်း ဇော်ရိုး နောက် ထွက်လိုက်လာ၏။

စိုင်းဘောင်ကမူ ထောင်လ၏ ခွေးလေးကို အသားခြောက်တွေ ဖုတ်ကျွေး၍ စခန်းထဲ၌ ကျန်နေခဲ့လေသည်။

* * *



ဇော်ရိုးနှင့် ငမောင်တို့မှာ နေ့စဉ် ရွှေကျင်နေကျအတိုင်း မြစ်ကွေ့ သောင်စသို့ ရောက်လာကြသည်။ မနေ့ကပင် အသင့်လုပ်ထားခဲ့ကြသော ကျင်ကျင်းသို့ ရောက်လာကြသည်။ ကျင်ကျင်းမျောစင်ပေါ်တွင် ငှက်ပျောပပ်တွေ ထပ်ခင်းကြသည်။ ကျင်ခွက်ခပ်ခွက်တွေကို တစ်လှည့်စီ ကိုင်ရင်း ရွှေကျင်နေကြသည်။

နေမွန်းမစောင်းမီ ထမင်းဆာလာကြသောအခါ ဇော်ရိုးနှင့် ငမောင်တို့မှာ အလုပ် ခဏနားထားခဲ့ကြပြီး ထမင်းစားရန် စခန်းထဲ ပြန်လာကြသည်။

"ဟောဗျာ ဟော့ကောင်ရာ၊ မင်းဟာ မလွှန်လွှန်းဘူးလားကွ"

"ခဟး . . . ဘာလဲကွ"

"ဘာဖြစ်ရမလဲကွ၊ မင်းခွေး အသားခြောက် ကျွေးနေတာ ပြောတာ၊ မနက်က တို့ ရွှေကျင်သွားကတည်းက မင်းခွေးကို အသားခြောက်ကျွေးနေတယ် ခုထိ ကျွေးနေတုန်းပါလားကွ၊ ဘယ်လိုလဲ"

ဇော်ရိုး ပြောမည်ဆိုကလည်း ပြောစရာ။

စိုင်းဘောင်သည် မနက်ကပင် ယခုထိ ထောင်လ၏ ခွေးလေးကို အသားခြောက်တွေ ဖုတ်ကျွေးနေတုန်း။

ဇော်ရိုးက အထိတ်တလန့် အော်ပြောလိုက်သည်ကို စိုင်းဘောင်ကလည်း ယခုမှသတိရသလို ခဏတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ သို့သော် သူ့အသွင်က ဇော်ရိုးကို လုံးဝ ဂရုမစိုက်သလိုပင်။

"သူသခင်က မှာထားခဲ့လို့ပါကွ"

"ဟ သူ့သခင်က မှာထားခဲ့တာတော့ မှာထားခဲ့တာပေါ့ကွ၊ ဒါပေမယ့် ခွေးပဲ တော်ရုံသင့်ရုံကျွေး တော်ရောပေါ့။ ခု မင်းဟာက . . ."

"အေးပါကွာ၊ အေးပါ အေးပါ"

စိုင်းဘောင်က မလုံမလဲ ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မင်းရောဂါ အညှော်ခံဖို့ မကောင်းလို့ ပြောတာပါကွာနော် စိုင်းဘောင်၊ အသားခြောက်တွေ ကုန်မှာစိုးလို့၊ ခွေးလေးကို မကျွေးချင်လို့ ပြောတာ မဟုတ်ပါဘူး"

တစ်ချိန်လုံး စိုင်းဘောင်၏အပြုအမူကို စောင့်ကြည့်နေသော ငမောင်တတော့ ယခုမှ စိုင်းဘောင်ကို အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျ ပြောသည်။ မနက်ကလည်း ဇော်ရှိုး စကားလွန်ထားသည်ကို သတိရ၍ ဖြစ်၏။

"အေးပါကွာ၊ ငါသိပါတယ်"

ဇော်ရှိုးသည် နေ့လယ်စာ မစားသေးဘဲ အသားခြောက်တွေ ထည့်ထားသော မီးဖိုပေါ်က ခြင်းကို သွားကြည့်သည်။ နှစ်ပိဿာကျော် သုံးပိဿာနီးပါး ရှိသော အသားခြောက်တွေမှာ ခွေးလေးနှင့် စိုင်းဘောင်တို့ ဖုတ်စားပစ်လိုက်ကြသဖြင့် လေးငါးဆယ်သားသာကျန်တော့သည်။

"ဟောက်"

ဇော်ရှိုးက တောက်တစ်ချက်ကို ကျယ်ကျယ်လောင်လောင် ခေါက်ပစ်လိုက်သည်။ ထို့ကြောင့် ငမောင်က ဇော်ရှိုးဘက်သို့ ချက်ချင်း လှည့်ကြည့်လိုက်၏။

"ပြောတော့ သိပါတယ်တဲ့၊ ဘာသိတာလဲ၊ ဒီမှာ ကြည့်စမ်းပါဦးကွာ၊ အသားခြောက်တွေ ပြောင်ကုန်တော့မယ်၊ တို့ အလာစောလို့ပကွာ၊ အဟောသာ မစောရင် ဒီကောင် အသားခြောက်တွေကို အကုန် ခွေးကျွေးပစ်မလား၊ သူပဲ အကုန် ဖုတ်စားပစ်မလား မသိဘူး၊ ဒါ ဒါ ငါတို့ကို သက်သက် အရွဲ့တိုက်တာကွ၊ တောက်"

"ပြောမနေပါနဲ့တော့ကွာ၊ ငါတို့ ပြန်ခါလည်း နီးပါပြီ၊ ဒီရက်ပိုင်းအတွင်း သူ စိတ်ချမ်းသာသလို နေနေပါစေ"

ဇော်ရှိုးက တဖွစ်ဖွစ်တောက်တောက် ယုပ်နေသည်ကို ငမောင် ပြေရာပြေကြောင်း နှစ်သိမ့်လိုက်၏။

"ဟာ စိုင်းဘောင် မင်း မနက်စာထမင်းလည်း မစားသေးပါလား"

ထမင်းအိုးကို ဖွင့်လိုက်သော ငမောင်က စိုင်းဘောင်ရှိရာ ဂူဝဘက် လှမ်းကြည့်၍ မေးလိုက်သည်။

"အေး . . . ကွ၊ ငါ ငါမဆာလို့ မစားသေးဘူး"

"လာလေကွာ၊ အချိန်တောင် လွန်နေပြီပဲ၊ တို့အတူ စားကြရအောင်လား"

"ဟင့်အင်း ငါ မဆာသေးလို့ မစားသေးဘူး၊ မင်းတို့ပဲ စားကြ"





ငမောင် ထမင်းစားခေါ်သည်ကို စိုင်းဘောင်က ခေါင်းခါခါ လည်ခါခါနှင့် ပြန်ပြော၏။

'ဆာမလားကွ၊ တစ်ပိဿာ နှစ်ပိဿာ ဖုတ်စားထားတာ' ဟု ဇော်ရှိုးက အော်ပြောလိုက်ချင်နေသည်။ သို့သော် ဤရက်ပိုင်း ပြန်ခါနီးတွင် ငမောင် ပြောသလို အချင်းမများချင်သဖြင့် သူ့စိတ်သူ ပြန်ထိန်းထားလိုက်ပုံရသည်။

အကယ်၍ စိုင်းဘောင်မှာလည်း ကိုယ်ရောင်ငှက်ဖျားရောဂါ မရှိ၊ ပြန်ရန်ကလည်း အချိန်လိုနေသေးသည်ဆိုလျှင်တော့ ဇော်ရှိုးက စိုင်းဘောင်ကို ထ၍ ပင် ရိုက်မိလိုက်မလား မသိ။ ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် ထမင်းစားပြီးသည်အထိ စိုင်းဘောင်အပေါ် သူ့စိတ်က မပြေလျော့သေး။

နေ့လယ်စာ ထမင်းစားပြီးကြသောအခါ ဇော်ရှိုးနှင့် ငမောင်တို့သည် ယခင်နေ့များကကဲ့သို့ပင် ရွှေကျင်ရန် ထပ်ထွက်သွားကြပြန်သည်။

ဤတစ်ခါတော့ စိုင်းဘောင်ကလည်း သူတို့နှစ်ယောက်ကို နောက်ထပ် ဘာစကားမှ မပြောတော့။ မနက်ကလို ဟန့်လည်း မဟန့်တား၊ ဘာမှမဖြစ်သလိုနှင့် ထောင်လ၏ ခွေးလေးကိုဖက်ကာ လိုဏ်ဝ၌ပင် ကျန်နေခဲ့လေသည်။

* * *

နေညိုသွားပြီ။

မြစ်ညာရေမှာ ပို၍ စိမ့်အေးလာသည်။ ခြေထောက်တွေမှာ တစ်နေ့လုံးလိုလို ရေထဲ နှစ်ထားရသဖြင့် ကျဉ်တက်လာသည်။ ခါးဆစ်ရိုးထိလည်း နာကျင်လာသည်။ လက်တွေမှာလည်း ပဲကြီးရေခွံ လိုက်နေပြီ။

ဇော်ရှိုးနှင့် ငမောင်တို့သည် မိုးမချုပ်မီပင် ဤညနေ၌ စောစော မြစ်ရေထဲက တက်လာကြသည်။

စခန်းထဲ ရောက်လာကြ၏။ စိုင်းဘောင်ကို ထောင်လခွေးနှင့်အတူ ဖက်အိပ်၍ တွေ့ရလေသည်။ စိုင်းဘောင်သည် အတော့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပုံရသည်။ သူတို့နှစ်ယောက် စခန်းထဲ ဝင်လာကြသည်ကိုလည်း သိပုံမရ။ ခွေးလေးကတော့ သူတို့ခြေသံ ကြားသဖြင့် ခေါင်းတစ်ချက် ထောင်ကြည့်သည်။

ဇော်ရှိုးနှင့် ငမောင်တို့ ကိုယ်နံ့ကို ရသောအခါ စိုင်းဘောင်၏ရင်ဘတ်ပေါ် မေးတင်ပြီး ပြန်မှေးနေသည်။

ညနေစာ စားကြသောအခါ စိုင်းဘောင်ကလည်း ကမန်းကတန်း ထလာစား၏။ သို့သော် ကြောင်တစ်ကောင်စာသာ။ ဇော်ရှိုးနှင့် ငမောင်တို့ဆီ၌ အပြော



www.burmeseclassic.com

www.burmeseclassic.com



ခံရမည်စိုးသဖြင့် သဘောလောက် ဝင်စားပြပုံသာ။

သူပန်းကန်ထဲက စားမကုန်သော ထမင်းဟင်းတွေကို ခွေးလေး သွားကျွေးနေပြန်သည်။

ညအိပ်ကြတော့လည်း စိုင်းဘောင်သည် ထောင်လ၏ ခွေးလေးကို သူ့ရင်ခွင်ထဲ အတင်း ဆွဲသိပ်၏။ ဤသည်ကို ဇော်ရိုးကတော့ မျက်စောင်းတခဲခဲနှင့်၊ ငမောင်ကမူ 'သူကျေနပ်အောင် သက်သောင့်သက်သာ နေပါစေကွာ' ဟု ဇော်ရိုးကို ဟန့်တားထားရပြန်သည်။

သည်လိုနှင့် သူတို့မှာ တစ်ညတာကို လွန်မြောက်သွားကြပြန်၏။

နောက်တစ်နေ့ မနက်မှာလည်း ဇော်ရိုးနှင့် ငမောင်တို့သည် မနက်စာထမင်းကို အဆာပြေစားပြီး ရွှေကျင်ရန် သောင်စပ်သို့ ဆင်းသွားကြပြန်သည်။ စိုင်းဘောင်ကတော့ ထုံးစံအတိုင်း ထောင်လ၏ ခွေးလေးနှင့် စခန်းလိုက်ထဲ ကျန်နေခဲ့၏။

နေ့လယ်စာ ထမင်းစားရန် ဇော်ရိုးနှင့် ငမောင်တို့ စခန်းသို့ ပြန်တက်လာကြသည်။ စိုင်းဘောင်က ထောင်လ၏ခွေးလေးကို အုန်းဆံကြိုးတစ်ပင်နှင့် လည်ပင်ချည်ထားသည်ကို မြင်ရ၍ ဇော်ရိုးက အံ့သြသွားသလို မေးလိုက်သည်။

"ဟေ့ကောင် ခွေးလေးကို ဘာလို့ ချည်ထားတာလဲကွ"

"ထွက်ပြေးသွားမှာစိုးလို့ကွ၊ သူ့ သခင်လည်း မရှိတော့ ဒီကောင်က စိတ်မချရဘူး၊ ငါ့မှာ ဒီအိုးကျောင်းလေးပဲ အဖော်လုပ်နေရတာ၊ ဒီခွေးလေးဟာ ငါ့အဖော်ပဲ၊ ငါက ဒီခွေးလေးကို မင်းတို့ထက်တောင် အားကိုးသေးတယ်၊ ငါ့မှာ အားကိုးစရာဆိုလို့ ဒီခွေးလေးရယ်၊ သေနတ်ရယ်ပဲ ရှိတာ။ မင်းတို့ကတော့ ငါ့ကို မကြင်နာကြပါဘူး၊ ရွှေရရင် ပြီးရော သွားလုပ်နေကြတာ၊ ငါ့မှာတော့ ဒီရောဂါ . . ."

"ဒီလိုတော့ မပြောပါနဲ့ စိုင်းဘောင်ရာ၊ ငါတို့ရွှေရတော့ မင်းလည်း ဝေစုတစ်ဖို့ ရတာပဲ မဟုတ်လား၊ ဒီလောက် ချမ်းတဲ့အေးတဲ့ရေထဲ ငါတို့လည်း ဘယ်ဆင်းချင်ကြပါ့မလဲကွာ၊ ခုတောင် ငါ့ခါးက စစ်စစ် စစ်စစ်နဲ့ ကိုက်နေတယ်၊ ခြေထောက်တွေလည်း ကျဉ်ချင်လာတယ်၊ ဒါပေမယ့် တစ်ရက်နှစ်ရက် ကျင်သွားရလည်း မနည်းဘူးဆိုပြီး ဇွဲနဲ့လုပ်နေကြတာပါကွာ၊ မင်းကို မကြင်နာလို့ မဟုတ်ပါဘူး။ ငါတို့ စိတ်မကောင်းအောင် မပြောပါနဲ့ သူငယ်ချင်းရာ"

"ဟေး စိတ်မကောင်းလည်း သေလိုက်ကွာ၊ မြစ်ညာက သဲသောင်မှာ ကျင်းယက်ပြီး မြှုပ်ထားခဲ့မယ်၊ တောက် စိုင်းဘောင်က သူ့ဘာသာသူ နေတတ်





သလို နေနေတာ၊ မင်းက စကား သွားရှည်တာကိုး။ ငါနားကြားပြင်းကတ်တယ်၊ စိတ်မကောင်းရင် သေလိုက် သေလိုက်"

ငမောင်၏ စကားမဆုံးမီပင် ဇော်ရိုးက ငမောင်ကို အော်ပစ်လိုက်သည်။

ဇော်ရိုးက ငမောင်ကို အော်ခြင်းမှာ စိုင်းဘောင်အား မကျေနပ်၍ အော်ပြောခြင်းသာ။ ဤသည်ကို ငမောင်ကလည်း သိ၏။ ထို့ကြောင့် ဇော်ရိုး၏ အပြောကြမ်းကြမ်းကို ဘာမှ ပြန်မပြောလိုက်တော့။ ဤသည်ကို စိုင်းဘောင်ကလည်း အတပ်သိသလိုပင်။

ထို့ကြောင့်လည်း စိုင်းဘောင်သည် ဇော်ရိုးကို မျက်နှာပေါက်ဆိုးဆိုးနှင့် စိုက်ကြည့်ပစ်လိုက်၏။ သို့သော် စိုင်းဘောင်၏ မကျေမနပ်အကြည့်ကို ဇော်ရိုးကား လုံးဝ အရေးမလုပ်။ နေ့လယ်စာ ထမင်းကိုသာ ကုန်းလွေးနေလိုက်သည်။

ဇော်ရိုးမှာ စိုင်းဘောင်ကို လုံးဝ စကားပြောချင်ပုံ မရတော့။ ထမင်းစားပြီးသည်နှင့် ကျင်ခွက်၊ ခပ်ခွက်တွေကို စိတ်လိုက်မာန်ပါ ကောက်ဆွဲကာ ကျင်ကွက်သစ်သို့သာ ဆင်းလာသည်။ ထိုအခါ ငမောင်မှာလည်း ဇော်ရိုးနောက်လိုက်လာရပြန်၏။

ထုံးစံအတိုင်း စခန်းထဲတွင်တော့ ထောင်လ၏ ခွေးကလေးနှင့်စိုင်းဘောင်တို့ နှစ်ယောက်သာ။

ဇော်ရိုးနှင့် ငမောင်တို့ ကျင်ကျင်းရောက်၍ ရေထဲ ဆင်းခါစသာ ရှိသေးသည်။ စခန်းဘက်မှ ခွေးလေး တဂိန်ဂိန် အော်သံကို ကြားကြရသည်။

ဇော်ရိုးနှင့် ငမောင်တို့သည် မအော်စဖူး ခွေးကလေး အော်နေသံကြောင့် စခန်းဘက် နှစ်ယောက်စလုံး နားစွင့်ထားလိုက်ကြသည်။ ခွေးကလေး အော်နေသံက ပိုကျယ်လာသည်။ စဉ်ဆက်မပြတ် အော်နေသည်။

တောထဲ တောင်ထဲတွင် ဤခွေးကလေးအော်နေသံက အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်တတ်သည်။ ခွေးနှင့် လုံးဝမတည့်သော မျောက်အုပ်ကြီးတွေကစပြီး တောခွေး၊ ခွေးအ၊ ဝံ၊ ကျား၊ ကျားသစ် စသည်တို့သည် အနီးအနားတွင် ရှိနေပါက ချက်ချင်း ခွေးအော်နေသောနေရာသို့ ရောက်လာနိုင်သည်။

တောနက်သော ဤဒေသ၌ သားရဲတို့သည် ခွေးလောက်ကို မဆိုထားနှင့် လူကိုပင် ကြောက်ကြသည် မဟုတ်။ နေ့ခင်းကြောင်တောင်ပင် ကျားသစ်တို့သည် လူကို လိုက်လိုက် ချောင်းတတ်ကြကြောင်း ဇော်ရိုးက ကြားဖူးနားဝရှိထားသည်။ ထို့ကြောင့် သူတို့ စခန်းမှ ခွေးကလေး တဂိန်ဂိန် အော်နေသံကို



www.burmeseclassic.com

www.burmeseclassic.com



ဇော်ရိုးက လုံးဝ မကြိုက်။

"ငမောင် ပြေးကြည့်လိုက်စမ်းပါဦးကွာ၊ ဒီကောင် ခွေးလေးကို ဘာလုပ်နေပြန်လဲ မသိဘူး၊ မနက်ကလည်း ခွေးလေးကို ကြိုးနဲ့ချည်ထားတာ တွေ့ခဲ့ရတယ်။ ခွေးလေး သေသွားရင် တောင်လပြန်လာတော့ ပြဿနာ ရှင်းနေရဦးမယ်။ အရင် သူ့ခွေးတစ်ကောင်လည်း ငါတို့ကြောင့် သေသွားခဲ့ပြီ"

ဇော်ရိုးက ပြေးကြည့်ရန် ပြောသဖြင့် ငမောင်သည် ခန်းထဲ ပြေးလာကြည့်ရ၏။ စိုင်းဘောင်သည် စောစောက သူ့အဖော်၊ သူ့အားအကိုးရဆုံး၊ အချစ်ဆုံးပြောသော ထောင်လ၏ ခွေးလေးကို တုတ်တစ်ချောင်းနှင့် တရွှမ်းရွှမ်း လိုက်ရိုက်နေသည်။ ကြိုးချည်ပြီး အရိုက်ခံနေရသော ခွေးလေးမှာ ပြေး၍လည်း မလွတ်သဖြင့် တဂိန်ဂိန် အော်ဟစ်ကာ စခန်းလိုဏ်ဝတွင် လှည့်ပတ် ပြေးနေသည်။

ငမောင်မှာ ထိတ်ထိတ်ပျာပျာနှင့် အံ့ဩတကြီး ဖြစ်သွား၏။

ဤခွေးလေးကို ယခင်တစ်နေ့က စိုင်းဘောင်သည် သူ့စောင်ခြုံကြားထဲပင် သွင်းသိပ်ခဲ့၏။ ဤနေ့မှ ဘယ်ရန်ငြိုးနှင့်များ ကြိုးချည်၍ လိုက်ရိုက်နေပါလိမ့်။

ကြိုးချည်ပြီး အရိုက်ခံနေရသောခွေးလေးမှာ ဆောက်တည်ရာမရ ဖြစ်နေသည်။ သေမလောက် အော်ဟစ် ရုန်းကန်နေသည်။ ချီးတွေ၊ သေးတွေပင် ကွက်ကုန်ပြီ။ ခွေးလေးမှာ အကြောက်လွန်ကာ ပြေးမရမှန်း သိလျက်နှင့် စခန်းထဲတွင် ကြိုးတန်းလန်းနှင့် လျှောက်အော်ပြေးနေသည်။

"ဟေ့ကောင်၊ ဟေ့ကောင် စိုင်းဘောင်၊ ခွေးလေးကို ဘာလို့ ဒီလောက်တောင် ရိုက်နှက်နေရတာလဲကွ၊ ဒုက္ခပါပဲ၊ မင်းနဲ့တော့"

ဂူဝ ခြံအစက ငမောင်၏ အော်ပြောလိုက်သံကို ချက်ချင်း ကြားသွားပုံရသည်။ စိုင်းဘောင်သည် ခွေးလေးကို ဒယီးဒယိုင်နှင့် လိုက်ရိုက်နေရာက စခန်းဝဘက် အထိတ်တလန့် လှည့်ကြည့်လာသည်။ မျက်တောင်နီနီကြီးနှင့် ဘာမှမပြောဘဲ ငမောင်ကို စိုက်ကြည့်နေသည်။ ငမောင်ကို လုံးဝ စကားပြန်မပြောသေး။ ခွေးရိုက်တုတ်ကိုလည်း လက်က မချသေး။

"ဟင် စိုင်းဘောင်၊ ခွေးလေးကို ဘာလို့ ဒီလောက် လိုက်ရိုက်နေတာလဲကွ၊ သူ့ခွေးလေး တစ်စုံတစ်ခု ဖြစ်သွားရင် ထောင်လက ဒီတစ်ခါ ငါတို့ကို သတ်လိမ့်မယ်၊ သူ့အိုးကျောင်းလေးကို ထောင်လ ဘယ်လောက် အရေးထားတယ်၊ ချစ်တယ်ဆိုတာ မင်းသိသားနဲ့ကွာ၊ အရင် သူ့ခွေးတစ်ကောင်လည်း မင်းတို့ကြောင့် သေခဲ့ပြီ။ ဒီတစ်ခါ ဒီခွေးလေးသာ သေသွားလို့ကတော့ မင်းတို့





ငါတို့ကို ထောင်လ သည်းခံမှာ မဟုတ်ဘူးနော် သတ်လိမ့်မယ်"

"ဟား . . . ဟား . . . ဟီး"

"မင်းက ဘာရယ်တာလဲ"

"မင်း အပြောကို သဘောကျလို့ပါ၊ ဟင်း . . . ဟင်း"

"ငါ့အပြောကို"

"ဟုတ်တယ်"

"ငါ့အပြော ဘာသဘောကျစရာ"

"မင်းတုံးတာ၊ အသုံးမကျတာ"

"ဘာအသုံးမကျတာလဲ"

"ထောင်လ တို့ကို လိမ်သွားတာကွ၊ လိမ်သွားတာ၊ ဒီကောင် ပြန်မလာတော့ဘူး၊ မင်းတို့ စိတ်ချ"

စိုင်းဘောင်က ငမောင်ကို လုံးဝ ဂရုမစိုက်ဟန်နှင့် ပြော၏။

သူ့စိတ်ထဲမှာ ထောင်လသည် တကယ် ပြန်မလာတော့ဘူးဟု ထင်နေသည်။

"ဟာ မလာဘဲ ဘယ်နေလိမ့်မလဲကွ၊ တကယ်လို့သာ သူပြန်မလာ . . ."

"မလာဘူးကွ၊ လာကို မလာတော့ဘူး၊ ဒီကောင် ပြန်ကို မလာတော့ဘူး၊ ဒီကောင် ငါတို့ဆီ ပြန်ကို မလာတော့ဘူး၊ ဒီကောင် ငါတို့ကို လိမ်သွားတာ၊ ဒီကောင့်ခွေးကို အသေသတ်ရမယ်၊ ဒီခွေးကလည်း သူ့သခင်လို . . ."

"ဟေ့ကောင် ဟေ့ကောင်၊ မလုပ်နဲ့ကွာ မလုပ်နဲ့၊ ထောင်လ ဘယ်ပြန်မလာဘဲ နေလိမ့်မလဲကွ၊ ဒီကောင် ရွာပြန်သွားတာ ခုမှ တစ်ညအိပ်ရှိသေးတာ၊ ခုဆို ရွာတောင် ရောက်မှာမဟုတ်သေးဘူး၊ ဒီကနေ့ညနေမှ ရွာကို ရောက်မှာ၊ မနက်ဖြန် သန်ဘက်ခါလောက်ဆို သူပြန်လာမှာပေါ့"

ထောင်လ၏ ခွေးလေးကို နောက်ထပ်ရိုက်ရန် တုတ်ရွယ်လိုက်သော စိုင်းဘောင်အား ငမောင်က ကမန်းကတန်း ဟန့်တားရသည်။

"ဪ ငါ မထင်ပါဘူးကွာ . . . ဒီကောင် ရွာပြန်သွားတာ၊ အင်း . . . မင်းပြောတော့ ဘာ မနေ့ကမှ ဟုတ်လား"

"ဟုတ်တယ်လေကွာ၊ မနေ့မနက်ကမှ ထောင်လ ရွာပြန်သွားတာ၊ ဒီညနေမှ သူ ရွာရောက်မှာပေါ့"

"မင်းလည်း အလကားအကောင်ပဲ၊ ငါ့ကို လိမ်ညာဖို့ ကြိုးစားနေကြ[illegible]၊ ငါသိပါတယ် ငမောင်ရာ၊ မင်းတို့က ထောင်လကို ပြန်မလာဖို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တယ် ဟုတ်လား"

"ငါတို့က ထောင်လကို . . ."

ငမောင်မှာ အံ့သြပြီးရင်း အံ့သြရင်း ဖြစ်ရသည်။

"အေးလေကွာ၊ မင်းတို့က ထောင်လကို တိုးတိုးတိတ်တိတ် မှာလိုက်ကြတာ ငါ သိပါတယ်ကွ"

"မင်းကို အသိမပေးဘဲ ထောင်လကို ငါတို့က ဘာတိုးတိုးတိတ်တိတ် မှာစရာရှိမှာလဲကွ"

ငမောင်၏ စကားကို စိုင်းဘောင်က သရော်မော်ကားရယ်ပစ်လိုက်သည်။

"ဟား . . . ဟား. . ဟား"

ငမောင်မှာ စိုင်းဘောင်ကို ကြည့်ပြီး ထိတ်လန့်သွားရပြန်၏။

"မင်းကို အသိမပေးဘဲ ထောင်လကို တို့က ဘာမှာရမှာလဲ၊ ဘာမှာစရာ အထွေအထူး ရှိလို့လဲ၊ မင်းအတွက် လားငှားလာ . . ."

"ဟား. . . ဟား. . ငါ့အတွက် လားကြီးငှားဖို့ ဆိုတာက ဟုတ်မှမဟုတ်တာ။ ထားလိုက်ပါတော့၊ ဒီလိုလေကွာ၊ မင်းတို့က ရွာမပြန်ချင်ကြသေးဘူး၊ ရွှေ . . . ရွှေတွေ များများရအောင် ဒီမှာ ကြာကြာ နေချင်ကြသေးတယ်၊ ဟုတ်တယ်မဟုတ်လား"

သူ့မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်၍ စိုင်းဘောင်က မေးလာ၏။

"ဒါက ဒီလိုလေကွာ၊ မင်းသာ နေ မ . . ."

"မလိုဘူး မလိုဘူး၊ မင်း ငါမေးတာပဲ မှန်မှန်ဖြေ၊ မင်းတို့က ရွာ မပြန်ချင်ကြသေးဘူး၊ ဟဲ. . . ဟဲ ဒီလို မဟုတ်လား၊ ရွှေများများရအောင် ဒီမှာနေချင်ကြသေးတယ်၊ ငါက ငါ့ရောဂါနဲ့ငါ ရွာကို စောစောပြန်ချင်တယ်၊ အိမ်း. . . အဲဒီတော့. . ."

"အဲ . . . အင်း. . အဲဒီတော့ ဘာဖြစ်လဲပြော"

ထောင်လ ရွာပြန်သွားသည်မှာ မနေ့မနက်ကမှ ဖြစ်သည်။ ဤသည်ကို သုံးလေးရက်ရှိသွားပြီ၊ ထောင်လပြန်မလာတော့၊ သူတို့ကို လိမ်ညာသွားသည်။ သို့မဟုတ် ထောင်လကို ပြန်မလာရန် ဇော်ရှိုးနှင့် ငမောင်တို့က ကျိတ်ကြံ၍မှာလိုက်ကြသည်။ ယခု ငမောင်ကပါ သူ့ကို လိမ်ညာထားသည်ဟု ပြောသောအခါ ငမောင်မှာလည်း စိုင်းဘောင်ကို စိတ်တိုလာသည်။

အခြေအနေကို ဘာမှ မစဉ်းစားဘဲ သူ ရွာပြန်ရောက်ချင်တာ တစ်ခုပဲ ဆန္ဒစောပြီး လူတွေကိုရော၊ ဘာမှမသိသော ခွေးတိရစ္ဆာန်ကိုပါ အပြစ်ရှာရိုက်





နှက်လာသော စိုင်းဘောင်ကို ဤတစ်ခါတော့ ငမောင်ကပါ ဒေါသဖြစ်လာသည်။

"အဲဒီတော့ ဘာဖြစ်ရမလဲကွ၊ ထောင်လပြန်ခါနီး မင်းတို့က ဒီတစ်ပတ် နှစ်ပတ်အတွင်း ပြန်မလာနဲ့ဦး၊ မင်းတို့ရွှေကျင်ပြီးတဲ့ နောက်အပတ်၊ နောက်အပတ် မိုးဦးကျမရောက်မီ ပြန်လာပါ၊ နောက်ကျနေတာ လားကြီးကောင်းကောင်း ရှာမရလို့၊ ငှားမရလို့ပြော ဆိုပြီး မင်းတို့က ထောင်လကို တိုးတိုးတိတ်တိတ် သင်ပေးလိုက်ကြတာ မဟုတ်လား"

စိုင်းဘောင်၏ စကားကို ကြားလိုက်ရသောအခါ ငမောင်မှာ သက်ပြင်းတစ်ချက်ကိုသာ ပင်ပန်းကြီးစွာ ချမိလိုက်သည်။

ဇော်ရှိုးက အမြဲလိုလို နှုတ်လွန်ပြီး ပြောတတ်သလို 'ဒီကောင် တကယ်များ ရူးနေပလား' ဟူသော အတွေးသစ်က ငမောင်ခေါင်းထဲ ချက်ချင်းရောက်လာ၏။

စိုင်းဘောင်သည် ရူးနေ၍သာ ရက်ကိုပင် မမှတ်မိတော့ဘဲ ထောင်လ ပြန်သွားသည်မှာ သုံးလေးရက်ရှိနေပြီဟု အတင်းမှတ်ခံပြီး စွပ်စွဲနေသည် မဟုတ်ပါလား။

ငမောင်မှာ ချက်ချင်း ပို၍ ချောက်ချောက်ချားချား ဖြစ်သွားရပြန်သည်။ ကြောက်စိတ်နှင့်လည်း တုန်လှုပ်လာသည်။ စိုင်းဘောင်၏ ရုပ်သွင်ကို အကဲခတ်ကြည့်လိုက်သောအခါ ပို၍ ထိတ်လန့်ချင်လာသည်။

ဖောသွပ်နေသော မျက်နှာကြီးပေါ်တွင် အစင်းအကြောင်းတွေမှာ နွေခေါင်ခေါင်က လယ်ကွက်ပပ်ကြားအက်ပမာ အက်ကြောင်းကွဲကြောင်းချင်း ဆက်နေသည်။ နီရဲနေသော မျက်လုံးအစုံထဲမှာ အဓိပ္ပာယ်ကောက်မရသော အရိပ်အယောင်တွေက ပြည့်နှက်နေသည်။

ရူးနေသူတစ်ယောက်အား ဟိုကိစ္စသည်ကိစ္စ အကျိုးအကြောင်း ပြန်လည်ရှင်းပြနေ၍လည်း အကြောင်းက ထူးတော့မည်မဟုတ်။ စိုင်းဘောင်၏ စကားက ငမောင်ခေါင်းထဲ မီးစနှင့် ထိုးနှက်လိုက်သလို ကျဉ်သွားသည်။ စိုင်းဘောင်ကို ကြည့်ကာ သူပင် ရူးချင်စိတ်ပေါက်လာသည်။ စိုင်းဘောင် လက်ခံလာအောင် မည်သို့မျှ ရှင်းပြ၊ ပြောပြ၍ ရမည်မဟုတ်တော့။ သို့သော် ငမောင်က ထိတ်ထိတ်လန့်လန့်နှင့် ကြိုးစားပြောကြည့်သေး၏။

"ဒီမှာ ငါပြောမယ် စိုင်းဘောင်၊ မင်း သေသေချာချာ မှတ်ထားပါကွာ၊ မနက်ဖြန်တစ်ရက်၊ နောက်တစ်ရက်၊ ပြီးတော့ အင်း . . . နောက်တစ်ရက်ပေါ့ကွာ၊ ဒီနေ့ကစပြီး မှတ်ထား၊ နောက်သုံးရက်ကြာလို့မှ ထောင်လ ပြန်ရောက်မလာဘူးဆိုရင် မင်း တို့ကို လုပ်ချင်သလို လုပ်၊ မင်းမှာ သေနတ်ရှိတယ်၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

လိမ်ရ ညာရမလားဆိုပြီး သေနတ်နဲ့ ပစ်သတ်လိုက်ကွာ၊ ငါတို့ မင်းအပေါ်မှာ မမှန်တာ၊ မတရားတာ လုပ်ရင် သေရဲပါတယ်။ တကယ်လို့ မင်းအပေါ်မှာတို့ မရိုးမဖြောင့်လုပ်ကြရင် အတူတူစီးပွားတူ လုပ်လာကြတဲ့ လူအပေါ်မှာ သစ္စာဖောက်တာပဲ၊ အဲဒီတော့ မင်းကြိုက်သလိုလုပ်၊ ထောင်လ ခွေးလေးရော ငါတို့ကိုပါ မင်းသေနတ်နဲ့ ပစ်သတ်လိုက်ပါကွာ၊ ဘယ့်နှယ်လဲ ငါပြောတာ မင်းရှင်းတယ် မှုတ်လား"

ငမောင်ဆီက ရဲရဲဝံ့ဝံ့ အားမခံသော ကတိစကားကို ကြားလိုက်ရသောအခါ စိုင်းဘောင်မှာ ချက်ချင်း ငေးငေးငိုင်ငိုင် ဖြစ်သွားပြန်သည်။

စိုင်းဘောင်သည် သူ့စိတ်ထဲ အထင်မှား၊ အမြင်မှား ဖြစ်နေသည်ကို ရုတ်တရက် သတိပြန်ရသလို မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့် ငမောင်ကို စိုက်ကြည့်နေပြန်၏။

"ဘယ့်နှယ်လဲ စိုင်းဘောင်၊ ငါပြောတာ မင်း သဘောပေါက်ပါတယ်နော်သူငယ်ချင်း၊ မင်းအပေါ် တို့ မဟုတ်တမ်းတရား မကြံစည်ပါဘူး သူငယ်ချင်းရာ၊ တကယ်လို့ ကြံမိရင် အသေဆိုးနဲ့ သေရပါစေရဲ့ကွာ၊ ငါကျိန်ပြောပါတယ်၊ ပြီးတော့ . . ."

"အေးပါကွာ၊ မင်းကိုတော့ ငါယုံပါတယ် ငမောင်ရာ၊ ဇော်ရိုးကတော့ ငါ့အပေါ် နည်းနည်းမှ ကောင်းတဲ့ကောင် မဟုတ်ဘူး၊ အရင် တို့ ဖာရေဟိုးမှာ သောင်းကျောက်ရတဲ့ကိစ္စ မင်းလည်း သိပါတယ် ကြားပါ . . ."

"အေးပါကွာ၊ ဒါတွေ ထားလိုက်ပါတော့၊ မင်းသေသေချာချာ မှတ်ထားပါကွာ၊ နောက်သုံးရက် အလွန်ဆုံး လေးရက်ပေါ့ကွာ၊ ထောင်လ ပြန်ကို ရောက်လာရစေမယ်၊ မင်း သက်သောင့်သက်သာ စီးပြီးပြန်ဖို့ ထောင်လနဲ့အတူ လားကြီးတစ်ကောင်လည်း ပါလာလိမ့်မယ် စိတ်ချ။ သူ့အိုးကျောင်းလေး သနားပါတယ်ကွာ၊ ချည်ထားတာ လွှတ်ပေးလိုက်ပါ၊ တကယ်လို့ သူပြန်မလာဘူးဆိုရင် သူ့ခွေးလေး ထောင်လက ဘယ်ထားခံပါမလဲ၊ သူ့အိုးကျောင်းလေး သူ ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါတယ်ကွာ၊ လွှတ်ပေးလိုက်ပါ"

ငမောင်က အကျိုးသင့်အကြောင်း သင့် ပြောလွန်းမက ပြောသည်ကို စိုင်းဘောင် သဘောပေါက်သွားပုံရသည်။

"သူ့အိုးကျောင်းလေး လွှတ်ပေးလိုက်လို့ ထွက်ပြေးသွားရင်ကောကွာ"

"စခန်းခြံတံခါး ပိတ်ထားပေါ့ကွ"

"ခြံက လုံမှမလုံတာ"



"မလုံပေမယ့် ဒီခွေးလေး ဒီအရပ်မှာ လူနဲ့ဝေးဝေး မသွားရဲပါဘူးကွာ၊ လူနဲ့ ဝေးဝေးသွားရင် ဒီကောင် ဝံကုတ် သွားမှာပေါ့။ ဝံနံ့ရရင် လူရှိရာ ပြေးလာမှာပါ၊ မင်းလည်ပင်း ကြိုးချည်ထားတာ လွှတ်ပေးလိုက်ပါကွာ၊ သနားစရာ"

ငမောင်က ဖျောင်းဖျောင်းဖျဖျ ပြောသဖြင့် စိုင်းဘောင်သည် ခွေးလေး ချည်ထားသောကြိုးကို ဖြေလွှတ်လိုက်သည်။

ထောင်လ၏ ခွေးလေးကလည်း အလွန် လိမ္မာ၏။ ငမောင် ပြောသလို ဘယ်မှတော့ ထွက်မပြေး။ ဂူဝခြံအစတွင် သွားဝပ်နေသည်။

"ကဲ ငါ ဇော်ရိုးဆီ ခဏပြန်လိုက်ဦးမယ်၊ စိုင်းဘောင် မင်း အိုးကျောင်းလေးကိုလည်း ထပ်ရိုက်မနေနဲ့ဦးနော်၊ ပြဿနာ မရှာပါနဲ့ကွာ၊ ဒီတစ်ရက်နှစ်ရက် ငါတို့ ပြန်ကြတော့မှာပဲဟာ၊ ငါ ခြံတံခါး ပိတ်ထားခဲ့မယ်"

"အေး. . . အေး"

ငမောင် စခန်းထဲက ထွက်လာသည်။

ထုံးစံအတိုင်း စခန်းဂူထဲတွင် စိုင်းဘောင်နှင့် ထောင်လ၏ ခွေးလေးက ကျန်နေခဲ့ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ခွေးလေးက ဘာလို့ အော်နေတာလဲကွ"

ငမောင်ကို မြင်သည်နှင့် ဇော်ရိုးက ခါးဆန့်လိုက်ပြီး မေး၏။

"အဲသလိုပဲကွ၊ ခွေးလေးကို နောက်ထပ် မရိုက်နှက်အောင် မနည်း ချော့မော့ ပြောဆိုထားခဲ့ရတာ"

ငမောင်က အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ထောင့်လ ပြန်မလာတော့ဘူး၊ သူ့ကို လိမ်သွားတယ်ထင်လို့ ခွေးလေးကို ရိုက်တယ် ဟုတ်လား"

"ဟုတ်တယ်၊ သူ့စိတ်ထဲမှာ ထောင်လ ပြန်မလာတော့ဘူးချည်း ထင်နေမှာပေါ့"

"တောက်၊ ခွေးမသား၊ ခွေးလောက်မှ အသိဉာဏ်မရှိတဲ့ကောင်၊ သူ ရွာမြန်မြန် ပြန်ချင်တာနဲ့ ရူးကြောင်မူးကြောင် အယောင်ဆောင်နေတာ၊ မင်း ဘာမှ ကြောက်မနေပါနဲ့၊ ဒီကောင် တကယ်ရူးနေတာ မဟုတ်ပါဘူး၊ မင်းပြောသလို ဒီကောင် တကယ်ရူးနေရင် မင်းချော့ပြောလို့လည်း ဘယ်ရမလဲ မဟုတ်ဘူးလား၊ မင်းမို့လို့ပေါ့ကွာ၊ ငါဆို ဒီကောင်ကို ထိုးကြိတ်မိလိမ့်မယ်"

"အကြမ်းပရမ်းတော့ ဒီကောင့်ကို မဆက်ဆံပါနဲ့ကွာ၊ တကယ် ရူးသွားရင် အရူးထိန်းရမှာက ပိုခက်ကုန်လိမ့်မယ်၊ ထောင်လလည်း ပြန်လာခါနီးပါပြီ၊ ချော့မော့ထားကြတာပေါ့"

"မင်းပဲ ကြည့်ပြောထား၊ ငါတော့ ဒီကောင်ကို စကား သိပ်မပြောချင်တော့ဘူး၊ ပြောမရရင် ငါတော့ ထိုးကြိတ်မိလိမ့်မယ်"

နေညိုသည်နှင့် ဇော်ရိုးနှင့် ငမောင်တို့သည် စခန်းသို့ ပြန်တက်လာကြသည်။ စိုင်းဘောင်နှင့် ခွေးလေးအိုးကျောင်းကို မသိမသာ အကဲခတ် ကြည့်မိကြသည်။





စိုင်းဘောင်နှင့် ခွေးလေးသည် မနေ့ကလို လက်ပွန်းတတီး မရှိကြတော့။ ခပ်တန်းတန်း ဖြစ်နေကြသည်။ ခွေးလေးကလည်း စိုင်းဘောင်အနားကို ယခင်လို မကပ်ရဲတော့။ ခြံဝနား၌သာ သွားဝပ်နေသည်။

အမှန်က ခွေးနှင့်လူသာ ခပ်တန်းတန်း ဖြစ်နေကြသည်မဟုတ်။ လူအချင်းချင်းလည်း ထိုညက တစ်ယောက်နှင့်တစ်ယောက် စကား ဟက်ဟက်ပက်ပက် မပြောမိကြ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ချက်သားကောင်းနေကြသည်။

စိုင်းဘောင်ကို ဇော်ရိုးက စိတ်ဆိုးနေ၍ စကားမပြောဖြစ်သလို ငမောင်ကလည်း စကားအများပါမှာစိုး၍ မပြောရဲ။ သူ့စကားထဲ စိုင်းဘောင်အတွက် မလိုလားအပ်သော အများတစ်စုံတစ်ရာ ပါသွားလျှင် တစ်ညလုံး ဖြေရှင်း၍ ရတော့မည် မဟုတ်။ စိုင်းဘောင်အခြေအနေကို ကြည့်ရသည်မှာ ပေါက်ကွဲရန် အသင့်ဖြစ်နေသော အန္တရာယ်ဗုံးကြီးတစ်လုံးလို ဖြစ်နေသည်။ ထို့ကြောင့် ခပ်မဆိတ်သာ နေနေရ၏။

* * *

ငမောင်က မည်မျှပင် ကျိန်ပြောပြော 'ထောင်လ ပြန်မလာတော့ဘူး' ဟူသော အစွဲကို စိုင်းဘောင်က လုံးဝ ဖျောက်ဖျက်မရ။ ခွေးလေးကို စခန်း၌ ထားပစ်ခဲ့သည်မှာ အယုံသွင်းထားခဲ့ခြင်းသာဟု ထင်နေသည်။

သည်အကြိုးနှင့်ပင် စိုင်းဘောင်က ထောင်လ၏ ခွေးလေးကို တစ်နေ့ကလို ရိုက်နှက်ခြင်း မပြုသော်လည်း ထမင်းရည် လုံးဝ မတိုက်ဘဲ ထားသည်။ အသားခြောက် ဆို၍လည်း တစ်ဖဲ့တစ်စပင် ဖွတ်မကျွေး။ သူနှင့် ထောင်လ၏ ခွေးလေးက မည်သို့မျှ မသက်ဆိုင်သလို နေနေသည်။ ဘာသိဘာသာနေသည်။ ခွေးလေးကို လုံးဝ လှည့်မကြည့်တော့။

ဤသည်ကို ဇော်ရိုးနှင့် ငမောင်တို့ကလည်း သတိမထားမိကြ။ ထောင်လသည် ယနေ့ နက်ဖြန် မုချရောက်လာတော့မည် ဖြစ်သဖြင့် တစ်ရက်တစ်မွန်းတည့် အချိန်ကိုပင် အလဟဿမဖြစ်အောင် မြစ်ရေထဲဆင်း၍ ခါတိုင်းနေ့တွေလိုပင် ရွှေကျင်နေကြသည်။

"ဒီနေ့တော့ ထောင်လ ပြန်ရောက်ရက်ပဲကွ၊ ဒီကောင် လမ်းမှာ တစ်ခုခုများ ဖြစ်နေလားလို့"

"ရောက်ရင်လည်း ညနေမှ ရောက်မှာပေါ့ကွ၊ ဘာဖြစ်လို့လဲ"

ဇော်ရိုးက ကျင်ခွက်ကို ဝှေ့လှည့်လိုက်ရင်း မေး၏။ ငမောင်က

"ညက ငါ အိပ်မက် မက်တယ်ကွ၊ မကောင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမက်လို့လဲ မင်းက"

"တို့ ချင်းတွင်းတက်လာကြတဲ့ ပထမနေ့ညနေက တို့ကို ရွှေတူးဖို့ လာခေါ်တဲ့ အဘိုးကြီးကို ညက ပြန်တွေ့ရတယ်ကွာ၊ ဟိုတုန်းကလိုပဲ ငါတို့ကို ရွှေတူးဖို့ အဘိုးကြီးက လာခေါ်တယ်၊ မင်းနဲ့ စိုင်းဘောင်က အဘိုးကြီးနောက် လိုက်သွားကြတော့ ငါလည်း လိုက်မလို့ဘဲ၊ အဲဒါ ထောင်လက ငါ့ကို ဆွဲထားတယ်၊ ဖထော်ကီးနောက် ခင်ဗျား လိုက်သွားမလို့လားလို့ ထောင်လက စိတ်ဆိုးမာန်ဆိုးနဲ့ ငါ့ကို ပြောတယ်၊ အဲဒီမှာ ငါ လန့်နိုးသွားတာပဲ၊ စိတ်ထဲ မနက်ကပင် တစ်မျိုးကြီး ဖြစ်နေတယ်"

"မင်း စိတ်စွဲလို့ ဖြစ်ပါလိမ့်မယ်ကွာ၊ ဟို ခွေးမသားကလည်း ကဂျိကကြောင် လုပ်နေတော့ ဟိုအကြောင်း မင်းပြန်တွေးမိလို့ ဖြစ်ပါလိမ့်မယ်"

ဇော်ရိုးက ပေါ့ပေါ့ပင် ပြောသည်။

သည်လိုနှင့် နေလုံးခေါင်းပေါ် ရောက်လာချိန်တွင် သူတို့ စခန်းသို့ ထမင်းစားရန် တက်လာကြသည်။

"စိုင်းဘောင် ထောင်လခွေးလေးကောကွ"

သူတို့နှစ်ယောက် နေ့လယ်စာစားရန် စခန်းပြန်ရောက်လာကြစဉ် ခွေးလေးကို မတွေ့ရသဖြင့် ငမောင်က စိုင်းဘောင်ကို မေး၏။

"ဟင် ဗွီးဂျောင်းလေး မရှိဘူးလား၊ ငါလည်း အမှတ်တမဲ့ပဲကွ၊ ငါ့ ဗွီးဂျောင်းလေး ဘယ်များ ထွက်သွားပါလိမ့်"

ခွေးလေး မရှိတော့ဘူးဆိုမှ စိုင်းဘောင်ကလည်း ပြူးပြူးပြဲပြဲ ဖြစ်သွား၏။ ဇော်ရိုးသည် စိုင်းဘောင်အား တရားခံကိုကြည့်သော တရားသူကြီး တစ်ယောက်၏ အကြည့်မျိုးဖြင့် စေ့စေ့ကြည့်၍ ပြောလိုက်၏။

"မင်းလိုက်ရိုက်လို့ ခွေးလေး ထွက်ပြေးသွားတာတော့ မဟုတ်ပါဘူးနော် စိုင်းဘောင်"

"မဟုတ်ရပါဘူး ဇော်ရိုးရာ၊ ငါ့မှာ ဒီခွေးလေးပဲ အဖော်လုပ်နေရတာ ရိုက်ပါ့မလားကွ"

"မနေ့ကတော့ မင်း ကြိုးချည်ပြီးတောင် ရိုက်တယ် မဟုတ်လား"

စိုင်းဘောင်က ဝေခွဲမရစိတ်နှင့် သက်ပြင်းရှည်ကြီး တစ်ချက်ကို ချသည်။ ဇော်ရိုးဘက်ကို လုံးဝ လှည့်မကြည့်ဘဲ ခဏတော့ အာဖြေရမှန်းမသိ ဖြစ်နေ၏။ ဇော်ရိုးသည် သူ့အား စားတော့ဝါးတော့မည့် မျက်လုံးအစုံနှင့် စိုက်ကြည့်နေပြီ ဆိုသည်ကို သူသိနေသည်။





ဤရက်ပိုင်းမှာ သူသည် ဇော်ရိုးနှင့် မျက်နှာချင်းမဆိုင်ချင်လောက်အောင် စိတ်နာနေသည်။ ဖြစ်နိုင်လျှင် ဇော်ရိုးနှင့် လုံးဝကို စကားအဖက်လုပ် မပြောချင်တော့။ ဇော်ရိုးမျက်နှာကိုလည်း မကြည့်ချင်တော့။ သို့သော် ဇော်ရိုးနှင့် ဤသို့ ကင်းကင်းနေမရမှန်းကိုလည်း သိသည်။ ထို့ကြောင့်-

"အေး. . . ဗွီးဂျောင်းလေး ဘယ်ထွက်သွားပါလိမ့်၊ ဗွီးဂျောင်းလေးရေ . . . ရော့. . ရော့၊ လာ. . လာ စွိ. . စွိ"

စိုင်းဘောင်သည် ဇော်ရိုးအမေးကို ဘာမှ ပြန်မဖြေဘဲ ခွေးလေးကိုသာ လက်ဖျစ်တီး စုတ်တသတ်သတ်နှင့် စကားလိုးလွှဲခေါ်နေ၏။

အမှန်လည်း ဇော်ရိုးနှင့် ငမောင်တို့ မေးတော့မှ စိုင်းဘောင်လည်း ခွေးလေးကို သတိပြုမိတော့သည်။ သူ သတိပြုမိလိုက်ချိန်တွင် ခွေးလေးကား ဘယ်ဆီရောက်သွားပြီမသိ။ သူ့သခင် ထောင်လနောက်များ လိုက်သွားလေပလား၊ ရွာကို ပြန်ပြေးသွားလေပလား၊ ဘယ်ဆီများ ရောက်နေပါလိမ့်၊ ဘယ်အနားများ သွားအိပ်နေပါလိမ့်။

စခန်းဝန်းကျင် တစ်ခုလုံးကို စိုင်းဘောင်က ဒယီးဒယိုင်နှင့် လိုက်ရှာနေသည်။ ဤခွေးလေး ပျောက်သွားမှုတွင် သူ၌ ကာဝန်ရှိသလို တရားခံသည်လည်း သူပင် ဖြစ်နေပြီ။

ဇော်ရိုးနှင့် ငမောင်တို့သာ ထမင်းစားပြီးသွားကြသည်၊ ထောင်လ၏ခွေးလေးကိုကား ရှာမတွေ့သေး။

"ဒီကောင် လုပ်နေပုံကတော့ မဟုတ်တော့ဘူးကွ၊ ဒီကောင့်ကို ငါ တစ်ချိန်ချိန်တော့ ရိုက်တော့မယ်ကွ ငမောင်"

"သူလည်း တကယ်သတိမထားမိလို့လားမှ မသိတာကွာ၊ သိပ်လည်းပြော"

"ဟ သတိ မထားမိရမလားကွ၊ စခန်းထဲ ခွေးလေးနဲ့ သူပဲ ရှိတာ၊ ဂရုစိုက်ရမှာပေါ့၊ ဘာမှ မဟုတ်ဘူး၊ သူ လိုက်ရိုက်လို့ ခွေးလေးက ကြောက်ပြီး တစ်နေရာရာ ထွက်ပြေးသွားတာ၊ တွေ့လား. . ခုမှ သူက မသိချင်ယောင်ဆောင်ပြီး ဟိုရှာဒီရှာ လုပ်နေတာ၊ တွေ့ပါလိမ့်မယ် အားကြီးကြီး၊ တောက်"

စိုင်းဘောင်အပေါ် အမြဲတစေ မကျေမနပ်ဖြစ်နေသော ဇော်ရိုးကတော့ စိုင်းဘောင်ကိုသာ ထပ်တလဲလဲ အပြစ်တင်စကား ဆိုနေသည်။

နဂိုကပင် တစ်ယောက်နှင့်တစ်ယောက် ကြည့်မရ ဖြစ်နေကြသော ဇော်ရိုးနှင့် စိုင်းဘောင်တို့ကြားထဲ ဇော်ရိုး ထင်သလို သူကလည်း ထင်ကြောင်း ဝင်ပြောမိလျှင် အခြေအနေမှာ ပိုဆိုးလာမည်ကို အတပ်သိသော ငမောင်က



www.burmeseclassic.com

www.burmeseclassic.com

ခွေးလေးကိုစ ဘာမှ ဝင်မပြောတော့ပေ။ ဆိတ်ဆိတ်သာ နေနေလိုက်၏။

ယခင်က သူတို့နှစ်ယောက်ကြားထဲ ခဏခဏ ဝင်ပြောမိ၍ ဇော်ရိုးက လည်း သူ့ကို မကျေမနပ် ဖြစ်နေတာ ကြာပြီ။ ဤတစ်ခါ ထပ်ပြောမိလျှင် စိုင်းဘောင်နှင့်မခြား သူ့အပေါ် သဘောထားတော့မည်ကို ငမောင်က စိုးရိမ် နေမိလေသည်။

သို့သော် မပြောဘူးဟု စိတ်ဆုံးဖြတ်ထားခါမှ ရှေ့ကျင်သွားခါနီး စိုင်း ဘောင်ကို သံယောဇဉ်နှင့် ထပ်မံပြောကြားမိပြန်၏။ စိုးရိမ်စိတ်များနှင့် မှာကြား မိပြန်၏။

"ဟော့ကောင်ရေ . . ရှာလည်း မနေနဲ့တော့ကွာ၊ မင်းအိမ်ကျောင်းလေး ဘယ်သွားသွား ဝံနဲ့ရရင် တို့ဆီ ပြန်ပြေးလာပါလိမ့်မယ်၊ ဒီကောင် လူနဲ့ဝေးပြီး ကြာကြာနေရဲမှာ မဟုတ်ပါဘူး၊ အတော်ကြာ ပြန်ပြေးလာပါလိမ့်မယ်၊ မင်း ထမင်းစားဦး၊ ငါတို့လည်း အချိန်ရသလောက် ရေထဲ ဆင်းလိုက်ဦးမယ်ကွာ"

ငမောင်က ပြေရာပြေကြောင်း စိုင်းဘောင်ကို လေပြေထိုးထားခဲ့သည်။

ခွေးလေးပျောက်သွားသဖြင့် စိုင်းဘောင်သည် အမှန်ပင် စိတ်မကောင်း ဖြစ်မိ၏။ ခွေးလေး ထွက်ပြေးသွားမှာ စိုး၍ ခြံတံခါးတွေ ပိတ်ထားခါမှ မလွယ် ပေါက်ရှာ၍ ထွက်ပြေးသွားသည်။

တစ်နေ့ကတော့ ထောင်လသည် ဇော်ရိုးတို့ ငမောင်တို့ ခိုင်းသည့်အတိုင်း လုပ်နေသည်ဟု အစွဲကြီးကာ ခွေးလေးကို ရိုက်နှက်မိသည်။ ထမင်းရည် လုံးဝ မတိုက်ဘဲ ထားမိသည်။ အစာဆို၍လည်း ဘာမှ မကျွေးမိ။ ဤသည်ကို ပြန်လည် သတိရသောအခါ စိုင်းဘောင်မှာ ပို၍ စိတ်မကောင်း ဖြစ်ရပြန်သည်။

သူ နေ့လယ်စာ စားနေချိန်တွင် ခွေးလေးများ ပြန်လာလေမလားဟု ဂူဝကို ခဏခဏ လှမ်းကြည့်မိ၏။ သူက ထမင်းစားနေချိန်တွင် ခွေးလေးပြန်လာ ပါက ခွေးလေးကို အစာကျွေးမည်။ အသားခြောက်တွေလည်း အများကြီး ဖုတ်ကျွေးပစ်လိုက်မည်ဟု စိတ်ထဲက ဆုံးဖြတ်ထားသည်။

"ပြန်လာပါတော့ အိမ်ကျောင်းလေးရယ်၊ နင့်ကို ငါ မရိုက်တော့ပါဘူး၊ နင့် ကို ငါ အစာဝအောင် ကျွေးပါ့မယ်၊ အသားခြောက်တွေလည်း ဖုတ်ကျွေးပါ့မယ်၊ ညနေ ထမင်းရည်လည်း ဝအောင်တိုက်မယ်။ ပြန်လာပါတော့ ငါ့ဆီ ပြန်လာပါ တော့၊ နင့်သခင် ထောင်လကတော့ ပြန်မလာတော့ဘူး။ နင်တို့ ငါတို့ကို ပစ်သွား ပြီ၊ နင့်ကိုတော့ ငါတစ်သက်လုံး ကျွေးမွေးထားပါ့မယ်၊ နင်က ငါ့ကိုချစ်ပါတယ် နော်၊ ငါ နင့်ကို ရိုက်မိလို့ ငါ့ကို စိတ်ဆိုးသွားပြီလား၊ စိတ်မဆိုးပါနဲ့ အိမ်ကျောင်း





လေးရယ်၊ ပြန်လာပါတော့၊ မြန်မြန်သာ ပြန်လာပါတော့၊ ဒီတဲထဲမှာ နင်နဲ့ငါပဲ ရှိတာ၊ နင့်ကို ငါ အားကိုးပါတယ်။ နင် မရှိရင် ငါ မနေတတ်ဘူး၊ ငါတစ်ယောက် တည်း မနေရဲဘူး၊ ငါ ကြောက်တယ် အိမ်ကျောင်းလေးရယ်၊ ငါ ကြောက်တယ်၊ ပြန်လာပါတော့၊ ပြန်လာပါတော့ ငါ့အနားကို ပြန်လာပါတော့"

စိုင်းဘောင်သည် တဖျစ်တောက်တောက် ညည်းညူပြောဆိုကာ တစ် ယောက်တည်း ဆောက်တည်ရာမရ ဖြစ်နေ၏။

"ထောင်လက ငါတို့ကို ပစ်ထားခဲ့သလို နင်လည်း ငါတို့ကို ပစ်သွားပြီပေါ့ အိမ်ကျောင်းလေး။ ထောင်လက နင့်ကို မှာထားခဲ့မှာပါ။ နင်နဲ့ ထောင်လ အတူ ထွက်သွားကြရင် ငါတို့ မယုံမှာစိုးလို့ နင် ကျန်နေခဲ့တယ် ဟုတ်လား၊ ခုတို့က ယုံတော့ နင်ပြေးပြီ၊ နင့်ကို ထောင်လက တစ်နေရာရာက စောင့်နေမှာပေါ့ ဟုတ်လား။ တတ်လည်း တတ်နိုင်ကြပါပေတယ်ကွာ၊ အေး ကောင်းတယ်၊ ကောင်းတယ်၊ သွားကြ . . . သွားကြ၊ မင်းတို့အားလုံး သွားကြ၊ ဇော်ရိုးနဲ့ ငမောင် ဟို ခွေးမသားနှစ်ကောင်လည်း သွားကြ၊ အေး မင်းတို့ ငါ့ကိုပစ်ပြီး ထွက်သွား ကြလည်း ငါက မမှုသေးဘူးမှတ်၊ ဂရုမစိုက်သေးဘူး မှတ်ထားကြ၊ ငါလုံးဝ မကြောက်ဘူး၊ ငါ့မှာ သေနတ်ရှိတယ် ဟဲ ဟဲ၊ ဒီသေနတ် ဘာလုပ်ဖို့ ယူလာလဲ သိလား၊ ငါ့ဆီ မင်းတို့ ဘယ်သူမှ မလာကြနဲ့တော့၊ မင်းတို့ ဒီနေ့တော့ သိကြရောပေါ့ကွာ၊ ဂူထဲဝင်လာလို့ကတော့ သိကြရောပေါ့။ ဟဲ . . ဟဲ သေဖို့သာပြင် ပေတော့၊ သေဖို့သာ ပြင်ကြပေတော့၊ ဟီ . . . ဟီ ဦးဆုံးဝင်လာတဲ့ အကောင် တော့ သေပြီသာ မှတ်တော့ ဟင်း ဟင်း"

နေစောင်းသည်နှင့် ငှက်ဖျားတက်လာသော စိုင်းဘောင်သည် သူ့စိတ်ထဲ ရှိသမျှကို ကယောင်ကတမ်း လျှောက်အော်ပြောနေသည်။ ငှက်ဖျားပိုးတွေက သူ့ကို အရူးတစ်ယောက်ဖြစ်အောင် နှိပ်စက်နေကြပြီ။ ကယောင်ချောက်ချား သွေးရူးသွေးတန်း ဖြစ်နေလေပြီ။

ချမ်းလွန်း၍ တခိုက်ခိုက်တုန်နေသော စိုင်းဘောင်သည် စခန်းထဲက မီးဖို ဘေးတွင် ဘာဘူစောင်ရှိသမျှတွေကို ယူခြုံပြီး ကွေးနေ၏။ ပါးစပ်ကလည်း သူ မကျေနပ်ချက်တွေကို အော်ဟစ်နေသည်။ သူ့စိတ်ထဲမှာ ဤတောဤတောင် ထဲ သူ့ကို အဖော်အားလုံးက ပစ်သွားကြပြီဟု ခံစားနေရသည်။

အတော်ကလေး ကြာသောအခါ သူအလွန်အားထားသော သေနတ်ကို ဖက်ပြီး အိပ်ပျော်သွားလေ၏။

တောကြီးမျက်မည်းထဲ သူ့ကိုတစ်ယောက်တည်း ပစ်ထားခဲ့ကြသည်။ ရ



www.burmeseclassic.com

www.burmeseclassic.com

သမျှ ရွှေမှုန်ရွှေပွင့်တွေကိုလည်း ဇော်ရိုးနှင့် ငမောင်တို့က ယူပြေးသွားကြသည်။ သူ့ကို သေသူအဖြစ် သတ်မှတ်သွားကြသည်။ ရက်စက်လိုက်ကြသည့် ဖြစ်ခြင်း။ ဤတော ဤတောင်ထဲ သူသေလိမ့်မည်အထင်နှင့် သူ့ကို ပစ်ထားခဲ့ကြခြင်းဖြစ်သည်။

ကျေးဇူးကန်းလိုက်ကြသည့်လူတွေ။

အမှန်က ဤလို ရွှေမှုန်ရွှေပွင့်တွေရအောင် ဤနေရာသို့ သူတို့နှစ်ယောက်အား ဦးဆောင်ခေါ်လာသူမှာ မိမိပင် ဖြစ်သည်။ ယခု ကျေးဇူးရှင်ကို ကျေးစွပ်သွားကြသည့်သဘော။ သူ့ကို တောကြီးမျက်မည်းထဲတွင် တစ်ယောက်တည်း အိမ်ပြန်လမ်းကိုရှာ၍ ဦးတည်ရာမဲ့ လျှောက်သွားနေရသည်။

ဖောရောင်နေသော သူ၏ တစ်ကိုယ်လုံးသည် ကွဲအက်ပေါက်ပြဲကာ အရည်အခွဲတွေ ယိုစီးကျလာသည်။ ခြေလှမ်းတစ်လှမ်းလှမ်းတိုင်း ခြေယောက်တွေကလည်း နာကျင်ကိုက်ခဲလာသည်။ အသက်ရှူ၍ မဝလောက်အောင်ပင် ပန်းလာသည်။ ဇောချွေးတွေ ပြန်လာသည်။ ရေငတ်လာသည်။

ယခင်က သူတို့စခန်းနားတွင် မြစ်ကြောင်းရှိသော်လည်း ယခုအခါ လမ်းပျောက်ပြီး မြစ်ကြောင်းကို ရှာမတွေ့ဖြစ်နေသည်။ သွားရင်းရှာရင်းနှင့်ပင် မြစ်ကြောင်းက ပျောက်နေသည်။ ရေဆာသော ဝေဒနာကို သူသည် သည်းညည်းမခံနိုင်တော့။ အာခေါင်တွေ ခြောက်လာသည်။ မျက်လုံးတွေ ပြာဝေလာသည်။ ရေကိုကား ရှာမတွေ့သေး။

သူသည် ပင်ပန်းကြီးစွာနှင့် ရေကိုသာ သဲကြီးမဲကြီး ရှာနေသည်။ တောင်ချိုင့်ကြားတစ်ခုသို့ ရောက်သွား၏။ ချိုင့်ထဲတွင် နှင်းတွေ ပိတ်နေသည်။ ရေကျသံကို နားထဲမှာ သဲ့သဲ့ကြားရသည်။ ရေကျနေသံ ကြားရာဘက်သို့ သူ လျှောက်ပြေးလာသည်။ ကျောက်တောင်ကြီးပေါ်တွင် မတ်တတ်ရပ်နေသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။ ထိုသူက သူ့ကို လက်ယပ်ခေါ်နေသည်။

ထိုသူနားသို့ ဒယီးဒယိုင်နှင့် သူပြေးသွားသည်။ သူ့အနားသို့ ရောက်သွား၏။ ထိုသူမှာ သူတို့ရွှေရှာရန် ချင်းတွင်းဖျားသို့ ပထမဦးဆုံး တက်လာကြစဉ်က ရွှေမည်းတောင်ကြား၌နေသည် ဆိုသော အဘိုးကြီး။ ထိုစဉ်ကလို ရွှေတူးဖို့ စကားကို လုံးဝ မဟ။ သူ့ကို ကျောက်လုံးကြီးထိပ်မှ တဟားဟား ရယ်ပြီး ငုံ့ကြည့်နေသည်။ ပြီးတော့မှ 'မင်း ရွှေယူမလား၊ ရေ ယူမလား' ဟု သူ့ကို မေးသည်။ ယခု ရေဆာနေသော သူသည် 'ရေယူမယ် အဘ' ဟုပြောလိုက်၏။

'ရေသောက်ရမယ်လာ' ဟု ဆိုကာ သူ့လက်ကို လှမ်းဆွဲပြီး ကျောက်တုံး





ပေါ် ခေါ်တင်လိုက်သည်။ 'ဟိုမှာတွေ့လား ရေ' ဟုပြောပြီး ကျောက်တုံးကြီးအောက်ရှိ ရေအိုင်ကို လက်ညှိုးထိုးပြသည်။ ကျောက်လုံးကြီးမှာ ကျောက်ဆောင်ပေါ်တွင် ရှိသဖြင့် ရေကို ဝိုးတိုးဝါးတားသာ လှမ်းမြင်ရသည်။ ရေကို မြင်ရသောအခါ သူ့မှာ ပို၍ ရေဆာလာသည်။ အာခြောက်လာသည်။

'သွားသောက်တော့ကွာ' ဟု ပြောကာ အဘိုးကြီးသည် သူ့အား ရုတ်တရက် ရေအိုင်ထဲ တွန်းချလိုက်သည်။ သို့သော် သူက ရေအိုင်ထဲ ကျမသွား။ ကျောက်စွန်းတစ်ခုကို လှမ်းကိုင်မိပြီး သူ့ကိုယ်ကို ထိန်းထားနိုင်လိုက်သည်။

အဘိုးကြီးသည် စိတ်ဆိုးမာန်ဆိုးနှင့် သူ့ကို ရေအိုင်ထဲ တွန်းချရန် ဆင်းလိုက်လာသည်။ သူက သတိရပြီး သစ်တောထဲ ဝင်ပြေး၏။ အဘိုးကြီး စိတ်ဆိုးမာန်ဆိုးနှင့် ပြေးလိုက်လာသော ခြေသံများကို သူ့နားထဲ စူးစူးရှရှ ကြားနေရသည်။ ပြေးရင်းက ခလုတ်တိုက်ကာ သူ လဲကျသွားသည်။

လန့်နိုးလာချိန်မှာလည်း စိုင်းဘောင်နားထဲ အဘိုးကြီး ပြေးလိုက်လာသော ခြေသံကို ကြားနေရသေးသည်။ ချက်ချင်း ထိတ်ထိတ်လန့်လန့်နှင့် ထထိုင်လိုက်၏။ နားကို အစွမ်းကုန် စွင့်ထားလိုက်သည်။ သေနတ်ကိုလည်း ချက်ချင်းကောက်ကိုင်၍ ဂူဝဘက်ကို လှမ်းကြည့်လိုက်သည်။

အမှန်မှာ စောစောက စိုင်းဘောင် မက်နေသော ခြောက်အိပ်မက်ရှည်ကြီးသည် အိပ်မက်ကမ္ဘာထဲ၌သာ တစ်နေ့လုံး ရှည်ကြာနေသော်လည်း တကယ့်အဖြစ်အပျက်မှာမူ စက္ကန့်ပိုင်းမျှသာ။ မိနစ်ပင် မကြာလိုက်။ အိပ်မက် ဟူသည်မှာ အမြင်အာရုံ အကြားအာရုံကို စွဲ၍ မြင်မက်တတ်လေရာ ယခု ထောင်လဲ၏ ခွေးလေး ပြေးလာသောခြေသံကို ကြားရုံနှင့် ရှည်လျားသော အိပ်မက်ကို စိုင်းဘောင် မက်နေခြင်းသာ။

ဂူဝစခန်းခြံစမှ ကာရံထားသော သစ်ခက်သစ်ကိုင်းတွေကို အတင်းတိုးဝှေ့ကာ ပြေးဝင်လာသော ထောင်လဲ၏ခွေးလေးသည် စိုင်းဘောင်နား ပြေးကပ်၍ လာဝပ်နေ၏။ ဟောဟဲ ဟောဟဲ ဖြစ်နေရင်းက ခွေးလေး၏ မျက်လုံးအစုံသည် ဂူဝခြံအစကို စူးစူးစိုက်စိုက် မမိုတ်မသုန် လှမ်းကြည့်နေသည်။ ဆတ်ခနဲ ကိုယ်ကို မတ်ထကာ ရန်သူကို မြင်သည့်သဘောနှင့် ငေးကြည့်နေပြန်သည်။

စိုင်းဘောင်သည် ခွေးလေးကိုကြည့်လိုက်၊ ခြံဝဘက် ကြည့်လိုက်နှင့် ထိတ်ထိတ်လန့်လန့် ဖြစ်နေသည်။ မည်သို့သော အန္တရာယ်နှင့်တွေ့၍ ဘယ်ကဘယ်လို ပြေးလာမှန်း မသိသော ခွေးလေးသည် နားရွက်ပင် မခတ်ဘဲ ငေးကြည့်မြဲ ငေးကြည့်နေ၏။ ခွေးလေး၏ အကြည့်ဦးတည်ရာမှာ ဂူဝခြံအစကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ဂူစခန်းထဲတွင် တစ်ယောက်ထီးတည်း ချောက်ချောက်ချားချား ဖြစ်နေသော စိုင်းဘောင်သည် ပို၍ ချောက်ချားလာသည်။ ပျောက်နေသော ခွေးလေးသည် အန္တရာယ်နှင့် တွေ့ကြုံလာရ၍ ပြေးလာခြင်း ဖြစ်မည်။ သို့မဟုတ်လျှင် သူသခင် ထောင်လနောက် ထွက်ပြေးသွားသော ဤခွေးလေးသည် ပြန်ပြေးလာစရာ အကြောင်းမရှိ။ တစ်နေ့ကမှ ကြိုးချည်၍ သူ သေလုမြောပါး ရိုက်နှက်ထားသည်ကို ခွေးလေးက မေ့မည်မဟုတ်သေး။

စိုင်းဘောင်သည် ချက်ချင်း သေနတ်ကို မောင်းထိုးကာ ဂူဝခြံအစဘက် အထိတ်တလန့် ချိန်ရွယ်ထားလိုက်သည်။ သူ ထင်လိုက်သည့်အတိုင်းပင် နောက်ထပ် တစ်စုံတစ်ခုသည် ဂူဝရှိ ကာရံထားကာ သစ်ခက်သစ်ကိုင်းတွေကို ဖယ်ရှားနေသံ ကြားလိုက်ရပြန်သည်။

အိပ်မက်ထဲ တွေ့ခဲ့ရသော အဘိုးကြီးသည် ခွေးလေးနောက် လိုက်လာလေပလား။ ရုတ်တရက်မူ စိုင်းဘောင်မှာ ဇောချွေးတွေ ပြန်လာသည်။ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထ၍ ခေါင်းနားပန်းကြီးသွားသည်။ ဂူဝကို ကာရံထားသော မလုံမလဲ သစ်ခက်သစ်ကိုင်းများကြားထဲတွင် ကျားသစ်တစ်ကောင်၏ ကိုယ်လုံးသည် ရွေ့လျားနေသည်။ ခွေးလေးကို လိုက်ရှာနေပုံရသည်။

ကျားသစ်၏ ခြေလက် ဦးခေါင်းတို့ကို မမြင်ရသော်လည်း ကျားသစ်၏ ကိုယ်လုံးကိုကား သစ်ခက်သစ်ကိုင်းများကြားမှ ထင်ထင်ရှားရှား မြင်နေရသည်။ ကျားသစ်ကိုယ်မှ ကျပ်ပြားဝိုင်း ပမာဏရှိသော အကွက်အပြောက်များသည် သစ်ခက်သစ်ကိုင်းများကြားတွင် ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

စိုင်းဘောင်၏ ရင်ခုန်သံသည် ပို၍ ကျယ်လာသည်။ မျက်လုံးအစုံကလည်း အပြင်သို့ ထွက်ကျမတတ် ပြူးကျယ်လာသည်။ ကျားသစ်သည် ဂူဝရှိ သစ်ခက်သစ်ကိုင်းတွေကို တိုးဝင်လာတော့မည်။ လှုပ်ခတ်နေသော သစ်ခက်သစ်ကိုင်းကြားတွင် ကျားသစ်၏ကိုယ်လုံးသည် တဖြည်းဖြည်း ရွေ့လျားလာနေသည်။

စိုင်းဘောင်သည် ကျားသစ်၏ ကိုယ်လုံး ရွေ့လျားရာသို့ သေနတ်ပြောင်းကို တည့်တည့်မတ်မတ် ချိန်ရွယ်ကာ အသက်အောင့်ပြီး သေနတ်မောင်းကို ဖြုတ်ထည့်လိုက်သည်။

"ဒိုင်း"

သေနတ်သံက ဂူဝကို ပဲ့တင်ရိုက်ကာ ဟိန်းထွက်သွားသည်။ ကြောက်ကြောက်ရွံ့ရွံ့နှင့် သူအနား လာကပ်နေသော ခွေးလေးပင် လန့်ပြီး ထခုန်လိုက်





သည်။

"ကပါး ကပါး"

"ကပါးရေ. . ."

"ကဦး . . . ကဦး"

သေနတ်သံနှင့် အတူ မိန်းကလေးတစ်ယောက်၏ အော်လိုက်သံက စိုင်းဘောင်၏စိတ်ကို ချက်ချင်း ပရမ်းပတာ ဖြစ်သွားစေသည်။

စိုင်းဘောင်သည် ဒယီးဒယိုင်နှင့် ချက်ချင်း ဂူဝသို့ ပြေးထွက်လာကြည့်၏။

ကျားသစ်ရေ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် ဂူဝခြံအစ သလဲပြင်တွင် လဲကျကာ သွေးအလိမ်းလိမ်းနှင့် လူးလွန့်အော်ဟစ်နေသည်။

"ကပါး ကပါး"

"ကဦးရေ. . . ကဦး"

"ငါ. . . ငါ သေတော့မယ် ကဦး၊ ငါ သေတော့မယ်"

မတ်တတ်ထပြေးရန် ကြိုးစားလိုက်၊ ပြန်လဲကျသွားလိုက်နှင့် မချိမဆံ့ လူးလွန့်အော်ဟစ်နေသော မိန်းကလေးကို မြင်လိုက်ရသောအခါ စိုင်းဘောင်မှာ သေနတ်ကို ပိုက်ရင်းက မလှုပ်မယှက် ကြက်သေသေသွားသည်။ အသက်မရှိသော လူတစ်ယောက်ကို မတ်တတ်ထောင်ထားသလို မှင်တက်မိနေ၏။

အမှန်ကတော့ စိုင်းဘောင်သာ မဟုတ်။ စခန်းဘက်မှ သေနတ်သံတစ်ချက်နှင့် မိန်းကလေးတစ်ယောက်၏ မချိတင်ကဲ အော်ဟစ်ငိုနေသံကို ကြားလိုက်ရ၍ ရွှေကျင်နေကြရာမှ ကမန်းကတန်း ပြေးရောက်လာကြသော ဇော်ရိုးနှင့် ငမောင်တို့မှာလည်း စိုင်းဘောင် သေနတ်နှင့် ပစ်လဲထားသော မိန်းကလေးကို မြင်လိုက်ကြရသောအခါ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ မှင်တက်မိသွားကြပြန်၏။

"ကပါး . . . ကပါး"

"ကဦး ငါ . . . ငါသေတော့မယ်။ ငါ . . . ငါသေ"

"ဖန္နီး ဖန္နီး၊ ပီယ ပီယရေ . . . ကပါးတို့ လာပြီဝေး၊ ကပါးတို့ လာပြီဝေး"

မိန်းကလေး၏ လူးလွန့်အော်ဟစ်နေသံနှင့်အတူ မိန်းကလေး၏ နာမည်ကို အော် ခေါ်ကာ တောင်ပေါ်သား ယောကျ်ားကြီး နှစ်ယောက်သည် ဇော်ရိုး ငမောင်တို့နှင့် ရှေ့ဆင့်နောက်ဆင့်မှာပင် မိန်းကလေးလဲကျနေရာ ဂူဝရှိ ခြံအစသို့ ပြေးရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖနူး ဖနူး၊ ဖနူး ပီယ သမီး"

ပေါင်ရင်းတစ်ဖက်ကို သေနတ်ထိမှန်ထားသော မိန်းကလေးမှာ မတ်တတ်ရပ်မရသဖြင့် လက်နှစ်ဖက်ကို အားပြုကာ နောက်ပြန် တရွတ်တိုက် တွားရင်း လူးလွန့်အော်ဟစ်နေသည်ကို ပြေးလိုက်လာသော အဘိုးကြီးက ငိုသံပါကြီးနှင့် ပြောပြီး ကောက်ချီ ပွေ့ဖက်ထားသည်။

အဘိုးကြီးနှင့် ရှေ့ဆင့်နောက်ဆင့် ပြေးရောက်လာသော လူရွယ်တစ်ယောက်ကမူ စိုင်းဘောင်တို့ သုံးယောက်ကို စိမ်းစိမ်းကြီး စိုက်ကြည့်ကာ မျက်ရည်တွေ စီးကျနေသည်။ မိန်းကလေးကလည်း 'ကဦး ကပါး ငါသေတော့မယ်၊ ရေ ရေ ပေးပါ' ဟု လူးလွန့် အော်ဟစ်နေတုန်း။

အံကို တင်းတင်းကြိတ်ကာ သူတို့သုံးယောက်အား မီးထွက်မတတ်သော မျက်လုံးစိမ်းစိမ်းကြီးနှင့် လူရွယ်က စိုက်ကြည့်နေရာ စိုင်းဘောင်တို့မှာ ဤအချိန်ထိ ဘာလုပ်၍လုပ်ရမှန်း မသိဘဲ မှင်တက်မိ၊ သတိလစ်နေကြဆဲ။ သူတို့သုံးယောက်မှာ မည်သည့်စကားနှင့် မည်သို့ တောင်းပန် ပြောဆိုရမှန်းလည်း မသိဖြစ်နေကြသည်။

ထိုအချိန်မှာပင် လူရွယ်သည် ဆတ်ခနဲ တစ်စုံတစ်ခုကို သတိရသလို သူတို့ပြေးလာရာဘက် ချက်ချင်း အရေးတကြီး ပြန်ပြေးသွားသည်။ ထိုအခါ သေနတ်မှန်ထားသော မိန်းကလေးကို ပွေ့ချီထားသော အဘိုးကြီးကလည်း မိန်းကလေးကို ထမ်းချီကာ သူတို့ဘာသာစကားနှင့် အော်ဟစ်၍ လူရွယ်နောက် ပြေးလိုက်သွားသည်။

ထိုအခါမှ ဇော်ရိုးက မချိတင်ကဲ ဝမ်းနည်းလှိုက်မောသံကြီးနှင့်-

"မင်း. . . မင်း ဘယ်လို လုပ်လိုက်တာလဲ စိုင်းဘောင်ရာ။ မင်းကြောင့် ငါတို့အားလုံးတော့ ဒုက္ခလှလှကြီး ရောက်ကုန်ကြပါပြီကွာ"

ဇော်ရိုးက စပြောလိုက်တော့မှ ငမောင်နှင့် စိုင်းဘောင်တို့မှာ အသက်ပြန်ဝင်လာသလို လှုပ်ရှားလာကြသည်။

"ငါ ငါကလည်း ကျား . . . ကျားသစ်ထင်လို့ပါကွ။ ပျောက်နေတဲ့ ခွေးလေးကလည်း ပြန်ပြေးလာတော့ ငါ ငါက ကျားသစ်တစ်ကောင် လိုက်လာတယ် ထင်တာပေါ့။ လူမှန်းသိ သိရင် ငါလည်း ဘယ်ပစ်. . ."

"ငါတယ်၊ လူကို ကျားသစ်ထင်ရအောင် မင်းမျက်စိ ကန်းနေလားကွ။ ငါတယ်. . တောက်၊ ခုတော့ မင်းတစ်ယောက်ကြောင့် ငါတို့အားလုံး ဒုက္ခရောက်ကုန်ကြပြီ . . . တောက်"





"မင်းတို့ပြောတိုင်း ငါ ငါ ခံရတော့မှာပါကွာ။ ခြေ၊ လက်၊ ခေါင်းကို မမြင်ဘဲ ကိုယ်လုံးကိုပဲ မြင်ရတော့ ငါက ကျား . . . ကျားသစ်တစ်ကောင် ထင်လို့ ပစ်. . ."

"ဟော့ကောင် တော်တော့ တော်တော့၊ မင်းကို ငါ သတ်မိလိမ့်မယ်နော်"

ကြောက်ရွံ့ထိတ်လန့်၍ မျက်နှာတွင် သွေးဆုတ်နေပြီဖြစ်သော ဇော်ရိုးက စိုင်းဘောင်ကို ကြမ်းကြမ်းတမ်းတမ်းပင် ဆဲဆိုပစ်လိုက်သည်။

စိုင်းဘောင်မှာလည်း သူ့အမှားအတွက် ယခုထိ မျက်နှာငယ်လေးနှင့် ငိုင်ငေးနေတုန်း။ ကယောင်ချောက်ချား ဖြစ်နေတုန်း။

ငမောင်ကမူ သွေးဆုတ်နေသော မျက်နှာနှင့် ကြံရာမရဖြစ်ကာ စိတ်အိုက်စိုးရိမ်ကြီးသော မျက်လုံးအစုံနှင့် မိန်းကလေးအား ထမ်းပြေးသွားကြသောဘက်ကိုသာ ထိတ်လန့်တကြား လှမ်းကြည့်နေသည်။

အမှန်က အစာငတ်နေသော ခွေးလေးသည် ထောင်လ ရှိစဉ်က သူရောက်ဖူးနေကျ ရေတံခွန်နားကို အစာစားရလိုစားငြား ထွက်ပြေးသွားခဲ့သည်။

ထောင်လ၏ ခွေးလေးကို မြင်ရသောအခါ သူ့ဆီ သုံးလေးရက်မလာဘဲ ပျောက်နေသော ထောင်လ လာသည် အထင်နှင့် ပီယက ခွေးလေးကို လိုက်ဖမ်းသည်။ ထောင်လကိုလည်း ခေါ်သည်။ သို့သော် ထောင်လ၏ ထူးသံကို မကြားရသလို သခင်မပါလျှင် အနားကပ်မခံသော ခွေးလေးကိုလည်း ဖမ်းမမိ။

ထောင်လ၏ခွေးလေးထက်ကြီးသော ပီယ၏ခွေးလေးကလည်း ထောင်လ၏ ခွေးလေးကို ပြေးလိုက်ကိုက်ခဲ၍ ကျိစယ်သောအခါ အစာဆာနေသော ထောင်လ၏ ခွေးလေးမှာ စခန်းထဲ ပြန်ပြေးလာသည်။

ခွေးလေး ပြန်ပြေးသွားသောအခါ ပီယမှာ ရင်ထဲထိတ်သွားသည်။ စိုးရိမ်စိတ်သည် ချက်ချင်း သူ့အသည်းနှလုံးထဲ ရောက်လာ၏။ ယခင်က ဤခွေးလေးသည် ဤမျှ မရိုင်း၊ ဘယ်အချိန် သူဖမ်းဖမ်းရ၏။ ယခုတော့ သူ့ကိုပင် အနားကပ်မခံ။ ဘယ်လိုကြောင့်ပါလိမ့်။ ဘယ်[illegible]ဘိတ်နိမိတ်ပါလိမ့်။

ချစ်ရသော ထောင်လ [illegible]လာသည်မှာလည်း သုံးလေးရက် ရှိသွားလေပြီ။

လူမရောက်ဘဲ ခွေးလေးသာ ရောက်လာသည်မှာ စခန်းထဲ၌ တစ်စုံတစ်ခုများ ဖြစ်နေ၍လား။ အိပ်ရာက မထနိုင်လောက်အောင် ဖျားနာနေ၍လား။ ထောင်လနှင့်သူ နောက်ဆုံး တွေ့ခဲ့ကြသောနေ့က သိပ်နေမကောင်းလှ[illegible]။ စခန်းထဲတွင် ဖျားနာနေသူတွေ ရှိသည်။ ငှက်ဖျားကူးမှာတောင် စိုးရိမ်နေရသည်



www.burmeseclassic.com

www.burmeseclassic.com

ဟု ထောင်လ ပြောသွားဖူးသည်။

သူနေမကောင်းဖြစ်နေသည်ကို ပီယသိအောင် ထောင်လက ခွေးလေးကို တမင်လွှတ်လိုက်လေသလား။ ပီယရင်ထဲမှာ စိုးရိမ်သောကတွေနှင့် ပူလောင်လာသည်။ ထောင်လအတွက် သောကအတွေးတွေမှာ သူ့ရင်ထဲမဆံ့ ဖြစ်လာသည်။ ထို့ကြောင့်လည်း ပီယသည် သူ့ခွေးလေးနှင့်အတူ ထောင်လတို့ စခန်းကို လိုက်လာကြည့်ခြင်း ဖြစ်သည်။

ထောင်လမှာ တစ်ယောက်တည်းနေသူ မဟုတ်။ သူ့အဖော်တွေလည်း ရှိသေးသည်ဟု ယခင်က ထောင်လ ပြောဖူးသည်ကို သတိရ၍ ပီယက ချက်ချင်း စခန်းထဲ မဝင်ရဲသေး။ သစ်ခက်သစ်ကိုင်းတွေနှင့် ကာရံထားသော ခြံအစကသာ ဂူထဲ ချောင်းကြည့်မိ၏။

ပီယ ဂူထဲ ချောင်းကြည့်နေစဉ် ပီယ၏ခွေးလေးသည် ရှေ့က ပြေးသွားနှင့်သော သူ့ညီခွေးလေးကို ကျီစားလိုက် လိုက်ရန် ဝင်ပေါက်ရှာရင်း ခြံစည်းရိုးကိုသာ လှည့်ပတ် တိုးဝှေ့နေ၏။

ခြံစည်းရိုးကို တိုးနေသံနှင့် သစ်ခက်သစ်ကိုင်းများ ကြားထဲတွင် ကျားသစ်ရေကိုသာ မြင်ရပြီး လူကိုမမြင်ရသော စိုင်းဘောင်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ခွေးလေးကို ကိုက်သတ်ရန် လိုက်လာသော ကျားသစ်ဟုထင်ကာ ပီယကို သေနတ်နှင့် လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။

* * *

"ဟင် ဒီအသံတွေက ဘာသံပါလိမ့်"

သေနတ်မှန်၍ မိန်းကလေးကို ထမ်းပိုးပြေးသွားကြသော တောင်ချိုင်ဘက်မှ ဝါးကလတက်ခေါက်သံ၊ တုံးခေါက်သံ၊ လူအော်သံတို့ကို ချက်ချင်း ကြားလိုက်ရသော ငမောင်က ဇော်ရိုးကို ထိတ်ထိတ်လန့်လန့် လှည့်ကြည့်၍ မေးလိုက်၏။

ငမောင်၏စကားသံနှင့်အတူ တောင်ကမ်းပါးယံဘက်မှ တစ်တောလုံး၊ တစ်တောင်လုံး ပြိုဆင်းလာသလို ဆူညံစွာ ပွဲတင်မြည်ဟည်းလာသော အသံဗလံတို့ကို ကြားလာရသောအခါ ဇော်ရိုးနှင့် စိုင်းဘောင်၊ ငမောင်တို့မှာလည်း အတိုင်းမသိ တုန်လှုပ် ချောက်ချားသွားကြသည်။

ဤဒေသဝန်းကျင်ကို ရွှေကျင်ရန် သူတို့ရောက်နေကြသည်မှာ သုံးလနီးပါး ရှိနေပြီ ဖြစ်သော်လည်း ဤမျှ ထိတ်လန့် ချောက်ချားစရာကောင်းသော အသံဗလံများကို သူတို့ တစ်ခါမျှ မကြားဘူးကြ။





"ဟေ့ကောင်၊ ပေးစမ်း မင်းသေနတ် မြန်မြန်။ မင်းလက်ထဲ သေနတ်ပေးထားလို့ မဖြစ်တော့ဘူး။ မင်းကြောင့်တော့ အားလုံး ဒုက္ခရောက်ကုန်ပါပြီကွာ။ ဟင် ငမောင်၊ ဒီအသံတွေက ဘာသံတွေလဲကွ။ လူတွေ အော်လာသံလည်း ကြားတယ်"

ဇော်ရိုးက စိုင်းဘောင်လက်ထဲရှိ ရိုင်ဖယ်သေနတ်ကို အရေးတကြီး လှမ်းဆွဲ လုယူလိုက်ပြီး ချက်ချင်းပင် ပိုကျယ်လာသော အသံဗလံများကို ဇော်ရိုးက ငမောင်အား အထိတ်တလန့် မေးလိုက်၏။

ငမောင်မှာ ဇော်ရိုး၏အမေးကို ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။ အသံလာရာဘက်ကိုသာ မျက်နှာအပျက်ပျက်နှင့် လှမ်းကြည့်လျက်ရှိ၏။

"ငါတို့ကို အန္တရာယ်ပြုဖို့ လိုက်လာတဲ့အသံပဲ ငမောင်ရေ။ တို့ ဒီက ချက်ချင်းပြေးကြမှ ဖြစ်တော့မယ်ကွ။ ငါ ဂူထဲဝင်ပြီး ရွှေထုပ်တွေ သွားယူလိုက်မယ်။ မင်း မင်းတို့နှစ်ယောက် မြန်မြန်ပြေးဖို့ လုပ်လေကွာ။ ပြေးတော့ ပြေးတော့"

ဇော်ရိုးက ရွှေထုပ်တွေယူရန် ဂူထဲ ကမန်းကတန်း ဝင်ပြေးသွားရင်းက ငမောင်နှင့် စိုင်းဘောင်တို့ကိုလည်း သူတို့လာလမ်း ချောင်းတစ်ကမ်း အတိုင်း ပြေးကြရန် အော်ပြောထားခဲ့သည်။

ငမောင်သည် ချက်ချင်း စိုင်းဘောင်ကို လှမ်းဆွဲ ဘွဲခေါ်ကာ မြစ်ရေထဲ ပြေးဆင်းလိုက်သည်။

သူတို့ ပြန်ပြေးကြရမည့်လမ်းမှာ မြစ်တစ်ဖက်ကမ်းမှ သောင်ပြင်ကို ဖြတ်၍ တောလမ်းအတိုင်း ဖြစ်သည်။ ဤလမ်းသည် သူတို့ ရွှေကျင်ရန် လာခဲ့ကြသော လမ်း ဖြစ်သည်။ မြစ်ရေမှာ တငြိမ့်ငြိမ့် စီးဆင်းနေသော်လည်း ပေါင်လယ်ပင် မနက်သဖြင့် ငမောင်က စိုင်းဘောင်ကို ဆွဲခေါ်လာရသည်။

သူတို့နှစ်ယောက် မြစ်ကျဉ်းချောင်းရေထဲ ဖြတ်ကူးနေကြစဉ် လူစုလူဝေးတို့၏ အော်ဟစ်ပြေးလိုက်လာကြသံများကို နားကွဲမတတ် ကြားနေရသည်။ ခဏလေး အချိန်အတွင်းမှာပင် ဘယ်ကဘယ်လို ပြေးထွက်လာကြမှန်း မသိရသော လူနှစ်ဆယ် သုံးဆယ်ခန့်သည် ဒူးလေး၊ လင့်လေး၊ လှံ၊ ဓားလက်နက်ကိုယ်စီနှင့် သူတို့ စခန်းချနေခဲ့ကြသော ကမ်းပါးယံ ဂူရှိရာဘက်သို့ ပြေးဆင်းလာနေကြသည်။

ဤမြင်ကွင်းကြောင့် ငမောင်မှာ ကြောက်ရွံ့ ထိတ်လန့်စိတ်နှင့် တစ်ကိုယ်လုံး မွှန်ထူသွားသည်။ ငမောင်က နောက်သို့ တစ်ချက်လှည့် ကြည့်လိုက်ရာ


www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဂူထဲဝင်ပြီး ရွှေထုပ်တွေ သွားယူနေသော ဇော်ရိုးသည် ဂူထဲက ပြေးထွက်လာပြီး လူအုပ်ထဲကို သေနတ်နှင့် လှမ်းပစ်လိုက်၏။

"ဒိုင်း"

"ဒိုင်း"

သေနတ်သံနှစ်ချက်သည် တောကြီးတောင်ကြီးဘက်ထိ ပဲ့တင် ရိုက်ဟည်းသွားသည်။ ပြေးဆင်းလိုက်လာကြသော လူအော်သံများကလည်း ပတ်ဝန်းကျင်တစ်ခုလုံး၌ ပို၍ ဆူညံလာသည်။

"ငမောင်ရေ မင်း. . . မင်းတို့ မြန်မြန်ပြေးကြ၊ မြန် မြန်ပြေးကြ။ ဒီအကောင်တွေ ရှေ့တိုးမလာရဲအောင် ငါ ငါ သေနတ်နဲ့ ပစ် ပစ် အား အား"

"ဒိုင်း"

သူ့အား စခန်းဘက်မှ အော်ပြောလိုက်သော ဇော်ရိုး၏ စကားမဆုံးမီပင် သေနတ်သံတစ်ချက်နှင့်အတူ မြားမှန်၍ ဇော်ရိုးရေစပ်တွင် လဲကျသွားသည်။ ထိုအဖြစ်ကို မြင်လိုက်ရသော ငမောင်သည် ဆွဲခေါ် ပြေးနေရသော စိုင်းဘောင်ကို ကုန်းပိုးပြေးရန် စိုင်းဘောင်ရှေ့ ထိုင်ချလိုက်စဉ် ဘယ်ကဘယ်လို ပစ်လွှတ်လိုက်မှန်း မသိရသော မြားတစ်စူးသည် ဝှီခနဲ အသံမြည်ကာ စိုင်းဘောင်၏ကျောကုန်းကို တည့်တည့်မတ်မတ် လာစိုက်လိုက်သည်။

စိုင်းဘောင်မှာ အမယ်လေးပင် အော်ချိန်မရလိုက်။ အင့်ခနဲ တစ်ချက်သာ အော်လိုက်နိုင်ပြီး ငမောင့်ခေါင်းပေါ် ကျော်လဲကျသွားသည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် ငမောင်မှာ ဇော်ရိုးနှင့် စိုင်းဘောင်တို့ကို သေသေရှင်ရှင်ပင် လှည့်မကြည့်တော့ဘဲ သောင်စမှ တောထဲသို့သာ တစ်ဟုန်ထိုး ဝင်ပြေးလိုက်ရသည်။ ထိုအချိန်မှာပင် သူ့ဘေးမှာ ဖြတ်ပြေးသွားသော မြားတံများ၏ လေကွဲသံကိုလည်း တဝီဝီကြားလိုက်ရသည်။

သူ့ကို ဖမ်းဆီးသတ်ဖြတ်ရန် အော်ဟစ် ပြေးလိုက်လာကြသော လူသံတွေနှင့် ဝေးသည်ထက်ဝေးအောင် ငမောင်မှာ အားကုန်သုတ် ပြေးလာရသည်။ လုံးဝ နောက်သို့လှည့်မကြည့်ဝံ့သလို အသက်လု၍ မနားတမ်း ပြေးလာရသည်။

သူတို့ လာလမ်းအတိုင်းမှန်း၍ မြစ်အောက်ဘက်ကို တစ်နာရီနီးပါး ပြေးမိပြီးသောအခါ သူတို့လာလမ်းကို ပြန်တွေ့ရသည်။ ငမောင်သည် သူတို့လာလမ်းအတိုင်း တစ်နာရီနီးပါး ဆက်ပြေးလာသောအခါ လားငှား၍ စခန်းဘက်သို့ ပြန်လာနေသော ထောင်လနှင့် လမ်းခုလတ်တွင် ဆုံမိကြသည်။

"ဘယ်လို ဖြစ်လာကြတာလဲ"





"ဟော့ကောင် ပေး ပေး မင်းလား ငါစီးမယ်။ ငါမပြေးနိုင်တော့ဘူး။ အမောဆို့နေပြီ၊ သေ သေလိမ့်မယ်။ ပြေး ပြေး မင်းလည်း မြန်မြန်ပြေး"

ထောင်လလက်ထဲက လားကြိုးကို အတင်းလုဆွဲ အတင်း လုစီးပြီးပြေးသွားသလို သူ့ကိုလည်း အတင်းပြန်ပြေးရန် ပြောသွားသောအခါ၊ ထောင်လမှာ ဘာမသိညာမသိနှင့် ငမောင်ပြေးခိုင်းသလို လားစီးပြေးချသွားသော ငမောင်နောက် ပြေးလိုက်ရပြန်၏။

သေပြေးရှင်ပြေး ပြေးလာခဲ့ကြရသော ငမောင်နှင့် ထောင်လတို့သည် မိုးချုပ်ခါနီးမှ ချင်းတွင်းထဲ ရွှေလာကျင်နေကြသော အူပါရွှေကျင်စခန်းသို့ ရောက်လာကြသည်။

ဘေးရန်ကင်းပြီ ဖြစ်သော ထိုစခန်းရောက်မှ ထောင်လနှင့် စခန်းရှိလူများအား ငမောင်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြရတော့သည်။

ထောင်လမှာ ညနေစာထမင်းကိုပင် မစားနိုင်တော့ဘဲ တစ်ညလုံး ငိုရှိုက်နေသည်ကလွဲပြီး ဘာမှ မတတ်နိုင်တော့ပေ။

ဝေယံလင်းခေါင်



BURMESE CLASSIC .com

www.burmeseclassic.com